NEW IDEA
စိတ်ကူးသစ်စာပေ

# နေဝိုးသော်

## ရှေ့နေမလေး မေဝံ့ရှား နှင့်

# သုန္ဒရီဆယ်ပွဲနှစ်ကြီး



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NEW IDEA

စိတ်ကူးသစ်စာပေ

## နေမိုးခေါ်

ရှေ့နေမလေး မေဝံ့ရှား နှင့်

# သုန္ဒရီဆယ်ပွဲနှစ်ကြိုး



စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၈၅၀၃၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၆၃၀၅၀၈

■

စီစဉ်သူ : ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် : ၂၀၀၈၊ ဇူလိုင်လ
အုပ်ရေ : ၅၀၀
မျက်နှာဖုံး : မင်းထက်နိုင်
ကွန်ပျူတာစာစီ : *Welfare*
အတွင်းဖလင် : *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်

# အပိုင်း (က)

## ဆယ့်နှစ်ကြိုးကာဝေရှင်၏နိဒါန်း

"ဒီမှာ. . ဒီမှာ. . မိန်းကလေး"

စစချင်းမှာ မိမိကိုခေါ်မှန်း သုန္ဒရီမသိ။

အုန်းပင်တန်းနှင့် လမ်းကလေးပေါ်မှာ တစ်လှမ်းချင်းလှမ်းလျက် ပင်လယ်မှလာသောလေညင်းကို အရသာခံရင်း ကမ်းစပ်ဆီမှ အမျိုးမျိုးပြေးလွှားဆော့ကစားနေကြသည့် ကလေးများနှင့် မိန်းကလေးများထံ အာရုံရောက်နေသည်မို့ သတိမထားမိခြင်းလည်း ဖြစ်နိုင်၏။

မိမိလိုပင် ဖြတ်သန်းသွားလာနေသော မိန်းကလေးများလည်း ရှိနေပြီး မိမိကိုခေါ်စရာလည်း အကြောင်းမရှိဟု ထင်ထားသည်ဖြစ်ရာ နောက်မှခေါ်သံကို ကြားမိသော်လည်း လှည့်မကြည့်ဖြစ်။

ရှေ့ကိုသာ ဆက်၍ ဖြည်းဖြည်းလျှောက်လာခဲ့သည်။

"မိန်းကလေး. . မိန်းကလေး. ."

အသံက ပိုမိုနီးကပ်ပြီး ပိုမိုကျယ်လောင်လာ၍ သုန္ဒရီ့နား၌ ပြင်းစွာရိုက်ခတ်လာသည်ဖြစ်ရာ ပျံ့နေသော အာရုံတွေ စုစည်းသွားရသည်။ မိမိကိုများ ခေါ်နေလေသလားဟု အတွေးဝင်လာရ၏။

ထို့ကြောင့် ခြေလှမ်းကိုရပ်ကာ နောက်သို့လှည့်၍ အသံရှင်ကို ကြည့်မိ၏။

အသံရှင်အမျိုးသားကြီးမှာ အသက်ငါးဆယ်ဝန်းကျင်ခန့် ရှိမည်

ဟု ခန့်မှန်းရသည်။ ဆံပင်ကို သေသပ်လှပစွာ ဖြီးသင်ထားပြီး စပို့ရှပ် ပိတောက်ခြောက်ရောင်နှင့် စတိုင်လ်ဘောင်းဘီကို ဝတ်ဆင်ထားသည့် ထိုအမျိုးသားကြီးမှာ ရုပ်ရည်သန့်ပြန့်ခန့်ညားရုံမက အဆင့်အတန်းမြင့် သောသူ တစ်ဦးဖြစ်ကြောင်း သုန္ဒရီက ချက်ချင်းအကဲဖြတ်လိုက်နိုင်သည်။

အသားအရေ နနယ်ဝင်းဝါပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ကို ရိတ်သင်ထားကာ သဘောမနောပြည့်ဝသောသ ဏ္ဍာန်ကို ဖော် ကျူးနေသည့်မျက်နှာနှင့် ရင့်ကျက်တည်ငြိမ်သော မျက်ဝန်းများက လေး စားခင်မင်ဖွယ်ရာဖြစ်သည်။

အပိုအလိုမပါ၊ သေသပ်တိကျသော ရည်မွန်သည့် အပြုံးတစ် ပွင့်က သူ၏နှုတ်ခမ်းမှာ ခိုတွယ်လျက်. .။

ထိုခဏ၌ သုန္ဒရီ့ရင်ထဲ၌ ကမ်းစပ်မှလှိုင်းလုံးများ လာရောက် ရိုက်ခတ်နေသည်ဟု ထင်လိုက်ရ၏။ မငြိမ်မသက် တဝုန်းဝုန်းရိုက်ခတ် သံများ, .။

အို. . ဘယ်လိုပါလိမ့်။ တစ်ကြိမ်မျှ မဖြစ်ပေါ်ခဲ့ဖူးသည့် ဝေဒနာ ပေပဲ။

ဝန်ခံရလျှင် အလုပ်သဘောအရ လူပေါင်းစုံ၊ အထူးသဖြင့် ယောက်ျားပုရိသ အရွယ်ပေါင်းစုံ၊ အလွှာပေါင်းစုံ၊ အရောင်အသွေး ပေါင်းစုံ၊ အကျင့်စရိုက်ပေါင်းစုံတို့ကို တွေ့မြင်ဆက်ဆံခဲ့ရဖူးပါ၏။ သည်လို ရင်မခုန်ခဲ့ဖူးခဲ့။ သက်တူရွယ်တူ လူချောလူလှတွေက ချစ်ပါသည်ဟုပြော ခြင်း ခံခဲ့ရသည့် အကြိမ်များစွာတုန်းကပင်လျှင် သည်လို မလှုပ်ရှား ခဲ့ဖူးပါ။

"မိန်းကလေး. . ဟို. . ဟို. ."

ထိုသူက ကြောင်၍ငေးနေသော သုန္ဒရီကိုကြည့်ပြီး ခြေထောက် ကို လက်ညှိုးထိုးပြသည်။

"ရှင်. ."

သုနန္ဒရီ သူ့ညွှန်ပြရာ မိမိ၏ခြေထောက်ကို ငုံ့ကြည့်မိ၏။
'ဘာဖြစ်နေပါလိမ့်..'

သို့သော် အပြစ်တစ်စုံတစ်ရာမမြင်။ သူ့ညွှန်ပြသည်ကို ဘာကြောင့်ဟူ၍ သဘောမပေါက်။

"မိန်းကလေးရဲ့ ဖိနပ်က ဘယ်တစ်ဖက် ညာတစ်ဖက် ဖြစ်နေတယ်"

"ရှင်.."

သုနန္ဒရီ ပို၍ကြောင်သွား၏။ သူ ဘာဆိုလိုချင်ပါလိမ့်။ လာ၍နောက်ပြောင်နေခြင်းတော့လည်း ဖြစ်ပုံမရ၊ ဖိနပ်က ဘယ်တစ်ဖက်ညာတစ်ဖက်မဟုတ်လျှင် မည်သို့ဖြစ်ရပါမည်နည်း။ သုနန္ဒရီ မျက်ခုံးကလေးတွန့်ကွေးသွားကာ..

"ဖိနပ်က ဘယ်တစ်ဖက် ညာတစ်ဖက်ပဲလေ"

သုနန္ဒရီ့နှုတ်မှ စကားအချို့ ခုန်ထွက်သွား၏။

သူ့မျက်နှာ နီရောင်ပြေးသွားသည်ကို မြင်လိုက်ရသည်။

"အို..ဆောရီးပဲ။ ပြောတာ လောကြီးသွားလို့ပါ။ ဖိနပ်က ကျွဲတစ်ဖက်နွားတစ်ဖက်ဖြစ်နေတာကို ပြောတာပါ။ မိန်းကလေး အလောတကြီးစီးလာလို့ ဖိနပ်မှားပြီး စီးလာမိတယ် ထင်လို့ပါ။ တော်ကြာကောင်လေးတွေနဲ့တွေ့ရင် အနောက်ခံနေရမှာစိုးလို့"

"ရှင်.."

သုနန္ဒရီ 'ရှင်' လိုက်ရပြန်၏။ သည်တစ်ခါ 'ရှင်' က အံ့ဩခြင်းကြောင့် မဟုတ်ပါ။ ပြုံးချင်ချင်ဖြစ်မိသွားခြင်းနှင့် သူ၏ရိုးသားမှုကို သဘောတွေ့သွားခြင်းကြောင့်ပင် ဖြစ်၏။

"မှားလာတယ်ဆိုရင် ပြန်လဲလိုက်နော်"

သူက စေတနာနှင့် အတည်ပြောနေသည်။

အဖြစ်က သည်လိုပါ။

သုန္ဒရီစီးလာသည်က ယိုးဒယားမှလာသော ဒီဇိုင်းသစ်ဖိနပ် ဖြစ်သည်။ ဒီဇိုင်းသစ်ထွင်ထားသလို ဖက်ရှင်အသစ်အနေဖြင့် အပေါ် သားရေသားအခင်းမှာ တစ်ဖက်က အဝါရောင်၊ တစ်ဖက်က အနက် ရောင် ထွင်၍ လုပ်ထားခြင်းဖြစ်သည်။ ဖိနပ်နှစ်ဖက်က ဖြုန်းခနဲကြည့် လျှင် အရောင်မတူသဖြင့် ဖိနပ်မှားစီးလာသည်ဟု ထင်စရာ။ ထိုဖိနပ် ဝယ်စဉ်ကပင် ကြည်ပြာက "မမသုန္ဒရီကလည်း. . ။ တော်ကြာ ဒိတ် အောက်တဲ့ ကောင်လေးတွေက ဒီဇိုင်းသစ်ဆိုတာကို မသိဘဲ ဖိနပ်မှားစီး လာတယ်ဆိုပြီး လောင်နေဦးမယ်" ဟု ပြောဖူးသည်။ ယခုတော့ ကြည် ပြာပြောသလို ကြုံနေရပြီ။

သို့သော် သူက လောင်ခြင်းတော့မဟုတ်။ စေတနာနှင့် မသိ ရိုးသားစွာ ပြောခြင်းဖြစ်၏။ ပြီးတော့ ကောင်ကလေးမဟုတ်။ လူကြီး ဖြစ်၏။

သုန္ဒရီ ရုတ်တရက် ဘာပြန်ပြောရမည်မသိ။

"ဒါက ဒီဇိုင်းအသစ်ပါရှင်။ ဖိနပ်မှားလာတာ မဟုတ်ပါဘူး" ဟု ပြောရမလား။ ထိုသို့ပြောလျှင် သူလာပြောမိခြင်းအတွက် အရှက် ရသွားပေလိမ့်မည်။ သူ့စေတနာကို အရှက်မရစေချင်ပါ။

ထို့ကြောင့်. .

"ဪ. . ဟုတ်ကဲ့။ ကျွန်မ ရုတ်တရက်ထွက်လာတာ ညီမ လေးဖိနပ်တစ်ဖက်နဲ့ မှားစီးလာမိတယ်။ ကျေးဇူးပဲနော် အစ်ကိုကြီး"

ဟု သုန္ဒရီပြောလိုက်ရ၏။

သူက ခေါင်းကလေးဆတ်၊ အပြုံးကလေးဖြင့် နှုတ်ဆက်ကာ သုန္ဒရီ့ကိုဖြတ်၍ ကမ်းခြေဘက်သို့ ဆင်းသွားသည်။

အရပ်အမောင်းကောင်းကောင်းနှင့် စတိုင်ပြည့်လှသော သူ့ ကျောပြင်ကို လှမ်းကြည့်ရင်း သုန္ဒရီတစ်ကိုယ်တည်း ပြုံးကျန်ခဲ့လေသည်။

ထိုအကြောင်းကို ပြန်ပြောသောအခါ ကြည်ပြာက သဘောကျလွန်းသဖြင့် ခွက်ထိုးခွက်လှန် အတောမသတ်ရယ်လေတော့သည်။

ရယ်ရင်းက. .

"ကြည်ပြာပြောသားပဲ မဟုတ်လား။ ခုတော့ ကြည်ပြာပြောတဲ့အတိုင်း ဖြစ်ပြီမဟုတ်လား"

ဟုလည်း ပြောသည်။

သုန္ဒရီက ပြုံးရုံပြုံးနေမိ၏။ ရင်၌ ကျေနပ်ခြင်းပီတိတွေဖြင့် ပြေပါးရွှင်လန်းလျက်ရှိသည်။

"ကောင်လေးချောချော ထောထောလေးဆိုရင် ဟုတ်သေးရဲ့နော်။ ခုတော့လည်း ဆံဖြူသွားကျိုး အဘိုးကြီးဆိုတော့ မဖိုက်ပါဘူး"

"ဆံဖြူသွားကျိုး အဘိုးကြီး မဟုတ်ပါဘူးဟယ်။ လူကြီးလူခန့်တစ်ယောက်ပါ"

"အမယ်. . မမသုန္ဒရီက ကွယ်လို့ကာလို့ပါလား။ ဘာလဲ. .။ အသက်လေးဆယ်မှ ဘဝစတာမို့ ဘဝစခါစကလေးလို့ ဆိုလိုချင်တာလား။ ဟင်း. . ဟင်း. ."

သုန္ဒရီ ဘာမျှပြန်မပြောဘဲ ပြတင်းမှနေ၍ ကမ်းဆီသို့ လှမ်းမျှော်ကြည့်နေမိ၏။ အုန်းပင်များ၏ လက်တံများ လေအသွဲ့မှာ ယိမ်းနွဲ့လှုပ်ရှားလျက်ရှိသည်။

"မမသုန္ဒရီ. ."

ကြည်ပြာက အနားမှာလာရပ်ကာ ခေါ်သည်။

"ဟင်. . ဘာလဲ ကြည်ပြာ"

"အဲဒီလူကြီးကို ခွင်ဆင်ဖို့ စိတ်ကူးနေတာလား"

မေးသည်။ သုန္ဒရီ ပြန်မဖြေမိ။

"ကြည့်ရတာ ထောတဲ့ပုံလား. . ဟင်"

ကြည်ပြာ့ထံမှ မေးခွန်းတစ်ခု ထပ်ထွက်လာပြန်၏။

ကြည်ပြာ့အမေးကို မဖြေဘဲ. .

"ကြည်ပြာ"

"ရှင်. ."

"သူ့ကို ငါပြမယ်။ နင် အံမြန်ဆုံး သူ့အကြောင်း စနည်းနာစမ်း"

"အိုကေ. ."

❦ ❦ ❦ ❦ ❦

ညနေခင်းဖြစ်သည်။

ကျနေရောင်က လှိုင်းတွေပေါ်တွင် ခိုနား၍ ပြိုးပြိုးပြက်ပြက် လင်းလက်နေသည်မှာ ကြည့်မဝနိုင်စရာပင်။

ကမ်းခြေမှာ ပြေးလွှားဆော့ကစားသူများဖြင့် အသက်ဝင်နေ၏။ လှိုင်းလုံးများကြား၌ လှိုင်းစီးဆော့ကစားနေသူများကလည်း ဟိုမှာသည်မှာ. .။

ထိုလှိုင်းစီးနေသူများထဲမှာ သုန္ဒရီပါသည်။ ဘောကွင်းပေါ်မှာ ဇိမ်ယူလျက် တငြိမ့်ငြိမ့် လှိုင်းအရသာကို ခံစားရင်း သုန္ဒရီ့အကြည့်က ကမ်းပေါ်သို့ရောက်နေသည်။

ကမ်းစပ်တစ်နေရာမှာ စပို့ရှပ်မိုးပြာရောင်၊ ဘောင်းဘီတိုအဖြူဖြင့် သုန္ဒရီတွေ့ဖူးသောလူကြီးက ပင်လယ်လေကိုရှူရင်း လှေ့ကျင့်ခန်းလုပ်နေသည်။ သုန္ဒရီ၏ မင်းသားကြီး. .။

ထိုသူနှင့် ခပ်လှမ်းလှမ်းမှာ ကြည်ပြာရှိနေသည်။

ကြည်ပြာက လက်ကိုထောင်လိုက်၏။ အချိန်းအချက်တစ်ခု ဖြစ်ကြောင်း ဘေးလူများမသိ။ သုန္ဒရီက ပြုံးလိုက်သည်။ အချိန်ကျပြီ။

မိမိစီးနေသောဘောကွင်းကို လှိုင်းတစ်လုံးအရိုက်တွင် လက်လွှတ်လိုက်သည်။ လှိုင်းနှင့်အတူ ဘောကွင်းက ဝေးသွား၏။ သုန္ဒရီက လှိုင်းကြားမှာ မြုပ်ချည်ပေါ်ချည်ဖြစ်သွားသည်။

ရေကူးကျွမ်းပြီးသား သုန္ဒရီအဖို့ ပြဿနာလုံးဝမရှိပါ။ သို့သော် အခြေအနေအရ သုန္ဒရီက ရေနစ်ဟန်ပြုလိုက်သည်။ ကိုယ်ခန္ဓာကို ရေထဲမှာနစ်မြှုပ်ကာ လက်ကိုမြှောက်၍ ယက်ကန်ယက်ကန်ပြုလုပ်လိုက်သည်။

ထိုမြင်ကွင်းကို ကြည်ပြာက မြင်သည်။

မြင်မြင်ချင်းပင် ကြည်ပြာသည် လေ့ကျင့်ခန်းလုပ်နေသူ မင်းသားကြီးနားသို့ ပြေးသွားပြီး. .

"အစ်ကိုကြီး. . အစ်ကိုကြီး. . ကယ်ပါဦး။ ဟိုမှာ. . ဟိုမှာ. . မမရေနစ်နေပြီ"

ဟု လက်မောင်းဆွဲကာ . ဆွေ့ဆွေ့ခုန် စိတ်လှုပ်ရှားနေပုံဖြင့် ပြောသည်။

"ဟင်. . ဘယ်မှာလဲ. . ဘယ်မှာလဲ. ."

"ဟိုမှာ. . ဟိုမှာ တွေ့လား။ လက်ကလေးပဲ ပေါ်နေတယ်။ လုပ်ပါဦး အစ်ကိုကြီးရယ်။ မြန်မြန်ကယ်ပါ။ မမက ရေကောင်းကောင်း မကူးတတ်ဘူး"

"ကောင်းပြီ. . ကောင်းပြီ. ."

မင်းသားကြီးကလည်း စိတ်ပူစွာဖြင့် ကမ်းစပ်ရှိရာပြေးပြီး ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်၏။ ပြီးလျှင် ငါးတစ်ကောင်လို ရေကို ကျွမ်းကျင်လှပစွာကူးခတ်ပြီး သုန္ဒရီရှိရာသို့ ရောက်လာသည်။

သုန္ဒရီက နစ်သွားဟန် ရေထဲသို့ ခေါင်းကို တစ်ချက်နှစ်ချက် နှစ်လိုက်၏။

သူက သုန္ဒရီရှိရာသို့တိုးဝင်လာကာ လက်တစ်ဖက်ဖြင့် သုန္ဒရီ၏ခါးကို ဆွဲယူသိုင်းဖက်လိုက်သည်။ ထို့နောက် ကျန်လက်တစ်ဖက်ဖြင့် ရေကိုယက်ပြီး ကမ်းစပ်ရှိရာသို့ ပြန်ကူးလာသည်။

ကြည်ပြာက ကမ်းပေါ်မှာ ဆွေ့ဆွေ့ခုန်နေဆဲ။

သုန္ဒရီ သတိမလစ်ပါ။ သူမကိုဖက်ထားသော မင်းသားကြီး၏ အထိအတွေ့ကို ကောင်းကောင်းသိနေပါသည်။ သို့သော် သတိလစ်နေဟန် ဆောင်နေလိုက်သည်။

မင်းသားကြီးက သုန္ဒရီကို ကမ်းစပ်သဲသောင်ပြင်ပေါ်သို့ ပွေ့ချီသွားပြီး သောင်ပြင်တစ်နေရာမှာ ချသည်။

"မှမ. . မမ. . မမ သတိရပြီလား"

"အင်း. . အင်း. . "

သုန္ဒရီက ညည်းဟန်ပြုလိုက်သည်။

"စိတ်မပူပါနဲ့. . ။ သူ ရေမနစ်ပါဘူး။ ရေလည်း မမွန်းပါဘူး။ လန့်ရုံလန့်သွားတာပါ"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်။ အစ်ကိုကြီးသာ မကယ်ရင် မမတော့ ဒုက္ခရောက်ပြီ"

သုန္ဒရီ မျက်ခွံလေးတွေကို ဟရုံလေး ဖွင့်ကြည့်၏။

ရေစိုနေသော ရေကူးဝတ်စုံနှင့် သုန္ဒရီ၏ ကိုယ်ခန္ဓာအလှကြောင့် မင်းသားကြီးခမျာ ရင်ဖိုနေပုံရပါသည်။ ရင်ထဲက ပြုံးလိုက်သည်။ ပြီးမှ ခန္ဓာကိုယ်ကို လူးလွန့်ပြီး မျက်လုံးကိုဖွင့်လိုက်သည်။

"မမ. . မမ သတိရလာပြီလား"

"မိန်းကလေး. . သတိရပြီလား"

သုန္ဒရီက ဟိုငေးသည်ငေးပြုပြီးမှ. .

"ကျွန်မ. . ကျွန်မ ရေနစ်သွားတာလား"

ယောင်ဝါးဝါးမေးလိုက်၏။ လှဲနေရာမှ ထ၍ထိုင်လိုက်၏။

"လမ်းမီးတော့ ရှိပါတယ်။ ဆရာလျှောက်သွားလို့ ရမှာပါ"

"ဟုတ်တယ် မမ. .။ လှိုင်းအပုတ်မှာ ဘောကွင်းလွတ်သွားပြီး ရေထဲနစ်သွားတာလေ။ ဟောဒီအစ်ကိုကြီး ကယ်ပေလို့ပေါ့"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်။ သုန္ဒရီ့မှာ အစ်ကိုကြီး ပေးတဲ့အသက်ပဲ ရှိပါတော့တယ်"

သုန္ဒရီက သူ့ကိုကြည့်ပြီး မဝံ့တရဲ ကျေးဇူးစကားကို ဆိုလိုက်သည်။

"နာမည်က သုန္ဒရီတဲ့လား"

"ဟုတ်ကဲ့. ."

"ကဲ. . ကဲ. . လေတိုက်ပြီး အအေးပတ်နေမယ်။ အဆောင်ပြန်ပြီး အဝတ်လဲပါ။ နွေးနွေးထွေးထွေး နေလိုက်ပါ။ အစ်ကိုကြီး သွားပြီ"

"ဟုတ်. . ဟုတ်ကဲ့ အစ်ကိုကြီး"

မင်းသားကြီးက သုန္ဒရီ့မျက်နှာမှတစ်ဆင့် ခန္ဓာကိုယ်အလှကို တစ်ချက်ဝေ့ကြည့်ကာ နေရာမှထ၍ ထွက်သွားသည်။

မင်းသားကြီး၏ကျောပြင်ကို လှမ်းကြည့်နေသော သုန္ဒရီ၏မြင်ကွင်းထဲတွင် ထောင်ထားသောလက်မတစ်ချောင်း ပေါ်လာ၏။

ကြည်ပြာ၏ လက်မပင်ဖြစ်သည်။

"ကြည်ပြာရဲ့အိုက်တင် ကောင်းတယ်နော် မမ. ."

သုန္ဒရီ ခေါင်းညိတ်လိုက်၏။

ပင်လယ်ဘက်မှ လေစာဖြူးဖြူးကြောင့် ချမ်းစိမ့်စိမ့်ဖြစ်လာသော်လည်း ရင်ထဲမှာ နွေးလျက်ရှိသည်ဟု ထင်မိပြန်လေ၏။

❦ ❦ ❦ ❦ ❦

"ဒေါက်. . ဒေါက်. . ဒေါက်. ."

သုန္ဒရီက တံခါးကို ဖွဖွခေါက်လိုက်သည်။

"ဝင်ခဲ့ပါ. .။ တံခါးက စေ့ရုံစေ့ထားတာပါ"

အထဲမှ အသံပေါ်လာသည်။ သုန္ဒရီ၏ မင်းသားကြီးအသံဖြစ်သည်။

အထဲကိုမဝင်မီ သုန္ဒရီက သူမ၏ အင်္ကျီ ထဘီတို့ကို တစ်ချက်ပြုပြင်လိုက်သေးသည်။

သည်ကိုမလာမီကလည်း မှန်ရှေ့မှာ သုန္ဒရီ အသေအချာပြင်ဆင်ခြယ်မှုန်းလာခဲ့သည်ပဲ။ မိတ်ကပ်တွေ၊ သနပ်ခါးတွေကို ပင်ကိုအလှပေါ် ထပ်ဆင့်ပြီးတင်ထားသည်မို့ သုန္ဒရီ့မျက်နှာလေးက ရုပ်ရှင်မင်းသမီးတွေထက်ပင် ပိုလှနေသည်ဟု ဆိုနိုင်၏။

ပြီးတော့ ဝတ်ဆင်ထားသည်ကိုလည်း ကြည့်. . ။

အပေါ်ကဝတ်ထားသောအင်္ကျီက အသားပါးပါး။ ပျော့ပျော့ကလေးဖြစ်ပြီး လည်က အတန်ဟိုက်သည်။ သည်တော့ ရင်ညွန့်သားဝင်းဝင်းကလေးပင် ပေါ်နေ၏။ ပြီးတော့ ခန္ဓာကိုယ်နှင့် ကွက်တိကျနေသော အင်္ကျီသားပါးပါးကြောင့် ခန္ဓာကိုယ်အပေါ်ပိုင်းအလှတို့က ကောက်ကြောင်းပီသစွာ ပေါ်လွင်လွန်းလှ၏။

ဝတ်ထားသည့် ထဘီကလည်း အပျော့သားထဘီစကတ်ဖြစ်သည်။ သည်တော့ အောက်ပိုင်းအချိုးအဆစ်၊ အကွေ့အဝိုက်တွေက ပန်းချီဆရာလက်မှိုင်ချရလောက်သည်။

ယခုအချိန်မှာ သုန္ဒရီကိုမြင်သူ အဘယ်သောပုရိသသည် ရင်မဖို၊ စိတ်မလှုပ်ရှားဘဲ နေနိုင်ပါမည်နည်း။

ကျေနပ်သော အပြုံးတစ်ခုနှင့်အတူ သုန္ဒရီ အခန်းတွင်းသို့ ဝင်လိုက်သည်။

စားပွဲမှာ မင်းသားကြီးကို မျှော်လင့်ထားသလို တွေ့လိုက်ရ

သည်။ စားပွဲပေါ်မှာ ပုလင်းပြားကလေးနှင့် ရေသန့်ပုလင်း။ ဖန်ခွက်၊ အမြည်းပန်းကန်များ တွေ့ရ၏။ မင်းသားကြီး ဖိမ်ယူနေပုံရသည်။

အခန်း၏ မီးရောင်ဖျော့ဖျော့အောက်မှာ ဘွားခနဲပေါ်လာသည့် သုန္ဒရီကို မင်းသားကြီး ငေးသွားသည်။

ငေးရမည်လေ. . ။ အခန်းတွင်း လှမ်းဝင်လာသည်ကပင် သုန္ဒရီ့ဟန်ပန်က စင်မြင့်ထက်မှ မော်ဒယ်လ်မလေးလို. . ။ အဃိမ်းအနွဲ့၊ အလှုပ်အရှားတွေနှင့်. . ။ မျက်နှာပေးကလည်း အမူပိုပို. . ။

"ဟင်. . အစ်ကိုကြီးကို နှောင့်ယှက်သလို ဖြစ်သွားပြီထင်တယ်"

သုန္ဒရီက အားနာဟန်ဖြင့် ပြောလိုက်သည်။ အသံမှာ ဆွဲငင် အား ပြင်းလှသည်။

မင်းသားကြီး ပြုံးလိုက်၏။

"အနှောင့်အယှက်မဖြစ်ပါဘူး။ ရပါတယ်. . ။ ထိုင်ပါ"

ထိုင်နေရာမှ ထကာ ထိုင်ခုံတစ်လုံးကို ဆွဲပေးသည်။ ထိုင်ခုံ ဆွဲပေးဟန်ကိုကြည့်၍ မင်းသားကြီးထွေနေပြီဖြစ်ကြောင်း သုန္ဒရီသဘော ပေါက်လိုက်သည်။

"နေပါ အစ်ကိုကြီးရယ်. . ။ သုန္ဒရီဘာသာ ဆွဲပြီးထိုင်ပါ့မယ်"

"အို. . ဘယ်ဟုတ်မလဲ။ အိစ်ကိုကြီးက အိမ်ရှင်၊ သုန္ဒရီက ဧည့်သည်ပဲဟာ"

"ကျေးဇူးပါပဲ အစ်ကိုကြီး"

မင်းသားကြီး သူ၏နေရာမှာ ပြန်ထိုင်သည်။ သုန္ဒရီက သူ့ရှေ့ မှာဖြစ်သည်။ စားပွဲကလေးခြားနေသော်လည်း အကယ်စင်စစ် အကွာ အဝေးက မလှမ်းလှ။

"နေလို့ ကောင်းရဲ့လား။ အစ်ကိုကြီးက အအေးမိပြီး ဖျားနာ နေမှာ စိုးတာ"

မင်းသားကြီးက ယမကာအရှိန်ကြောင့် ထင်၏။ စကားသွက်

လှ၏။ စကားပြောရင်းက သူ၏အကြည့်များ သုန္ဒရီ့အလှမှာ ငြိတွယ်နေသည်ကို သုန္ဒရီသတိပြုမိ၏။

ပီပီသသပြုံးလိုက်ကာ သုန္ဒရီက. .

''ကောင်းပါတယ် အစ်ကိုကြီး။ ဆေးလည်း ကြိုသောက်ထားပါတယ်''

ဟု ဖြေလိုက်၏။

''ကဲ. . ပြော။ အစ်ကိုကြီး ဘာကူညီရမလဲ''

''ဟင်. . အစ်ကိုကြီးကလည်း။ သုန္ဒရီ့မြင်တာနဲ့ ကူညီဖို့ပဲ စဉ်းစားနေတာပဲ။ သုန္ဒရီက ဒုက္ခသည်မလေး ကျနေတာပဲ''

နွဲ့လိုက်၏။

''ဆောရီး. .။ အစ်ကိုကြီး စေတနာစိတ်စောသွားတယ်''

''အစ်ကိုကြီးကို ကျေးဇူးတင်ကြောင်းလာပြောရင်း နှုတ်ဆက်ချင်လို့ပါ''

''ဟင်. .''

မင်းသားကြီး မျက်လုံးအနည်းငယ်ဝိုင်းသွား၏။

''သုန္ဒရီတို့ မနက်ဖြန်မနက် ပြန်တော့မယ်လေ''

''အိုး. . လောလိုက်တာ။ အပန်းလာဖြေတာပဲ။ နေပါဦးတော့လား''

''နေချင်ပါတယ် အစ်ကိုကြီးရယ်။ ဒါပေမဲ့ ရန်ကုန်မှာ အလုပ်ကလေးတွေကလည်း ရှိနေသေးလို့ မပြန်ချင်ဘဲ ပြန်ရမှာပါ''

''အင်း. . အစ်ကိုကြီးတို့က ခုမှ မိတ်ဆွေဖြစ်ကြတာ။ ခွဲကြဖို့တောင် အချိန်က ရောက်လာပြီ''

''သုန္ဒရီလည်း အစ်ကိုကြီးလိုပါပဲ။ ညနေက အစ်ကိုကြီး သုန္ဒရီ့ကို ကယ်ပေးခဲ့တာကို သုန္ဒရီ တစ်သက်မမေ့ပါဘူးနော်။ သုန္ဒရီ့ရင်ထဲမှာ အစ်ကိုကြီးကို ထာဝရ ကျေးဇူးရှင်အဖြစ် မှတ်ထားမှာပါ။

ဒါပြောချင်လို့ သုန္ဒရီလာတာပါ။ အစ်ကိုကြီးကို သုန္ဒရီကန်တော့ပါရစေ”

သုန္ဒရီက ပြောပြောဆိုဆိုပင် ထိုင်ရာမှထကာ မင်းသားကြီး၏ ခြေထောက်နားသို့ တိုးရွှေ့ကာ ကြမ်းပြင်တွင်ထိုင်လျက် ကန်တော့လိုက်သည်။

“အို . . အဲဒီလောက်အထိ မလိုပါဘူး သုန္ဒရီရယ်။ ထပါ”

မင်းသားကြီးက အားနာဟန်ဖြင့် ကန်တော့နေသော သုန္ဒရီကို ပြောသည်။

သုန္ဒရီက သုံးကြိမ်ဦးချလိုက်သည်။

မင်းသားကြီး၏ အပေါ်မှစီးမိုးနေသော အကြည့်များကို သုန္ဒရီ သတိထားမိနေ၏။

“သာဓုပါဗျာ . . သာဓုပါ . . သာဓုပါ . . ။ ကျန်းမာပါစေ။ ချမ်းသာပါစေ”

မင်းသားကြီး၏အသံများ လှုပ်ခုန်နေ၏။

သုန္ဒရီက အပြုံးကလေးဖြင့်ပင် ထိုင်ရာမှ ထလိုက်သည်။ ဤနေရာ၌ သုန္ဒရီ့အဖို့ အရေးကြီးသွားပေပြီ။ ထိုင်ရာမှအထမှာ ခြေထောက်တွေ တစ်ခုခုချော်ချော်သွားသလို လူကယိုင်သွား၏။ ယိုင်သွားသည်က မင်းသားကြီးဘက်သို့ပါ။

“အို . . အမေ့”

“ဟာ . .”

မင်းသားကြီးက ယိုင်သွားသော သုန္ဒရီကို မလဲမပြိုစေရန် ဖမ်းထိန်းလိုက်သည်။ သို့သော် သုန္ဒရီက အရှိန်နှင့်လဲပြိုသွားရာ မင်းသားကြီး၏ရင်ခွင်ထဲသို့ တန်း၍ရောက်သွားသည်။ မျှော်လင့်တွက်ဆထားသလို ကွက်တိပါပဲ။

မင်းသားကြီးက ဖက်ထားသလို ဖြစ်သွားသည်။

သုန္ဒရီက ရှက်ရွံ့သွားသလို မော့ကြည့်ပြီး ပြန်လည်ရုန်းထွက်

ရန် ကြိုးစားလိုက်သည်။

သို့သော် ယစ်ရွှေရည်ရော၊ အချစ်ပါ အရှိန်တက်နေပြီဖြစ်သော မင်းသားကြီးအဖို့ သုန္ဒရီကို ပြန်လွှတ်မပေးနိုင်တော့ပါ။ ဖက်ထားသလိုဖြစ်နေသော လက်များကို ဖြေလျှော့မပေးဘဲ ပို၍တင်းကျပ်စွာ တိုး၍ဖက်လိုက်လေသည်။

"အို. . အစ်ကိုကြီး"

မင်းသားကြီး၏မျက်နှာက သုန္ဒရီ့မျက်နှာနှင့် နီးကပ်လာ၏။ မင်းသားကြီး၏ အသက်ရှူသံပြင်းပြင်းနှင့် ရင်ခုန်သံကြမ်းကြမ်းကို သုန္ဒရီကြားရ၏။ မင်းသားကြီး၏ မျက်လုံးမီးဝေဝေကို အနီးကပ်မြင်လိုက်ရ၏။

သုန္ဒရီ မည်သို့လုပ်ရပါမည်နည်း. . ။

မျက်လုံးလေးများကို မှိတ်လိုက်ခြင်းပဲ ဖြစ်ပါသည်။

ပန်းကလေးပေါ် လိပ်ပြာနားခိုခဲ့လေပြီ။

ထိုအခိုက်မှာ. .

တံခါးပွင့်လာပြီး ကြည်ပြာဝင်လာခြင်းပဲ ဖြစ်သည်။

"မမ. . မမ. . ဟင်. . အို"

ကြည်ပြာ၏ အထိတ်တလန့် အာမေဍိတ်သံများ. . ။

❦ ❦ ❦ ❦ ❦

# အပိုင်း (ခ)

## ဆယ့်နှစ်ကြိုးကဝေရှင်နှင့် ပြန်လည်တွေ့ဆုံခြင်း

# ၁

အဇရာကောင်းကင်ပြာပြာကြီးတွင် ငွေတိမ်ဖြူတစ်စနှစ်စက ရုပ်ရှင်ထဲက အနေးပြကွက်လို တရွေ့ရွေ့။ အရှေ့ဘက်တိမ်တစ်အုပ်ကို တိုးဝှေ့ကာ နေခြည်က ခပ်ဖျော့ဖျော့ဖြာကျလာသည်။ မနက်စောစောက ရွာလိုက်သော မိုးတစ်ပြိုက်ကြောင့် မြင်မြင်သမျှ အရာအားလုံး စိမ်းစို သစ်လွင်နေသည်။ နွေတုန်းက ညှိုးခဲ့၊ ခြောက်ခဲ့သော သစ်ပင်တို့သည် မြဝတ်ရုံကိုခြုံလျက် ခေါင်းတို့ကို မော့နေကြသည်။

ကျွန်တော်တို့လျှောက်လာခဲ့သော မြေနီလမ်းကလေးမှာ ဗွက် အိုင်အချို့ ရှိနေသည်။

"ရှေ့တစ်ကွေ့ဆို ရောက်ပါပြီ"

ကျွန်တော်က ရှေ့မှလျှောက်နေရာမှရပ်ကာ နောက်မှလိုက်လာ သူ ရှားကို လှည့်၍ပြောလိုက်သည်။ ရှားက ရယ်ရွှင်ပြုံးတုံ့ဖြင့်. .

"ကိုကို့တစ်ကွေ့တွေကလည်း များလိုက်တာ။ အခုပဲ ကွေ့လာခဲ့ရတာ ဘယ်နှခါရှိပြီလဲ"

ဟု ပြန်ပြောသည်။ ပြန်ပြောရင်း ရေအိုင်ငယ်ကို လှမ်း၍

ကျော်သည်။ အိုင်ကိုအကျော်တွင် ကမ်းလာသောလက်ကို ကျွန်တော်က ဖမ်း၍တည့်မတ်ပေးလိုက်သည်။

"ဒီတစ်ခါ တကယ်ရောက်တာပါ"

"ရောက်လည်းရောက်ရော မုန့်ကကုန်ပြီဆိုရင် သေရောပေါ့ နော်"

ရှား၏ အနောက်အပြောင်စကား. . ။

"ကုန်တော့ မကုန်သေးပါဘူး။ ရေနည်းနည်းရောရုံ လောက်ပဲ ရှိဦးမှာပါ"

ကျွန်တော်က ရယ်စရာ ပြန်ပြောသည်။

လမ်းကလေးဆုံးသည်နှင့် အိမ်နံပါတ်ကို ကျွန်တော်က လိုက်ကြည့်သည်။

"'ရောက်ဖူးတယ်လည်း ဆိုသေးရဲ့။ ခုမှ အိမ်နံပါတ်လိုက်ရှာနေတယ်"

ရှားက အားမလိုအားမရ ပြောသည်။

"ရောက်ဖူးတာမှန်ပေမယ့် ကြာသွားပြီလေ ရှားရယ်။ ဒီတော့ နည်းနည်းတော့ ပြန်စိမ်းသွားတာပေါ့"

"ဟော့. . ညီလေးနဲ့ ညီမလေး. . ။ အိမ်က ဒီမှာကွ"

ကျွန်တော် အိမ်နံပါတ်ရှာနေသည့်ဘက်မဟုတ်ဘဲ ဆန့်ကျင် ဘက် နောက်ကျောဆီမှ ပေါ်လာသောအသံကြောင့် ရှားရော၊ ကျွန်တော် ပါ ဝမ်းသာအားရ လှည့်ကြည့်မိကြသည်။ ခြံဝမှ ထွက်၍ခေါ်နေသော ကိုယုဒ္ဓ။ စာရေးဆရာ၊ ရှေ့နေ ချစ်ကိုကိုယုဒ္ဓ။

"အစ်ကိုကြီးရဲ့ညီကို အားကိုးပြီး ရှားကလိုက်လာတာ။ ဒီကျ တော့ ယောင်ဝါးယောင်ဝါးနဲ့။ ခုပဲ ကြည့်လေ။ ဟိုဘက်မှာ အိမ်လိုက် ရှာနေတာ"

ရှားက ရယ်မော၍ပြောရင်း ခြံတွင်းဝင်သွားသည်။ ကျွန်တော်

က နောက်မှလိုက်သွားသည်။

"ကိုယုတို့ရပ်ကွက်က အိမ်ပုံစံတွေက အားလုံးတူနေသလိုပဲ။ ဒါကြောင့် ဇဝေဇဝါဖြစ်သွားတာပေါ့"

"ကဲ. . လာ. . အိမ်ပေါ်တက်။ ခုစောစောကပဲ ဆရာဦးကျော်ဖေယျုတို့၊ ဆရာဦးဆောင်းတို့ ပြန်သွားကြတယ်"

"ဆရာတို့က ပြန်တောင်သွားပြီကိုး။ ဒါဆို ရှားတို့ဖို့ ကျန်ပါဦးမလား မသိဘူး"

"မပူပါနဲ့ ညီမလေးရာ။ အစ်ကိုကြီးက စောစောကတည်းက ရေများများရောထားတာပါ"

"ကဲ. . ရှား. . တွေ့လား။ ကိုကိုပြောတာ မှန်တယ်မဟုတ်လား"

ရှားနှင့်ကျွန်တော် ရယ်စရာတွေပြောရင်း အိမ်ပေါ်ရောက်သွားကြသည်။ အိမ်ပေါ်မှာ ဧည့်သည်အနည်းအကျဉ်းသာ ရှိတော့၏။ ကျွန်တော်တို့မသိသော ဧည့်သည်များဖြစ်၏။ ရပ်ကွက်ထဲက ဧည့်သည်များဖြစ်ပေလိမ့်မည်။

ရှားနှင့် ကျွန်တော် ဘုရားကို ဦးစွာဝတ်ပြုကြသည်။

"ကိုနန္ဒာမိုးကြယ်တို့ မလာဘူးလား"

"သူတို့က အစောကြီးကတည်းက ရောက်နေတာ။ ပြန်သွားကြပြီ။ ညီမရေ. . လာပါဦးကွာ"

ကိုယုက ကျွန်တော်တို့ကို နေရာချပေးရင်း သူ၏ဇနီးသည်ကို အနားသို့လှမ်းခေါ်ကာ မိတ်ဆက်ပေးသည်။

"ဒါက စာရေးဆရာနေသော်။ မေစံရှားဝတ္ထုတွေနဲ့ နာမည်ကြီးနေတာ။ သူကတော့ အစ်ကိုမကြာခဏပြောပြောနေတဲ့ ရွှေနေမလေး မေစံရှား. .။ ကိုနေသော်ရဲ့ မင်းသမီးပေါ့"

"ဟုတ်ကဲ့. .။ သိရတာ ဝမ်းသာပါတယ်။ ဆရာကိုနေသော့် ဝတ္ထုတွေ ဖတ်ရလို့ မေစံရှားအကြောင်းတွေ သိရသလို အစ်ကိုကလည်း

ပြောဖူးနေတော့ နာမည်ကတော့ ရင်းနှီးနေတာ ကြာပါပြီ။ လူကိုတော့ ခုမှမြင်ဖူးတယ်''

ကျွန်တော်က ဝင်၍..

''လူက ချောတယ်မဟုတ်လား''

ဟု နောက်လိုက်သည်။ ရှားက ရယ်နေစဉ် ကိုယုက ကြား ဝင်ကာ..

''ဦးလေးနဲ့ဆို လိုက်ဖက်ညီပါတယ်။ ဟိုဇာတ်ထဲကလိုပဲ''

ဟု ပြော၏။

''ဘယ်ဇာတ်လဲ''

''မင်းကုသနဲ့ ပပဝတီ''

''ဟာဗျာ.. ကိုယုက လုပ်ရော့မယ်''

ရယ်သံတွေ ဝေစည်သွားသည်။

ကျွန်တော်နှင့်ရှား၏ရှေ့သို့ အုန်းနို့ခေါက်ဆွဲမုန့်ပန်းကန်များ ရောက်လာကာ လူရွယ်တစ်ယောက်က ဟင်းရည်များ လိုက်ထည့်ပေး သည်။

''ကဲ.. ရှက်မနေနဲ့နော် ညီမလေး။ အဝစား..။ ညီလေးကို တော့ မပြောတော့ဘူး''

''အဲဒါတော့ ကိုယုက မျက်နှာလိုက်တာပဲဗျ''

''ဟုတ်ဘူးလေကွာ..။ ညီမလေးစားရင် ညီလေးဝ,သလိုပဲ ပေါ့''

''ဗိုက်ချင်းမှ မတူတာ ကိုယုရာ..''

''ဟော.. တွေ့လား အစ်ကိုကြီး။ အစ်ကိုကြီးညီက ရတောင် မရသေးဘူး။ ခုကတည်းက သွေးက ကွဲနေပြီ''

ရှား၏စကားအဆုံးတွင် ကိုယုက ကွမ်းဝါးထားသဖြင့် ရဲနေ သောသွားများပေါ်အောင် ရယ်လေသည်။

ထိုစဉ် အိမ်ရှေ့သို့ ကားတစ်စီးထိုးရပ်လာသည်။ ပရာဒိုကျောက်စိမ်းရောင်ဖြစ်၏။

ကိုယုက လှမ်းကြည့်ပြီး. .

''ညီလေးတို့ စားကြဦး။ အစ်ကိုကြီး ဧည့်သည်ကို သွားကြို လိုက်ဦးမယ်''

ဟု ပြောကာ ကျွန်တော်တို့အနီးမှ ထသွားသည်။

''ဟင်းချက်လက်ရာ ကောင်းတယ်။ ကိုကိုအကြိုက်ပဲ''

ဟု ကျွန်တော်ကပြောသဖြင့် ရှားက လိုက်ပွဲပန်းကန်ထဲမှ မုန့်ဖတ်များ ထပ်ထည့်ပေးသည်။ အလယ်တည်ပန်းကန်မှ ဟင်းရည်ကိုပါ ခပ်ထည့်ပေးမည်အပြု ဟင်းရည်လိုက်သောလူရွယ်က ဟင်းရည် လာ၍ ထည့်ပေးသည်။

''အစ်ကိုကြီးတို့ မလာတော့ဘူးတောင် ထင်တာ''

ဧည့်သည်များနှင့်အတူ အိမ်ပေါ်တက်လာသော ကိုယုအသံ. ။

''ထွက်လာခါနီးမှာ ကုမ္ပဏီက ဖုန်းဝင်လာတာနဲ့ မှာစရာရှိတာတွေ လှမ်းပြောနေရတာ နည်းနည်းကြာသွားတယ်ကွာ။ ပြီးတော့ အစ်ကိုကြီးရဲ့မဟေသီ အလှပြင်တာကလည်း နည်းနည်းကြာသွားတယ် ဆိုပါတော့''

ဧည့်သည်ကလည်း ရယ်ရွှန်းဖတ်ရွှန်းဖြင့် ခင်မင်ရင်းနှီးစွာ တုံ့ပြန်သည်။

မုန့်စားရင်း ကျွန်တော်တို့ လှမ်းကြည့်မိကြ၏။

ကိုယုက ရှေ့ဆုံးက. . ။ ကိုယုနောက်မှာ အသက်ငါးဆယ်ခန့်ရှိ ခန့်ညားထည်ဝါသော ပုဂ္ဂိုလ်တစ်ဦး။ အရပ်အမောင်းကောင်းကောင်း၊ ရုပ်ရည်သန့်သန့်။ စပို့ရှပ်အပြာနုနှင့်၊ စတိုင်လ်ဘောင်းဘီနှင့်. . ။ ထိုပုဂ္ဂိုလ်၏နောက်မှ ပါလာသူကား အသက်အစိတ်ခန့်ရှိ သွယ်သွယ်မြင့်မြင့်၊ အချိုးအဆစ်ကျနှ လှပသော မော်ဝင်ပန်းပုသူဇာကလေးဖြစ်သည်။

လူကလည်းလှ၊ အဆင်တန်ဆာကလည်းကြွ၍ မြင်သူငေးလောက်သည့် အမျိုးသမီးဟု ဆိုရမည်။

သူတို့အပြောအရ လင်မယားဟု ယူဆလိုက်ရသော်လည်း အသက်အရွယ်အနေအထားက ကွာနေသည်။ ယောက်ျားဖြစ်သူမှာ နုပျိုသည်ဟုဆိုရပြား အမျိုးသမီးနှင့်ယှဉ်လျှင် သားအဖဟု ပြော၍ရလောက်သည်။ အရွယ်က နှစ်အချိုးတစ်။

ထိုစုံတွဲသို့ ကျွန်တော့်နည်းတူ ရှားသည်လည်း အာရုံစိုက်နေကြောင်း ကျွန်တော်သတိထားလိုက်မိသူည်။

ကိုယုက ထိုစုံတွဲကို ခေါင်းရင်းကျကျတွင်ရှိသော ကျွန်တော်တို့ဝိုင်းသို့ခေါ်လာပြီး နေရာချပေးသည်။ ကျွန်တော်တို့ရှေ့မှာ သူတို့ဝင်ထိုင်ကြသည်။ ကျွန်တော်တို့နှင့် သူတို့ မျက်နှာချင်းဆိုင်ဖြစ်သွားကြသည်။

"မိတ်ဆက်ပေးရဦးမယ်"

ကိုယုက ကြားမှနေ၍ ကျွန်တော်တို့နှင့် ထိုစုံတွဲကို တစ်ပြန်တစ်လှည့်စီကြည့်ကာ. .

"ကျွန်တော့်မိတ်ဆွေတွေပေါ့။ ညီလေး၊ ညီမလေးတွေလို ချစ်ရသူတွေပေါ့ အစ်ကိုကြီးရာ။ သူက စာရေးဆရာကိုနေသော်။ သူကတော့ ရှေ့နေမလေး မေစံရှား"

ကျွန်တော်က ပြုံးပြလိုက်သည်။ ဒါက ယဉ်ကျေးမှုတစ်ရပ်ပဲဖြစ်သည်။ ရှားသည်လည်း အပြုံးကလေးနှင့်ပါပဲ။

"ညီလေးနဲ့ ညီမလေး. . ။ ဒီကအစ်ကိုကြီးက ကိုယ်အကြံပေးလုပ်နေတဲ့ စန်းသော်တာကုမ္ပဏီရဲ့ သူဌေးဦးထွန်းမြတ်မင်း။ အစ်ကိုကြီးရဲ့ဇနီး ဒေါ်သုန္ဒရီ"

"တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော်က စာပေသမားမဟုတ်လို့ နာမည်ကိုမရင်းနှီးပေမယ့် စာပေသမားတွေကိုတော့ လေးစား

သူပါ။ မေစံရှားနာမည်ကတော့ ကျော်နေတဲ့သူမို့ ကြားဖူးနေပါတယ်"

ဦးထွန်းမြတ်မင်းက ရည်မွန်ချောင်စွာ ပြောသည်။ သူ၏အပြောမှာ မာန်မာနမပါဘဲ ရိုးသားပွင့်လင်းမှုပါဝင်နေကြောင်း သတိပြုမိ၏။ ဦးထွန်းမြတ်၏ဘေးမှ သုန္ဒရီက ဦးထွန်းမြတ်မင်းစကားပြောနေစဉ် ကျွန်တော်နှင့်ရှားကို ပြုံး၍ပြသည်။

သို့သော်. . .

သုန္ဒရီ၏အကြည့်များက ရှားထံအရောက်တွင် အပြုံးတွေလွင့်ပြယ်သွားကာ မျက်လုံးကြည်ကြည်ကလေးတွေ ညှို့ခနဲဖြစ်သွားသည်။ အပြုံးကို ချက်ချင်း ပြန်၍ဖန်ဆင်းလိုက်သော်လည်း အကြည့်တွေလွှဲဖယ်ကာ မျက်လွှာချလိုက်ရင်း မုန့်ပန်းကန်သို့ စိုက်သွားသည်။ ခင်ပွန်းဖြစ်သူ ဦးထွန်းမြတ်မင်းအတွက် မုန့်ပန်းကန်ထဲသို့ မုန့်ကြွပ်ထည့်ပေးလျက် အချဉ်ညှစ်ပေးနေသော သူမ၏လက်ကလေးများ မသိမသာတုန်နေသည်။

'ဘာကြောင့်များပါလိမ့်. .'

ဘာကြောင့်များပါလိမ့်ဟု တွေးကြည့်စဉ်မှ သည်မျက်နှာကို မြင်ဖူးသလိုပဲဟု ကျွန်တော်တွေးမိပြန်သည်။ မည်သည့်နေရာတွင် တွေ့ခဲ့ဖူးသည် ဆိုသည်ကိုမူ စဉ်းစားမရ။ ရင်းနှီးကျွမ်းဝင်ဖူးသူထဲက မဟုတ်တာတော့ သေချာသည်။

ရှားကို ကျွန်တော်ငဲ့ကြည့်လိုက်သည်။

ရှားက ဘာမှမထူးခြားသလို မုန့်ကို ငုံ့၍စားနေသည်။

စကားဝိုင်းမှာ ခေတ္တတိတ်ဆိတ်သွားသည်။

သို့သော် ဦးထွန်းမြတ်မင်းနှင့် သုန္ဒရီတို့ မုန့်စားရင်း တီးတိုးပြောနေကြပုံ၊ မုန့်ထပ်ထည့်ပေးရင်း လုပ်ပြုံးနေကြပုံများမှာ ဆယ်ကျော်သက်စုံတွဲတစ်တွဲလိုပင် ဖြစ်သည်။ သူတို့လက်ထပ်ကြသည်မှာ မကြာသေးဟု ကျွန်တော်ခန့်မှန်းသည်။

ကိုယုက အလှူမှ ပြန်တော့မည့်ညသည်များကို နှုတ်ဆက်

နေသည်မို့ ကျွန်တော်တို့ဝိုင်းမှာ ကျွန်တော်တို့နှစ်ဦးနှင့် ဦးထွန်းမြတ်မင်းတို့နှစ်ဦးသာ။

"အအီပြေအောင် အအေးလေးတွေ သောက်ပါဦး"

ကိုယုဏ်ဇနီးက အချိုရည်ဘူးများ လာချပေးသည်။

ကျွန်တော်တို့ မုန့်စားပြီးတော့ ဦးထွန်းမြတ်မင်းတို့ စားမပြီးသေး။ စကားတပြောပြောနှင့်၊ အပြုံးအရယ်တွေနှင့်. . ။ ထိုကြားမှ သုန္ဒရီအကြည့်က ရှားနှင့်ကျွန်တော့်ထံ ဖျတ်ခနဲ ဝေ့ခနဲ ရောက်လာတတ်သည်ကို ကျွန်တော်အကဲခတ်မိ၏။

လှပညက်နုပြီး အပြစ်ကင်းအောင်လှနေသော သုန္ဒရီ၏ မျက်နှာပြင်မှာ တစ်ခုခုမွန်းကျပ်နေဟန်ကလေးက ဖုံးကွယ်မရ။ မိတ်ကပ်ပါးပါးလေးလူးထားသော နှဖူးပြင်မှာ ချွေးကလေးတွေ စို့နေ၏။

ကျွန်တော့်ရင်မှာ ပဟေဠိတစ်ပုဒ် မွေးဖွားနေသည်။

ရှားကိုကြည့်ပြန်တော့လည်း ဘာမျှ မသိမမြင်ဟန်၊ သတိမထားဟန်ဖြင့် ပုံမှန်အတိုင်းရှိ၏။

ကိုယုက လက်ဖက်ပန်းကန်၊ ကိတ်မုန့်ပန်းကန်နှင့် ကော်ဖီပန်းကန်များ ထပ်မံ၍ လာချပေးသည်။

"ဟ. . များလှချည်လား ကိုယုရ။ မုန့်ရော၊ အအေးရော၊ အပူရော"

"စားစမ်းပါ ညီလေးရာ။ အလှူလေကွာ. . ။ စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူတာ"

"အစ်ကိုကြီး. . ရှားတို့ ပြန်မယ်။ ဒီကနေပြန်ရင် ရှားအဒေါ်တစ်ယောက်ဆီ ဝင်ရဦးမှာမို့. . "

ရှားက ဆိုင်းမဆင့်ဗုံမပါ ကောက်ကာငင်ကာ ဝင်ပြောသဖြင့် ကျွန်တော်ပင် အံ့အားသင့်သွားသည်။ ရှားအဒေါ်ထံဝင်မည်ဟု ကျွန်တော့်ကိုလည်း မပြောခဲ့ပါ။ သွားစရာ၊ လည်စရာ အဒေါ်လည်း ရှားတွင်

မရှိပါ။ သို့သော် အကြောင်းတစ်ခုခုကြောင့်ဖြစ်မည်ဟု ကျွန်တော်တွေးမိသွားသဖြင့် ဘာမျှဝင်မပြောဘဲ ငြိမ်နေလိုက်၏။

"အေးအေးဆေးဆေးမှ ပြန်ပါလား ညီမလေးရာ"

"အရေးတကြီးကိစ္စလေး ရှိနေလို့ပါ။ အဲဒီအခေါ်က ပွဲစားလုပ်တာဆိုတော့ ဒီနေ့မနက်ပိုင်းပဲ သူ့ကိုတွေ့နိုင်တာ။ နေ့လယ်ဆို အိမ်သိပ်ကပ်တာမဟုတ်ဘူး။ အဲဒါကြောင့်ပါ. .။ အေးအေးဆေးဆေးမနေနိုင်တာ ခွင့်လွှတ်နော်"

ရှားက ပြောပြောဆိုဆို ထပြန်ပြင်သဖြင့် ကျွန်တော်ပါ ရောၡ ထလိုက်ရသည်။

"ခွင့်ပြုပါဦးနော်"

ရှားကပင် ဦးထွန်းမြတ်မင်းတို့အား ခေါင်းကလေးညွှတ်၍ တလေးတစားနှုတ်ဆက်သည်။

"ဟုတ်ကဲ့. .။ နောက်တွေ့ရင်လည်း ခေါ်ပါဗျာ။ ကျွန်တော်တို့ကုမ္ပဏီကိုလည်း ကြုံရင် ဝင်ခဲ့ပါ။ ကျွန်တော်တို့ကုမ္ပဏီက မြေနီကုန်းမှာပါ"

ဦးထွန်းမြတ်မင်းက တရင်းတနှီးဆိုပါသည်။ သို့သော် သုန္ဒရီကမူ မော့မကြည့်ဘဲ မုန့်ကိုသာ ငုံ့၍စားနေ၏။

"ဟုတ်ကဲ့ပါ. .:"

ကျွန်တော်နှင့်ရှား ထွက်လာသောအခါ ကိုယုက အိမ်အပြင်ခြံဝထိ လိုက်ပို့သည်။

"ကြည့်ရတာ ဦးထွန်းမြတ်မင်းတို့က လက်ထပ်တာ သိပ်မကြာသေးဘူးထင်တယ်"

ခြံဝနားအရောက်မှာ ရှားက ကိုယုကိုလှည့်ကြည့်ပြီး တစ်ခွန်းပြောသည်။

"ဟုတ်တယ် ညီမလေး. .။ ဆီဒိုးနားမှာ လက်ထပ်ကြတာ

ခြောက်လလောက်ပဲ ရှိဦးမယ်။ ဘာလဲ. .။ ညီမလေးက မင်းကုသနဲ့ ပပဝတီလို့ ပြောချင်လို့လား။ ဦးထွန်းမြတ်မင်းက ရုပ်ချောပါတယ်။ အသက်ကြီးတာ တစ်ခုပါပဲ။ ကံကောင်းတော့ ဇနီးချောချောလေးရတာ ပေါ့။ ဟဲ. . ဟဲ. .''

ကိုယုကတော့ ထုံးစံအတိုင်း အရွှတ်အနောက်တွေနှင့်. .။

''ဘာလဲ. .။ ဒါဆိုတော့ ကျွန်တော်က ကံမကောင်းဘူးလို့ ကိုယုက ဆိုချင်တာလား''

ကျွန်တော်က ရှားကိုတစ်ချက်ကြည့်ပြီး အနောက်စကား ပြန်ပြောသည်။ ကိုယုက မျက်လုံးပြူးသွားပြီး. .

''ဟာ. . ညီမလေးက ချောပါတယ်ကွာ။ ညီမလေးချောတာ ကမှ အလုစစ်ကွ။ ရင်ထဲမှာ အေးမြသွားစေတဲ့ အလှ''

''အဲဒါတော့ အစ်ကိုကြီးမြှောက်ပြောမှန်း သိသာလွန်းတယ်''

ရှားကပါ ရယ်၍ ဝင်ပြောသည်။ ကျွန်တော်နှင့် ကိုယုတို့ တဟားဟားရယ်လိုက်မိကြ၏။

''ကဲ. . သွားပြီ ကိုယုရေ''

''ကောင်းပြီ. .''

ကျွန်တော်တို့ ကိုယုကိုနှုတ်ဆက်ပြီး ထွက်လာကြသောအခါ ကျွန်တော်က ရင်ထဲတွင် မရှင်းသည်ကို ရှားအား ပြောပြမိ၏။

''သုန္ဒရီကို ကိုကိုမြင်ဖူးသလိုပဲ ရှား။ ပြီးတော့ သူ့မျက်နှာ ကြည့်ရတာ မလုံမလဲနဲ့။ တစ်ခုခု စိုးရိမ်နေသလိုပဲ''

ရှား ပြုံးသည်။

''ကိုကို မမှတ်မိဘူးလား''

''ဟင့်အင်း. .''

''ရှားတို့ ကလောသွားစဉ်က ရထားပေါ်မှာ တွေ့ခဲ့တယ်လေ။ ကိုကိုက မေ့တတ်လိုက်တာ။ ကိုကိုပဲ သူ့အကြောင်း ဝတ္ထုရေးခဲ့တာ

ငါးပုဒ်ရှိနေပြီ။ နန်းတစ်လိမ်ပန်းတစ်လိမ်ရယ်၊ စိန်မျက်ခုံးထိပ်ထားဦးရယ်၊ ကမ်းပါးဦးလိုဏ်ဂူအတွင်း တစ်မိနစ်ရယ်၊ တိမ်ပေါ်သို့ စိန်ခေါ်သူရယ်၊ ဆွမ်းခံရင်း ငှက်သင့်သူရယ်. . ''

''ဟင်. . သုန္ဒရီက. . သူ. . သူ. . ''

ကျွန်တော် မျက်လုံးတွေပြူးကျယ်ပြီး စကားတွေထစ်သွားသည်ကို ကြည့်ပြီး ရှားက ရယ်သည်။

''ဟုတ်တယ်. . ။ ရှားမိတ်ဆွေ၊ ကိုကို့ဇာတ်လိုက်မလေးလေ။ အံ့ဩသွားလား''

''သူ့နာမည်က သုန္ဒရီ. . ''

''ဒါက နာမည်အမှန်လား။ နောက်နာမည်တစ်မျိုးလားတော့ ရှားမသိဘူး။ ကိုယ့်မိတ်ဆက်ပေးတာတော့ သုန္ဒရီပဲ''

''တိုက်တိုက်ဆိုင်ဆိုင် ရှားနဲ့မှ လာဆုံတတ်ပလေတယ်။ ဒါကြောင့် သူ မူပျက်နေတာကိုး...''

''သူအနေခက်နေမှန်းသိလို့ ရှား ကြာကြာမနေဘဲ အကြောင်းပြပြီး စောစောပြန်လာတာ။ ကိုယ့်ကိုတော့ အားနာတယ်''

''ဩော်. . ဒီလိုကိုး''

ယခုမှ ဇာတ်လမ်းကို ကျွန်တော် ရေလည်စွာသဘောပေါက်သွားသည်။

''မိန်းကလေးတစ်ယောက်အတွက် ပဓာနအချက်သုံးချက် ဘဝမှာ လိုအပ်တယ်။ ပညာအရည်အချင်းရယ်၊ ရုပ်ရည်ရယ်၊ ကိုယ်ကျင့်တရားရယ်. . ။ ဒီသုံးချက်ညီရင် ဘဝလှတာပဲ။ အနည်းဆုံး တစ်ချက်တော့ လိုတယ်။ တစ်ချက်မှမပြည့်စုံရင်တော့ သွားပြီပေါ့။ သုန္ဒရီက ပညာအရည်အချင်းလည်းရှိတယ်။ ရုပ်ရည်လည်းရှိတယ်။ ကိုယ်ကျင့်တရားကတော့ ကိုကိုသိတဲ့အတိုင်းပဲ။ ဒါပေမဲ့ အခုတော့ သူပြောင်းလဲသွားပုံရပါတယ်။ ဦးထွန်းမြတ်မင်းလိုလူမျိုးကို ရလိုက်တာ သူ့ကံကောင်း

တာပဲပေါ့"

"အဲဒါလည်း ဘယ်လိုခွင်ဖန်လိုက်သလဲမှ မသိတာ"

"ဘယ်လိုဖြစ်ဖြစ်ပေါ့ ကိုကိုရယ်. .။ သူ့ဘဝကို သူ ဆက်ပြီး တော့ ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မယ်ဆိုရင် ရှားတို့ဝမ်းသာရမှာပဲ။ ရှား. .သူ့ကို ပြောခဲ့ဖူးပါတယ်။ သူ့ကို ချစ်လို့ပါ။ သူ့ရဲ့ရုပ်ရည်၊ သူ့ရဲ့ အရည်အချင်းနဲ့ဆိုရင် လမ်းကြောင်းပြောင်းလိုက်တာနဲ့ အောင်မြင်ထွန်း ပေါက် လျှမ်းလျှမ်းတောက်လာမှာပါလို့. .။ မျှော်လင့်ထားသလို ထပ် တွေ့ ချင်ပါတယ်လို့။ ခုတော့ ရှားမျှော်လင့်သလို သူ့ဘဝ လှပအေးချမ်း သွားပြီ။ ဒီ့အတွက် ရှားကြည်နူးမိတယ်"

ရှားနှင့်ယှဉ်၍ ရှားလေးလေးနက်နက်ပြောသမျှကို ကျွန်တော် နားစိုက်ထောင်လာပြီးနောက် ရှားစကားဆုံးသွားသောအခါ တစ်ခွန်းဝင် ပြောဖြစ်သည်။

"ဒါပေမဲ့ နောက်တစ်ပွဲတွေ့ကြသေးတာပေါ့လို့ ရှားကို ငါးကြိမ် တိတိ စိန်ခေါ်ခဲ့ဖူးတဲ့ မိန်းကလေးလေ။ အခုလည်း ဘယ်တော့ထပ်ပြီး စိန်ခေါ်လာဦးမလဲ မသိဘူး"

ရှား အားလျော့စွာပြုံးသည်။

"စိန်ခေါ်မလာပါစေနဲ့လို့ ရှားဆုတောင်းပါတယ်"

"ရှားစိုးရိမ်နေတာလား"

"ဟုတ်တယ် ကိုကို. .။ သူ့အတွက် ရှား စိုးရိမ်စိတ်ရှိနေတယ်"

"ကဲ. .ကြိုပြီးတွေးမနေနဲ့တော့ ရှား။ ရှားပြောသလို သူပြောင်း လဲပြီး အေးချမ်းလှပတဲ့ဘဝမှာ တစ်သက်လုံး အကွေ့အကောက်ကင်း ကင်း၊ ဖြောင့်ဖြောင့်စင်းစင်း နေသွားနိုင်မှာပါ"

"အဲဒီလိုပဲ ရှားဖြစ်စေချင်ပါတယ်"

တစ်မနက်လုံး လင်းချင်းသာယာနေသော လောကကြီးက ရုတ်ခနဲ အုံ့မှိုင်းသွားသည်။ နေက တိမ်ညိုတိမ်မည်းတွေကြားမှာ ပျောက်

သွားသည်။ ကောင်းကင်ပြာပြာကြီးက တိမ်တွေအောက် ရောက်သွားသည်။

အပြောင်းအလဲတွေက မြန်လိုက်တာ..။
မကြာမီ မိုးရွာလာတော့မည် ထင်ရသည်။

❦ ❦ ❦ ❦ ❦

# အပိုင်း (၈)

# ဆယ့်နှစ်ကြိုးကဝေရှင်၏ နောက်ကြောင်းရာဇဝင်

## ၂

လေအေးစက်ဖွင့်ထားသဖြင့် အခန်းတွင်းမှာ စိမ့်စိမ့်ကလေး အေးနေသည်။ တစ်ငုံချင်း အရသာခံ၍ သောက်နေမိသော ကော်ဖီလေးကလည်း လျှာမှာ စိမ့်စိမ့်ကလေးမွှေးနေသည်။ ကော်ဖီသောက်ရင်း တစိမ့်စိမ့်ကြည့်နေမိသော ချစ်သူမေစံရှား၏ ခြယ်သမှုကင်းသော ပင်ကိုအလှနှင့် ဣန္ဒြေအလှကလည်း ရင်မှာ ငြိမ့်ငြိမ့်ကလေး နွေးနေစေသည်။

ကျွန်တော်၏အကြည့်ရိုင်းတွေကြောင့် ထင်ပါ၏။ ရှားက မျက်ဝန်းတံခါးကို သာသာပိတ်ကာ ရှက်ပြုံးလှဲ့လှဲ့ဖြင့်. .

"ကိုကိုနော်. . ရှားမနေတတ်ဘူး"

ဟု တိုးတိုးဖွဖွ ပြောသည်။

စားပွဲပေါ်က ဖောက်ပြီးသားသကြားအိတ်ခွံလေးကို ကိုင်ကာ အဓိပ္ပာယ်မဲ့ ဟိုလှည့်သည်လှည့်လုပ်နေသော ရှက်အမူအယာချိုချိုကို သဘောကျသဖြင့် ကျွန်တော်က ရယ်လိုက်သည်။

"ချစ်လို့ပါ. ."

"အပိုပါ. .။ တခြားမိန်းကလေးတွေ တွေ့ရင်လည်း အဲဒီလို

ကြည့်မှာပဲ"

"ဝေးသေးဗျာ. .။ ကိုကို့မှာ တခြားမိန်းကလေးတွေကိုကြည့်ဖို့ မျက်လုံးမပါပါဘူး"

"အပြောကောင်း. .။ လှလည်းလှ၊ ဆွဲဆောင်မှုလည်းရှိတဲ့ မိန်းမချောလေးတွေနဲ့ တွေ့ရင် အဲဒီစကားတွေ လေထဲလွင့်သွားမှာ"

"ဘယ်မိန်းကလေးကမှ ကိုကို့ကို အဲဒီလို မဖြားယောင်းနိုင်ပါဘူး"

"မထင်နဲ့နော်. .။ ရှားတွေ့ခဲ့ဖူးတဲ့ မိန်းကလေးဆို အမူအရာကောင်းမှကောင်း. .။ ညို့ချက်ပြင်းမှပြင်း. ."

"ဘယ်မိန်းကလေးလဲ။ ဘယ်မိန်းကလေးကို ရှားပြောတာလဲ"

ရှား ဟင်းခနဲ တစ်ချက်ရယ်လိုက်သည်။

"ရှားကလည်း ကိုကို့ဝတ္ထုရေးချင်ရေးနိုင်အောင်လို့ ပြောမလို့ပါ"

"ပြောလေ. .။ စာမူခရရင် စားချင်တာကျွေးမယ်။ ဘာလဲ. .။ ရှားစုံထောက်လုပ်ခဲ့တဲ့အမှုလား"

"မဟုတ်ပါဘူး. .။ ဘေးကနေ တွေ့ခဲ့ရတဲ့ အတွေ့အကြုံလေးပါ"

"ဘယ်တုန်းကလဲ"

"မကြာသေးပါဘူး"

ကော်ဖီအေးကိုငုံ့သောက်အပြီးမှာ ရှားက ဇာတ်လမ်းကို ဤသို့ဖွင့်ပါသည်။

❦ ❦ ❦ ❦ ❦

ဈေးရှေ့ရှိ 'ဝင်းရွှေဝါ' ရတနာရွှေဆိုင်အတွင်းသို့ မိန်းကလေး နှစ်ဦး ဝင်လာသည်။

တစ်ဦးက အသက်အစိတ်ခန့် . .။ အသားဖြူဝင်း နုနုကလေး နှင့်၊ ဆံပင်ထုံးဖွဲ့ထားပုံက ခေတ်မီလှပသလို ဝတ်ဆင်ထားပုံကလည်း ခန္ဓာကိုယ်၏ လှပသောအချိုးအဆစ်ကို ပေါ်လွင်စေသည်။

ရွှေချယ်ဝတ်ဆင်ထားသည့် အရောင်အသွေး ပိတောက်ခြောက် ရွှေဝါရောင်ကလည်း သူမ၏ပင်ကိုအလှကို ကူပေးနေသည်။

မျက်ခုံးလေးတွေက ကွေးညွတ်နက်မှောင်လျက် မျက်တောင် ကော့ကော့လေးနှင့် မျက်ဝန်းရွဲရွဲများ။ နှာတံစင်းစင်းပြေပြေနှင့် နှုတ်ခမ်း ဖူးဖူးရဲရဲကလေးများ။ သွယ်လျနွဲ့နှောင်းပြီး အရပ်အမောင်းကလည်း မြင့်သဖြင့် မော်ဒယ်လ်ကလေးတစ်ဦး စင်မြင့်ပေါ်မှာ လမ်းလျှောက်သည် နှင့်ပင် တူနေသည်။

နောက်တစ်ယောက်က ပထမတစ်ယောက်ထက် အနည်းငယ် ငယ်ပုံရသည်။ နှစ်ဆယ်ကျော်ပင် ရှိဦးမည်။ ရုပ်ချင်းကတော့ သိပ်မဆင် လှ။ ပြီးတော့ အငယ်မကလေးက ပထမတစ်ယောက်လောက်တော့ မလှ။ အသားဖြူသော်လည်း၊ ခေတ်မီကြွရွသော်လည်း။ ကိုယ်နေဟန် ဖွံ့ဖြိုးသော်လည်း ပထမတစ်ယောက်ကို မမီ။

သူကဲ မိုးပြာရောင်ဝမ်းဆက်နှင့် . .။

ရွှေဆိုင်ပိုင်ရှင် ကိုဝေလွင်ပင်လျှင် မိန်းကလေးတွေကို ငေးသွား သည်။ အထူးသဖြင့် ပထမ ရွှေဝါရောင်လေးကိုပါ။

"ဘာအလိုရှိပါသလဲခင်ဗျာ"

ဖော်ရွေပျူငှာတတ်သော ကိုဝေလွင်က ဈေးသည်ဆိုင်ရှင်ပီပီ ဆီးကြိုခွန်းဆက်သည်။ ချခင်းထားသောထိုင်ခုံများကို ညွှန်ပြရင်း နေရာ ပေးသည်။

"ပစ္စည်းနည်းနည်း ဝယ်ချင်လို့ပါ"

မှန်ရှိုးကေ့စ်အတွင်းရှိ လက်ဝတ်ရတနာများ ထည့်ထားရာသို့ မျက်လုံးဝေ့ကစားရင်း ပြုံးပြုံးကလေးပြောသည်။ ရွှေဝါရောင်၏အပြုံးမှာ လေ့ကျင့်ယူထားသော အပြုံးလိုပင် လှနေပြီး ပြုံးသောအခါ ပေါ်လာသော ပါးချိုင့်ကလေးကလည်း ညို့အားကောင်းသည်။

"ကြည့်မယ်နော်. ."

"ဟုတ်ကဲ့. .။ ကြည့်ပါ"

ကိုဝေလွင့်အစ်မကြီး မမြင့်ကြည်က ရှိုးကေ့စ်အတွင်းရှိ လုပ်ပြီးသားလက်ဝတ်ရတနာများကို ညွှန်ပြရင်း ရှင်းပြသင့်သည်များကို ရှင်းပြနေသည်။

နေ့လယ်ခင်း လူရှင်းချိန်ဖြစ်သောကြောင့် အေးအေးဆေးဆေး ရှင်းပြနိုင်ခြင်းဖြစ်သည်။

ကိုဝေလွင်ကတော့ လက်ဝတ်ရတနာတွေကို စိတ်ဝင်တစား ကြည့်ရင်း. .

"ဟိုဟာ ကောင်းတယ်"

"ဒီဟာ လှတယ်"

"ဟိုဟာလေးနဲ့ဆို လိုက်မယ်"

စသည်ဖြင့် ပြောနေကြသည့် ရွှေဝါရောင်မမနှင့် မိုးပြာငယ်ကိုသာ ငေးကြည့်နေမိသည်။

'ကြည့်ရတာ အတော်အထက်တန်းကျတဲ့အထဲကပဲ။ ပြောတာဆိုတာရော၊ ရုပ်ရည်ရူပကာရော၊ ဝတ်ပုံစားပုံရော. .။ ပြီးတော့ သူတို့ကိုယ်တိုင်ဝတ်လာတဲ့ ဆွဲကြိုးတွေ၊ ဟန်းချိန်းတွေ၊ လက်ကောက်တွေ နားကပ်တွေ၊ လက်စွပ်တွေကလည်း တန်ဖိုးနည်းမှာမဟုတ်ဘူး။ လွယ်လာတဲ့ နိုင်ငံခြားဖြစ်သားရေအိတ်ကလေးကလည်း လှမှလှပဲ'

ဟု ကိုဝေလွင်တွေးသည်။

"ပစ္စည်းက လုပ်မှာလား၊ လုပ်ပြီးသား လိုချင်တာလား"

ကိုဝေလွင်က စူစမ်းလိုက်သည်။

ရွှေဝါရောင် မမက. .

''ဒီလိုပါ အစ်ကိုရယ်. .။ ဝယ်မှာက ညီမတို့အတွက် မဟုတ် ပါဘူး။ ညီမတို့ရဲ့ ညီမဝမ်းကွဲလေး တနင်္ဂနွေနေ့မှာ စေ့စပ်ဖို့ရှိလို့ ညီမ တို့က လက်ဖွဲ့အနေနဲ့ ဆင်ပေးချင်လို့ပါ။ ညီမဝမ်းကွဲလေးက နွမ်းပါးပြီး သူ့ကောင်လေးက ပစ္စည်းရှိတော့ ညီမတို့က သူ့ကို မျက်နှာမငယ်စေ ချင်လို့ပါ။ ဒီတော့ လုပ်ပြီးသားပစ္စည်းတွေထဲကပဲ ရွေးပြီးယူမှာပါ''

ဟု ရည်မွန်ချိုသာစွာ ရှင်းပြသည်။

မိုးပြာမလေးက ဝင်၍. .

''စေ့စပ်မယ့်ညီမလေးက ကျွန်မနဲ့ရွယ်တူပဲ။ ကျွန်မနဲ့ ကိုယ်လုံး ကိုယ်ပေါက်ချင်းလည်းတူတယ်။ ဒါကြောင့် ကျွန်မလက်ချောင်းတွေနဲ့ တိုင်းပြီး ကြည့်ဝယ်သွားချင်တာပါ''

ဟု ဖြည့်စွက်သည်။

''ဟာ. . ရပါတယ်။ လုပ်ပြီးသားတွေ အများကြီးပါ။ ရွှေရည် လည်း စိတ်ချပါ။ အလျော့တွက်လည်း မများစေရပါဘူး''

ကိုဝေလွင် အာသွက်သလို မမြင့်ကြည်ကလည်း. .

''ကျွန်မတို့ပစ္စည်းကို အချိန်မရွေး ကျွန်မတို့ဆီမှာ ပြန်ရောင်း ချင်ရင်လည်း ရပါတယ်''

ဟု ပြောသည်။

''ဘာယူမှာလဲ. .။ လက်စွပ်လား။ ဆွဲကြိုးလား။ လက်ကောက် လား''

ကိုဝေလွင့်အမေး. .။

''အင်း. . ယူမှာကတော့ တစ်ဆင်စာပဲ ဆိုပါတော့''

ရွှေရောင်မမက ဖြေသည်။ ကိုဝေလွင် ပြုံးသွားသလို မမြင့် ကြည်မျက်နှာ ဝင်းပသွားသည်။

"ရွေးပါ..။ ကြိုက်ရာ ရွေးပါ။ စျေးလည်း စိတ်ချပါ"

"တစ်ခုတော့ရှိတယ် အစ်ကို"

"ဘာလဲခင်ဗျာ..။ ပြောပါ"

"ကျွန်မတို့ယူမှာက များတော့ ငွေသားတွေ ကျွန်မမယူလာဘူး။ ချက်လက်မှတ်ပဲပါတယ်။ ဒီစီးပွားရေးဘဏ်မှာပဲ ကျွန်မတို့ ငွေအပ်တာပါ။ အဲဒါ ချက်နဲ့ လက်ခံနိုင်၊ လက်မခံနိုင်.."

မမြင့်ကြည်က ကိုဝေလွင့်ကို လှမ်းကြည့်သည်။ ကိုဝေလွင် ခေါင်းထဲမှာ အလုပ်များသွားသည်။ ယူမှာက တစ်ဆင်စာဆိုတော့ ငွေတန်ဖိုးက ဆယ်သိန်းအထက်မှာ။

အရောင်းပါးသောအချိန်မှာ ရောင်းရမည့်တန်ဖိုးက မက်မောစရာ..။

ငွေသားမဟုတ်သည့်အတွက်တော့ နည်းနည်းစဉ်းစားရသည်။ သို့သော် သူတို့ပုံစံကတော့ အထက်တန်းကျသည်။ ရိုးသားပုံလည်း ရပါသည်။

ပြီး..

ကိုဝေလွင်ကိုယ်တိုင်ကလည်း ဘဏ်မှာ ငွေအပ်ပြီး ချက်လက်မှတ်ဖြင့် အလုပ်လုပ်သူဖြစ်သည်။ သူတို့ပေးမည့်ချက်လက်မှတ်ကို စစ်ဆေးကြည့်လိုက်လျှင် အတု၊ အစစ်လည်း ခွဲခြားနိုင်သည်ပဲ။

ပြဿနာမရှိနိုင်..။

"ဖြစ်ပါတယ်.."

ကိုဝေလွင် ဆုံးဖြတ်ပြီး အဖြေပေးလိုက်သည်။

သို့ဖြင့် ရွှေဝါရောင်မမနှင့် မိုးပြာမလေးတို့ ပစ္စည်းတွေ စိတ်ကြိုက်ရွေးကြသည်။

သူတို့ ပစ္စည်းတွေရွေးနေစဉ် ကိုဝေလွင်က လက်ဖက်ရည်လှမ်းမှာပြီး ညှော်ဝတ်ပြုလိုက်သေးသည်။

ပစ္စည်းတွေ ရွေးပြီးသွားတော့ မမြင့်ကြည်က ချိန်တွယ်ပြီး စာရင်းပြုစုကာ ဘောက်ချာဖွင့်သည်။

"ညီမလေးက ပဲခူးမှာဆိုတော့ ကျွန်မတို့က မနက်ဖြန်ပဲ စေ့စပ်ပွဲကို ကြိုသွားရမှာ။ စေ့စပ်ပွဲကလည်း မြို့နီးစားကြီးဖြစ်လာလို့ပါ။ မဟုတ်ရင် ညီမလေးကိုခေါ်လာပြီး သူ့စိတ်ကြိုက် လုပ်ပေးပါတယ်"

ရွှေဝါရောင်မမက ဤသို့ရှင်းပြသည်။

"ဟုတ်တာပေါ့. ."

"ဒီမှာ ဘောက်ချာပါ ညီမလေး"

မမြင့်ကြည်က ဘောက်ချာကို ကမ်းပေးသည်။

ရွှေဝါရောင်မမက ဘောက်ချာကို ယူကြည့်ပြီးနောက် သူမ၏ သားရေလက်ပွေ့အိတ်ကိုဖွင့်ကာ ချက်လက်မှတ်စာအုပ်ကို ထုတ်ယူသည်။

ကိုဝေလွှင်က ချက်လက်မှတ်စာအုပ်ကို လှမ်း၍အကဲခတ်သည်။ မိမိအပ်သည့်ဘဏ်မှ ထုတ်ပေးသည့် ချက်လက်မှတ်စာအုပ်ပါပဲ။

ရွှေဝါရောင်မမက ချက်လက်မှတ်စာအုပ်ကိုဖွင့်တော့ ဖြတ်ထားပြီးသားလက်မှတ်တွေလည်း တွေ့ရသဖြင့် ကိုဝေလွှင်စိတ်ချသွားသည်။

ရွှေဝါရောင်မမသည် ဘောပင်လှလှလေးကိုထုတ်ကာ ချက်လက်မှတ်ကို ရေးသည်။

"အစ်ကို့နာမည်. ."

"ဝေလွှင်ပါ"

ကိုဝေလွှင်က လိုအပ်သည့်အချက်များကို ပြောပြသည်။ မှတ်ပုံတင်နံပါတ်. . ဘာညာပေါ့။

ရွှေဝါရောင်မမက လက်မှတ်ထိုးပြီးသားချက်လက်မှတ်ကို ကိုဝေလွှင့်အား ပေးသည်။

"အစ်ကို စစ်ဆေးကြည့်ပါဦး"

ကိုဝေလွှင် အသေးစိတ် ဂရုတစိုက် စစ်ဆေးသည်။ ချက်

လက်မှတ်စာရွက်အနေအထားအားလုံး။ ဘဏ်၏တံဆိပ်တုံးအပါအဝင် ကျသင့်ငွေထည့်ပစ္စည်းတန်ဖိုးအထိ. . ။

"ဟုတ်ပါပြီ. . ။ ရပါပြီ။ ကျေးဇူးပါပဲ"

ငွေဝါရောင်မမနှင့် မိုးပြာမလေးတို့က မမြင့်ကြည်ထည့်ပေးသော အိတ်ဖြင့် ပစ္စည်းများကိုယူကာ နှုတ်ဆက်၍ ဆိုင်အတွင်းမှ ပြန်ထွက်ခွာသွားသည်။

သူတို့နှစ်ယောက်၏ ကျောပြင်ကို ငေးကြည့်ကျန်ရစ်သော ကိုဝေလွင်ကို အစ်မဖြစ်သူမမြင့်ကြည်က. .

"ပစ္စည်းဝယ်လာတဲ့လူကို ငမ်းလိုက်တာလည်း လွန်ရောပဲ"

ဟု ရယ်ကျဲကျဲပြောသည်။

"လှတာကိုး မမရဲ့"

ကိုဝေလွင်ကလည်း ရယ်ကျဲကျဲနှင့် ပြန်ပြောသည်။ မောင်နှမချင်းမို့ သူမရှက်ပါ။

ထိုနေ့က သောကြာနေ့. . ။

"ဒီနေ့တော့ ဘဏ်ပိတ်ချိန်ကျော်သွားပြီ။ နောက်နေ့မှပဲ ငွေသွားထုတ်တော့မယ်"

❦ ❦ ❦ ❦ ❦

စနေနေ့ နေ့လယ်..။

ဈေးနှင့်မလှမ်းမကမ်းရှိ 'တိတ်ချိန်' ရွှေဆိုင်အတွင်းသို့ အမျိုးသမီးနှစ်ယောက် ဝင်လာသည်။

တစ်ဦးက အသက်အစိတ်ခန့်။ နောက်တစ်ယောက်က အသက်နှစ်ဆယ်ကျော်။ သူတို့နှစ်ယောက်က မနေ့က 'ဝင်းရွှေဝါ' ရွှေဆိုင်မှ ရွှေဝယ်သွားသူ မိန်းမချောလေးနှစ်ဦးပင်ဖြစ်၏။

မနေ့က ရွှေဝါရောင်မမက ယနေ့ ကျောက်စိမ်းရောင်ထက်အောက်ဆင်တူ။ မနေ့က မိုးပြာမလေးက ယနေ့ တီရှပ်နှင့် ဂျင်းဘောင်းဘီနှင့်..။

မနေ့ကလိုပင် ရွှေတွဲလွဲ၊ ငွေတွဲလွဲနှင့်..။

သားရေလက်ပွေ့အိတ်နှင့်..။

"ဘာအလိုရှိပါသလဲရှင့်"

ရတနာရှိုးကေ့စ်နောက်တွင် ထိုင်နေသော သီတာက အပြုံးလွင်လွင်ဖြင့် ဆီးကြိုမေးသည်။ နေ့လယ်ခင်းမို့ ဆိုင်က လူရှင်းနေသည်။

ကျောက်စိမ်းမမက..

"ပစ္စည်းရောင်းချင်လို့ပါ"

ဟု ခပ်တိုးတိုးပြောသည်။

"အစ်ကို..ပစ္စည်းရောင်းချင်လို့တဲ့"

သီတာက ဆိုင်အတွင်းဘက်တွင် အလုပ်လုပ်နေသော ကိုအောင်ရှင်ကို လှမ်းပြောသည်။ ကိုအောင်ရှင်က နေရာမှထလာပြီး..

"ဘာတွေများလဲခင်ဗျာ"

မေးသည်။

ကျောက်စိမ်းမမက သူမ၏သားရေလက်ပွေ့အိတ်ထဲမှ ရွှေထည်ပစ္စည်းများကို ထုတ်ပြသည်။ ဘောက်ချာတွင် 'ဝင်းရွှေဝါ' ရွှေဆိုင်အမည်ကို တွေ့လိုက်ရသဖြင့် ကိုအောင်ရှင်မျက်မှောင်ကြုတ်သွားသည်။

ရွှေထည်ပစ္စည်းတွေကို ကိုင်တွယ်ကြည့်နေသော ကိုအောင်ရှင်အား ကျောက်စိမ်းမမက အကဲခတ်ကြည့်ပြီး. .

''ပစ္စည်းတွေကို စိတ်ချပါရှင့်။ မနေ့ကမှ ဝယ်သွားတဲ့ ပစ္စည်းတွေပါ။ ကျွန်မတို့လက်ဖွဲ့မယ့် မင်္ဂလာဆောင်ပွဲက ပျက်သွားလို့ လာပြန်ရောင်းတာပါ''

ဟု ဖြေရှင်းစကား ဆိုသည်။

''ဒါတွေက ဝင်းရွှေဝါက ဝယ်ခဲ့တာပဲ။ ဘာကြောင့် ဝင်းရွှေဝါမှာ သွားပြန်မရောင်းတာလဲ''

ကိုအောင်ရှင်က မသင်္ကာသလို ကျောက်စိမ်းမမကို မော့ကြည့်ရင်း စူးစမ်းသည်။ ဂျင်းဘောင်းဘီမလေးက ဝင်၍. .

''အဲဒီလူနဲ့ စကားပြောရတာ အဆင်မပြေဘူးရှင့်။ မနေ့ကတည်းက သိပ်ပြီးအဆင်မပြေခဲ့ဘူး။ အခု ပြန်သွားရောင်းရင် စကားများမှာ သေချာတယ်''

ဟု ခပ်ဆတ်ဆတ်ဝင်ပြောရာ ကျောက်စိမ်းမမက ဂျင်းဘောင်းဘီမလေးကို လှည့်ကြည့်ပြီး. .

''ညီမလေး. . သူများအကြောင်း မပြောနဲ့လေ။ ကိုယ့်အခက်အခဲကိုပဲ ပြော''

ဟု ဟန့်တားလိုက်သည်။

''ခွင့်လွှတ်ပါရှင်. .။ ညီမလေးက အပြောလောလို့ပါ။ အဲဒီကိစ္စကို ထားပါ။ အခုဟာက ကျွန်မတို့လည်း ပစ္စည်းတွေဝယ်ပြီးမှ ဓေ့စပ်ပွဲကပျက်တော့ ပိုနေတာနဲ့ ပြန်ရောင်းတာပါ။ ဟိုဆိုင်မှာ ပြန်ပြီးမရောင်းတာကတော့ အဆင်မပြေမှာစိုးတာလည်း ပါပါတယ်''

ကိုအောင်ရှင် ဘဝင်မကျ။

''ကျွန်တော်တို့က ဝယ်ဈေးကို ရောင်းဈေးနဲ့အတူ မပေးနိုင်ဘူး''

''ရပါတယ်ရှင့်. .။ ကျွန်မသဘောပေါက်ပါတယ်။ ဟောဒီမှာ

မနေ့က ကျွန်မတို့ဝယ်ခဲ့တဲ့ ဘောက်ချာ. ."

ကျောက်စိမ်းမမက ဘောက်ချာကို လှမ်းပေးသည်။ ဘောက်ချာကိုကြည့်ရင်း ကိုအောင်ရှင် သံသယတွေဝင်လာသည်။

မနေ့ကဝယ်လာသောပစ္စည်းကို ယနေ့ ပြန်ရောင်းသည်။ အရှုံးခံပြန်ရောင်းခြင်းသည် ဘာကြောင့်နည်း။

သူတို့ပြောသလို အမှန်ပဲလား။ ပြီးတော့ ဝယ်တဲ့ဆိုင်မှာ ပြန်ရောင်းသင့်ပါလျက် ဤဆိုင်မှာ လာရောင်းသည်က ဘာအဓိပ္ပာယ်နည်း။ ရွှေကို အတုနဲ့အစစ် လဲထားသလား။ သို့မဟုတ် ဝင်းရွှေဝါဆိုင်ကို ပြန်မသွားရဲသော အကြောင်းတစ်စုံတစ်ရာ ရှိနေသလား။

ကိုအောင်ရှင် ဖျတ်ခနဲ အတွေးတစ်ခုရသွားသည်။

"ကဲ. . အချိန်ရတယ်မဟုတ်လား။ အေးအေးဆေးဆေး ထိုင်ကြပါဦး။ သီတာက ပစ္စည်းတွေကို စစ်ဆေးပြီး အလေးချိန်ကို ချိန်ထား။ ငွေလည်းတွက်ထား"

ကိုအောင်ရှင်က ထိုင်ရာမှ ထသည်။

"ပစ္စည်းက များတော့ ကျွန်တော့်ဆိုင်မှာ ငွေမလောက်ဘူး။ ကျွန်တော် ငွေသွားယူလိုက်ဦးမယ်။ ခဏစောင့်ပါနော်"

"ဟုတ်ကဲ့. . ရပါတယ်"

ကိုအောင်ရှင် မိန်းကလေးနှစ်ယောက်အပါးမှခွာကာ ဆိုင်ပြင်သို့ ထွက်လာခဲ့သည်။ နှစ်ဆိုင်ကျော် စတိုးဆိုင်ထဲသို့ဝင်ကာ ဝင်းရွှေဝါရှိ ကိုဝေလွင်ထံ ဖုန်းဆက်သည်။

"ဟဲလို. ."

"ကိုဝေလွင်လား. .။ ငါပါကွ. .။ အောင်ရှင်ပါ"

"ဟ. . အောင်ရှင်။ ဘာကိစ္စလဲ။ ပြော. ."

"မင်းဆိုင်မှာ မနေ့က အမျိုးသမီးနှစ်ယောက် ပစ္စည်းဝယ်သွားသလား"

"ဟုတ်တယ်. .။ မင်္ဂလာဆောင်စပ်ပွဲ လက်ဖွဲ့ဖို့တဲ့။ ပစ္စည်းအတော်များတယ်"

"အေး. . အဲဒီအမျိုးသမီးနှစ်ယောက် ငါ့ဆီမှာ အဲဒါတွေ ပြန်လာရောင်းနေတယ်"

"ဘာ. ."

"ဟုတ်တယ်. .။ အခု ဆိုင်မှာရှိတယ်။ ငါလည်း သူတို့ကို မသင်္ကာတာနဲ့ အချိန်ဆွဲထားပြီး မင်းဆီဖုန်းဆက်တာ"

"သူတို့က ဘာဖြစ်လို့ ပြန်လာရောင်းတာတဲ့လဲ"

"စေ့စပ်ပွဲ ပျက်သွားလို့တဲ့"

"အဲဒါဆို ငါ့ဆီပြန်လာရောင်းရင် ရတာပဲဟာ။ ဘာဖြစ်လို့ မင်းဆီသွားရောင်းရတာလဲ"

"အေး. . အဲဒါပဲပေါ့။ သူတို့က ပြောတာတော့ မင်းနဲ့ မနေ့ကတည်းက သိပ်ပြီးအဆင်မပြေလို့တဲ့"

"ဟာ. . မဟုတ်တာ။ မနေ့က ငါတို့ အဆင်မပြေတာ ဘာမှ မရှိဘူး။ ဒါဆို တစ်ခုခုပဲ။ ဟာ. ."

"ဘာ. . ဟာလဲကွ"

"မနေ့က ငါ့ကိုငွေပေးသွားတာ ချက်နဲ့ကွ။ ငွေသားမဟုတ်ဘူး"

"ငွေထုတ်ပြီးပြီလား"

"ဘယ်သွားထုတ်ရဦးမှာလဲ။ မနေ့က ဘဏ်ပိတ်ချိန်မှ သူတို့က ရောက်လာတာ"

"ဒါဆိုရင် သေချာပြီ။ သူတို့ တစ်ခုခု ကလိမ်ကကျစ်ကျတာပဲ။ ဘဏ်မှာ သူတို့ငွေရှိရဲ့လား မသိဘူး။ ဒါမှမဟုတ် ချက်လက်မှတ်ကရော အင်ကြီးများ ဖြစ်နေမလား"

"အဲဒါမှ ဒုက္ခပဲ။ ငါတို့ ဘာလုပ်ရမလဲ"

"အချိန်မရှိဘူး. .။ မင်း စခန်းကိုဖုန်းဆက်။ စခန်းမှူးဦးနီညို

ကို အကျိုးအကြောင်းသေသေချာချာပြော။ သူတို့ ရိပ်မိပြီး မလစ်ခင် ဖမ်းမှ ဖြစ်မယ်။ ငါ အချိန်ဆွဲထားမယ်။ မင်း အမြန်ဆုံးလှုပ်ရှားပေတော့”

❦ ❦ ❦ ❦ ❦

“အဲဒါဆိုတော့ လူလိမ်မိန်းမချောလေးနှစ်ယောက်ကို အချိန်မီ ဖမ်းမိလိုက်တယ်ပေါ့. . ဟုတ်လား”

ကျွန်တော်ထင်မြင်ချက်ပေးသည်ကို ရှားက ပြုံး၍ကြည့်နေသည်။ အချိန်အနည်းငယ်လွန်သွားပြီးမှ. .

“အင်း. . ဒီလိုနဲ့ စခန်းမှူးဦးနီညိုက ကိုဝေလွင်နဲ့ ချက်ချင်းလိုက်သွားပြီး တိတ်ချိန်ရွှေဆိုင်မှာရှိနေတဲ့ ကျောက်စိမ်းမမနဲ့ ဂျင်းဘောင်းဘီမလေးကို သွားခေါ်တာပေါ့။ ကျောက်စိမ်းမမက ခပ်တည်တည်ပဲ။ ဘာကိစ္စလဲ၊ ဘာကြောင့် ရဲစခန်းကို လိုက်ရမှာလဲပေါ့. .။ ဣန္ဒြေလုံးဝ မပျက်ဘူး။ ကြောက်ရွံ့တုန်လှုပ်ဟန် တစ်စက်မှမပြဘူးတဲ့”

ဟု ရှားဆက်ပြောသည်။

“တော်တော်လည်တဲ့သူ၊ ဝါရင့်နေတဲ့သူတွေ ဖြစ်မှာပေါ့။ ဒါကြောင့် တော်ရုံနဲ့ မဖြုံတာ။ သာမန်လူဆို လန့်နေပြီလေ”

“စခန်းမှူးဦးနီညိုက စစ်မေးစရာ ရှိလို့ပါပေါ့။ ဝင်းရွှေဝါရွှေဆိုင်ပိုင်ရှင် ဦးဝေလွင်က တိုင်ကြားချက်ရှိလို့ပါလို့ ပြောတော့ ဘာကို တိုင်တာလဲတဲ့။ ရွှေဆိုင်က ရွှေကို သူတို့ဝယ်တယ်။ ရွှေဖိုးကျသင့်ငွေကို ပေးချေတယ်။ ဒါပဲ. .။ အဲဒါ ဘာပြဿနာရှိလို့လဲလို့ ကျောက်စိမ်းမမက

ပြန်မေးတယ်''

''အတော်လာတဲ့ ကျောက်စိမ်းမမပဲ။ ဟန်ကတော့ အပြတ်ကို ကောင်းတယ်ပေါ့နော်''

''ကိုဝေလွင်က ဝင်ပြီး ချက်နဲ့ပေးခဲ့တာကို ဘဏ်ပိတ်ရက်ဖြစ်နေလို့ မထုတ်ရသေးဘူး။ ဘဏ်မှာ ငွေသွားထုတ်မှ ငွေမရှိရင် ဘယ်လိုလုပ်မလဲဆိုတော့ ကျောက်စိမ်းမမက ရယ်သတဲ့။ ဒါများရှင်. . စိုးရိမ်လိုက်တာ။ မပူပါနဲ့. . တဲ့။ အဲဒီတော့ ကိုဝေလွင်က ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘူး ဖြစ်သွားတယ်။ ကိုအောင်ရှင်က မယုံနဲ့၊ ယုံလိုက်ရင် မင်းခံရပြီမှတ်လို့ ကိုဝေလွင်နားကပ်ပြီး တိုးတိုးသတိပေးတယ်။ ဒါနဲ့ပဲ ကိုဝေလွင်က အဲဒါဆို ဘာကြောင့် ရွှေတွေကိုပြန်ရောင်းလဲလို့ မေးတယ်။ ဒါကိုလည်း ကျောက်စိမ်းမမက တည်တည်ငြိမ်ငြိမ်ပဲ ဖြေတယ်။ သူတို့လက်ဖွဲ့မယ့် ညီမလေးရဲ့ စေ့စပ်ပွဲက ပျက်သွားလို့ ပြန်ရောင်းတာ။ ကိုယ့်ပစ္စည်း ကိုယ်ပြန်ရောင်းတာ ဘာအပြစ်ရှိပါသလဲတဲ့''

''ဟား. . ဟား. . ဟိုလူတွေ မအီမလည်နဲ့ ဒုက္ခတွေရောက်နေတာကို ကိုကိုကြည့်လိုက်ချင်စမ်းတယ်။ အလိမ်ခံနေရပါလျက်နဲ့ ဘာကို ဘယ်လိုပုဒ်မတပ်၊ ဘာအကြောင်းပြပြီး တိုင်ရ စွဲရမှန်းမသိ''

ရှားက ပြုံးလျက်ပင်. .

''အဲဒီတော့ ဦးနီညိုက ပစ္စည်းပြန်ရောင်းတာ ဝင်းရွှေဝါမှာ မရောင်းဘဲ တိတ်ချိန်မှာ ဘာကြောင့်လာရောင်းရသလဲလို့ ဝင်မေးတယ်။ ဒါကိုလည်း ကျောက်စိမ်းမမက ခပ်အေးအေးပဲ ပြန်ဖြေသတဲ့။ ကိုယ့်ပစ္စည်း ကိုယ်ပြန်ရောင်းတာ ဘယ်မှာရောင်းရောင်းပေါ့ရှင်. .။ မူလဆိုင်မှာ ပြန်ရောင်းရမယ်လို့ ဘယ်ဥပဒေက ပြဋ္ဌာန်းထားပါလဲတဲ့လေ''

''အဲဒီတော့ ဘယ်လိုဖြစ်ကြသလဲ''

''ဦးနီညိုခမျာလည်း အဲဒီနှစ်ယောက်ကို မသင်္ကာဖြစ်နေတယ်။ ကိုဝေလွင်ကလည်း သူ့ရွှေတွေ ဆုံးမှာစိုးလို့ အဲဒီနှစ်ယောက်ကို လက်

မလွှတ်ရဲဘူး။ ကိုအောင်ရှင်ကလည်း သူတို့ဟာ လူလိမ်တွေပဲလို့ တစ်ထစ်ချတွက်မိလို့ ပြန်လွှတ်လိုက်ရင်တော့ ခံရပြီလို့ ကိုဝေလွင်ကို ထပ်သတိပေးတယ်။ ဒါပေမဲ့ ခက်နေတာက မသင်္ကာမှုပဲ ဖြစ်နေသေးတယ်။ သူတို့လိမ်တယ်ဆိုတာ ဘာသက်သေမှ မပြနိုင်ဘူး''

''အင်းလေ..။ သူတို့ မရိုးသားတာတော့ အမှန်ပဲ''

''အဲဒီမှာ ကျောက်စိမ်းမမက ကိုအောင်ရှင်ကို ပစ္စည်းမဝယ်ရင် ပစ္စည်းတွေ ကျွန်မပြန်ယူသွားမယ်။ တခြားမှာ သွားရောင်းမယ်ဆိုပြီး လုပ်ပါလေရော။ ကိုဝေလွင်က သူတို့နှစ်ယောက်ကို ပြန်မလွှတ်ပါနဲ့၊ ဖမ်းထားပေးပါလို့ ဦးနီညိုကို အတင်းတိုက်တွန်းတယ်။ ဦးနီညိုကလည်း အဲဒီနှစ်ယောက်ကိုကြည့်ပြီး သူ့အတွေ့အကြုံအရ အလိမ်ဝိဇ္ဇာတွေလို့ သတ်မှတ်ထားလေတော့ အတင်းပဲ ရဲစခန်းကို ခေါ်သွားတယ်''

''မသင်္ကာမှုနဲ့ ဖမ်းချုပ်တဲ့သဘောလား''

''အဲဒီတော့ ကျောက်စိမ်းမမက သူတို့မှာ အပြစ်မရှိဘဲဖမ်းရင် သူတို့ဂုဏ်သိက္ခာ ထိခိုက်ပါတယ်။ သူတို့ဟာ မိကောင်းဖခင်သားသမီးတွေပါ။ အဆင့်အတန်းနဲ့ နေကြတာပါ။ အပြစ်မရှိဘဲ ဖမ်းရင်တော့ သူတို့က ပြန်ပြီးတော့ အသရေဖျက်မှုနဲ့ တရားစွဲမယ်လို့ ခပ်တည်တည်ပဲ ပြန်ပြောတယ်။ အငယ်မလေးက ငိုတာတောင် မငိုနဲ့၊ မမတို့မှာ ဘာအပြစ်မှမရှိဘူး။ သူတို့ ဖမ်းလို့မရဘူး။ ဖမ်းရဲဖမ်းကြည့်..။ သူတို့ကို တရားပြန်စွဲမယ်လို့ နှစ်သိမ့်သတဲ့။ ဒီစကားတွေကြောင့် ဦးနီညိုက ဒေါပွပြီး သူတို့နှစ်ယောက်ကို အချုပ်ခန်းထဲ ထည့်တယ်''

''ရှားက အဲဒီစခန်းကို ရောက်သွားတာလား''

''ဟုတ်တယ် ကိုကို..။ ရှားက ရှားလိုက်နေတဲ့ အမှုတစ်ခုအတွက် ဦးနီညိုဆီ သွားတာ။ အဲဒီမှာ သူတို့ပြဿနာကို တွေ့ရတာပါပဲ''

''ရှား ဘယ်လိုမြင်လဲ''

"ကျောက်စိမ်းမမတို့နှစ်ယောက်ဟာ အလိမ်တွေ. ."

"ဒါဆို ရှားဘယ်လိုအကြံပေးခဲ့လဲ"

"သူတို့ကို ပြန်လွှတ်ဖို့ အကြံပေးတယ်လေ"

"ဟင်. . ရှားပဲ သူတို့ကို အလိမ်တွေဆိုပြီးတော့ ဘာကြောင့် ပြန်လွှတ်ခိုင်းရတာလဲ"

"သူတို့ လိမ်နေလို့ပေါ့"

"ဟာ. . ကိုကို နားမလည်တော့ဘူး"

"နောက်တော့ နားလည်သွားမှာပေါ့"

"ဒါဖြင့် ဘယ်လိုဖြစ်သွားလဲ။ ဦးနီညိုက အဲဒီနှစ်ယောက်ကို ချုပ်ထားလိုက်လား။ ပြန်လွှတ်လိုက်လား"

"ရှားက ပြန်လွှတ်ဖို့ အကြံပေးတာကို ဖြူနီးခနဲ ဦးနီညိုက ဘယ်လက်ခံမလဲ။ ကိုဝေလွင်ကဆို ပိုဆိုးတာပေါ့။ ကိုဝေလွင်က ရှားကိုတောင် ဘာပြောသလဲ. . သိလား။ သူ့ငွေတွေဆုံးရင် ရှားက ပြန်လျော်ပေးမှာလားတဲ့"

"လူပြန်လွှတ်ပြီး ပစ္စည်းတွေ ခဏယူထားလိုက်ရင်ရော"

"ဘယ်ရမလဲ. .။ အဲဒါကို ကျောက်စိမ်းမမက လက်မခံဘူး။ သူတို့ပစ္စည်းကို ဘာကြောင့် မတရားသိမ်းရတာလဲတဲ့"

"နောက်ဆုံးတော့. ."

"နောက်ဆုံးတော့ ရှား ဦးနီညိုကို ပြောသင့်တာပြောပြီး ပြန်ခဲ့တယ်။ အဲဒီမိန်းကလေးနှစ်ယောက်ကို ပြန်လွှတ်ပေးလိုက်ပါ။ လိပ်စာ ယူထားလိုက်ပါ။ လိပ်စာက အလိမ်ဖြစ်ချင်ဖြစ်နေမှာမို့ သူ့နောက်ကနေ ရဲတစ်ယောက် ရှဒိုးလိုက်ခိုင်းလိုက်ပါ။ ဒါဆို စိတ်ချရပါပြီလို့ပြောပြီး ရှားပြန်ခဲ့တာ"

"ပြောပါဦး. . ဘယ်လိုဖြစ်သွားလဲ"

"ဦးနီညိုက တနလ်ာနေ့ကျမှ ရှားဆီ ဖုန်းဆက်တယ်။ ကျေးဇူး

တင်ပါတယ်တဲ့။ အလိမ်နှစ်ယောက်ကို ရှားပြောတဲ့အတိုင်း ပြန်လွှတ်ပြီး နောက်ကရှဲဒိုးလိုက်ခိုင်းပါတယ်တဲ့။ အဲဒီနှစ်ယောက်က မခေဘူးတဲ့။ သူတို့ပေးတဲ့လိပ်စာနဲ့ သူတို့ပြန်သွားတဲ့နေရာ အတူတူပဲတဲ့။ အဆင့်မြင့် အိမ်ရာတစ်ခုမှာ နေကြတာတဲ့။ ကိုဝေလွင်က သူတို့ကို ပြန်လွှတ်လို့ မကျေနပ်ဘူးတဲ့။ ဒါပေမဲ့ တနင်္လာနေ့ကျတော့ ချက်လက်မှတ်နဲ့ ဘဏ်မှာငွေသွားထုတ်တာ အားလုံးရပါတယ်တဲ့။ ဘာအခက်အခဲမှ မရှိဘူးတဲ့”

“ဟင်. . ဒါဆို သူတို့လိမ်တာမှ မဟုတ်ဘဲ။ သူတို့က အမှန် အကန်တွေပဲ။ ရှားက ဘာကြောင့် သူတို့ကို အလိမ်တွေလို့ ပြောတာလဲ”

ရှား ပြုံးပြန်ပါသည်။

“မလိမ်ဘဲနဲ့ လိမ်သယောင်လုပ်ပြီးမှ လိမ်တာ။ ပထမတစ်ဆင့် မှာ မလိမ်ဘူး။ ဒုတိယအဆင့်ကျမှ. .”

ကျွန်တော် ခေါင်းကုတ်လိုက်မိသည်။

“ကိုကို နားမလည်ဘူး”

“ကိုကိုနားလည်အောင် ရှား အစကပြန်ပြောပြမယ်။ ကိုကို စဉ်းစားကြည့်။ ချက်လက်မှတ်အတုနဲ့ဖြစ်စေ၊ ငွေမရှိတဲ့ ချက်လက်မှတ်နဲ့ ဖြစ်စေ ရွှေတွေဝယ်တယ်ဆိုရင် အဲဒါ လိမ်သွားတာ။ အဲဒီလို လိမ်တဲ့သူ က ရွှေရပြီးရင် ဒီပတ်ဝန်းကျင်မှာ ဘယ်နေတော့မှာလဲ။ ပြေးပြီပေါ့. .။ ခြေရာဖျောက်ပြီပေါ့။ မဟုတ်ဘူးလား. .”

“အင်း. . ရှားတွေးတာ မှန်တယ်”

“ဒီတော့ နောက်နေ့ ရွှေပြန်လာရောင်းတယ်ဆိုကတည်းက သူတို့လိမ်တာ မဖြစ်နိုင်တာ သေချာသွားပြီ။ ဒါဖြင့် ဘာကြောင့် ပြန် ရောင်းတာလဲ။ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်တာ။ အဲဒီလို ထင် ယောင်ထင်မှားဖြစ်တော့မှ ရဲကိုတိုင်၊ ရဲကဖမ်းချုပ်၊ စနေရယ် ၊တနင်္ဂနွေ ရယ် နှစ်ရက်ချုပ်ထားပြီးမှ တနင်္လာနေ့ ဘဏ်မှာ ချက်နဲ့ငွေသွားထုတ် ကြည့်တော့ ချက်ကအမှန်ဖြစ်နေရော။ ဒီအခါ ဖမ်းချုပ်ထားတာ အမှား

ဖြစ်သွားပြီ။ ဒီမှာ တိုင်တဲ့လူရော၊ ဖမ်းချုပ်တဲ့လူရော အသရေဖျက်မှုနဲ့ တရားစွဲမယ်လုပ်။ တရားမစွဲစေချင်ရင်၊ အရှက်မကွဲစေချင်ရင် လျော် ကြေးပေး။ အဲဒီလို တောင်းမယ်။ အဲဒီအခြေအနေ ရောက်တော့မှတော့ သူတို့ပြောသမျှ ခေါင်းညိတ်ရတော့မှာပဲ။ အဲဒါ မလိမ်ဘဲ လိမ်တဲ့နည်း ပေါ့။ ကိုကို. . အဲဒီနည်းက သူတို့ကို လိမ်မှန်းသိလျက် အရေးယူလို့ မရတဲ့နည်းပေါ့"

"ဟာ. . ဟုတ်ပါရဲ့။ ရှားပြောလိုက်လို့ ဟိုနှစ်ယောက် လိမ်လို့ မရဘဲ လိမ်နည်းတွေပေါ်သွားတာပေါ့နော်။ ဒါကြောင့် ဦးနီညို့က ရှားကို ကျေးဇူးတင်ကြောင်း ပြောတာနေမှာ။ သူတို့မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ရှိတယ်လေ။ လူတစ်ယောက်ကို အပြစ်မရှိဘဲ ဖမ်းချုပ်ခွင့်မှ မရှိတာ။ ဦးနီညို့လည်း ကံကောင်း။ ကိုဝေလွင်လည်း ကံကောင်းသွား တာပေါ့နော်"

"ကဲ. . ကိုကို ဝတ္ထုတစ်ပုဒ်ရပြီပေါ့"

"ရပြီ ရှား. .။ ရှားကို ကိုကိုက ဘာကျွေးရမလဲ"

ရှားပြုံးနေပြန်ပါသည်။ ကြည်လင်ဝင်းလဲ့သော အပြုံးချိုချို ကလေးပါ။ ကျွန်တော့်ကို ရွှန်းလဲ့စွာ ကြည့်ပါသည်။

"ကိုကို မကျွေးပါနဲ့. .။ ရှားတို့ကို ကျွေးဖို့ စိတ်ထားတဲ့သူ ရှိပါတယ်။ အခုပဲ သူတို့လာခေါ်လိမ့်မယ်"

"ဘယ်သူတွေလဲ"

"ကိုဝေလွင်နဲ့ ကိုအောင်ရှင်"

"တယ်ဟုတ်ပါလား. ."

"ဪ. . ပြောဖို့ မေ့နေတယ်။ ရှားဆီကို ဖုန်းဆက်ချီးကျူး တဲ့သူ ရှိသေးတယ် ကိုကို။ ဘယ်သူဖြစ်မလဲ. .။ ကိုကိုမှန်းကြည့်ပါလား"

"ရွှေဝါရောင် ကျောက်စိမ်းမမ ဖြစ်ရမယ်"

"မှန်တယ် ကိုကို"

စိတ်ကူးသစ်စာပေ

"သူက ဘာပြောလဲ။ ရှားကို လှမ်းချဲတာ နေမှာပေါ့"

"အဲဒါတော့ ကိုကိုလွဲသွားပြီ။ သူပြောတာ အားလုံးမှ စကား လေးတစ်ခွန်းတည်းပါ။ လေးစားပါတယ်. . တဲ့။ နောက်တစ်ပွဲမှာ ဆုံကြ သေးတာပေါ့. . တဲ့"

အာဂအမျိုးသမီးပေပဲဟု ကျွန်တော်အံ့အားသင့်သွားသည်။ ရှားကမူ ပြုံးနေဆဲ။ ရှားအပြုံးမှာ ရာနှုန်းပြည့်. . ။

❦ ❦ ❦ ❦ ❦

# ၃

တကယ်တော့ ဦးဘကောင်းဟာ ခပ်တုံးတုံးခပ်အအလည်း မဟုတ်ပါဘူး။ ငယ်ငယ်ရွယ်ရွယ် အစဉ်းစားအဆင်ခြင်မဲ့လည်း မဟုတ်ပါဘူး။ လူမှုပေါင်းသင်းဆက်ဆံမှု နည်းပါးတဲ့လူလည်း မဟုတ်ပါဘူး။ အဲဒါတောင်မှ အလစ်အငိုက်ဖြစ်သွားတယ်။ ညံ့သွားတယ်။ တစ်ချက်ကလေး တိမ်းချော်သွားတာနဲ့ ခံလိုက်ရတာပဲဖြစ်တယ်။

ရှက်ဖွယ်လိလိပါပဲ။

ဗိုလ်ချုပ်ဈေးလို နေရာမျိုးမှာ ရတနာဆိုင်ကြီး ဖွင့်ထားနိုင်တယ်ဆိုကတည်းက ဦးဘကောင်းရဲ့ ငွေကြေးကြွယ်ဝချမ်းသာမှုကို ခန့်မှန်းလို့ရနိုင်တယ်။ ဦးဘကောင်းရဲ့ လူရည်လည်မှုကို အကဲခတ်လို့ရနိုင်တယ်။ ဦးဘကောင်းရဲ့ စီးပွားရေးအတွေ့အကြုံကို သဘောပေါက်နိုင်တယ်။

ဒါနဲ့များတောင် သည်အချိမှာ နုပ်ပစ်ခံရတာ ရင်နာစရာ။

အရင့်အရင် အတွေ့အကြုံတွေအရ ဦးဘကောင်းဟာ စင်ပေါ်မှာချည်း ရှိခဲ့တယ်။ မှန်ကင်းချည်း ဖြစ်ခဲ့တယ်။ အခုတော့ စင်အောက်

ကို ထင်းအဖြစ်ရောက်ခဲ့ရပါပေါ့။

ကိုယ့်လောဘကိုပဲ အပြစ်တင်ရမလား။ ကိုယ့်တပ်မက်မှုကိုပဲ အပြစ်တင်ရမလား။ ကိုယ့်ပေါ့လျော့မှုကိုပဲ အပြစ်တင်ရမလား။

ဒါမှမဟုတ် တစ်ဖက်ပြိုင်ဘက်ရဲ့ အရည်အသွေးကိုပဲ စံတင်ပြီး အသိအမှတ်ပြုလိုက်ရမလား။

"ငါညံ့ပြီး သူတော်တာ"

ဆိုတာကို ဦးဘကောင်းရင်ထဲမှာ ဝန်ခံလို့မရနိုင် ဖြစ်နေတယ်။

အင်း.. မလောင်းဘဲနဲ့ ရှုံးလိုက်တဲ့ကြေးကတော့ မနည်းလှပါလား။

❦ ❦ ❦ ❦ ❦

အမှန်ပြောရရင် သည်လိုဖြစ်လိမ့်မယ်လို့ကို မထင်မှတ်ထားခဲ့တာ။ အားလုံးဟာ လုပ်ရိုးလုပ်စဉ်ပါပဲ။

ညှိခံပွဲတစ်ခုမှာ မိတ်ဆွေတစ်ယောက်နဲ့ စကားစပ်မိတယ်။ မိတ်ဆွေဆိုပေမယ့် သိပ်အရင်းနှီးကြီးတော့ မဟုတ်ဘူး။ အလုပ်သဘောအရ တွေ့ဖူး၊ ကြုံဖူး၊ ပြောဆိုဖူး၊ ဆက်ဆံဖူးတဲ့ လူတစ်ယောက်ပါ။ စိန် လောက၊ ကျောက်လောကက ပွဲစားတစ်ယောက်ပါပဲ။

ဦးဘကောင်းလည်း နာမည်ကြီးရတနာကုန်သည်မို့ ဦးဘကောင်းကို သူကတော့ လေးလေးစားစားဆက်ဆံတယ်။

အလုပ်အကြောင်း ပြောရင်းနဲ့..

"ကျောက်စိမ်းရိုင်းတစ်တုံး ရထားတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ လိုက်မမီဘူး ဆရာရဲ့။ အရည်အသွေးကောင်းတယ်လို့ ခန့်မှန်းကြတယ်။ ခွဲလိုက်ရင် ဘယ်လောက်အံ့ကျိုးအမြတ်ထွက်လာမလဲဆိုတာ မခန့်မှန်းရဲကြဘူး။ ဒါပေမဲ့ အဲဒီအစိမ်းတုံးပိုင်ဆိုင်ထားသူက ကျောက်လောကက မဟုတ်ဘူး။ ဦးဘကောင်းတို့ သိမှာမဟုတ်ဘူး။ မိန်းကလေးတစ်ယောက်ပဲ။ အရောင်းအဝယ်သမား ပွဲစားလည်း မဟုတ်ဘူး။ သူ့မောင်တစ်ယောက် ဖားကန့်ကရလာတာလို့ သိရတယ်။ ဘာလုပ်ရမှန်းမသိဘဲ ပစ္စည်းကို သိမ်းထားရတယ်။ နားမလည်ပါးမလည်မို့ လူလည်တွေ၊ လူရှုပ်တွေနဲ့လည်း တွေ့မှာကြောက်နေတယ်။ ကျွန်တော့်ကိုတောင် ရင်းနှီးလို့ ပြောပြတာ။ ဦးဘကောင်းစိတ်ဝင်စားရင် အဲဒီမိန်းကလေးနဲ့ ဆက်သွယ်ကြည့်ပါလား။ ဦးဘကောင်းက အတွေ့အကြုံရင့်ကျက်သူဆိုတော့ အစစအရာရာ အိုကေမယ်ထင်တာပဲ။ အဆင်ပြေရင် ကျွန်တော့်ကိုလည်း ချီးမြှင့်ပေါ့ဗျာ"

စကားသဲလွန်စ ရတယ်။

အလုပ်သဘောပါပဲ။ ပွဲစားက သတင်းယူလာပေးမယ်။ သူတို့က မနိုင်လို့၊ မကိုင်ရဲတာမို့လေ။ နိုင်ရင် သူတို့ကိုင်မှာပေါ့။

ဦးဘကောင်းခေါင်းထဲမှာ မီးစိမ်းတွေအများကြီး လင်းသွားတယ်။

ဒါပေမဲ့ ဟန်ကိုယ့်ဖို့ဆိုတာ ရှိသေးတော့. .

"ကျုပ် ခုတလော အလုပ်ကိစ္စတွေ သိပ်စိတ်မဝင်စားဘူး ဖြစ်နေတယ်ဗျ"

လို့ မယုတ်မလွန် ငြင်းလိုက်တယ်။

ဒါမျိုးက တစ်ဖက်က အတင်းလိုက်လာမှာလေ။

အခုတော့ မထင်မှတ်ဘဲ ထင်သလို ဖြစ်မလာဘူး။

"ဒါဆို ဆောရီးပဲ ဦးဘကောင်း။ ကျွန်တော်က ဦးဘကောင်း

အတွက် အကျိုးအမြတ်အကြီးစားရမယ်လို့ မျှော်လင့်ပြီးတော့ သတင်းပေးတာပါ။ ဦးဘကောင်းစိတ်မဝင်စားရင်လည်း တခြား. .''

''နေပါဦးလေ. .။ အဲဒီလိုကြီးတော့လည်း မဟုတ်ပါဘူး။ မောင်ရင်ပြောတာကို ကိုယ် နည်းနည်းတော့ စိတ်ဝင်စားပါတယ်''

အမှန်က. တအားကို စိတ်ဝင်စားတာ။ ဦးဘကောင်းမှာက နိုင်ငံခြားဝယ်လက်တွေ ရှိတယ်။ ပစ္စည်းသာ ကောင်းပါစေ။ ဈေးက ပါးစပ်ထဲရှိရာပါပဲ။ ပြီးတော့ တစ်ဖက်က ပစ္စည်းပိုင်ရှင်က သူတို့ကျောက်လောကက မဟုတ်ဘူးဆိုတာကိုလည်း ဦးဘကောင်းပိုစိတ်ဝင်စားတယ်။ ဒါမျိုးက အချဉ်ပဲပေါ့။ အနိမ့်ဈေးနဲ့ဝယ်၊ အမြင့်ဈေးနဲ့ရောင်း. .။ ရခဲတဲ့ အခွင့်အရေးကို လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲ။

ကြားပွဲစားက ဘာမှမပြောဘဲ ဦးဘကောင်းကို ကြည့်နေတယ်။

''ဒီလိုလုပ်လေ. .။ အဲဒီမိန်းကလေးကို ကိုယ့်ဆီခေါ်လာခဲ့ပါလား။ ပစ္စည်းပါလာရင် တစ်ခါတည်းလည်း အဆင်ပြေသွားနိုင်တယ်''

''သူကတော့ ဦးဘကောင်းဆီလာမှာ မဟုတ်ဘူးခင်ဗျ။ သူက ရောင်းဖို့တောင် ခပ်အင်အင်ပဲ။ ဒီတော့ ဦးဘကောင်းစိတ်ဝင်စားရင် သူ့ကို ဆက်သွယ်ကြည့်ပါလား''

''သူက ဘယ်မှာနေတာလဲ''

မိတ်ဆွေပွဲစားက ကတ်တစ်ခုထုတ်ပေးတယ်။ ထိပ်ထားဦးတဲ့. . နာမည်က။ ရှေးဟောင်းသုတေသနအရာရှိတဲ့. . အလုပ်အကိုင်က။ ဦးဘကောင်းက စီးပွားရေးသမားမို့ ရှေးဟောင်းသုတေသနတွေ ဘာတွေ စိတ်မဝင်စားဘူး။ ဒါပေမဲ့ ကျောက်နဲ့မဆိုင်တဲ့ ပညာရှင်လိုင်းကဆိုတော့ ဦးဘကောင်းအတွက် ပိုကောင်းတယ်။ လိပ်စာက အဆင့်မြင့်အိမ်ရာ တစ်ခုပဲ။ ဟန်းဖုန်းနံပါတ်လည်း ပါတယ်။

ဒီလိုနဲ့ ဦးဘကောင်း ထိပ်ထားဦးဆီကို ဖုန်းဆက်ဖြစ်တယ်။

''ဟဲလို. . အမိန့်ရှိပါရှင်။ ကျွန်မ ထိပ်ထားဦးပါ''

အသံသာရုံ မကဘူး။ ရည်မွန် နွဲ့ပျောင်း ပျူငှာတဲ့ သဘောကို ပါ ဦးဘကောင်းသတိပြုမိတယ်။ အသံသာသလို ရုပ်ရည်လည်း ချောချင် ချောမှာလို့ ဦးဘကောင်းတွေးမိတယ်။

"ကျွန်တော် ဦးဘကောင်းပါ။ မွန်းစတားဂျယ်လာရီပိုင်ရှင်ပါ"

ဦးဘကောင်းက တလေးတစားမိတ်ဆက်လိုက်တယ်။

"ဟုတ်ကဲ့. . ပြောပါရှင်။ ဘာကိစ္စများပါလဲ။ ကျွန်မ ဘာကူညီ ရမလဲ"

ဟော. . ကြည့်။ ကျောက်သမားက ဖုန်းဆက်တာတောင် ကျောက်အရောင်းအဝယ်ကိစ္စမှန်း မတွက်မိသေးဘူး။ ဦးဘကောင်း ပြုံးလိုက်တယ်။

"ဪ. . မိတ်ဆွေတစ်ယောက်က ပြောလို့ပါ။ မထိပ်ထားဦး ဆီမှာ အစိမ်းတစ်တုံးရှိတယ် ကြားလို့ပါ"

"အို. . ရှင်. . ကိုသွင်တစ်ယောက်ကတော့ လျှောက်အာချောင် နေပြန်ပြီထင်တယ်"

"ဟုတ်ပါတယ်. .။ ကိုသွင်ပြောတာပါ"

"ဒုက္ခပါပဲ. .။ ကျွန်မက ရောင်းဖို့ဘာဖို့ ဘာမှစိတ်မကူးမိသေး ပါဘူး။ ကျွန်မမောင်လေး ယူလာတာပါ။ သူက ခရီးပြန်ထွက်သွားပါတယ်။ အဆင်ပြေရင် ထုခွဲပေးပါလို့ ပြောခဲ့တာ မှန်ပေမယ့် ကျွန်မက နားမလည် တော့ မရောင်းရဲဘူးဖြစ်နေတာ"

ဦးဘကောင်း ထိတ်ခနဲ ဝမ်းသာသွားတယ်။

"မထိပ်ထားဦးက အဆင်ပြေရင်တော့ ရောင်းချင်တယ်မဟုတ် လား"

"ဒါပေမဲ့. ."

"ဘာလဲကွယ့်. .။ လူလည်လူလိမ်တွေနဲ့ တွေ့မှာစိုးလို့လား။ ဦးကို စိတ်ချပါ။ ဒီလောကမှာ ဦးကိုမသိသူ မရှိပါဘူး။ နာမည်တစ်လုံး

နဲ့ မားမားမတ်မတ် ရပ်တည်နေခဲ့တဲ့သူပါ။

"ကျွန်မ ဘာပြောရမှန်း မသိပါဘူး။ အားနာလိုက်တာ"

"ဒီလိုလုပ်ပါလားကွယ့်. . ။ ဦးကို ဦးလေးသားချင်းလို သဘောထားပြီး ပစ္စည်းကို ပြပါ။ ဦးက ကြည့်ပြီး တန်ဖိုးကို ဖြတ်ပေးမယ်။ ပြီးရင် ထိပ်ထားဦးက တခြားမှာ စုံစမ်းကြည့်. . ။ ဦးထက်များပြီးပေးတဲ့သူရှိရင် ရောင်း။ အဲ. . ဦးက ပေးနိုင်တာက များရင်တော့ ဦးကိုရောင်းပေါ့ကွယ်။ မကောင်းဘူးလား. ."

"မရောင်းနိုင်ရင် ဦးကို ကျွန်မအားနာရမှာ"

သူမက အားနာစကား ထပ်ပြောနေပြန်တယ်။

"ဒါက အလုပ်သဘောပဲကွယ်။ ဖြစ်ရင် ဖြစ်မယ်၊ မဖြစ်ရင် မဖြစ်ဘူးပေါ့။ အားနာစရာ မရှိပါဘူး။ ဦးကလည်း ဦးနဲ့အလုပ်ဖြစ်ရမယ်လို့ မဆိုလိုပါဘူး။ ဦးနဲ့အဆင်ပြေလည်း ထိပ်ထားဦးအတွက် အထောက်အကူတော့ ဖြစ်သွားမှာပေါ့"

"ဦးဒီလောက်ကောင်းနေပြန်တော့လည်း ကျွန်မက အားနာရပြန်ပြီ"

ဦးဘကောင်း ပြုံးလိုက်တယ်။ ထိပ်ထားဦး သူ့ဘက်ပါလာပြီလေ။

"ကဲ. . ဆုံးဖြတ်လိုက်ပါ။ ဦးလာကြည့်မယ်"

"ဦးအတွက် အကျိုးမရှိမှာစိုး. ."

"အို. . အဲဒါ အကြောင်းမဟုတ်ပါဘူးကွယ်။ ဦးတို့မှာ တော့တော့ဆိုင်ဆိုင်စီစဉ်ပြီးမှတောင် ပျက်ရတဲ့ အလုပ်ကိစ္စတွေ ရှိပါတယ်"

"ကျွန်မက နားမလည်လို့ ဦးလို လူကြီးလူကောင်းကို ဒုက္ခပိုစေသလို ဖြစ်မှာစိုးလို့ပါ"

"ကဲပါကွယ်. . မနက်ဖြန် ဦးလာမယ်။ ဟုတ်ပြီလား. ."

"ဟုတ်. . ဟုတ်ကဲ့။ ဦး ဘယ်အချိန်လောက် လာမှာလဲ"

"နေ့လယ် (၁) နာရီလောက်. ."

"ဩော်. . ဦးစိတ်မရှိပါနဲ့။ ဦးလာမယ်ဆိုရင် အချိန်တိတိကျကျလေးတော့ လာပေးပါ။ ကျွန်မက မနက်ဖြန်မှာ စာတမ်းကိစ္စတစ်ခုအတွက် အလုပ်လေးတွေ ရှိနေလို့ပါ"

"ကောင်းပါပြီ. .။ ဦး (၁) နာရီတိတိ အရောက်လာပါ့မယ်။ ဦးက အလုပ်လုပ်ရင် တိကျတာကို ကြိုက်တဲ့သူပါ"

ပဏာမနိဒါန်းက အဆင်ပြေသွားတယ်။

နောက်တစ်နေ့မှာ ဦးဘကောင်းဟာ ထိပ်ထားဦးရဲ့ အဆင့်မြင့်မြင့်အိမ်ရာကို နေ့လယ် (၁) နာရီတိတိမှာ ရောက်သွားတယ်။

ထိပ်ထားဦးရဲ့ အခန်းလူခေါ်ဘဲလ် ဒို' နှိပ်လိုက်တယ်။

တစ်ကြိမ်. .။ ဘာသံမှ မကြားရဘူး။ နောက်တစ်ကြိမ် ထပ်နှိပ်တယ်။ အထဲက လှုပ်ရှားသံ ကြားလာရပြီ။ ခဏနေတော့ ချောင်းကြည့်ပေါက်လေးကနေ တစ်စုံတစ်ယောက်က ချောင်းကြည့်တယ်။ ခန့်ညားထည်ဝါ တည်ကြည်တဲ့ ရုပ်ရည်သွင်ပြင်ကို မြင်လိုက်ပြီးတဲ့နောက် တံခါးဖွင့်သံ ပေါ်ထွက်လာတယ်။

ကျွန်းတံခါး ပွင့်လာတယ်။

ပြီး. . မိန်းကလေးတစ်ယောက် ပေါ်လာတယ်။

သိပ်ကိုလှတဲ့ မိန်းကလေးတစ်ယောက်ပါ။ အသက်နှစ်ဆယ်ကျော် ရှိဦးမယ်။ အသားအရေ ဝင်းဖန့်ဖန့်လေး။ ဆံပင်တိုတိုလေးနဲ့။ မျက်လုံးနက်မှောင်မှောင်၊ နှုတ်ခမ်းနီတျာတျာလေးနဲ့။ ကိုယ်လုံးကိုယ်ထည်ကလေးက ကြွကြွရွရွ တင်းတင်းရစ်ရစ်ကလေး။ ကိုယ်လုံးကလေးကို ပုံသဏ္ဌာန်အတိအကျပြောနိုင်တာက သူမက ရေချိုးမလို့ထင်ပါရဲ့။ ထဘီရင်လျားကလေးနဲ့ ရှိနေလို့။ တံဘက်လေးသာ မခြုံထားရင် ခန္ဓာကိုယ်အလှက ပိုပြီးထင်းနေမှာ။

သူမ ထိပ်ထားဦးပဲလား. .။

မဖြစ်နိုင်လို့ ဦးဘကောင်း ယူဆတယ်။ သုတေသနအရာရှိဆိုတဲ့ ထိပ်ထားဦးဟာ နှစ်ဆယ်ကျော်လေးတော့ မဖြစ်နိုင်ဘူး။

"ဦးက ဦးဘကောင်းပါ"

ဦးဘကောင်းက မျက်လုံးများကို ခဏရပ်တန့်ပြီး နှုတ်ကို အလုပ်ပေးလိုက်ရတယ်။

"သြော်. . ဟုတ်ကဲ့. . မမလေး မှာထားပါတယ်"

မိန်းကလေးက ပြောပြောဆိုဆို ဖျာဖျာသလဲ အပြင်က သံပန်း တံခါးသော့ကို ဖွင့်ပေးတယ်။

"ဟုတ်ပါပြီ. .။ မိန်းကလေးက ထိပ်ထားဦးမဟုတ်ပါဘူး။ ဒါဖြင့် ထိပ်ထားဦးက ဘယ်သူဖြစ်မလဲ"

"အထဲကို ကြွပါရှင်"

မိန်းကလေးက ရိုရိုကျိုးကျိုး ဖိတ်ခေါ်တယ်။

ဦးဘကောင်း အထဲကိုဝင်လိုက်တယ်။ ဧည့်ခန်းက ခေတ်မီ ပရိဘောဂတွေ၊ ခေတ်မီပစ္စည်းတွေနဲ့ အကျအန ထည်ထည်ဝါဝါပါပဲ။ ဆိုဖာဆက်တီပေါ်မှာ ဦးဘကောင်းထိုင်လိုက်တယ်။

"မမထိပ်ထားဦးကို မနက်က သူ့ဌာနက ဖုန်းဆက်ခေါ်လို့ သွားရပါတယ်။ ဦးဘကောင်းလာမယ့်အချိန် ပြန်လာနိုင်အောင် ကြိုးစား ပါ့မယ်လို့ ပြောသွားပါတယ်။ ခဏစောင့်ပါရှင်"

မိန်းကလေးက ပြောတယ်။ ဖြစ်နိုင်တာက မိန်းကလေးက အိမ်ဖော်မလေး ဖြစ်လိမ့်မယ်။

ပြောပြီးတော့ မိန်းကလေး အတွင်းခန်းကို ဝင်သွားတယ်။ မိန်းကလေးဝင်သွားရာကို နောက်ကလှမ်းကြည့်မိပြီး ဦးဘကောင်းရင်ခုန် သွားတယ်။

မိန်းကလေး မြင်ကွင်းကပျောက်သွားပြီး မကြာမီမှာပဲ. .

"အမလေး. . လုပ်ပါဦး"

ဆိုတဲ့ အော်သံနဲ့ ဖုန်းခနဲလဲကျသံ ပြိုင်တူကြားလိုက်ရတယ်။ ဦးဘကောင်း ထိုင်ရာကထပြီး အတွင်းကို ဝင်လိုက်သွားတယ်။ မိန်းကလေး တစ်ခုခုဖြစ်ဟန်ရှိလို့ ကူညီဖို့ပါပဲ။

ဒါပေမဲ့..

အဲဒီဒါပေမဲ့ဟာ ဦးဘကောင်းအတွက် အရေးကြီးလှတဲ့ ဒါပေမဲ့ ဖြစ်တယ်။ အထဲရောက်သွားတော့ မထင်မှတ်တာတွေ ဖြစ်လာလို့ပါပဲ။

ဘာတွေဘယ်လိုဖြစ်ကုန်တယ်ဆိုတာ ဦးဘကောင်း ပြန်ပြောရမှာတောင် ရှက်မိတယ်။ ပြောရရင် ဦးဘကောင်း ထောင်ချောက်ထဲ တိုးဝင်သွားမိတာပါပဲ။

အဝတ်ဖရိုဖရဲနဲ့ မိန်းကလေး..။ ပြီးတော့ မိမိကိုယ်တိုင် ဖောက်ပြန်သွားမိတဲ့စိတ်..။ ညှို့ချက်တွေ ပြင်းပြင်းအောက်မှာ ယိုင်သွားစဉ် မထင်မှတ်ဘဲ မိန်းကလေးက ဆန့်ကျင်ဘက်ပြောင်းလဲသွားပြီး..

"ကယ်ကြပါဦး..။ ကျွန်မကို မတရားစော်ကားနေပါတယ်"

ဆိုတဲ့ အော်သံ..။

အော်သံနဲ့ တစ်ဆက်တည်းလိုလို အခန်းထဲကိုဝင်လာတဲ့ မိန်းမ ရွယ်နှစ်ဦးနဲ့ ဦးဘကောင်းကို သတင်းပေးခဲ့တဲ့ ပွဲစားကိုသွင်..။

ဆွဲဟယ်လွဲဟယ်ကြားမှာ ဘာမှမဖြစ်ဘဲ လူမိခံရတဲ့အဖြစ်..။

ဆက်တီစားပွဲမှာ ပြန်ထိုင်မိတော့ ဦးဘကောင်းတစ်ကိုယ်လုံး ရှက်စိတ်တွေနဲ့ တုန်နေတယ်။ မိန်းကလေးက ငိုရှိုက်လို့..။

ထိပ်ထားဦးဆိုတဲ့ သုတေသနအရာရှိ မိန်းမချောလေးမျက်နှာ က ဒေါသတွေနဲ့ နီရဲနေသလို ထိပ်ထားဦးရဲ့ညီမ ရွှမဝကလည်း စိတ်ဆိုးမာန်ဆိုး လက်ညှိုးငေါက်ငေါက်ထိုးလို့။

ကိုသွင်က ကြားက အားနာတဲ့ပုံစံနဲ့..

''မမထိပ်ထားဦးရယ်..။ ရဲကိုတော့ မတိုင်ပါနဲ့။ ကြားက ကျွန်တော်တောင်းပန်ပါတယ်။ ဦးဘကောင်းဟာ လူကြီးလူကောင်းပါ။

သူ့ဂုဏ်၊ သူ့သိက္ခာ. ."

ကိုသွင့်စကား မဆုံးမီမှာပဲ. .

"လူကြီးလူကောင်းဆိုရင် ဒီလိုလုပ်ပါ့မလား။ ဂုဏ်သိက္ခာရှိတဲ့ သူဆိုရင် ဒီလို အကျင့်သိက္ခာမဲ့တဲ့၊ အောက်တန်းကျတဲ့အလုပ် လုပ်ပါ့ မလား"

ထိပ်ထားဦးက ဖုန်းကို နှိပ်မယ်ပြင်တယ်။

ရှုမဝက. .

"တိုင်သာတိုင် မမထိပ်ထား။ ဒါ. . တမင်သက်သက် ရှုမဝတို့ မိန်းကလေးတွေကို အထင်သေး၊ အမြင်သေးနဲ့ အနိုင်ကျင့်တာ"

လို့ အားပေးတယ်။

မဖြစ်ဘူး. .။ သူတို့ ရဲတိုင်ရင် ဦးဘကောင်းဒုက္ခရောက်ပြီ။ ဘာမှမဖြစ်ပေမယ့် သူ့အဖြစ်က သက်သေတွေတစ်ပုံတစ်ပင်နဲ့ ရုန်းထွက် နိုင်စရာမရှိ။ မိန်းကလေးရဲ့အိမ်၊ မိန်းကလေးရဲ့ အိပ်ခန်းထဲမှာလေ။ ဘယ်လိုငြင်းမလဲ. .။ ရဲတိုင်လိုက်တာနဲ့ သူအဖမ်းခံရပြီ။ မုဒိမ်းကောင် ဖြစ်ပြီ။ စီးပွားရေးလောကမှာ တစ်သက်လုံးထိန်းလာခဲ့တဲ့နာမည် တစ် ချက်တည်းနဲ့ သွားပြီ။ တစ်သက်လုံး ရေစုန်မျောပြီ။ ပြီးတော့ အင်မတန် သဝန်တိုတတ်တဲ့ ဇနီးသည်ကလည်း သူ့ကိုလက်ခံတော့မှာမဟုတ်။

ဘယ်လိုမှ အလားအလာကောင်းများ မရှိ။

မကြာသေးခင်က လူကြီးလူကောင်း ဦးဘကောင်းဟာ အခု တော့ မုဒိမ်းသမားအဖြစ်နဲ့ တံတွေးခွက် ပက်လက်မျောတော့မယ်။

"ဦးတောင်းပန်ပါတယ်ကွယ်. .။ ရဲမတိုင်ပါနဲ့"

ကိုယ့်အရွယ်ကို မေ့ထားပြီး ထိပ်ထားဦးကို ရှိမခိုးရုံတစ်မယ် ...နှိမ့်နှိမ့်ချချ တောင်းပန်ရတယ်။ ကိုသွင်ကလည်း ဝင်ပြီးတောင်းပန် ...းတယ်။

ထိပ်ထားဦးက လက်ခံချင်ပုံ မပေါ်ဘူး။

"မင်းတို့ ကျေနပ်အောင် ဦးဆောင်ရှက်ပေးပါ့မယ်။ ရဲတော့ မတိုင်ပါနဲ့ တူမရယ်"

"ဟုတ်ပါတယ် မထိပ်ထားဦးရယ်။ ဦးဘကောင်းကို ခွင့်လွှတ် ပေးလိုက်ပါ။ ဦးဘကောင်းက ကျေနပ်အောင် ဆောင်ရွက်ပေးပါ့မယ် လို့ ပြောနေပြီပဲဟာ"

ဒီလိုနဲ့ ဆိုပါတော့ ထိပ်ထားဦးက ခေါင်းမညိတ်ချင်ညိတ်ချ ညိတ်လိုက်တယ်။

"ဒါဆို ဘယ်လို ကျေနပ်အောင် လုပ်ပေးမှာလဲ"

"တူမဆန္ဒကို ပြောပါကွယ်"

"ဒါက အသေးအဖွဲ့ကိစ္စ မဟုတ်ဘူး။ ကျွန်မတို့ ရဲတိုင် ဦးအနေနဲ့ ဘဝပျက်ရမယ့်ကိန်းပဲ။ ဒါတော့ ဦးနားလည်မှာပါ"

"ဟုတ်ပါတယ်ကွယ်. .။ အဲဒီအတွက် ဦးကို ငဲ့ညှာပါ"

"ဒါဖြင့် ကျွန်မပြောမယ်။ ဦးသဘောတူရင် ရဲမတိုင်ဘ သဘောမတူဘူးဆိုရင် ကျွန်မ တိုင်မယ်"

ဦးဘကောင်း သဘောတူလိုက်ရပါတယ်။

လောင်းကြေးမထပ်ဘဲ ရှုံးသွားတဲ့လောင်းကြေးက အတော် ကြီးပါတယ်။ ဦးဘကောင်းပိုင်ဆိုင်တဲ့ တိုက်ခန်းတစ်ခန်းကို ထိပ်ထားဦ ရောင်းတဲ့အနေနဲ့ လက်မှတ်ထိုးပေးလိုက်ရတာပါ။ ဆိုလိုတာက တိုက် တစ်ခန်း အလျော်ပေးလိုက်ရတယ် ဆိုပါတော့။

သည်တော့မှ ပိပိရိရိအကွက်ချပြီး ဦးဘကောင်းကို ထေ ချောက်ထဲထည့်ခဲ့တာ ပိုသဘောပေါက်ရတယ်။

မိန်းကလေးရဲ့ ဖြားယောင်းမှုရယ်၊ အချိန်ကိုက်ဝင်လာ ထိပ်ထားဦးတို့သုံးယောက်ရယ်၊ အလံရှူးလုပ်တဲ့ ကိုသွင်ရယ် အဆင် ရိုက်ပြီးသားရှိနေတဲ့ တိုက်ခန်းအရောင်းအဝယ်စာချုပ်ရယ်. .။

"ဦးပိုင်ဆိုင်တဲ့ တိုက်ခန်းရဲ့ ပိုင်ဆိုင်မှုစာရွက်စာတမ်းတေ

ကျွန်မဆီကို မနက်ဖြန်လာပေးပါ"

ထိပ်ထားဦးရဲ့ အမိန့်တော်မြွက်လေ. .။

ဦးဘကောင်းခမျာ ကျောက်စိမ်းတုံးများ အချောင်ရမလားလို့ လောဘနောက်လိုက်သွားရာ မောဟပိတ်လို့ တဏှာထောင်ချောက်ထဲ ကျပြီး အရှက်လည်းရ၊ အရှုံးတွေလည်း ရခဲ့ပေါ့။

စိတ်ဓာတ်တွေ သုညမှတ်အောက်ရောက်အောင် ကျဆင်းပြီး ပြန်အလာမှာ မေစံရှားကို သတိရလိုက်တယ်။ အမျိုးမတော်ပေမယ့် တူမလို ခင်မင်ရင်းနှီးခဲ့ပြီး ယခင်ကလည်း ဦးဘကောင်းကို အကူအညီ ပေးခဲ့ဖူးသူ။

ဒါကြောင့် မေစံရှားရုံးခန်းကို ဦးတည်ပြီးတော့ ကားကိုမောင်း လိုက်တယ်။

မေစံရှားကို အကျိုးအကြောင်းရင်ဖွင့်ပြီးပြောပြတော့ မေစံရှား က မျက်ခုံးကလေးတွန့် စဉ်းစားနေရာကနေ. .

"ရှားသိပြီ ဦး. .။ ဒီမိန်းကလေးတွေဟာ ဦးနောက်အတော် ပြေးတဲ့ စိန်မျက်ခုံးတွေပဲ။ တစ်ခါက သက်နိုးကျွန်းရွှေဆိုင်တွေကို ဝင်လိမ်ခဲ့ဖူးတာ သူတို့ပဲ"

လို့ ပြောတယ်။

"မေစံရှား သူတို့ကို သိနေတယ်ပေါ့"

"ဦးပြောတဲ့ သူတို့ပုံပန်းရယ်၊ သူတို့နေတယ်ဆိုတဲ့ လိပ်စာအရ ရယ်. . ရှားတွေ့ဖူးခဲ့တဲ့ မိန်းကလေးနှစ်ယောက်ပါပဲ"

"ကဲ. . ဦးကို အကြံပေးပါဦး။ တိုက်ခန်းပိုင်ဆိုင်မှုစာရွက်စာတမ်း တွေ မနက်ဖြန်မှာ ဦး သူတို့ကို သွားပေးလိုက်ရမလား"

"နေဦး. . ဦး။ ရှားလေ့လာပါရစေဦး"

❦ ❦ ❦ ❦ ❦

"ဟဲလို. ."

"ဦးဘကောင်းလား. .။ ကျွန်မ ထိပ်ထားဦးပါ"

"ပြောပါ ထိပ်ထားဦး"

"ကျွန်မဆီကို စာရွက်စာတမ်းတွေ ဘာကြောင့်လာမပို့သေးတာလဲ"

"ပို့လို့မရတော့ဘူး မိန်းကလေး. .။ အဲဒီတိုက်ခန်းက မကြာသေးခင်ကပဲ ဦးရောင်းပစ်လိုက်လို့ သူများလက်ထဲ ရောက်သွားပြီ။ မင်းတို့ ပစ်မှတ်လုပ်ပြီး ရွေးထားတာ မှားသွားတာကိုး"

"ကျွန်မတို့ကို တစ်ပတ်ရိုက်သွားတာလား"

"ကျုပ်က တစ်ပတ်ရိုက်ခံရတာပါ"

"ဦးဘကောင်းလက်မှတ်ထိုးထားတဲ့ အရောင်းအဝယ်စာချုပ် ကျွန်မဆီမှာ ရှိတယ်နော်"

"မငြိမ်းခြောက်ပါနဲ့ မိန်းကလေး။ ကျုပ် လက်မှတ်ပြောင်းထိုးခဲ့တာပါ။ ပြီးတော့ စာချုပ်မှာ မင်းနဲ့ မင်းလူတွေချည်း အသိသက်သေလုပ်ထားတာ။ ကျုပ်ဘက်က ဘယ်သူမှမပါဘူး။ ဒီတော့ မင်း တရားရုံးတင်ချင်ရင် တင်. .။ ကျုပ်မှာ ချေပနိုင်တဲ့ ပိုင်ချက်တွေ ရှိပါတယ်။ အဲဒီစာချုပ်က စာချုပ်အတုပါလို့. ."

"ဒါဆိုလည်း ကျွန်မအိမ်က အိမ်ဖော်မလေးကို အဓမ္မပြုမှုနဲ့ ရဲကိုတိုင်ရတော့မှာပေါ့"

"ကျုပ်. . အဓမ္မမပြုရပါလား"

"မငြင်းချင်ပါနဲ့. .။ ဒီမှာ သက်သေတွေရှိတယ်"

"မနေ့ကဖြစ်တာကို ဒီနေ့မှ တိုင်မှာလား. .။ စဉ်းစဉ်းစားစားလုပ်ပါ။ ပြီးတော့ လီဆည်တိုင်မှုနဲ့ ကျုပ်က ပြန်တရားစွဲမှာနော်။ မနေ့က ကျုပ် ကျုပ်မိတ်ဆွေတွေနဲ့ ညှော်ခံပွဲလေးလုပ်နေတာ. .။ အလီဘိုင်တွေပြဖို့ အဆင်သင့်ပြင်ထားပြီးပြီ"

ထိပ်ထားဦးအသံ ခဏပြတ်သွားတယ်။

"ဒါ. . ဦးဘကောင်းအကြံဉာဏ်တော့ မဟုတ်နိုင်ဘူး။ ဒါပေမဲ့ ကျွန်မကလည်း ဖြစ်အောင်လုပ်မှာပါ။ တရားရုံးမှာ အရှက်ကွဲဖို့သာ ပြင်ထားပေတော့"

"ဟဲ. . ဟဲ. . အပြောပိုင်လှချည်လား။ ကျုပ်ကလည်း မပိုင်ရင် ခြင်တောင်မရိုက်ဘူးနော်။ ကျုပ်မိတ်ဆွေ ရွှေနေမလေးက မင်းအိမ်ဖော် ဆိုတဲ့ လမ်းဘေးကကောင်မလေးကို ရှာတွေ့ထားပြီးပြီ။ သူက မင်း ငွေပေးပြီးခိုင်းလို့ လုပ်ရတာပါလို့ ရဲအရာရှိနဲ့ ရှေ့နေရှေ့မှာ ဝန်ခံဖြောင့် ချက်ပေးပြီးပြီ။ ဒီတော့ ကျုပ်ကတောင် မင်းကို အသရေဖျက်မှုနဲ့ ပြန်တရားစွဲရတော့မှာ။ မင်းမတောင်းပန်ရင်လေ. ."

ထိပ်ထားဦးအသံ ပြတ်သွားပြန်တယ်။ ဦးဘကောင်းကပဲ ဆက် ပြီးပြောတယ်။

"ထိပ်ထားဦး. . မင်းပြောတာ မှန်တယ်။ ဒါတွေဟာ ကျုပ် အကြံဉာဏ်တွေတော့ မဟုတ်ဘူး။ ရွှေနေမလေး မေစံရှားရဲ့ အကြံ ဉာဏ်ပဲ။ မင်း သူနဲ့ စကားပြောချင်သေးလား။ ကျုပ် သူ့ကို ဖုန်းလွှဲပေး လိုက်ပြီ"

"ဟဲလို. . ကျွန်မ မေစံရှားပါ"

"ဒီပွဲမှာလည်း ကျွန်မရှုံးသွားပြန်ပြီ။ နောက်တစ်ပွဲကျမှ တွေ့ ကြသေးတာပေါ့ ဒေါ်မေစံရှားရယ်. ."

"ကောင်းပါပြီ. .။ ကျွန်မ စောင့်နေပါ့မယ်။ ဒါပေမဲ့ တစ်ခု တော့ သတိမမေ့ပါနဲ့။ ကျွန်မက ဥပဒေဘောင်အတွင်းကနဲ့ အမှန်တရား ဘက်က နေရတာဆိုတော့ အမြဲတမ်း အသာဘက်ကချည်း ဖြစ်မှာ ပေါ့နော်။ ဟဲလို. . ဟဲလို. ."

". . . . . ."

"ဖုန်းချသွားပြီ ဦးရေ"

စိတ်ကူးသစ်စာပေ

"ကျေးဇူးတင်ပါတယ် မေစံရှားရယ်။ မင်းနဲ့ ကိုနေသော်ကို ဦးက ဂုဏ်ပြုသောစာနဲ့ ကျေးဇူးဆပ်ပါရစေ"

အခုတော့လည်း ဦးဘကောင်းမျက်နှာက ရွှင်လန်းလို့. .။ သူ့ရင်ဘတ်ထဲမှာ ပေါ့ပါးနေလိုက်တာ ငှက်မွှေးလေး လေထဲမှာ လွင့်မျော နေသလိုပဲ. .။

❦ ❦ ❦ ❦ ❦

# ၄

ရထားသည် ရေးရေးပျပျရှိသော မှိုင်းညို့ညို့တောင်တန်းများ၏ ရင်ခွင်ဆီသို့ တစ်ဟုန်ထိုးပြေးဝင်လျက်ရှိ၏။ ဆောင်းဦးနှင်းများကို ထိုးခွဲ၍ ဆင်းလာသော နေခြည်နွေးနွေးသည် ရိတ်သိမ်းပြီးစလယ်ကွင်းပြင်များ ပေါ်တွင် ဖျော့တော့စွာနားခိုနေသည်။ ဝန်းကျင်သည် ပြာပြာမှိုင်းမှိုင်း. .။

'လှိုင်းတက်'၊ 'ဘုရားငါးဆူ' ဘူတာများကို ဖြတ်ကျော်လာသည်။ 'ကျောက်ပန်းအိုး' တံတားမှာ ပေရှစ်ဆယ်အမြင့်ရှိသည်။ တောင်နှစ်လုံးကြား မြေပြင်ချိုင့်ဝှမ်းကို ဖြတ်ကျော်တည်ဆောက်ထားသည်။ ထို့နောက် 'ယင်းမာပင်လိုဏ်ဂူ' ကို ဖြတ်ရသည်။ 'ယင်းမာပင်ဘူတာ' ကို ရောက်သည်။

ယင်းမာပင်သည် ပင်လယ်ရေမျက်နှာပြင်ပေါ်မှ အမြင့်ပေ ၁၂၇၇ ရှိ၏။ မြေပြန့်လွင်ပြင် မဟုတ်တော့။ ယင်းမာပင်မှ ထွက်ခွာလာလျှင် ရထားသည် သာစည်မှထွက်လာစဉ်တုန်းကလို မမြန်တော့။ တောင်တက်ခရီးမို့ ရထားအရှိန်က နှေးလာသည်။ တောင်ပတ်လမ်းတွေ၊ အကွေ့အပိုက်တွေ တွေ့လာရသည်။ တစ်ခါတစ်ရံ တစ်ဖက်မှာ

ချောက်ဖြစ်ပြီး တစ်ဖက်မှာ မတ်စောက်မြင့်မားသောတောင်ကြီး ဖြစ်နေ၏။ ကျောက်တောင်ကြီးတွေကို ဖြတ်ဖောက်ထားသောလမ်းမှာ ရထားက ပိုးတစ်ကောင်လို တရွေ့ရွေ့နှင့်..။

'ပြင်ညောင်' ထိုမှ 'ရေပူ'။ ထိုမှတစ်ဆင့် 'လယ်ပြင်' ကို ရောက်သည်။ လယ်ပြင်က ပိုမြင့်လာပြီဖြစ်၏။ ပင်လယ်ရေမျက်နှာပြင်မှ ၁၅၅၁ ပေ မြင့်သည်။ လယ်ပြင်မှထွက်လာသော် တောင်တန်းမြင့်မြင့်များ၏ ခြေရင်းကို ခိုဝင်လာရပြန်သည်။

'ပထမလွန်းထိုး' မှာ ပေ ၂၁၇၀ အမြင့် ဖြစ်လာပြီ။ တောင်တွေကို တဖြည်းဖြည်းချင်း တစ်တောင်ပြီးတစ်တောင် တက်လာရခြင်းမျိုး မဟုတ်တော့။ တောင်မြင့်မြင့်ကြီးကို ခြေရင်းမှ တောင်အမြင့်ပိုင်းသို့ ရထားသည် ခေါင်းကဆွဲသည့်အခါဆွဲ၊ တွဲတွေကို ခေါင်းကပြန်တွန်းသည့်အခါ တွန်း၍ တက်ရသည်။ ဘယ်ဘက်ခြမ်းမှာ အလွန်တရာနက်စွာသော တောင်ခြေချိုင့်ဝှမ်း။ ညာဘက်ခြမ်းမှာ မျှော်ကြည့်၍ပင် တောင်အဖျားကို မမြင်သာအောင် မတ်စောက်သည့် တောင်နံရံ။

"ကိုကို..အနွေးထည်ဝတ်ထားလေ"

ရှားက အပြင်ကိုငေးနေသော ကျွန်တော့်ပခုံးပေါ်သို့ ဂျင်းဂျာကင်ကို တင်ပေးရင်း ပြောသည်။

"ခြော်..အင်း..အင်း.."

"အပြင်ကို ငေးနေတာနဲ့ ချမ်းလာမှန်းတောင် မသိတော့ဘူးလား"

"အေးလာတာတော့ သိတယ်။ ဒါပေမဲ့ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလို့..။ ကိုကိုက မြစ်ဝကျွန်းပေါ်သားဆိုတော့ မြစ်တွေ၊ ချောင်းတွေကြားမှာ ကြီးပြင်းလာရတာ။ တောတွေ၊ တောင်တွေနဲ့က မရင်းနှီးဘူးလေ။ ဒီတော့ ကြည့်ရတာ အမြင်ဆန်းနေသလို ခံစားမှုလည်း အသစ်အဆန်းတွေ ရနေတာပေါ့"

"ဟင်း. . ဟင်း. . ဒါကြောင့် ဘေးမှာရှိနေတဲ့ ရှားကိုတောင် သတိမေ့နေတယ် ဆိုပါတော့"

ရှားက ရယ်ပွဲဖွဲ့သည်။ ကျွန်တော်က ပြန်လည်ချေပခြင်းမပြုဘဲ ပြုံးနေရင်း ရှားပေးသောဂျင်းဂျာကင်ကို ဝတ်လိုက်သည်။

စင်စစ် သည်ခရီးသည် ကျွန်တော့်အလုပ်ခရီး မဟုတ်ပါ။ ဒေသန္တရဗဟုသုတအတွက် လိုက်လာခြင်းဖြစ်၏။ ပြီးတော့ ရှားအဖော်ရစေရန်လည်းဖြစ်၏။ ပြောရလျှင် ရှား၏အလုပ်ခရီးတစ်ခုမှာ ကျွန်တော်က ကိုယ်ရံတော်တပ်မှူးလေးအဖြစ် ပါလာခြင်းဖြစ်သည်။

ကလောရှိ ရှား၏အဒေါ်တစ်ဦးက ရန်ကုန်သို့ ရောက်ရှိလာပြီး သူတို့မိသားစုအတွင်း ဖြစ်ပွားသော အမှုကိစ္စတစ်ခုအတွက် လိုက်ပါဆောင်ရွက်ပေးပါရန် ခေါ်ယူသဖြင့် ရှား တောင်ပိုင်းရှမ်းပြည်နယ်သို့ တက်လာရခြင်းဖြစ်ပါသည်။ သူတို့မိသားစု အမွေကိစ္စအငြင်းပွားမှုကို ကျွန်တော်စိတ်မဝင်စားသဖြင့် ဝင်ရောက်စပ်စုမေးမြန်းခြင်း မရှိခဲ့သောကြောင့် အမှုဖြစ်စဉ်ကို အသေးစိတ် မသိပါ။ ဒါက ကျွန်တော့်အလုပ်လည်း မဟုတ်ပါ။ ကျွန်တော့်အနေဖြင့် ကျွန်တော်မရောက်ဖူးသေးသော ရှမ်းပြည်နယ်သို့ အလည် သို့မဟုတ် အပျော်ခရီးထွက်လာရခြင်းနှင့်သာ တူပါသည်။

ကျွန်တော်တို့လိုက်ပါလာသောတွဲမှာ အထက်တန်းတွဲဖြစ်သည်။ နှစ်ယောက်ထိုင်ခုံများဖြစ်ပြီး မျက်နှာချင်းဆိုင် ဖွဲ့စည်းထားသည်။ လေးယောက်တစ်ပိုင်းနှင့် တူလှသည်။ နှစ်ယောက်ခုံနှစ်ခုံ မျက်နှာချင်းဆိုင်ဖြစ်ရာ အလယ်တွင် စားပွဲခုံကလေးတစ်ခု ပါရှိသည်။

ရထားလက်မှတ်ယူစဉ်က ဤအနေအထားကို သဘောမပေါက်ခဲ့၍ဟု ဆိုရမည်။ ထိုင်ခုံလက်မှတ်များအရ ထိုင်လိုက်သောအခါ ကျွန်တော်နှင့်ရှားက တစ်နေရာဖြစ်နေပြီး ရှား၏အဒေါ်နှင့် ခင်ပွန်းမှာ အခြားတစ်နေရာဖြစ်နေသည်။ ကျွန်တော်တို့ရှေ့တွင် အသက်အရွယ်ကြီးသော

အဘိုးကြီး။ အဘွားကြီး နှစ်ဦးရှိပြီး အလွန်ရိုးသားအေးဆေးပုံ ရကြသည်။ စကားပြောလျှင်ပင် တိုးတိုးကလေးဖြစ်သည်။ ရထားပေါ်ရောက်ပြီး ကျွန်တော်တို့ကိုလည်း ရင်းနှီးခင်မင်စွာ ပြောဆိုဆက်ဆံသည်။ သူတို့နှစ်ဦးမှာ ရွှေညောင်မှဟု ဆိုပါသည်။

ကျွန်တော်တို့လေးယောက်နှင့် ဘေးဘက်တည့်တည့်တွင် မျက်နှာချင်းဆိုင်လေးဦးရှိသည်။ ကျွန်တော်တို့နှင့် ဘေးချင်းယှဉ်နေကြသူများမှာ ဣန္ဒြေသိက္ခာရှိရှိ အဆင့်အတန်းမြင့်မြင့်နှင့် မာန်မာနကင်းပြီး ရိုးသားပုံရကြသော ဇနီးမောင်နှံဖြစ်သည်။ အသက်ငါးဆယ်ကျော်ဝန်းကျင်များ ဖြစ်ကြသည်။ အမျိုးသမီးကြီးက ပြတင်းပေါက်ဘက်ကဖြစ်ပြီး အမျိုးသားကြီးက အတွင်းဘက်မှဖြစ်သည်။

သူတို့နှင့် မျက်နှာချင်းဆိုင်မှာကား မိန်းကလေးနှစ်ယောက်ဖြစ်သည်။ ညီအစ်မဖြစ်မည် ထင်ရ၏။ နည်းနည်းအသက်ကြီးပြီး အစ်မဖြစ်ဟန်တူသူက ရထားပြတင်းပေါက်ဘက်ကထိုင်ပြီး ညီမဖြစ်သူက အတွင်းဘက်ကဖြစ်သည်။ အစ်မဖြစ်သူ မိန်းကလေးမှာ အသက်အစိတ်ခန့် အသားဖြူဖြူ၊ မျက်ခုံးညွတ်ညွတ်၊ မျက်တောင်ကော့ကော့၊ မျက်ဝန်းရွှဲရွှဲ၊ နှာတံစင်းပြေပြေနှင့် နှုတ်ခမ်းဖူးဖူးရဲရဲကလေးများဖြင့် သွယ်လျနွဲ့နှောင်းပြီး ခန္ဓာကိုယ်အချိုးအဆစ်ကလည်း လက်ရာမြောက်ပန်းပုရုပ်ကလေးလို လှပကြွရွနေသည်။ အင်္ကျီရင်စေ့ လက်စကကလေးပေါ်မှာ အပေါ်က သိုးမွေးအနွေးထည်အသားရောင်ကလေးကို ထပ်ဝတ်ထားသည်။ အငယ်မကလေးကတော့ နှစ်ဆယ်ကျော်ရုံကလေးပဲ ရှိနိုင်သည်။ အသားဖြူဖြူနွဲ့နွဲ့ကလေးဖြစ်သော်လည်း အစ်မဖြစ်သူလောက် မလှပ။ မဖွံ့ဖြိုး။ သူမက အပြာရင့်တီရှပ်နှင့်၊ ဂျင်းဘောင်းဘီနှင့်၊ အပေါ်က ဂျင်းဂျာကင်နှင့်. . ။ ခေတ်ဆန်ဆန်ကလေး ဖြစ်သည်။

သူတို့နှစ်ယောက်မှာ မိန်းကလေးများပီပီ အစားအသောက်တွေစားလိုက်၊ စကားတွေဖောင်လိုက်နှင့်. . ။ သူတို့ပြောနေကြသည်မှာ

မော်ဒယ်လ်တွေ၊ အဆိုကျော်တွေအကြောင်း ဖြစ်၏။

ကျွန်တော်တို့နှင့်က မျက်စောင်းထိုးဖြစ်သောကြောင့် ရှားနှင့် လှည့်၍စကားပြောသည့်အခါတိုင်း သူတို့နှစ်ယောက်က ကျွန်တော့်မြင် ကွင်းထဲ ဝင်လာတတ်သည်။ သူတို့နှစ်ယောက်နှင့် ကျောချင်းကပ်က ရှား၏အဒေါ်နှင့် သူမခင်ပွန်း. .။

"အဲဒါ ဘာပင်တွေလဲ မသိဘူး"

ကျွန်တော်က တောင်စောင်းတွေမှာမြင်ရသည့် အပင်ကြီးတွေ ကို မမြင်ဖူးသဖြင့် ရှားကိုမေးကြည့်သည်။ ရှားသည် အဒေါ်ဖြစ်သူထံသို့ သုံးကြိမ်ခန့် လာဖူးသူဖြစ်သောကြောင့်လည်း၊ လမ်းခရီးနှင့် ရင်းနှီးနေသူ ဖြစ်သည်မို့ မေးကြည့်ခြင်းဖြစ်၏။

ရှားက · အပြုံးဖြင့်. .

"ကိုကိုကလည်း. .။ ဒါလေးတောင် မသိဘူးလား။ အဲဒါက မျောက်ပေပင်တွေလေ"

"ဩော်. ."

ကျွန်တော်က ရှား၏အဖြေကို အမှန်မှတ်ယူပြီး အပြင်သို့ ပြန်ငေးစဉ် ရှား၏ရယ်သံ ထွက်လာသည်။

"ရှား. . ဘာရယ်တာလဲ"

"ရှားပြောတာ ကိုကိုတကယ်ယုံတာပဲလား"

"ယုံတယ်လေ. .။ ဘာဖြစ်လို့လဲ"

"ရှားနောက်တာ ကိုကိုရဲ့။ အဲဒါ ဘာပင်တွေလဲဆိုတာ ရှား လည်း မသိဘူး"

"ဒါနဲ့ မျောက်ပေပင်ဆို. ."

"အဲဒါကတော့ အမှန်ပဲ။ မြေမှာပေါက်တဲ့ အပင်တွေလေ"

သည်တော့မှ 'မျောက်ပေ-မြေပေါက်' စကားလိမ်ဖြင့် ရှား နောက်လိုက်သည်ကို ကျွန်တော်သဘောပေါက်တော့သည်။

"ရှားကလည်း နောက်တတ်တယ်နော်"

"ပျော်လို့ပါ ကိုကိုရယ်"

"ရှား. ."

"ဘာလဲ ကိုကို"

ကလေ့ာမှာ ရှားအလုပ်ကိစ္စပြီးရင် တောင်ကြီးမီးပုံပျံပွဲကို သွားမယ်။ ပြန်ဆင်းရင် အင်းလေးဖောင်တော်ဦးဘုရား ဖူးမယ်။ နောက်ပြီး ပင်းတယလိုဏ်ဂူဝင်မယ်။ ဘယ်လိုလဲ. ."

"ကိုကို့သဘောပါ"

'ခွေးရုပ်' ဘူတာသို့ ရထားဝင်လာသည်။ အချိန်က ဆယ့်နှစ်နာရီကျော်ခဲ့ပြီမို့ ဗိုက်တွေကလည်း ဆာနေပြီဖြစ်၏။ ရှားက. .

"ကိုကို. . ရှားတို့ ဒီမှာ ထမင်းစားကြရင် ကောင်းမယ်"

ဟု ပြောသည်။

"ကောင်းသားပဲ. .။ ဒါပေမဲ့ ရထားက ကြာကြာရပ်လို့လား"

"ခပ်ကြာကြာတော့ မရပ်ဘူး။ ထမင်းဘူးတွေ ဝယ်လို့ရတယ်"

"ဒါဆို အောက်ဆင်းကြမယ်"

ရှားနှင့် ကျွန်တော်တို့ ရထားပေါ်မှ ဆင်းကြသည်။ ရှားအဒေါ်က သူတို့ဖို့ပါ ထမင်းဝယ်ခဲ့ဖို့ မှာသည်။ ဘူတာဘေးက ထမင်းဆိုင်လေးမှာ ထမင်းဝင်ဝယ်ကြသည်။

"ဘာဟင်း ယူမလဲ"

"နှစ်ပွဲက ကြက်သား။ နောက်နှစ်ပွဲက. ."

ရှားက ထမင်းမှာရင်းမှ ကျွန်တော့်ဘက်လှည့်ကာ. .

"ကိုကို. . ချေသား စားမလား"

ဟု မေးသည်။

"ကိုကိုမှ မစားဖူးတာ"

ဆိုင်ရှင်မိန်းမကြီးက ရှမ်းသံဝဲဝဲဖြင့်. .

"ချောသား ကောင်းတယ် ဆရာလေးရဲ့။ စားကြည့်..။ ဒီနောက်က တောင်ကြောတွေမှာ မှဆိုးတွေရှိတယ်။ သူတို့ရလာတဲ့ ချေတွေပါ။ ကြက်သားထက် ကောင်းတယ်"

ဟု ညွှန်းသည်။ သူမအညွှန်းကောင်းသဖြင့် ကျွန်တော့်အတွက် ချေသားနှင့် ထမင်းဘူးတစ်ဘူး။ ရှားအတွက် ကြက်သားနှင့် ထမင်းဘူးတစ်ဘူးဝယ်ပြီး ရထားပေါ်ပြန်တက်ကြသည်။ ထမင်းဘူးတွေက တစ်ခါသုံးဖော့ဘူးတွေနှင့် ဖြစ်သည်။

"ဘယ်လိုလဲ ကိုကို..။ ချေသားဟင်း.."

ထမင်းစားတော့ ရှားက မေးသည်။

"ကောင်းတယ် ရှားရဲ့..။ ဟင်းချက်လည်း ကောင်းတယ်"

အမှန်တကယ် ထမင်းမြိန်လှပါသည်။ ထမင်းစားပြီးတော့ လွှန်းထိုးမှဝယ်ခဲ့သည့် သဘော်သီးကို အချိုတဲ့ကြသည်။

စတုတ္ထလွှန်းထိုးပြီးနောက်တွင်..

"ဆင်တောင်ရောက်တော့မယ်"

ဟု ရှားက ပြောသည်။ ပြောရင်းဆိုရင်းက ခရီးဆောင်အိတ်ထဲတွင် ပါလာသည့် ဗီဒီယိုကင်မရာကို ရှားက ထ၍ ထုတ်ယူသည်။

"ရှား ဘာလုပ်မလို့လဲ"

"ရှုခင်းလှရင် ရိုက်ချင်လို့"

"ဒါဆို ပြတင်းပေါက်မှာ လာထိုင်မလား"

"မထိုင်ဘူး ကိုကို..။ ဒီအတိုင်း ရတယ်"

ထိုအချိန်တွင် ကျွန်တော့်မြင်ကွင်း၌ ရှိနေသော ရွှေဝါမမနှင့် မိုးပြာမလေးတို့သည် လက်ဝတ်ရတနာများအကြောင်း စကားကောင်းနေကြရင်းက ရွှေဝါမမက သူမ၏လက်ဆွဲအိတ်ထဲမှ ကတ္တီပါရတနာဘူးတစ်ခုကို ထုတ်ယူကာ မိုးပြာကလေးကို ဖွင့်ပြနေသည်။

"စိန်လက်စွပ်လေး လှလိုက်တာ မမရယ်..။ မမ ဒါ.. ဘယ်

တုန်းက လုပ်လိုက်တာလဲ။ ညီမလေးတောင် မသိဘူး"

"မကြာသေးဘူး. .။ ဒီမလာခင်ကလေးတင်ပဲ ဆိုပါတော့။ မိတ်ဆွေကုမ္ပဏီတစ်ခုက မမကို မွေးနေ့လက်ဆောင်ပေးတာပါ"

"မမက ကုမ္ပဏီဒါရိုက်တာဆိုတော့ မျက်နှာလုပ်ကြတာပေါ့ နော်။ ဟင်း. . ဟင်း. ."

"မျက်နှာလုပ်တာ မဟုတ်ပါဘူးကွယ်။ မမက သူတို့ကို စီးပွား ဘက်တင် မကဘူး။ မောင်နှမတွေလို ခင်ခင်မင်မင်နေလို့ သူတို့က လေးလေးစားစားနဲ့ မေတ္တာလက်ဆောင်ပေးတာပါ"

"ဟုတ်မယ်နော်. .။ မမက ဒါရိုက်တာသာဆိုတယ်။ ဟိတ်ဟန် မှ မလုပ်တာ။ မာနမှ မကြီးတာ။ အင်း. . ဒီစိန်လက်စွပ်ကလေးရဲ့ တန်ဖိုးက နည်းမှာတော့ မဟုတ်ဘူး"

ရထားက ဆင်တောင်ရောက်လာသည်။ ရွှေဝါမမနှင့် မိုးပြာ မလေးတို့ စိန်လက်စွပ်ကတ္တီပါဘူးကို ရှေ့မှစားပွဲပေါ်တင်ကာ ပြတင်းမှ အောက်သို့ ငေးနေကြသည်။

သူမတို့ရှေ့မှ လင်မယားကလည်း ပြတင်းအပြင်သို့ လှမ်းကြည့် ကြသည်။

ရှားက ကျွန်တော့်ဘေးမှ ထသွားကာ သူမ၏အဒေါ်နှင့် စကားသွား၍ပြောသည်။ ဗီဒီယိုကင်မရာကိုမူ ကျွန်တော်တို့ရှေ့ရှိ ခုံ ကလေးပေါ်တွင် တင်ထားခဲ့၏။ ကျွန်တော်တို့ရှေ့မှ အဘိုးကြီး၊ အဘွားကြီး နှစ်ဦးမှာမူ အိပ်ပျော်နေကြသည်။

ဆင်တောင်မှ ရထားထွက်လာသည်။

ရှား ကျွန်တော့်ဘေး ပြန်ရောက်လာသည်။

"ရှေ့ကျရင် လိုဏ်ဂူတစ်ခုကို ကိုကိုတွေ့ လိမ့်မယ်"

"ဟုတ်လား. .။ လိုဏ်ဂူက တော်တော်ရှည်သလား"

"လိုဏ်ဂူအစကျရင် ကိုကို ဆိုင်းဘုတ်ကလေး တွေ့လိမ့်

မယ်။ ဖတ်ကြည့်ပေါ့"

ကျွန်တော်က ပြတင်းမှနေ၍ ရထား၏ရှေ့ကို ငေးမျှော်ရင်း ပါလာသည်။ ရှားပြောသည်မှာ မှန်ပါသည်။ တောင်ကြောတစ်ခုကိုဖြတ်၍ ဖောက်ထားသော လိုဏ်ဂူတစ်ခု၏ အဝကို လှမ်းမြင်ရ၏။ လိုဏ်ဂူအဝ တွင် ဆိုင်းဘုတ်တစ်ခုရှိသည်။ 'ကမ်းပါးနီလိုဏ်ဂူ'. . တဲ့။ လိုဏ်ဂူအရှည် ၈၂၃ ပေတဲ့။

မကြာမီမှာပင် ရထားက လိုဏ်ဂူထဲဝင်သွားသည်။

"ဟာ. . မှောင်သွားပြီ"

လိုဏ်ဂူအရှည်မှာ ပေ ၈၀၀ ကျော်ဖြစ်သဖြင့် ရထားမောင်း သောအရှိန်နှုန်းဖြင့် တစ်မိနစ်ခန့်ကြာအောင် ဖြတ်ရသည်။ တစ်မိနစ်မှာ အပြင်တွင်နေစဉ်က ဘာမျှမကြာဟု ထင်ရသော်လည်း လိုဏ်ဂူမှောင် ထဲ၌ နေရသောအခါ အတော်ကလေးကြာသည်ဟု ထင်ရ၏။

တဖြည်းဖြည်း အလင်းရောင်တိုးဝင်လာပြီး ပြန်လည်လင်းချင်း လာသည်။ ရထားက လိုဏ်ဂူမှ ပြန်ထွက်ခဲ့ပြီဖြစ်၏။

ကျွန်တော်က ရှားဘက်လှည့်ကာ. .

"လိုဏ်ဂူထဲဖြတ်ရတာ သည်းထိတ်ရင်ဖို အရသာတစ်မျိုးပဲ"

ဟု ပြောလိုက်သည်။ စောစောက ကိုင်ထားဟန်ရှိသော ဗီဒီယိုကင်မရာကို ရှားက ရှေ့ခုံပေါ်သို့ ပြန်ချရင်း. .

"ဟုတ်တယ် ကိုကို"

ဟု ထောက်ခံသည်။

"ရှားက ရှုခင်းတွေရိုက်မယ်ဆိုပြီး မရိုက်ဘဲနဲ့ မှောင်ထဲကျမှ ဘာကိုရိုက်မလို့ ကင်မရာကိုင်ထားရတာလဲ"

ရှားက ပြန်မဖြေ။ ပြုံးရုံ ပြုံးပြသည်။

"အဒေါ်တို့က လိုဏ်ဂူကိုဖြတ်တော့ ကြောက်တယ်ထင်တယ်။ စောစောက မှောင်နေတုန်းက လက်နှိပ်ဓာတ်မီး ဖွင့်ထားပုံရတယ်"

ရှုံးခေါင်းညိတ်သည်။

"ဟင်. . စိန်လက်စွပ် ပျောက်သွားပြီ"

ရုတ်တရက် ကျယ်လောင်စွာ အထိတ်တလန့်အော်လိုက်သံ. . ။ ရွှေဝါရောင်မမ၏ အသံဖြစ်သည်။ ကျွန်တော်လှမ်းကြည့်လိုက်တော့ စားပွဲခုံကလေးပေါ်၌ တင်ထားသော ကတ္တီပါဘူးကလေးက ပွင့်နေပြီး ယင်းဘူးကို ရွှေဝါရောင်မမက မျက်လုံးပြူး၍ကြည့်ရင်း အော်လိုက်ခြင်း ဖြစ်ကြောင်း တွေ့ရသည်။ မိုးပြာမလေးက ပြူးပြူးပျာပျာဖြင့်. .

"ဟင်. . ဟုတ်လား။ ဘယ်ရောက်သွားတာလဲ"

ဟု ထပ်ဆင့်အော်လိုက်ကာ စားပွဲခုံဘေးနားကို ဟိုကြည့် သည်ကြည့် လုပ်သည်။ ရွှေဝါရောင်မမကလည်း စားပွဲခုံအောက်နှင့် သူမ၏ထိုင်ခုံအောက်ကို ငုံ့ကြည့်သည်။

"ဒုက္ခပါပဲ မမရေ. . ။ ပစ္စည်းက နည်းတဲ့တန်ဖိုး မဟုတ်ဘူး"

"ရှာပါဦးဟ. . ။ နင်ကလည်း. . "

ကျွန်မလည်း ရှာနေတာပဲ မမရဲ့"

ကျွန်တော်အံ့အားသင့်နေမိသော်လည်း ရှုံးကမူ ဣန္ဒြေရရပင် လှမ်းကြည့်နေ၏။ မိန်းကလေးနှစ်ဦးက စိန်လက်စွပ်ပျောက်သွားသည် ဆိုသဖြင့် ရှေ့တွင်ထိုင်နေသူ လင်မယားကလည်း စိတ်လှုပ်ရှားစွာဖြင့် စားပွဲခုံအောက်သို့ ငုံ့ကြည့်ကာ ဝိုင်းရှာကြသည်။

"လိုဏ်ဂူကိုဖြတ်တုန်းက မမက ဘာဖြစ်လို့ အဲဒီဘူးကို ဒီ အတိုင်းတင်ထားရတာလဲ။ မှောင်ထဲမှာ တစ်ယောက်ယောက်ကများ နှိုက်ယူသွားတာလား မသိဘူး"

မိုးပြာမလေး၏ ထင်မြင်ချက်. . ။

"မမလည်း မေ့သွားပါတယ်ဟာ။ အဲဒီလိုဖြစ်မယ်မှ မထင် တာ"

"ရှာတာလည်း နှံ့နေပြီ မမရဲ့"

"သမီးတို့ တခြားနေရာမှာများ ပြန်သိမ်းမိသေးလား"

အနားမှာ ရှာမတွေ့သဖြင့် ရွှေဝါရောင်မမ၏ ရှေ့တည့်တည့်မှ မိန်းမကြီးက စာနာစွာဖြင့် ဝင်၍ပြောသည်။

"မသိမ်းပါဘူး အန်တီ။ ဒီအတိုင်းပဲ ထားတာပါ။ ဒီလို ပျောက်မယ်မှ မထင်တာ။ ဟုတ်ပါပြီ..။ လိုထ်ဂူကိုဖြတ်တုန်းက တစ်ယောက်ယောက်နှိုက်ယူသွားတာပါပဲ။ တကယ် ရက်စက်တယ်။ မွေးနေ့အမှတ်တရမို့ ဝတ်တောင်မဝတ်ရက်သေးတာ"

"မမရယ်..နှမြောစရာ ကောင်းလိုက်တာ။ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမလဲ..။ လုပ်စရာ တစ်လမ်းပဲရှိတယ်။ ယူတဲ့သူဟာ ဒီတွဲပေါ်မှာပဲရှိတယ်။ ခုနေ ရထားရဲတွေကိုခေါ်လိုက်ပြီး ရှာချင်ရမှာပဲ"

"တစ်ယောက်ယောက်ခိုးတာ ဟုတ်ပုံ့မလားကွယ်။ တိုက်မိပြုမိပြီး အောက်ကိုပြုတ်ကျတာ နေမှာပါ"

"မဖြစ်နိုင်ဘူး အန်တီ။ ဘူးက လက်ရာခြေရာမပျက် ဒီအပေါ်မှာပဲ ရှိနေတယ်။ ကျွန်မတို့က ဘူးကိုဖွင့်ထားမိတော့ အလွယ်တကူယူလို့ရနိုင်တာပေါ့"

"ရှာပါဦးကွယ်..။ ပြန်တွေ့မှာပါ။ တန်ဖိုးက နည်းတာမဟုတ်ဘူး။ နှမြောစရာ.."

ကျွန်တော် စိတ်လှုပ်ရှားစွာဖြင့်..

"ရှား ဘယ်လိုထင်လဲ"

ဟု မေးလိုက်သည်။

"ပြန်တွေ့မှာပါ..။ ဝေးဝေးမရောက်နိုင်ပါဘူး"

"ဘယ်လို ဝေးဝေးမရောက်နိုင်တာလဲ။ တစ်ယောက်ယောက်က နှိုက်ယူသွားတယ်လို့ ရှားထင်လို့လားဟင်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

ရှားက ပြောရင်း ဗီဒီယိုကင်မရာကို ခုံပေါ်မှပြန်ယူကာ ခလုတ်တွေလျှောက်နှိပ်နေသည်။ သည်ကင်မရာလေးက ဂျပန်မှပြန်လာသော ရှား၏မိတ်ဆွေ အမျှသည်တစ်ယောက်က လက်ဆောင်ပေးထားခြင်းဖြစ်၏။ ကင်မရာအရွယ်က သေးသည်။ နောက်ဆုံးပေါ် ဗီဒီယိုကင်မရာလေးဖြစ်သည်။ ရိုက်ပြီးသားကို ချက်ချင်းပြန်ကြည့်၍ရသည်။

"ရဲတွေကို ငါသွားခေါ်မယ်။ နင် ဒီမှာနေခဲ့။ ရဲတွေနဲ့ ရှာလိုက်ရင် နိုးတဲ့သူခိုးကို မိမှာပဲ"

ရွှေဝါမမက ထိုင်ရာမှထကာ တဲ့၏ဟိုဘက်သည်ဘက် ကြည့်သည်။ တဲ့လုံခြုံရေးရဲများကို ရှာခြင်းဖြစ်၏။ ရဲနှစ်ဦးက, တဲ့၏တစ်ဖက်စွန်းမှာ ရှိနေသည်။ ရွှေဝါမမက ထိုရဲများရှိရာသို့ ခပ်သုတ်သုတ်ထွက်သွားပြီး အကျိုးအကြောင်းပြောနေသည်။

"ဟဲ့. . ဒါ. . ဘာလဲ"

"ဟင်. . လက်စွပ်လေး"

"အို. . ဘယ်လိုလုပ်ပြီး ငါ့အနွေးထည်အကျီအိတ်ထဲ ရောက်နေတာလဲ"

"ဟာ. . ပြဿနာပဲ"

ရွှေရောင်မမတို့ရှေ့မှ လင်မယားနှစ်ယောက်၏ တအံ့တသြနှင့် တုန်လှုပ်ချောက်ချားစွာ ရေရွတ်လိုက်သံများဖြစ်သည်။ မိုးပြာမလေးက မျက်နှာဝင်းလက်သွားပြီး. .

"ဟုတ်တယ်. .။ ဒါ. . မမရဲ့လက်စွပ်"

ဟု ဝမ်းသာအားရ အော်လိုက်သည်။

ရွှေဝါမမနောက်မှ ရဲသားနှစ်ဦး ပါလာသည်။ တစ်ဦးမှာ ရဲတပ်ကြပ်အဆင့်ရှိပြီး နောက်တစ်ဦးမှာ ရိုးရိုးရဲတပ်သားဖြစ်သည်။

"ဒီမှာ လက်စွပ်ပြန်တွေ့ပြီ မမရဲ့"

မိုးပြာမလေးက ဆီး၍ပြောသည်။

"ဘယ်ကတွေ့တာလဲ"

"မမ ရဲတွေသွားခေါ်တုန်း ဒီအန်တီက သူ့အနွေးထည်အကျီ အိတ်ထဲက တွေ့တာ"

"ဟင်..ဒါဆို အန်တီက နိုက်ယူထားတာပေါ့"

မိန်းမကြီးမှာ မျက်နှာပျက်ပျက်၊ လက်ခါခါ၊ ခေါင်းခါခါဖြင့်..

"အို..မဟုတ်ရပါဘူးကွယ်။ အန်တီ နိုက်မယူပါဘူး"

ဟု ငြင်းသည်။

သူမဘေးမှ ခင်ပွန်းဖြစ်သူ ယောက်ျားကြီးကလည်း..

"ဟုတ်ပါတယ်ကွယ်..။ ဦးဇနီးယူတာ မဟုတ်ပါဘူး"

ဟု ဝင်ပြောသည်။

ရဲတပ်ကြပ်က လက်ခံပုံမရ၊ မျက်နှာထားတည်တည်၊ လေသံ မာမာဖြင့်..

"ခင်ဗျားတို့မယူဘဲ ဘယ်လိုကြောင့် ခင်ဗျားတို့အိတ်ထဲ ရောက် နေမှာလဲ"

"အဲ..အဲဒါ.."

"ကျွန်တော်တို့ကို လာခေါ်လို့ အဖမ်းခံရတော့မယ်မှန်းသိမှ ရှာတွေ့ဟန်ဆောင်တာ မဟုတ်လား"

"မဟုတ်ရပါဘူးကွယ်..။ ဘုရားပေးပေး၊ ကျမ်းပေးပေးပါ"

ရွှေဝါမမက..

"ကျွန်မက အန်တီတို့ကို အင်မတန်မွန်ရည်ရိုးသားတယ်ဆိုပြီး လေးစားကြည်ညိုနေတာ။ အခုလိုလုပ်တာကတော့ တရားလွန်တယ်။ ကျွန်မက ဒီလို မရိုးမသားလုပ်တာကို လုံးဝမကြိုက်ဘူး။ လုံးဝ သည်းမခံ နိုင်ဘူး။ ရဲအရာရှိကြီးရှင့်..။ ဥပဒေအတိုင်း ဆောင်ရွက်ပေးပါ"

ဟု တင်းမာပြတ်သားစွာ ပြောလိုက်သည်။

စိတ်ကူးသစ်စာပေ

အခြေအနေက အတော်တင်းမာသွားပေပြီ။ ယောက်ျားကြီးက တောင်းပန်သည်။ မိန်းမကြီးက ဘာမှမပြောတတ်ဘဲ ငိုသည်။ မိုးပြာမလေးက ဝင်၍ စွာစွာစွာစွာဖြင့် ထောင်သည်။ ရွှေဝါမမက ဒေါသမျက်နှာနီနီကလေးဖြင့် အလျှော့မပေး။ ရဲများကလည်း လက်စွပ်မှာ မိန်းမကြီးလက်ဝယ်တွင် တွေ့ရှိပြီး မိန်းမကြီးကိုယ်၌ကလည်း အနွေးအင်္ကျီထဲတွင် တွေ့ရှိကြောင်း ဝန်ခံထားသဖြင့် အရေးယူရမည့်ပုံ ရှိနေသည်။

ရထားက လိုဏ်ဂူတစ်ခုကို ဖြတ်ပြန်သည်။ လိုဏ်ဂူက တိုသဖြင့် ခဏပဲမှောင်သွားသည်။

"ရှေ့မှာ မြင်းဒိုက်ရောက်ပြီ။ မြင်းဒိုက်ကျော်ရင် ကလောပဲ။ ကလောဘူတာမှာ ဆင်းပြီး ရဲစခန်းကျမှ ရှင်းကြပေါ့။ ကျွန်တော်တို့က တာဝန်အတိုင်း ဆောင်ရွက်ရမှာပဲ"

ရဲတပ်ကြပ်က ခပ်ပြတ်ပြတ်ပြောသည်။

အခြေအနေက အတော့်ကိုတင်းမာသွားပြီဖြစ်၏။ ရွှေဝါမမကလည်း ဒေါသတကြီး မျက်နှာတင်းတင်း၊ မျက်လုံးတွေက စူးရဲရဲနှင့်။ ယောက်ျားကြီးက အောက်ကျို့ပြီး တောင်းပန်နေသည်ကိုပင် အလျှော့မပေး ကျေနပ်ဟန်မရှိ။ မိန်းမကြီးကတော့ ခေါင်းငုံ့ပြီး တရှုံ့ရှုံ့ငိုလျက်ရှိသည်။

ထိုမြင်ကွင်းအားလုံးကို ရှားက အေးဆေးစွာကြည့်နေပြီးမှ ပေါင်ပေါ်က ဗီဒီယိုကင်မရာကို ရှေ့မှခုံပေါ်တွင် ချလိုက်သည်။

"ရှား ဘာလုပ်မလို့လဲ"

ကျွန်တော်က စိုးရိမ်စွာ မေးလိုက်သည်။ ရှား ထိုကိစ္စမှာ ပါဝင်တော့မည်ဆိုသည်ကို ကျွန်တော်တွက်လိုက်မိပြီးဖြစ်၏။

"ရှား ဝင်ဖြေရှင်းပေးမလို့ပါ"

ရှား ကျွန်တော့်ကို အပြုံးချိုချိုဖြင့် လှည့်ပြောပြီး တစ်ဖက်ခုံနားရှိ ရဲနှစ်ဦးနားသို့ ကပ်သွားသည်။ ရဲနှစ်ဦးက ရှားကို လှည့်ကြည့်သည်။ သူတို့က မေစံရှားကို သိပုံမရ။

စိတ်ကူးသစ်စာပေ

"ဒီက ကာယကံရှင်ညီမလေးကို မမက ကြားဝင်ပြီး မေတ္တာ ရပ်ခံပါရစေ။ ကြီးတဲ့အမှု ငယ်စေ၊ ငယ်တဲ့အမှု ပပျောက်ပါစေကွယ်။ ပစ္စည်းလည်း ပြန်ရပြီပဲ။ ကျေနပ်လိုက်ပါတော့"

ရွှေဝါမမက ရှားကို စူးစူးရဲရဲကြည့်သည်။ သူမအကြည့်က ဖေဖေဖော၊ မရေမရာနှင့် စူးစမ်းမှုများ ရောပါနေသည်။

"ရှင်က ဘယ်သူလဲ"

နှုတ်မှထွက်လာသည့် မေးခွန်း. .။

"မမက မေစံရှားပါ"

"ဩော်. ."

ရွှေဝါမမ မျက်နှာပျက်သွားသည်။ သို့သော် အလျှော့မပေးဟန် ဖြင့်. .

"ကျွန်မက တရားဥပဒေအတိုင်းပဲ ဖြစ်ချင်တယ်"

ဟု ပြောသည်။ လေသံမှာ အနည်းငယ်လျော့နေပုံတော့ရှိ၏။ ရှား ပြုံးလိုက်သည်။ ဘေးမှ ရဲသားနှစ်ဦးနှင့် ရွှေဝါမမတို့ရှေ့မှ ဖနီးမောင်နှံ နှစ်ဦးမှာ အံ့ဩ နားမလည်စွာ ငေးကြည့်နေကြသည်။

"တရားဥပဒေအတိုင်း ဖြစ်ချင်ရင်လည်း ရပါတယ်။ မမက ဆောင်ရွက်ပေးရမှာပေ့ါ။ မမမှာ သက်သေအနိုင်အမာရှိပါတယ်။ မမက ဒီကအန်တီတို့ဘက်က ရပ်ရပါလိမ့်မယ်"

ရှားမျက်လုံးများက ကျွန်တော့်ရှေ့ ခုံပေါ်ရှိ ဗီဒီယိုကင်မရာ ဆီသို့ ဝေ့လာသည်။ ရွှေဝါမမကို မျက်လုံးဖြင့်ပြသလိုက်ခြင်းဖြစ်၏။ ရွှေဝါမမ သဘောပေါက်သွားဟန်ဖြင့် မျက်နှာညှိုသွားပြီး အပြုံးကလေး ပေါ်လာသည်။

"ဒါဆိုလည်း မမစကားကိုပဲ ကျွန်မနားထောင်လိုက်ပါ့မယ်။ ကဲ. . တာဝန်ရှိရဲကြီးများကို အားနာပါတယ်။ ဒီအစ်မဝင်ပြောသလို ကျွန်မ ကျေနပ်လိုက်ပါ့မယ်"

ပွဲက ပြီးသွားသည်။ ရဲများ ပြန်ထွက်သွားသည်။ အစွပ်စွဲခံ လင်မယားက ရှားကို ကျေးဇူးတင်ကြောင်း ပြောသည်။ ရွှေဝါမမက မျက်နှာမကြည်မသာ။ မိုးပြာမလေးက စူပုပ်ပုပ်။

ကျွန်တော်က ဘာဆိုဘာမှ နားမလည်။

ကလောကို ရထားဝင်လာသည်။ ကျွန်တော်တို့ ပစ္စည်းများ သိမ်းပြီး ကလောမှာဆင်းရန် ပြင်ကြသည်။ ရွှေဝါမမနှင့် မိုးပြာမလေး ကတော့ မလှုပ်။ သူတို့ရှေ့မှ ဖနီးမောင်နှံကလည်း ဆင်းရန်ပြင်ဆင် နေကြသည်။

ရထားရပ်သည်နှင့် ကျွန်တော်နှင့်ရှား ရထားပေါ်မှဆင်းသည်။ ကျွန်တော်တို့ထိုင်နေရာမှ အထွက်တွင် ရွှေဝါမမက ထိုင်ရာမှ ထလာကာ ရှားအနားသို့ကပ်၍. .

"ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်သည်။ ရှားက အပြုံးဖြင့်သာ။ နှုတ်တုံ့စကားမှ မပြန်။

ကျွန်တော်တို့သည် ရှား၏အဒေါ်နေအိမ်သို့ရောက်ပြီး နားနေ ကြသောအခါ ရထားပေါ်က ကိစ္စကို ကျွန်တော်က နားမလည်ကြောင်း ပြောပြီး အကျိုးအကြောင်း ရှားကိုမေးသည်။

"အဲဒီနှစ်ယောက်ကို ကိုကိုမသိဘူးလား"

"ဟင့်အင်း. . မသိဘူး"

"ကိုကို့ကို ရှားပြောပြဖူးလို့ ကိုကိုတောင် ဝတ္ထုရေးသေးတယ် လေ။ နန်းတစ်လိမ်ပန်းတစ်လိမ် အမည်နဲ့လေ။ အဲဒီထဲက မင်းသမီး နှစ်ယောက်ဟာ အခု ရထားပေါ်က မင်းသမီးနှစ်ယောက်ပဲလေ"

"ဟုတ်လား. . "

"သူတို့က ရှားကို ဖြုန်းခနဲမှတ်မိပုံမရဘူး။ ရှားက သူတို့ကို မှတ်မိတယ်။ ရှား သူတို့ကိုအကဲခတ်နေတုန်း သူတို့ တစ်စုံတစ်ခုလှုပ်ရှား

မယ့် အရိပ်အကဲကို မှန်းဆမိလိုက်တယ်။ သူတို့ရဲ့အတောကို သိနေလို့ သူတို့ရဲ့ခြေလှမ်းကို တွက်လိုက်မိတာပါ။ သူတို့ရှေ့က လင်မယားက ပိုက်ဆံရှိပုံရတယ်။ အဆင့်အတန်းရှိတယ်။ ဒါပေမဲ့ ရိုးသားတယ်။ သူတို့က ဒီလိုလူမျိုးကို အချဉ်ဖမ်းလေ့ရှိတာလေ။ ဒီမှာ ရွှေဝါရောင် အကြီးမက စိန်လက်စွပ်ထုတ်လိုက်တာ တွေ့ရတယ်။ ဒီတော့ ရှား စဉ်းစားတယ်။ သူ ဘာလုပ်မှာလဲ။ ရှားခေါင်းထဲမှာ ကမ်းပါးနီလိုဏ်ဂူ ကို တွေးလိုက်မိတယ်။ လိုဏ်ဂူက ရှည်တော့ တစ်မိနစ်လောက်ဖြတ်ရ တယ်။ အဲဒီအချိန်မှာ သူတစ်ခုခုလုပ်မှာပဲလို့ ရှားအဖြေရသွားတယ်။ ဒါကြောင့် ဗီဒီယိုကင်မရာကိုထုတ်၊ အန်တီတို့ကို လိုဏ်ဂူထဲအဝင်မှာ လက်နှိပ်ဓာတ်မီးဖွင့်ထားပေးဖို့ပြော၊ လိုဏ်ဂူထဲက အဖြတ်မှာ ဗီဒီယိုကင် မရာနဲ့ သူတို့ကို ရိုက်ထားခဲ့တယ်လေ"

"အဲဒါတွေ ကိုကိုက ဘာမှကို မရိပ်မိခဲ့တာ။ ကိုကို တော်တော် အ,တာပဲ"

ရှား သဘောကျစွာ ရယ်သည်။

"ရှားအထင်တော့ လိုဏ်ဂူထဲဝင်လို့ မှောင်လည်းမှောင်ရော ရွှေဝါရောင်လေးက လက်စွပ်ကို ဟိုအန်တီရဲ့ အနွေးထည်အိတ်ထဲကို ထည့်လိုက်တယ်။ လိုဏ်ဂူထဲကလည်းထွက်ရော လက်စွပ်ပျောက်တယ် ဆိုပြီး ပြဿနာရှာတာပေါ့။ သူတို့ရည်ရွယ်ချက်က ရဲတိုင်မယ်၊ ဘာညာ ဆိုပြီးလုပ်ရင် ဟိုလင်မယားက ဂုဏ်သိက္ခာကျမှာစိုးလို့ တောင်းပန်မယ်။ အဲဒီမှာ သူတို့လိုချင်တာ အခွင့်အရေး တောင်းမှာပေါ့။ အဲဒီလိုလုပ်တာ"

"ဟာ. . ဒီနစ်ယောက်က မလွယ်ပါလား"

"ကဲ. . ကိုကို ဓာတ်လမ်းကို ရေလည်သွားပြီပေါ့။ ရှားက ဝင်ပြီးတော့ ရှားဖြစ်ကြောင်းနဲ့ ဗီဒီယိုကင်မရာကို ပြလိုက်တယ်ဆိုရင်ပဲ သူက ချက်ဆို နားခွက်က မီးတောက်သွားပြီလေ။ သူ့လုပ်ရပ် အရာ မထင်တော့ဘူး ဆိုတာကိုပေါ့။ ဒါကြောင့် လက်လျှော့သွားတယ်"

စိတ်ကူးသစ်စာပေ

"ဒါကြောင့် ရထားပေါ်ကအဆင်းမှာ သူက လာပြီး ရှားကို ကျေးဇူးတင်တယ်လို့ပြောတာ နေမှာပေါ့"

ရှားက ရယ်ပြန်သည်။ ရယ်ပြီး သူမ၏အနွေးထည်အိတ်ထဲမှ စာရွက်ကလေးတစ်ရွက်ကိုထုတ်၍ ကျွန်တော့်ကို လှမ်းပေးသည်။

ကျွန်တော်က စာရွက်ကလေးကိုဖြန့်၍ ဖတ်လိုက်သည်။ လှပသေသပ်သော လက်ရေးကလေးဖြင့် စာကြောင်းတိုတိုကလေး. .။

"လေးစားပါတယ် ဒေါ်ခမုစံရှား. .။ နောက်တစ်ပွဲ ထပ်ပြီးဆုံကြသေးတာပေါ့နော်"

၅

သည်မြို့မှာတော့ သည်ဟိုတယ်က နာမည်အကြီးဆုံး။ အဆင့်အမြင့်ဆုံး၊ အသားနားဆုံး၊ အခမ်းနားဆုံးဖြစ်သည်။ အဆင့်မြင့်သလိုဈေးလည်းကြီးသည်။ ထို့ကြောင့်လည်း တော်ရုံတန်ရုံလူများ သည်ဟိုတယ်သို့ လာရောက်တည်းခိုလေ့မရှိ။

နိုင်ငံခြားဧည့်သည်များ၊ ပြည်တွင်းမှဆိုလျှင်လည်း နာမည်ကျော်စီးပွားရေးသမားများ၊ ကုန်သည်များသာ လာရောက်တည်းခိုလေ့ရှိသည်။ အချို့ ငွေကြေးချမ်းသာသူ အသိုင်းအဝန်းကလည်း သည်ဟိုတယ်ကို လူသန့်သဖြင့် သဘောကျကြသည်။

တစ်ခုသောနံနက်ခင်းမှာ ဟိုတယ်ရှေ့သို့ အငှားကားကလေးတစ်စီး ထိုးရပ်လာပြီး ကားပေါ်မှ မိန်းမချောကလေးနှစ်ဦး ဆင်းလာသည်။ တစ်ဦးက အသက်အနည်းငယ်ကြီးသည်။ တစ်ဦးက ငယ်သည်။ ညီအစ်မဖြစ်ပုံရသည်။

အကြီးမိန်းကလေးမှာ အသက်အစိတ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ အသားအရေက ဖြူဝင်းရှန်းစိုသည်။ ဆံပင်ထုံးဖွဲ့မှုမှအစ ဝတ်

ဆင်ပုံမှာ ခေတ်ရှေ့ပြေးပြီး လှပသောခန္ဓာကိုယ်နှင့် ကြွကြွလေး လှနေသည်။ တန်ဖိုးကြီး နောက်ဆုံးပေါ်အဆင်အသွေးများကို ဝတ်ဆင်ထားသည်။ နားတွင်လည်းကောင်း၊ လည်တွင်လည်းကောင်း၊ လက်တွင်လည်းကောင်း၊ ရွှေတွေ၊ စိန်တွေက ပြိုးပြိုးပြက်ပြက်။

မျက်နှာအကျသွယ်လျက် အပြစ်ကင်းသော အလှတရားတို့ဖြင့် ဖွဲ့စည်းထားသော သူမမျက်နှာမှာမြင်သူငေးရလောက်သည်။ လမ်းလျှောက်ပုံကလေးကပင် ရွရွလေး။

နောက်တစ်ယောက်က အသက်နှစ်ဆယ်သာသာပင် ရှိမည်။ အကြီးမလေးလို ဆင်ယင်ထားသော်လည်း အကြီးမလေးလောက် မလှပါ။ အသားဖြူဖြူ ချောချောကလေးဟု ဆိုနိုင်သော်လည်း အရပ်က အနည်းငယ်ပုသည်။ ထိုအငယ်မလေးက သူတို့၏ခရီးဆောင်သေတ္တာကြီးကို ဆွဲ၍ လာသည်။

ဂိတ်ဝရှိ ဟိုတယ်ဝန်ထမ်းကလေးက ပြေးကြိုပြီး သူမထံမှ သေတ္တာကို ယူသည်။

မိန်းကလေးနှစ်ဦးသည် ဧည့်ကြိုကောင်တာသို့ တည်ငြိမ်ကျခြေရှစ္စာ လှမ်းလာပြီး ကောင်တာမှ တာဝန်ကျအမျိုးသမီးအား. .

"လေကောင်းလေသန့်ရပြီး မြို့ရှုခင်းတွေကို လှမ်းပြီး ကြည့်နိုင်၊ ခံစားနိုင်တဲ့ အခန်းမျိုး လိုချင်တယ်။ နှစ်ယောက်ခန်းပေါ့"

ဟု အကြီးမလေးက ပြောသည်။ ပြောဟန်ပြောပုံမှာ ရဲရင့်ဝင့်ကြွားမှုရှိပြီး အထက်တန်းကျလှသည်။

အငယ်လေးက. .

"အဲယားကွန်းရှိတဲ့ အခန်းနော်"

ဟု ဝင်ရောက်ဖြည့်စွက်သည်။

ကောင်တာမှ တာဝန်ကျအမျိုးသမီးက လက်ခံဧည့်စာရင်းကို စစ်ဆေးပြီး. .

"ရပါတယ်ရှင်. .။ အကောင်းဆုံးအခန်းကို ကျွန်မစီစဉ်ပေး ပါ့မယ်"

ဟု ပြောသည်။

"လောလောဆယ်အစီအစဉ်အရတော့ ငါးရက်နေမယ်။ ကျ သင့်ငွေကို တွက်ပါ။ တစ်ခါတည်း ပေးချေထားမယ်"

"ဟုတ်ကဲ့. ."

"ရော့. . ဒါဟာ ကျွန်မတို့ရဲ့ မှတ်ပုံတင်ကတ်ပါ"

ကောင်တာမှအမျိုးသမီးက မှတ်ပုံတင်ပါအမှုည်များကို စာရင်း ရေးသွင်းသည်။

(၁) မထိပ်ထားဦး၊ အဘ - ဦးမိုးကောင်း၊ အသက် - (၂၅) နှစ်၊ နေရပ်လိပ်စာ - သံလွင်လမ်း၊ ရန်ကုန်။

(၂) မကြည်ပြာလင်းလက်၊ အဘ- ဦးမိုးကောင်း၊ အသက်- (၂၁) နှစ်၊ နေရပ်လိပ်စာ - သံလွင်လမ်း၊ ရန်ကုန်။

ထိပ်ထားဦးတို့ညီအစ်မက ကျသင့်ငွေများ ပေးချေပြီးနောက် ကောင်တာရှိ အမျိုးသမီးက အခန်းသော့ကို ထုတ်ပေးသည်။

"မောင်ကျော်ကျော်. . ဒီက အစ်မတွေကို လိုက်ပို့လိုက်ပါ။ အခန်းအမှတ် ၄၁၂ ကို. ."

ဟိုတယ်ဝန်ထမ်းလေး မောင်ကျော်ကျော်က ထိပ်ထားဦးတို့ ခရီးဆောင်သေတ္တာနှင့် အိတ်များကိုသယ်ကာ ဧည့်ခန်းကျယ်ကြီးကိုဖြတ်၍ ဓာတ်လှေကားရှိရာသို့ ခေါ်သွားသည်။ ဓာတ်လှေကားဖြင့်တက်ပြီး အခန်းအမှတ် ၄၁၂ သို့ ပို့ပေးသည်။

အခန်းတံခါးကို ထိပ်ထားဦးက ဖွင့်ရင်း ဘေးဘီဝဲယာကို အကဲခတ်သည်။

ကြည်ပြာက. .

"ဟိုတယ်က သန့်တော့သန့်ပါတယ်။ မဆိုးပါဘူး"

ဟု မှတ်ချက်ပြုသည်။

"အေး. . တို့က အေးအေးဆေးဆေးနေချင်တာနဲ့တော့ အတော်ပါပဲ။ ဒါကြောင့်လည်း အစ်မက ဟို. . ဟိုတယ်ကို မသွားနဲ့လို့ ပြောတာ။ အဲဒီက ဈေးသက်သာပေမယ့် ရှုပ်တယ်"

ထိပ်ထားဦး၏ စကား. . ။

"ဒီမြို့မှာတော့ ဒီဟိုတယ်က အဆင့်အမြင့်ဆုံးပဲထင်တယ်။ ဟုတ်လား. ."

ဟု ကြည်ပြာက ဟိုတယ်ဝန်ထမ်းမောင်ကျော်ကျော်ကို လှည့်မေးသည်။

"ဟုတ်ပါတယ်ဗျ. . ။ အစ်မတို့ စိတ်ချမ်းမြေ့စွာနဲ့ တည်းခိုနိုင်ပါတယ်။ အစားအသောက်လည်း အစ်မတို့ကြိုက်ရာ ရနိုင်ပါတယ်။ ဥရောပအစားအစာ၊ ဂျပန်အစားအစာ၊ ထိုင်းအစားအစာတွေလည်း ရနိုင်ပါတယ်"

အခန်းတွင်းသို့ မောင်ကျော်ကျော်က ပစ္စည်းများကို သယ်ပို့နေရာချပေးသည်။ ထိပ်ထားဦးက မောင်ကျော်ကျော်အား ငွေစက္ကူတစ်ရွက်ကို ထုတ်ပေးသည်။

"ရော့. . မောင်လေး။ မုန့်ဖိုး. ."

မောင်ကျော်ကျော်က ငြင်းသည်။

"နေပါစေ အစ်မ. . ။ မုန့်ဖိုးပေးဖို့ မလိုပါဘူး။ ဒါက ကျွန်တော်တို့တာဝန်ပါ။ ကျွန်တော်တို့ဟိုတယ်က ဧည့်သည်တွေဆီက ဘာမှမယူရဘူးလို့ စည်းကမ်းရှိပါတယ်"

"လူကြီးတွေ မသိပါဘူးကွယ်။ ဒါက မမတို့က မင်းကိုခင်လို့ပေးတာပါ"

ထိပ်ထားဦးက မောင်ကျော်ကျော့်အိတ်ထဲသို့ ငွေစက္ကူကို ထည့်ပေးလိုက်သည်။

"ကျေးဇူးပဲ အစ်မ. ..။ လိုတာရှိရင်လည်း ပြောနော်"

မောင်ကျော်ကျော် ပြန်ထွက်သွားသည်။ အခန်းထဲမှာ ထိပ်ထားဦးနှင့် ကြည်ပြာသာ ကျန်ရစ်သည်။

ထိပ်ထားဦးက မှန်ပြတင်းမှ အပြင်သို့ငေးရင်း. .

"ဒီမြို့ကို တစ်ခါမှမရောက်ဖူးသေးဘူး။ မြို့လေးက တော်တော်လှတယ်။ နေ့လယ် ထမင်းစားပြီးမှ ထွက်လည်ကြမယ်"

❦ ❦ ❦ ❦ ❦

ဟိုတယ်၏ ဧည့်ကြိုကောင်တာသို့ လူလတ်ပိုင်း အမျိုးသားနှစ်ဦး ချဉ်းကပ်လာသည်။ ကောင်တာမှ တာဝန်ကျမိန်းကလေးက. .

"မင်္ဂလာပါရှင့်. .။ ကျွန်မ ဘာကူညီရမလဲ"

ဟု ခွန်းဆက်လိုက်သည်။ အမျိုးသားနှစ်ဦးအနက် အသက်အနည်းငယ်ကြီးဟန်ရှိ၍ အရာရှိတစ်ယောက်၏ဟန်ပန်မျိုးကို ပိုင်ဆိုင်ထားသူက အပြုံးဖြင့်. .

"တစ်ခုလောက် ကူညီပါကွယ်"

ဟု ရည်မွန်စွာပြောသည်။

"ဟုတ်ကဲ့. ."

စကားပြောသောအမျိုးသားကြီး၏ နောက်မှ လူငယ်ကမူ ဘာမှုမပြောဘဲ ဟိုတယ်တွင်းသို့ ငေးကြည့်နေ၏။

"ဒီလိုပါ. .။ ဒီဟိုတယ်မှာ မိန်းကလေးနှစ်ဦးများ လာပြီး

တည်းခိုသလား. . သိချင်လို့ပါ"

ကောင်တာမှ မိန်းကလေးက အမျိုးသားနှစ်ဦးကို လှမ်းကြည့်နေသည်။ သူတို့က ဘယ်သူတွေများလဲ။ ဘာကြောင့် သည်ကို လာပြီးစုံစမ်းတာလဲ. .။

"ခွင့်လွှတ်ပါရှင့်. .။ ကျွန်မတို့ဟိုတယ်မှာ လာရောက်တည်းခိုတဲ့ ဧည့်သည်တွေရဲ့ လုံခြုံရေးဟာ ကျွန်မတို့မှာ တာဝန်ရှိတာမို့ လူကြီးမင်းတို့ကို မကူညီနိုင်ပါဘူးရှင့်"

အမျိုးသားကြီးက ပျာပျာသလဲဖြစ်သွားကာ. .

"အို. . ဒီလိုပါ။ တစ်မျိုးမထင်နဲ့နော်။ ဒီက ညီမတို့ရဲ့ ဝတ္တရားကို ကျွန်တော်သဘောပေါက်ပါတယ်။ ခုဟာက ကျွန်တော်တို့ကလည်း သူတို့နှစ်ယောက်ရဲ့ လုံခြုံရေးအတွက်. ."

ဟု တောင်းပန်တိုးလျှိုးသော လေသံဟန်ပန်ဖြင့် ရှင်းပြသည်။

ကောင်တာတာဝန်ခံအမျိုးသားက တာဝန်ကျအမျိုးသမီးနားသို့တိုးလာကာ. .

"ဘာလဲ သူဇာ"

ဟု မေးသည်။

"ဒီက လူကြီးမင်းက ဒီဟိုတယ်မှာ မိန်းကလေးနှစ်ဦးတည်းလားလို့ မေးနေကြလို့ပါ"

သူဇာက ပြန်ဖြေသည်။

အမျိုးသားကြီးက. .

"ဒီလိုပါညီလေးရယ်. .။ အစ်ကိုတို့နှစ်ယောက်ကလည်း အဲဒီမိန်းကလေးနှစ်ယောက်ကို စောင့်ရှောက်ဖို့ လူကြီးက တာဝန်ပေးလိုက်လို့ပါ။ အစ်ကိုတို့က တာဝန်နဲ့. ."

ဟု ကောင်တာတာဝန်ခံကို မျက်နှာချင်းဆိုင်၍ ရှင်းပြလိုက်ပြန်သည်။ တစ်လက်စတည်းမှာပင် အိတ်ထဲမှ ဝန်ထမ်းကတ်တစ်ခုကို

ထုတ်ကာ တာဝန်ခံရှေ့သို့ ချပြလိုက်သည်။

တာဝန်ခံက ဝန်ထမ်းကတ်ကို ယူကြည့်နေစဉ်..

"ဒီမိန်းကလေးနှစ်ဦးကို ဦးထွဋ်ခေါင်က စိတ်ပူလို့ ကျွန်တော်တို့ကို လိုက်ပြီးစောင့်ရှောက်ခိုင်းတာပါ။ တခြားဟိုတယ်တွေမှာ လိုက်ကြည့်တာ မရှိဘူးဆိုလို့ ဒီဟိုတယ်မှာများ.."

ကောင်တာတာဝန်ခံ မျက်နှာပြောင်းသွားကာ..

"ဦးထွဋ်ခေါင်ဆိုတာ.."

"ဟုတ်ပါတယ်..။ အဲဒီ ဦးထွဋ်ခေါင်ပါ။ ဆရာက အလုပ်ကများတော့ ကျွန်တော်တို့ကို ခိုင်းလိုက်တာပါ။ ဒီက သူ့တပည့်တွေကို လှမ်းပြောဖို့ဆိုပြန်တော့လည်း ဆရာက တာဝန်နဲ့ ကိုယ်ရေးကိုယ်တာကို ခွဲခြားတဲ့လူလေ။ အဲဒါကြောင့်ပါ"

"ကျွန်တော် သဘောပေါက်ပါပြီ။ အဲဒီမိန်းကလေးနှစ်ဦးနာမည်က.."

"မထိပ်ထားဦးနဲ့ ကြည်ပြာလင်းလက်ပါ"

"သူဇာ.. ဧည့်သည်စာရင်းကို ကြည့်ပေးလိုက်ပါ။

"ဒီမှာ တည်းခိုနေပါတယ်"

ဟု သူဇာက အဖြေပေးသည်။

"ဟာ.. ဒါဆို ရပါပြီ။ ကျေးဇူးပါပဲခင်ဗျာ။ ကျွန်တော်တို့က ဟောဒီမှာ မတည်းနိုင်ပါဘူး။ မြို့ထဲမှာ တည်းပါတယ်။ သူတို့နှစ်ယောက်ဘေးမသီ၊ ရန်မခအောင် စောင့်ရှောက်ဖို့ပါဗျာ။ လူကြီးညီမဆိုတော့.."

အမျိုးသားကြီးက ယဉ်ကျေးစွာ ကျေးဇူးစကားဆိုသည်။

"ရပါတယ်ဗျာ..။ ကျွန်တော်တို့ဟိုတယ်ကလည်း သူတို့ကို ဂရုစိုက်မှာပါ"

"ကျေးဇူးပါပဲ..။ ဒါဆို ခွင့်ပြုပါဦး"

အမျိုးသားနှစ်ဦး ပြန်ထွက်သွားသည်။

ကောင်တာတာဝန်ခံက သူဇာအား. .

"သူဇာရေ. . ဒီညည့်သည်နှစ်ယောက်က အရေးကြီးတယ်။ အမှားအယွင်းမဖြစ်စေနဲ့။ ငါလည်း မန်နေဂျာဆီ သတင်းပို့ထားဦးမယ်။ အဆင်ပြေမှ ဖြစ်မှာ။ အဆင်မပြေရင် ငါတို့ဟိုတယ် မလွယ်ဘူး။ ဦးထွန်းခေါင်ဆိုတာက သိတယ်မဟုတ်လား"

ဟု မှာသည်။

"ဟုတ်ကဲ့. .။ ကျွန်မတို့လည်း ဂရုစိုက်ပါ့မယ်"

❦ ❦ ❦ ❦ ❦

စားသောက်ခန်းမှာ ထိပ်ထားဦးနှင့် ကြည်ပြာလင်းလက်တို့ စားသောက်နေကြသည်။ ဟိုတယ်ဝန်ထမ်းများက လိုလေသေးမရှိ အထူးဂရုစိုက်ကြသည်။ မန်နေဂျာပင်လျှင် ထိပ်ထားဦးတို့ဆီ ရောက်လာကာ. .

"လိုအပ်တာရှိရင် ပြောပါခင်ဗျာ"

ဟု ရိုရိုသေသေ လာပြောသည်။

"ဟုတ်ကဲ့ပါရှင့်. .။ ကျေးဇူးတင်ပါတယ်"

မန်နေဂျာထွက်သွားတော့. .

"ကြည်ပြာတို့တော့ ဘုရင့်သမီးတော်တွေ ကျနေတာပဲနော်"

ဟု ကြည်ပြာက ဖြေသည်။

"ဘဝင်တွေ မြင့်မနေနဲ့။ စားမှာ စား. ."

ထိပ်ထားဦးက ကြိမ်းလိုက်သဖြင့် ကြည်ပြာခေါင်းပုသွားသည်။

ထမင်းစားပြီးတော့ အခန်းကိုပြန်ကာ ခဏနားသည်။ နာရီဝက်ခန့် နားပြီးသောအခါ လိမ်းခြယ်ပြင်ဆင်ပြီး ထိပ်ထားဦးနှင့် ကြည်ပြာတို့ အခန်းမှဆင်းလာကြသည်။

ဧတ်လှေကားမှ ထွက်လိုက်လျှင်ပင် မန်နေဂျာနှင့် ထိပ်တိုက်တိုးသည်။

"ဘယ်သွားကြမလို့လဲ. .။ ကားစီစဉ်ပေးရမလား"

ဟု လေးစားစွာ မေးသည်။

"ရပါတယ်. .။ နေပါစေ. .။ ကျွန်မတို့ဘာသာ ကြံသလိုသွားပါမယ်။ သိပ်ဝေးဝေးကြီးသွားမှာလည်း မဟုတ်ပါဘူး"

"တခြား ဘာများလိုဦးမလဲ. .။ လိုအပ်တာ ပြောပါခင်ဗျာ"

"ဘာမှမလိုအပ်ပါဘူး။ ကျွန်မတို့အဖို့ လွတ်လပ်မှုပဲ လိုပါတယ်"

မန်နေဂျာ ရပ်ကျန်ရစ်ခဲ့ပြီး ထိပ်ထားဦးတို့ ကြွကြွလေးထွက်လာကြသည်။ ဝန်ထမ်းအချို့နှင့်ဆုံရာတွင် ဝန်ထမ်းများက ခေါင်းကလေးပင်ညွတ်၍ လေးစားမှုကို ပြကြသည်။ ဂိတ်ပေါက်ဝမှ ဘာဝန်ကျဝန်ထမ်းလေး မောင်ကျော်ကျော်က ပြေးလာပြီး. .

"အစ်မတို့ အပြင်သွားမှာလား။ ကျွန်တော် ကားငှားပေးမယ်လေ"

ဟု ခါးကလေးကိုင်း၍ ပြောပြန်သည်။

"နေပါစေ. .။ မမတို့ လမ်းလျှောက်သွားမယ်"

ထိပ်ထားဦးတို့နှစ်ဦး ထွက်သွားရာသို့ ဟိုတယ်ဝန်ထမ်းများ ငေးကျန်ရစ်ခဲ့ကြသည်။

ညနေပိုင်း ထိပ်ထားဦးတို့ ဟိုတယ်သို့ ပြန်ရောက်လာသောအခါတွင်လည်း ဝန်ထမ်းများက ခရီးဦးကြိုပြုကြသည်မှာလည်း လိုသည်ထက်ပင် ပိုနေပေသည်။

❦ ❦ ❦ ❦ ❦

နောက်တစ်နေ့တွင် နံနက်ပိုင်းမှပင် စတင်ပြီး ထိပ်ထားဦးနှင့် ကြည်ပြာတို့နှစ်ယောက် ဟိုတယ်မှ မြို့ထဲသို့ ထွက်သွားကြသည်။ သူတို့ အပြင်ထွက်လည်ကြောင်းနှင့် ညနေမှပြန်ရောက်မည့်အကြောင်းကိုလည်း ဧည့်ကြိုကောင်တာမှ တာဝန်ခံထံ သတင်းပို့ခဲ့သည်။

ညနေ ပြန်လာသောအခါတွင်လည်း. .

"မမတို့ ပြန်လာပြီနော်"

ဟု ကောင်တာတာဝန်ခံရော၊ တာဝန်ကျမိန်းကလေးကိုပါ နှုတ်ဆက်ရင်း အသိပေးသည်။ ဂိတ်ဝမှ မောင်ကျော်ကျော်ကလည်း ထိပ်ထားဦးတို့ဝယ်လာသော ပစ္စည်းအိတ်တစ်ခုကို ယူဆွဲပေးပြီး အခန်းသို့ လိုက်ပို့သည်။

ဓာတ်လှေကားဖြင့် ထိပ်ထားဦးတို့ တက်လာခဲ့ကြပြီး သူတို့ တည်းခိုရာအခန်းသို့ ရောက်သောအခါ ထိပ်ထားဦးက မောင်ကျော်ကျော် အား ရပ်ငှစောင့်နေသည်။

"မောင်လေး. . လက်စနဲ့ အထဲထိ ပို့ပေးခဲ့ပါနော်"

ထိပ်ထားဦးက မောင်ကျော်ကျော်ကို ချိုမြိန်စွာ လှည့်ပြောသည်။

"ဟုတ်ကဲ့. .။ ရပါတယ်ခင်ဗျ"

"မမ. . ရပြီ"

ကြည်ပြာက သော့ဖွင့်ပြီး တံခါးကိုဟ,လိုက်ကာ နောက်သို့လှည့်၍ ပြောသည်။ ပြောပြီး အထဲကိုဝင်သည်။ ကြည်ပြာ့နောက်မှ ထိပ်ထားဦး နှင့် ထိပ်ထားဦးနောက်မှ မောင်ကျော်ကျော်. .။

"ဟင်. ."

"ဟယ်. ."

ထိပ်ထားဦးနှင့် ကြည်ပြာတို့ထံမှ ကျယ်လောင်သော အထိတ် တလန့်အော်သံများ ပေါ်ထွက်လာသည်။ သူတို့ မျက်လုံးများပြူးကျယ် ကာ နေရာမှာပင် ရုတ်တရက် အံ့အားသင့်စွာ ရပ်ကြည့်နေမိကြသည်။

သူတို့၏ အလန့်တကြားအော်သံများကြောင့် နောက်ပါးမှပါလာသော မောင်ကျော်ကျော်ကလည်း လန့်ဖျပ်သွားပြီးမှ သူတို့ဘာကြောင့်အော် လိုက်သလဲဟု ကြည့်လိုက်သောအခါတွင်မှ သူလည်း မျက်လုံးပြူးသွား ရလေသည်။

ကြည့်ပါဦး. . ။

အခန်းတွင်း၌ ထိပ်ထားဦးတို့၏ ပစ္စည်းများ၊ အဝတ်များ ပြန့်ကျဲ ရှုပ်ပွနေသည်တကား။ ထိပ်ထားဦးတို့၏ ခရီးဆောင်သေတ္တာနှင့် အိတ်များသည်လည်း ပွင့်လျက်ရှိနေသည်တကား။

"အို. . ဘုရား. . ဘုရား. . "

ဟူသော ထိပ်ထားဦး၏ ရင်ဖိ၍ ညည်းညူလိုက်သံနှင့်. .

"ကုန်ပြီ. . ကုန်ပြီ. . ။ ကျွန်မတို့ပစ္စည်းတွေ၊ ငွေတွေ ပါသွားပြီ"

ဟူ၍ ကြည်ပြာ၏ တုန်တုန်လှုပ်လှုပ်အော်လိုက်သံ ရှေ့ဆင့် နောက်ဆင့် ပေါ်လာသည်။

ကြည်ပြာက အော်ရင်းမှပင် သူတို့၏ ခရီးဆောင်သေတ္တာနှင့် အိတ်ဆီသို့ ပြေးသွားကာ အတွင်းကို ဖွင့်ကြည့်လိုက်သည်။

"မမရေ. . ဒုက္ခပဲ။ ဘာမှမရှိတော့ဘူး"

ကြည်ပြာက ထိပ်ထားဦးကို လှမ်းကြည့်ပြီး ငိုသံပါကြီးနှင့် ပြောလိုက်သည်။ ထိပ်ထားဦးမှာ ဘာမှမပြောနိုင်တော့ဘဲ ရုတ်တရက် ကြက်သေသေကာ ရပ်နေရာမှပင် လျော၍ ထိုင်ချသွားသည်။

"ဒါဆို ဘယ်လိုလုပ်ကြမလဲဟင် ညီမလေး"

ဟု စိုးရိမ်စွာ၊ ထိတ်လန့်စွာ ပြောလိုက်သံသဲ့သဲ့က သူမထံမှ ပေါ်ထွက်လာသည်။

"ဒါ. . သူခိုးဝင်ခိုးသွားတာပဲ"

မောင်ကျော်ကျော်လည်း တအံ့တသြဖြစ်နေရာက အသက်ဝင် လာကာ ဝင်ပြောလိုက်သည်။

ဘာလုပ်မလဲဟင် မောင်လေး”

ကြည်ပြာက မောင်ကျော်ကျော်ကို ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြင့် မေးလိုက်သည်။ မောင်ကျော်ကျော် ခေါင်းကုတ်လိုက်သည်။

“နေဦး..။ မပတို့ ဘာမှမလုပ်နဲ့ဦး။ ကျွန်တော် မန်နေဂျာဆီ ပြေးပြီးသတင်းပို့လိုက်ဦးမယ်။ ခဏနော်..”

မောင်ကျော်ကျော် အခန်းတွင်းမှ လှစ်ခနဲပြေးထွက်သွားသည်။ ထိပ်ထားဦးနှင့် ကြည်ပြာ အခန်းထဲမှာ ငိုင်ကျန်ရစ်သည်။

မကြာမီ မန်နေဂျာ၊ ညှိနှိုင်းကြိုကောင်တာတာဝန်ခံနှင့် အခြား တာဝန်ရှိသူသုံးလေးဦး အပြေးရောက်ချလာသည်။

“ဘယ်လိုဖြစ်တာလဲ”

မန်နေဂျာက တအံ့တဩမေးသည်။

“ဘယ်လိုဖြစ်မှန်း မသိပါဘူး။ ကျွန်မတို့ ပြန်လာပြီး တံခါး လည်းဖွင့်လိုက်ရော အခုလိုတွေ့ရတာပဲ”

ထိပ်ထားဦးအဖြေနှင့် ကပ်လျက်..

“ဟုတ်တယ် ဆရာ..။ ကျွန်တော်တို့ ဝင်လိုက်တာနဲ့ အခုလို တွေ့ရတာ”

ဟု မောင်ကျော်ကျော်ကပါ ဝင်ပြောသည်။

“ဘာတွေပျောက်ဆုံးသွားလဲ။ ကြည့်ပြီးပြီလား”

“စောစောက ကျွန်မကြည့်လိုက်တော့ ကျွန်ပတို့ထားခဲ့တဲ့ ပစ္စည်းတွေနဲ့ ငွေတွေ မရှိတော့ဘူး”

ကြည်ပြာက ဝင်ပြောသည်။

“အခု ထပ်ပြီး စစ်ကြည့်ပါဦး”

ကြည်ပြာက နောက်တစ်ကြိမ် အိတ်တွေ၊ သေတ္တာတွေကိုဖွင့်ပြီး ထပ်မံစစ်ဆေးကြည့်သည်။

“ဟုတ်ပါတယ်..။ ဘာမှမကျန်တော့ဘူး”

"ဘာတွေပါသွားလဲ. .။ အတိအကျမှတ်မိလား"

"ဒီနေ့မှ ကျွန်မတို့ကလည်း တစ်နေ့လုံး အပြင်သွားမှာဆိုတော့ တန်ဖိုးကြီးတာတွေ ဘာမှဝတ်မသွားဘဲ သိမ်းထားခဲ့ကြတာ။ ခုလိုဖြစ် မယ် မထင်ဘူးလေ။ လည်တံ့ရော၊ ဆွဲကြိုးရော၊ လက်ကောက်ရော။ ညီမလေးက ဆွဲကြိုးနဲ့ ဟန်းချိန်း။ ငွေကတော့ သိပ်မများပါဘူး။ ရှစ်သောင်းလောက် ကျန်ခဲ့မှာပေါ့"

"ဟာ. . တန်ဖိုးက မနည်းပါလား၊ ခုကွပဲ. .။ ဘယ်လိုဖြစ်ရတာလဲ မသိဘူး"

မန်နေဂျာက မျက်စိမျက်နှာပျက်နေရာက ပြတင်းပေါက်များကို လှမ်းကြည့်သည်။ ပြတင်းပေါက်က ပိတ်လျက်သားဖြစ်၏။

"မနက်က ခင်ဗျားတို့ သော့တွေယူသွားလား"

"ယူသွားတယ်"

"ကြည့်ရတာ ပြတင်းပေါက်တွေက မပွင့်ဘူး။ ဒီတံခါးကြီးကပဲ ဖွင့်ပြီး ဝင်ပုံပဲ"

"ရဲတိုင်မှ ထင်တယ်"

ထိပ်ထားဦးက မန်နေဂျာ၏သဘောကို တောင်းခံဟန်ဖြင့် ပြောလိုက်သည်။

"မမ. . ကျွန်မ အစ်ကိုကြီးဆီကို ချက်ချင်းဖုန်းသွားဆက်မယ်။ ဒီလိုဟိုတယ်ကြီးမှာ ဒီလိုဖြစ်တာ သဘာဝမကျဘူး။ ကျွန်မတို့အသက်ကို ဝင်ပြီးရန်မရှာတာတောင် တော်သေးတယ်"

ကြည်ပြာက ဝင်ပြောသည်။ ထိပ်ထားဦးက. .

"နေဦးညီမလေး. .။ မဆက်နဲ့. .။ အစ်ကိုကြီးသိရင် ပြဿနာရှုပ်ကုန်မယ်။ တော်ကြာ ဒီဟိုတယ်ကိုပါ. ."

ဟု ပြောရင်း စကားရပ်ပစ်လိုက်သည်။

"ဟုတ်ပါတယ် ညီမတို့ရယ်။ မလောပါနဲ့. .။ ကျွန်တော်တို့

ဖြေရှင်းပေးပါ့မယ်။ ညီမတို့ပစ္စည်းတွေ မဆုံးရှုံးစေရပါဘူး''

မန်နေဂျာက ဝင်ပြောသည်။ မန်နေဂျာနောက်မှ ညှော်ကြို ကောင်တာ တာဝန်ခံအပြင် ကျန်တာဝန်ရှိပုဂ္ဂိုလ်များလည်း မျက်နှာပျက် နေကြသည်။ ဘာပြောရမှန်းပင် မသိ။

''သော့က ကျွန်မတို့ယူသွားတယ်လေ။ သူခိုး ပြတင်းပေါက် က ဝင်တာလည်း မဟုတ်ဘူး။ တံခါးမကြီးက ဝင်တာဆိုတော့. . သော့ က ဘယ်ကရလဲ။ သော့တုနဲ့ ဖွင့်တာလား။ ရှင်တို့ဟိုတယ်က ဒီလောက်မှ မလုံခြုံဘူးလား။ ဒါမှမဟုတ် ရှင်တို့ဟိုတယ်ဝန်ထမ်းတွေရော ခုလိုလုပ် တတ်လား။ ကျွန်မတို့ပစ္စည်းတွေ ပြန်ရမယ်လို့ ဘယ်လိုအာမခံမှာလဲ။ ပြောနေ ကြာတယ်။ ရဲစခန်းကို အကြောင်းကြားပါ။ ပစ္စည်းခိုးခံရကြောင်း လည်း တိုင်မယ်။ ဟိုတယ်ကိုလည်း တရားစွဲမယ်''

ကြည်ပြာက ကက်ကက်လန်အောင် ဒေါတွေမောတွေနှင့် ခါး ထောက်ပြီးပြောသည်ကို ထိပ်ထားဦးက လက်လှမ်းတားပြီး. .

''ညီမလေး. . အဲဒီလောက် စိတ်မလှုပ်ရှားနဲ့လေ။ မန်နေဂျာ ကြီးက ပြေလည်အောင် လုပ်ပေးပါ့မယ် ဆိုနေတာပဲ''

ဟု ချော့သည်။

''ပြေလည်အောင် ဘယ်လိုလုပ်မှာလဲ။ ခုပျောက်သွားတာ စုစု ပေါင်းရင် ဆယ့်လေးငါးသိန်းလောက်တောင် ရှိမှာ။ ညီမလေးတို့ဆီမှာ ငွေတချို့ပါသွားလို့ တော်သေးတယ်။ ခုလိုဆို ညီမလေးတို့ ဘယ်လိုခရီး ဆက်မလဲ''

''ဒီမှာ. . ဒီမှာ. . ညီမလေးတို့ သည်းခံကြပါ။ ကျွန်တော်တောင်း ပန်ပါတယ်။ ရဲကို အကြောင်းမကြားပါနဲ့ဦး။ ဒါက ဟိုတယ်တွင်းမှာဖြစ်တဲ့ ပြဿနာလို့ ထင်ပါတယ်။ ကျွန်တော်တို့ ပစ္စည်းပြန်ရအောင် ကြိုးစား ပေးပါ့မယ်။ ခဏလေးပါ''

''ဒါဆို မြန်မြန် လုပ်စရာရှိတာလုပ်။ ကျွန်မတော့ သည်းမခံ

နိုင်တော့ဘူး။ ဘယ့်နဲ့ရှင်. .။ ဒီမြို့က အဆင့်အမြင့်ဆုံးဟိုတယ်တဲ့. .။ ဟိုတယ်မှာလာတည်းတဲ့ ဧည့်သည်ရဲ့ပစ္စည်းကိုမှ လုံခြုံအောင် မထိန်းသိမ်း မစောင့်ရှောက်နိုင်ဘူး။ ကျွန်မထင်တာတော့ ရှင်တို့ဟိုတယ်ဝန်ထမ်းပဲ လုပ်တာ ဖြစ်မှာပဲ။ ဒီသော့က ရှင်တို့ဆီမှာလည်း ရှိနေသေးတယ်လေ။ ကျွန်မတို့ပစ္စည်းတွေ ပြန်ရအောင် လုပ်ပေးရင်ပေး၊ မပေးရင်တော့ ရှင်တို့ဟိုတယ် ပိတ်သွားအောင် လုပ်ပစ်မယ်''

ကြည်ပြာက ဒေါသကြီးဆဲ. .။

''ဟဲ့. . ကြည်ပြာ. . ညီမလေး. . စကားပြော ကြမ်းလိုက်တာ။ အဲဒါကြောင့် အစ်ကိုကြီးက ညီမလေးကို စိတ်မချတာ''

ထိပ်ထားဦးက ကြည်ပြာကို ဟန့်တားရပြန်သည်။

ဟိုတယ်မန်နေဂျာနှင့် တာဝန်ရှိသူများ ထိပ်ထားဦးအခန်းမှ ထွက်လာပြီး ခေါင်းချင်းရိုက်ကုန်ကြသည်။

''ဘယ်လိုလုပ်မလဲ''

''မင်းတို့ ကောင်တာမှာရှိတဲ့သော့ကို သွားကြည့်စမ်း။ ရှိသေး ရဲ့လား ဆိုတာ. .''

''သော့က ရှိတယ် ဆရာ''

''ဒါဆို နေ့လယ်က သော့ကို ဘယ်သူယူသေးလဲ''

''ဘယ်သူမှတော့ မယူဘူး။ ကျွန်တော်တို့ ရှိနေတာပဲ''

''မင်းတို့အလစ်မှာ တစ်ယောက်ယောက်ယူတာ ဖြစ်နိုင်တယ်။ မင်းတို့ကလည်း ပေါ့ဆလိုက်တာကွာ. .။ ခုဟာက ငါတို့တာဝန် လုံးလုံး ဖြစ်နေတယ်''

''သူခိုးက သော့တုနဲ့ ဝင်မွှေသွားတာ ဖြစ်နိုင်တယ်''

''သော့တုနဲ့ ဝင်ခိုးရင်လည်း အဲဒီသော့တု ဘယ်လိုလုပ်နိုင်လဲ ဆိုတာက ငါတို့တာဝန်ကို ပြန်ညွှန်းနေတာပဲ''

''ဆရာ. . သူတို့ရဲ့တိုင်ရင်လည်း ပြဿနာပဲ။ ပြီးတော့ သူတို့

ခေါင်ကို ဦးထွင့်ခေါင်ကို. ."

"အေး. , အဲဒါကို ငါစိုးရိမ်တာပဲ။ ဒီပြဿနာက ငါတို့ဟိုတယ် ကိုပါ ထိခိုက်တော့မယ်"

"ကျွန်တော်တို့ဟိုတယ်ထဲမှာ ရှာဦးမယ် ဆရာ. ."

"ငါလည်း သူဌေးကို အကြောင်းကြားမှ ဖြစ်မယ်။ သူဌေးရဲ့ သဘောကတော့ ဘယ်လိုနေမလဲ မသိဘူး။ ငါ့သဘောကတော့ သူတို့ ပျောက်ဆုံးသွားတာကို လျော်ပေးလိုက်တာ အကောင်းဆုံးလို့ ထင်တာပဲ"

သူတို့တစ်တွေ လုပ်စရာများ ခွဲဝေလုပ်ဆောင်ရန် လူခွဲထွက် သွားကြသည်။ ဟိုတယ်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားခဲ့ပေပြီ။

❦ ❦ ❦ ❦ ❦

ဟိုတယ်ပိုင်ရှင် သူဌေးကလည်း ဟိုတယ်နာမည်ပျက်မည့်ကိစ္စ ကို မလိုလားသဖြင့် မန်နေဂျာတင်ပြသည်ကို သဘောတူလိုက်သည်ဟု ဆိုသည်။

ထိပ်ထားဦးတို့ ညီအစ်မအတွက် သင့်လျော်သော လျော်ကြေး ငွေတစ်ရပ်ပေးရန် ထိပ်ထားဦးနှင့် မန်နေဂျာဆွေးနွေးပါဟု ဆုံးဖြတ်ပေး လိုက်သည်။

ထိုသတင်းကို မန်နေဂျာက ထိပ်ထားဦးတို့အား လာရောက် ပြောပြသည်။ ညှိလိုက်တော့ ဆယ်သိန်းနှင့် ကိစ္စပြီးပြတ်သွားသည်။ ထိုငွေကို ထိပ်ထားဦးတို့မပြန်မီ ပေးရန်လည်း မန်နေဂျာက သဘော

တူသည်။

မန်နေဂျာ အခန်းမှထွက်သွားပြီးနောက် ကြည်ပြာက အခန်း တံခါးကို သွားပိတ်ပြီး ပြန်လာရင်း..

"မမတို့ကတော့ ပိုင်သလား မမေးနဲ့"

ဟု ခပ်တိုးတိုးလှမ်းပြောသည်။ မျက်နှာမှာ အပြုံးအပျော် များဖြင့်..။

ထိပ်ထားဦးက ပြုံးသည်ဆိုရုံမျှ..။

"ကိစ္စက မပြတ်သေးဘူး။ ငွေက တို့လက်ထဲ မရောက်သေး ဘူး။ ပိပိရိရိနေဦး"

ဟု ကြိမ်းပြောလေး ပြောလေသည်။

ထိုစဉ်..

"ဒေါက်..ဒေါက်..ဒေါက်.."

တံခါးခေါက်သံ ပေါ်လာသည်။ ထိပ်ထားဦးမှာ ကြည်ပြာ ပါ တံခါးမဆီသို့ အာရုံရောက်သွားသည်။ ထိပ်ထားဦးက တံခါးဖွင့်ရန် အချက်ပြလိုက်သဖြင့် ကြည်ပြာက တံခါးကို ဖွင့်သည်။

တံခါးဝ၌ ရပ်နေသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။

အသက် (၂၇) နှစ်ခန့်..။ ကိုယ်လုံးကိုယ်ထည် ကျစ်လျစ်သွယ် လျပြီး အသားညိုဝင်းဝင်းကလေးနှင့်..။ မျက်ခုံးပေါ့ထူထူလေးအောက်မှ စူးရှတောက်ပြောင်သော မျက်လုံးကလေးများနှင့် ပိရိသေသပ်သော နှုတ်ခမ်းလွှာနှင့်။ ဆံပင်ရှည်ရှည်ကို ဖိုးစင်းစွာဖွဲ့နှောင်ထားပြီး တည်ကြည် ဣန္ဒြေရသော အသွင်သဏ္ဌာန်ရှိသည်။ ရဲရင့်ပြတ်သားသောစိတ်ဓာတ် ကို သူမ၏မျက်နှာမှာ အထင်းသားမြင်ရသည်။

"ဘာကိစ္စလဲ.."

ကြည်ပြာက မေးသည်။

ညိုသည်အမျိုးသမီးက ပြုံးလျက်..

"ထိပ်ထားဦးနဲ့ တွေ့ချင်လို့"

ဟု ပြောသည်။

"ဝင်ခဲ့ပါ"

ဟု ထိပ်ထားဦးက အတွင်းမှလှမ်းပြောသဖြင့် ကြည်ပြာက တံခါးကိုဖွင့်ပေးလိုက်ရာ အမျိုးသမီးက အတွင်းသို့ တည်တည်ငြိမ်ငြိမ်ကလေး လှမ်းဝင်လာသည်။

ထိပ်ထားဦး သူမကို မှတ်မိလိုက်ပါပြီ။ မှတ်မိလိုက်သည်နှင့် ချက်ချင်း မျက်နှာပျက်သွားသည်။

"ဟင်. . ဒေါ်မေစံရှား"

"အင်း. . ဒီတစ်ခါတော့ မှတ်မိသားပဲ"

"ဘယ်က ဘယ်လိုဖြစ်လို့ ဒီကိုရောက်လာတာလဲ"

"အမှုကိစ္စတစ်ခုအတွက် ဒီမြို့ကို လာတာပါ။ ဒီဟိုတယ်မှာပဲ တည်းတယ်လေ။ နှစ်ရက်ရှိပြီ. .။ မနေ့က ထိပ်ထားဦးတို့ရောက်လာတာကို တွေ့လိုက်တယ်။ ဒါကြောင့် ဘာများထူးခြားမလဲလို့ စောင့်ကြည့်နေတာ"

". . . . . ."

"ဒီတော့ ဒီနေ့ ထူးခြားတာ တွေ့ရတာယ်လေ။ ဒါကြောင့် ထိပ်ထားဦးကို မေတ္တာရပ်ခံရအောင် ဝင်လာတာပါ"

ကြည်ပြာက ဘေးမှနေ၍ နားမလည်သလို ကြည့်နေသည်။ ထိပ်ထားဦးမျက်နှာကလေး နီထွေးထွေးဖြစ်နေပြီ။

"ဘာကို မေတ္တာရပ်ခံမှာလဲ"

မေးသံမှာ အဖျားခတ် တုန်ယင်နေ၏။

"အခုဖန်ထားတဲ့ခွင်ကို ဖျက်ပြီး နောက်ဆုတ်ပေးဖို့ပါ"

"ရှင်. ."

"မမက ဥပဒေဘက်တော်သားလေ။ အယောင်ဆောင် ပုံမှား

ရှိုက်မှုနဲ့ ထိပ်ထားဦးကို ဒုက္ခမရောက်စေချင်ပါဘူး။ ဦးထွဋ်ခေါင်နဲ့ ထိပ်ထားဦး ဘာမှမပတ်သက်ဘူးဆိုတာ ရဲကိုပြောပြလိုက်ရင်. .''

''အို. . မလုပ်. . မလုပ်ပါနဲ့''

''ဒါဆို. . ဟိုတယ်ဆီက ဘာမှမယူဘဲ ထိပ်ထားဦးက အလျှော့ပေး၊ ခွင့်လွှတ်တဲ့ပုံနဲ့ ဒီဟိုတယ်ကနေ အသာကလေး ထွက်သွားပေးပါ။ ဒါဟာ ထိပ်ထားဦးကို မမက အခွင့်အရေးပေးတာပါ။ ထိပ်ထားဦးကို မမက ညီမလေးလို ချစ်လို့ပါ။ ထိပ်ထားဦးရဲ့ ရုပ်ရည်၊ ထိပ်ထားဦးရဲ့ အရည်အချင်းနဲ့ဆိုရင် တစ်နေ့မှာ အောင်မြင်ထွန်းပေါက် လျှမ်းလျှမ်းတောက်လာမှာပါ။ အဲဒီလို ဖြစ်စေချင်ပါတယ်။ ထိပ်ထားဦးရဲ့ လမ်းကြောင်းတော့ ပြောင်းရလိမ့်မယ်နော်။ ဒါ. . မေတ္တာရပ်ခံတာပါ။ မမကို နောက်တစ်ပွဲတွေ့ကြသေးတာပေါ့လို့ စိန်မခေါ်ပါနဲ့ကွယ်။ ထိပ်ထားဦးနဲ့ မမ ထိပ်တိုက်မတွေ့ချင်ဘူး။ မမမျှော်လင့်ထားသလိုပဲ ထိပ်ထားဦးကို တွေ့ပါရစေ။ မမ သွားမယ်. .''

မေစံရှားက ပြောစရာရှိသည်များကို ပြောပြီး အခန်းတွင်းမှ လှည့်ထွက်သွားသည်။

ထိပ်ထားဦးက ငိုင်ကျန်ရစ်ပြီး ကြည်ပြာက ဆွေ့ဆွေ့ခုန်လျက်. . ။

❦ ❦ ❦ ❦ ❦

"ရှား. ."

"ဘာလဲဟင် ကိုကို"

"ရှားနဲ့ ထိပ်ထားဦးတို့ ဆုံပဲဆုံနိုင်လွန်းတယ်နော်"

"ဟုတ်တယ် ကိုကို. .။ ဒါပေမဲ့ ထိပ်ထားဦးကို ရှားက ဘယ်ဘဝရေစက်ကြောင့်လဲ မသိဘူး။ ခင်တွယ်နေမိတယ်။ ဒီနေ့ ရှား ပြောတာကို သူလက်ခံပုံပါပဲ။ တကယ်လက်ခံပါစေလို့ ရှားဆုတောင်းတယ် ကိုကို။ ကျောက်ကောင်းတစ်စေ့ကို နေရာမှားပြီး တန်ဖိုးမဲ့စေချင်လို့ပါ"

"နောက်တစ်ပွဲ ပြန်တွေ့ဖို့ စိန်ခေါ်လာရင် ဘယ်လိုလုပ်မလဲ"

"အဲဒီလိုဆိုတော့လည်း တိမ်ပေါ်အထိ လိုက်ရတော့မှာပေါ့"

ထိုအခိုက် ဟိုတယ်ဂိတ်ဝမှာ တာဝန်ကျသော မောင်ကျော် ကျော် ရောက်လာပြီး မေစံရှားကို စာတစ်စောင်ပေးသည်။ နှုတ်မှ လည်း. .

"ဟိုအစ်မနှစ်ယောက် ပြန်သွားပြီ။ ဒေါ်မေစံရှားကို ဒီစာပေး နိုင်းလိုက်လို့ပါ"

ဟု ပြောသည်။

ရှားက စာကို ဖြန့်ဖတ်လိုက်သည်။

စာက တိုတိုလေးပဲ ဖြစ်ပါသည်။

"နောက်တစ်ပွဲအတွက် ကြိုးဝိုင်းထဲက စောင့်နေမယ်. ."

ရှားက ခေါင်းကလေးကို ဖြည်းဖြည်းယမ်းခါရင်း မရှိုပြုံးလေး ပြုံးနေကြောင်း ကျွန်တော်တွေ့လိုက်ရသည်။

❦ ❦ ❦ ❦ ❦

# ၆

ချောင်းသာ၏ ကမ်းခြေအလှက ကိုမိုးကောင်း၏စိတ်ကို ညွှတ်နူးဆွတ်ပျံ့မှုကို ပေးပေသည်။ ပင်လယ်ပြင်မှတိုက်ခတ်လာသော လေကလည်း ပူပြင်းသော နွေရာသီလှောင်အိမ်ထဲက သူ့ကို အေးမြလန်းဆတ်မှုကို ပေးသည်ဟု ထင်သည်။ ကမ်းခြေမှာ ပြေးလွှားဆော့ကစားနေသူများကို ကိုမိုးကောင်းက အားကျစွာကြည့်ရင်း ပျော်ရွှင်မှုတွေ ကူးစက်ခံစားရရှိနေသည်။

ကိုယ်တိုင်ကမူ ဝင်၍ ရေမကူးလို။ ပြေးလွှားဆော့ကစားရန်လည်း စိတ်မပါ။ သူက တောင်ပေါ်သားဖြစ်သည်။ မြစ်ချောင်းအင်းအိုင်တွေနှင့် မကျွမ်းဝင်။ ထို့ကြောင့် ရေမကူးတတ်။ ပြီးတော့ အသက်အရွယ်က လေးဆယ်နားချဉ်းလာပြီမို့တစ်ကြောင်း။ အဖော်မပါ တစ်ကိုယ်တည်း အပန်းဖြေရန် ရောက်လာသူမို့ သူတကာလို ပြေးလွှားဆော့ကစားဖို့ စိတ်မကူး။

ကမ်းခြေမှာ လျှောက်မည်။ ပတ်ဝန်းကျင် သာယာသောနေရာများသို့ သွားမည်။ ဓာတ်ပုံရိုက်ချင်ရိုက်မည်။ ဈေးဆိုင်တန်းများမှာ

ပင်လယ်ပစ္စည်း အမှတ်တရတွေ ဝယ်ချင်ဝယ်မည်။

အမှတ်တရဆိုပြန်တော့ စိတ်ထဲမှာ မောလျှမှုလေးတစ်ခုက ခိုတွယ်လာပြန်သည်။ ကလေးတွေအဖို့ ဝယ်သွားသော အမှတ်တရလေးများမှာ ကလေးများအဖို့ ပေးဖြစ်ပါ့မည်လား မသိ။

စင်စစ် ကိုမိုးကောင်းမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။ သားကြီးက ရှစ်နှစ်၊ သမီးငယ်က ခြောက်နှစ်...။ သူတို့တွေက သူတို့အမေနှင့် နေကြသည်။ ကိုမိုးကောင်းနှင့် ကလေးတို့အမေမြတ်လေးငုံတို့က စိတ်သဘောချင်း မတိုက်ဆိုင်၍ ကွဲကွာနေကြသည်လေ။

ကွဲကွာခဲ့ရသည့် အကြောင်းတရားကို ပြန်ဆန်းစစ်တော့လည်း တကယ်တမ်းမှားယွင်းခဲ့သော ပြဿနာကြီး မဟုတ်။ အထင်လွဲမှုမျှသာ..။ ပြောရလျှင် မချစ်၍ မဟုတ်။ ချစ်လွန်း၍သာဟု ပြောလျှင်လည်း ရနိုင်သည်။

ကိုမိုးကောင်းနှင့် မြတ်လေးငုံက မိဘပေးစား၍ လက်ထပ်ဖြစ်ခဲ့ကြသည်မဟုတ်။ သူချစ်ကိုယ်ချစ် ချစ်သူဖြစ်ပြီး လက်ထပ်ပေါင်းသင်းခဲ့ခြင်းဖြစ်၏။ မိဘများကလည်း မကန့်ကွက်ခဲ့။ သည်တော့ ပန်းခင်းလမ်းဖြင့် ဘဝကို စခဲ့သည်ဟု ဆိုနိုင်၏။

တစ်ခုရှိသည်က မြတ်လေးငုံသည် အလွန်သဝန်တိုတတ်ခြင်းဖြစ်၏။ ကိုမိုးကောင်းကို မည်သည့်အခါမျှ စိတ်မချတတ်။ မိမိကကျောက်အရောင်းအဝယ်သမားမို့ ခရီးသွားလာရခြင်း၊ အပေါင်းအသင်းစုံခြင်းအပေါ်မှာပင် စိတ်က သံသယအတွေးတွေ ဝင်နေတတ်သည်။

ဤအကြောင်းကပင် သူနှင့် မြတ်လေးငုံတို့ ဝေးကွာဖို့ဖန်လာသည်ဟု ဆိုရမည်။

သားကြီးနှင့် သမီးငယ်တို့ မွေးဖွားလာခဲ့ပြီး သံ... ၁ဇဉ်တွေတိုးချိန်ကျမှပင် ပြဿနာက ပေါ်လာခဲ့ခြင်းဖြစ်၏။ အလုပ်သဘောနှင့်

ဆက်ဆံရသူ ကျောက်မျက်ဆိုင်ပိုင်ရှင် ဝါဝါနွယ်နှင့် ကိုမိုးကောင်းကို ယိုးစွပ်ခဲ့ခြင်းပင်။ ပတ်ဝန်းကျင်သတင်းစကားဖြင့် သံသယပွားပြီး မြတ်လေးငုံ နောက်ကလိုက်အချောင်း။ ထိုနေ့က ကိုမိုးကောင်းနှင့် ဝါဝါနွယ်ကလည်း အရောင်းအဝယ်အတွက် ချိန်းဆိုပြီးအတွေ့၊ ဝါဝါနွယ်ကလည်း နှလုံးရောဂါအခံရှိသူမို့ စကားပြောနေရင်း ရင်ဘတ်အောင့်ကာ လဲကျမလိုဖြစ်၊ ကိုမိုးကောင်းက ရိုးသားသန့်စင်စွာ ဝင်ထိန်းစဉ် မြတ်လေးငုံရောက်လာခြင်းပဲဖြစ်၏။

ပင်ကိုက သံသယပွားတတ်သူ။ လက်ရှိအနေအထားအရမြင်လျှင် တစ်မျိုးထင်နိုင်ဖွယ်ရှိချိန် တိုက်ဆိုင်သွားရကား မိုးမီးလောင်သည်အထိ ဖြစ်သွားရလေတော့၏။

ကိုမိုးကောင်းရှင်းပြသည်ကို မြတ်လေးငုံ လက်မခံ။

သစ္စာမဲ့သည်၊ ဖောက်ပြန်သည်ဟူသော စွပ်စွဲချက်များက ပြင်းထန်လွန်းသည်တွင် မာနအခံရှိသော ကိုမိုးကောင်းနှင့် စေ့မရစပ်မရဖြစ်ကာ အကွဲဇာတ်သိမ်းဖြင့် နိဂုံးချုပ်ခဲ့ရတော့၏။ ကလေးများက မြေစာပင်။ မြတ်လေးငုံသဘောအရ ကလေးများကို မြတ်လေးငုံနှင့်ထားခဲ့ပြီး ကိုမိုးကောင်း အိမ်ပေါ်မှဆင်းလာခဲ့သည်။

ယခုဆိုလျှင် သုံးနှစ်ကျော်ခဲ့ပြီ။

မြတ်လေးငုံ၏ သံသယများ ပြေချိန်တန်လောက်ပါပြီ။ အိမ်မှဆင်းလာပြီးနောက်ပိုင်း ဝါဝါနွယ်နှင့်လည်း ကင်းကင်းရှင်းရှင်းနေကာ အိမ်ထောင်မှုလည်း ထပ်မပြုဘဲ စီးပွားရေးတွင်သာ ပျော်ပိုက်နေခဲ့သော ကိုမိုးကောင်းကို မြတ်လေးငုံနားလည်စလည်းပြုပြီ ထင်ပါသည်။ မြတ်လေးငုံထံမှ သူ့အမှားကို မြင်သိပါကြောင်း သတင်းစကားများ ကြားခဲ့ရ၏။

တစ်ဖန်. .

"မြတ်လေးငုံတို့သားအမိတွေ ချောင်းသာကို သွားကြလိမ့်မယ်။ အဲဒီမှာ ကိုမိုးကောင်း စောင့်ပြီးတွေ့လိုက်ပါ။ ရှင်တို့နှစ်ယောက်ရဲ့

ချစ်ခြင်းမေတ္တာကို ကျွန်မတို့ နားလည်လို့ ဒီလိုပြောရတာပါ"

ဟု မြတ်လေးငုံ၏သူငယ်ချင်းက သတင်းပေး၊ အကြံပြုခဲ့သည်။

သို့ဖြင့် ကိုမိုးကောင်း ချောင်းသာသို့ရောက်လာခြင်းဖြစ်၏။

နောက်တစ်ကြောင်းကလည်း လက်ကြီးသမားတစ်ဦးနှင့် သည်ချောင်းသာမှာတွေ့ရန်ကိစ္စလည်း ပါဝင်၏။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ပေါ့. . ။

ယခုထိတော့ မြတ်လေးငုံတို့ မရောက်သေး။ စနေ၊ တနင်္ဂနွေ လောက်မှ လာမည်ဟု သူသိထားသည်။ သူက ကြိုရောက်နေခြင်းလည်း ဖြစ်၏။ အလုပ်ကိစ္စနှင့် တွေ့ဆုံမှုကိစ္စကမူ ပြီးပြတ်သွားခဲ့ပြီ။ အောင်မြင်သွားခဲ့ပြီ။

'မြတ်လေးငုံရေ. . မြန်မြန်လာပါတော့၊ ကိုမိုးကောင်းတမော့မော့' ဟုပဲ သီချင်းဖွဲ့ရလေမလား။

အတွေးဖြင့် ဝယ်ထားသော အမှတ်တရလေးများကို ကိုင်ကာ ဟိုတယ်သို့ ကိုမိုးကောင်းပြန်လာခဲ့၏။

သည်မှာ. .

သူတို့နှစ်ယောက်နှင့် ဆုံရပြန်သည်။ မနေ့က စားသောက်ခန်းမှာ ဆုံခဲ့သူတွေ. . ။

ညီအစ်မ ဖြစ်နိုင်ဖွယ်ရှိ၏။ ချောချောကလေးများ ဖြစ်ကြ၏။ တစ်ယောက်က အနည်းငယ်အသက်ကြီးပုံရသည်။ နှစ်ဆယ့်ခြောက်၊ နှစ်ဆယ့်ခုနှစ်လောက် ရှိမည်။ မြန်မာဆန်ဆန် ဆင်ယင်ထုံးဖွဲ့ထားသည်။ တည်ငြိမ်သည်။ အငယ်မလေးက နှစ်ဆယ့်သုံး နှစ်ဆယ့်လေးခန့်ရှိမည်။ သွက်သွက်ကလေးဖြစ်၏။ ခေတ်အနည်းငယ်ဆန်၏။ နာမည်တော့ မသိသေး။

လူချင်းအဖြတ်မှာ သူတို့နှင့်ဆုံတော့ သူ့တို့က အပြုံးဖြင့် နှုတ်ဆက်သည်။ အငယ်မလေးက နှုတ်ဆက်ခြင်းပါ။

"အစ်ကိုကြီးက အမှတ်တရတွေဝယ်လာတာ အများကြီးပါလား"

"ဟုတ်ကဲ့. ."

"ဟိုတယ်ကို ပြန်တော့မှာလား"

"ဟုတ်ကဲ့. ."

"ရေမကူးဘူးလား"

"ကျွန်တော်က ရေမကူးတတ်ဘူးဗျ"

"ယမင်းတို့ကတော့ ရေကူးမလားလို့ ဆင်းလာတာ"

"ကောင်းပါတယ်. .။ ပျော်စရာပေါ့"

သည်မျှနှင့် လမ်းခွဲခဲ့ကြ၏။ သူတို့က ပင်လယ်ကမ်းစပ်ဘက်ဆင်းသွားကြသည်။ ကိုမိုးကောင်းက ဟိုတယ်ကို ပြန်ခဲ့၏။

❦ ❦ ❦ ❦ ❦

ညနေစာစားချိန်မှာ သူတို့နှင့်မဆုံ။ ယမန်နေ့က သူစားသောစားပွဲမှာ ခွင့်တောင်းပြီး ထမင်းလာစားသွားသော သူတို့ ယနေ့တော့ ဘယ်ပျောက်နေသနည်း မသိ။

ညမိုးချုပ်တော့ လေညင်းခံဖို့ ကမ်းစပ်ကို သူပြန်ထွက်လာခဲ့သည်။

ဟိုတယ်၏မီးရောင်များနှင့်ဝေးရာ၊ လူစုလူဝေးများနှင့်လှမ်းရာ အုန်းပင်တန်းဘက်ဆီသို့ သူလမ်းလျှောက်လာခဲ့၏။

သည်မှာကျမှ သူတို့ကို ပြန်တွေ့ရ၏။ သူတို့ မဟုတ်ပါ..။ အကြီးမလေး မပါ။ အငယ်မလေး တစ်ဦးတည်းသာပါ။

အုန်းပင်တစ်ခု၏ မြစ်ဆုံပေါ်မှာ ထိုင်ပြီး ပင်လယ်ကိုငေးနေသည့် သူမ..။

သူမဘေးကအဖြတ်မှာ သူမထံမှ ငိုသံလိုလို၊ ရှိုက်သံလိုလို ကြားရသဖြင့် ကိုမိုးကောင်းလှည့်ကြည့်မိ၏။

အမှန်ပင်..။ သူမ ငိုနေခြင်းပါတကား..။

ကိုမိုးကောင်း နားမလည်သလို ဖြစ်သွား၏။ သူမ ဘာဖြစ်နေပါသနည်း။ တစ်ခုခု စိတ်အနှောင့်အယှက် ကြုံခဲ့ရလေသလား။ အကူအညီများ လိုနေသလေ။

ညီမတစ်ဦးကဲ့သို့ စာနာစိတ်ဖြင့် ကိုမိုးကောင်း သူမ၏ရှေ့သို့ ရောက်သွားသည်။ သူမက မော့ကြည့်ပြီး..

"အို..အစ်ကိုကြီးပါလား"

ဟု ရှိုက်သံဖြင့် စတင်နှုတ်ဆက်သည်။

"မင်း..ငိုနေတာလား"

ကိုမိုးကောင်းက မေးလိုက်သည်။ မေးလိုက်တော့မှ သူမက အငိုသည်းသွားပြန်တော့၏။ သူ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ..။ မင်းမှာ ဘာပြဿနာ ရှိနေလို့လဲ"

"ရပါတယ် အစ်ကိုကြီးရယ်..။ ယမင်းအတွက် မစိုးရိမ်ပါနဲ့။ အစ်ကိုကြီး စိတ်ရှုပ်မခံပါနဲ့။ အစ်ကိုကြီး လမ်းလျှောက်သွားမယ့်ဟာသာ သွားပါ"

"မဟုတ်ပါဘူး..။ မင်း တစ်ခုခုဖြစ်နေသလားလို့။ အစ်ကိုကြီး ဘာကူညီပေးရမလဲ"

သူမက တခဏငြိမ်သွားပြီးမှ ရှိုက်လျက်က သက်ပြင်းမောကြီး တစ်ချက်ကိုချကာ..

"အစ်ကိုကြီးကူညီပေးလို့ရမယ့်ပြဿနာ မဟုတ်ပါဘူး အစ်ကို ကြီးရယ်။ ယမင်းအဖြစ်ကိုက ဆိုးတာပါ"

ဟု ပြန်ပြောသည်။

အဖြစ်ကိုက ဆိုးတာ..တဲ့။

ကိုမိုးကောင်း စိတ်ဝင်စားသွားသည်။

"ဘာလဲ..။ မင်းအစ်မနဲ့ ပြဿနာတက်တာလား"

"အို..မဟုတ်ပါဘူး။ သူက ကျွန်မအစ်မ မဟုတ်ပါဘူး။ ယောက်မပါ"

"ဟင်.."

"အစ်ကိုကြီး အံ့ဩသွားသလား။ အစ်ကိုကြီးက ယမင်းကို အပျိုလေး ထင်လို့လား"

"နာမည်က ယမင်းတဲ့လား"

ကိုမိုးကောင်းက စကားကို လွှဲမေး၏။

"ဟုတ်ကဲ့..ယမင်းပါ။ ယမင်းနဲ့အတူတွေ့တဲ့ အစ်မက မသီဂီ ပါ။ သူက ကျွန်မခင်ပွန်းရဲ့ ညီမပါ"

"မင်းခင်ပွန်းလည်း မတွေ့မိပါလား"

ယမင်း တစ်ချက်ရှိုက်ပြန်သည်။

"သူပါမလာဘူး အစ်ကိုကြီး။ တကယ်ဆို သူနဲ့ယမင်း စကား များပြီး ထွက်လာတာပါ။ မမသီဂီက ကျွန်မကို စိတ်မချလို့ လိုက်လာ တာ"

"ဩော်.."

ယမင်း၏အကြောင်းကို ကိုမိုးကောင်းစိတ်ဝင်စားသွားသော် လည်း သူမတို့၏အတွင်းရေးမို့ မေး၍မသင့်။ နှစ်သိမ့်မှုပေးရန် စကား ကိုသာ ရွေးချယ်လျက်..။

"လင်နဲ့မယား လျှာနဲ့သွားပေါ့ကွယ်၊ ဒီလိုပဲ ဖြစ်တတ်ပါတယ်။

ဒါပေမဲ့ နှစ်ယောက်ချစ်လို့ ယူထားကြတာ။ ခဏကြာတော့ ပြန်ပြီးပြေလည်သွားမှာပါ''

ဟု ပြောလိုက်သည်။

''ယမင်းနဲ့ သူက ချစ်လို့ယူခဲ့ကြတာ မဟုတ်ဘူး အစ်ကိုကြီး။ မိဘတွေပေးစားလို့ ယူခဲ့ရတာပါ''

''အို. . ဟုတ်လား''

''သူက ယမင်းထက် အသက်လည်းကြီးတယ်။ ပြီးတော့ နိုင်လည်းနိုင်တယ်။ အဆိုးဆုံးကတော့ သဝန်တိုတာပဲ''

လာပြန်ပြီ. . တိုက်တိုက်ဆိုင်ဆိုင်။ သဝန်တိုသည့်အတွက် ဝေဒနာတက်နေသော ဇာတ်လမ်း. . ။ သူ မြတ်လေးငုံကို သတိရသွားသည်။ မိန်းကလေးချည်း သဝန်တိုတတ်တာမဟုတ်။ ယောကျ်ားသားများလည်း သဝန်တိုတတ်ကြသည်ပဲလေ။

''ယမင်းတို့အလုပ်ထဲက ဂျူကြီးတစ်ဦးနဲ့ မသက်ဘာ စွပ်စွဲလို့ စကားများကြတာပဲ အစ်ကိုကြီး။ ယမင်းက မဟုတ်ကြောင်း သစ္စာဆိုပြီး ပြောတာလည်း သူမယုံဘူး။ ရိုက်မယ်နက်မယ်လုပ်တာနဲ့ စကားများပြီး ယမင်း စိတ်ပေါက်ပေါက်နဲ့ ထွက်လာခဲ့တာ''

''မသီဂီက ဒီအကြောင်းတွေ မသိဘူးလား။ သူက မင်းဘက်က ရပ်တည်မပေးဘူးလား''

''သူက ဘာပဲပြောပြော သူ့အစ်ကိုဘက်ကပဲလေ။ ယမင်းဘက်က မှန်ကြောင်း သိပေမယ့် သူ့အစ်ကိုကျတော့ သူက သိပ်ချစ်တာ။ ဒါကြောင့် ယမင်းကပဲ အလျှော့ပေးပြီး ပြန်ဖို့ မမသီဂီက တိုက်တွန်းနေတယ်။ အဲဒါ ယမင်းလည်း စိတ်ညစ်တာနဲ့. . ''

ယမင်းက ပြောပြီး ငိုချလိုက်ပြန်သည်။ ယမင်းကိုယ်ကလေးပင် သိမ့်သိမ့်တုန်နေသည်။ သူ ကရုဏာပိုသွားရပြန်သည်။ တစ်နည်းအားဖြင့် သူနှင့်က ဘဝတူပါတကား။

"မငိုပါနဲ့ ယမင်းရယ်..။ ပြဿနာဆိုရင် အဖြေရှိကြတာ ချည်းပါ။ လောလောဆယ် တင်းမာနေတာကို။ အချိန်က ကုစားပြီး ဝေဒနာတွေပျောက်အောင် လုပ်ပေးမှာပါ။ မ..မငိုပါနဲ့..။ တိတ်..တိတ်..။ မိုးလည်းချုပ်၊ မှောင်လည်းမှောင်နေပြီ။ ဒီနေရာမှာ တစ်ယောက်တည်းမနေသင့်ဘူး။ ပြန်ကြရအောင်..။ အစ်ကိုကြီးလိုက်ပို့မယ်။ ထ...ထ.."

"ဟင်..အယုဇ်တမာမ..။ မြွေပောက်မ..။ ရန်..ရန်ကုန်မှာ တခြားတစ်ယောက်နဲ့ ဖောက်ပြန်ပြီး ငါ့ကိုပစ်ပြေးလာတယ်။ ဒီကျတော့ နောက်ထပ် မျောက်ဇာတ်လမ်းတစ်ခု က,နေပြန်ပြီ"

"အို..ကိုမြတ်မင်း"

ပြဿနာမှာ ရှုပ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာရ၏။ ယမင်း၏ခင်ပွန်းက မထင်မှတ်ဘဲ ရောက်လာသည်။

ယမင်း အထိတ်တလန့်နှင့် ဘာပြောရမှန်းမသိ ဖြစ်နေသလို ကိုမိုးကောင်းလည်း ဘာဝင်ပြောရမှန်းမသိ။

"ငါက နင့်ကိုမသင်္ကာလို့ ဒီကိုလိုက်လာတာ။ ခုတော့ အသေအချာပဲ။ နင် ဘာငြင်းချင်သေးလဲ"

"အို..မဟုတ်ဘူး ကိုမြတ်မင်း။ ရှင်ထင်သလို မဟုတ်ဘူး"

ထိုအချိန်မှာပင်..

"အစ်ကို..အစ်ကိုမြတ်မင်း"

အဝေးမှ အော်ခေါ်၍ ပြေးလာသံ ကြားရ၏။ မသီဂီအသံ..။

"ဟင်..နင်က လက်ဆုပ်လက်ကိုင်မိတာတောင် မုန်လာဥလုပ်ချင်သေးတယ်"

ကိုမြတ်မင်းက ယမင်းကို ရိုက်ဟန်ပြင်တော့ သူမနေသာ။

"ဟို..ဒီမှာ..ခင်ဗျားထင်သလို ကျွန်တော်တို့က မဟုတ်ဘူးဗျာ"

ကိုမိုးကောင်းက ကြားဝင်ဟန့်တားရင်း ပြောသည်။

ကိုမြတ်မင်း၏ ဒေါသမြားဦးက သူ့ဘက်လှည့်လာသည်။

"ဘာမဟုတ်တာလဲ။ မင်းကလည်း ငါ့မိန်းမကို ကြာခိုတဲ့ အကောင်"

"မဟုတ်ဘူးဗျ..။ ခင်ဗျား မှားနေပြီ"

"အို..အစ်ကိုမြတ်မင်း။ စိတ်ကို ထိန်းပါ"

သီဂီကပါ ဝင်တားသည်။

သည်မှာ ယမင်းက ထွက်ပြေးသည်။

"ဟင်..ခွေးမ။ နင်ဘယ်ပြေးမှာလဲ။ နင် ငါ့လက်က လွတ်မှာတဲ့လား"

ဆဲဆိုကာ ကိုမြတ်မင်း ပြေးလိုက်သည်။

"အို..လုပ်ကြပါဦး။ ဒုက္ခတော့ များကုန်ကြတော့မှာပဲ"

မသီဂီ၏ ထိတ်လန့်တကြားစကား..။

ကိုမိုးကောင်း ဝင်ပါရလေပြီ။ စောစောက ယမင်းပြောစကား အရ ကိုမြတ်မင်းက အမြဲနိုင်လိုမင်းထက်လုပ်တတ်သူ။ ယခုလို ဒေါသ ကြီးချိန်မှာဆိုလျှင် မလွယ်။ ယမင်းအဖို့ အသက်အန္တရာယ်ပင် ရှိနေ သည်။ သူ နိုးရိမ်သွားသည်။

ထို့ကြောင့်ပင် ကိုမိုးကောင်း သူတို့နောက် ပြေးလိုက်ခဲ့မိပေတော့၏။ မသီဂီက သူ့နောက်မှာ။

ကိုမြတ်မင်းက ယမင်းကိုမိသွားပြီး ရိုက်လိုက်ပုံ ပေါ်သည်၊ ယမင်း ခွေခနဲ လဲကျသွားသည်။ ကိုမြတ်မင်းက ဒေါသတကြီးဖြင့် ယမင်းကို ထပ်မံရိုက်ရန် ဆွဲထူသည်။

"ဟေ့လူ..မလုပ်နဲ့။ ခင်ဗျားလွန်မယ်"

ကိုမိုးကောင်း ပြေးသွားကာ ဝင်ဆွဲသည်။ ကိုမြတ်မင်းက ရန်းဖယ်ကာ သူ့ကိုတွန်းပစ်သည်။ ကိုမိုးကောင်းက ယိုင်သွားရာ

ယမင်းကို ထပ်မံရိုက်ရန် ရည်ရွယ်လိုက်သော ကိုမြတ်မင်းကို အတင်းဆွဲဖယ်လိုက်ရပြန်၏။

သည်တစ်ခါ ကိုမိုးကောင်း၏အားက များသွားသည် ထင်ပါ၏။

ကိုမြတ်မင်းသည် ယမင်းနားမှနေ၍ ကိုမိုးကောင်း၏ တွန်းဖယ်သောအရှိန်ကြောင့် လည်ထွက်သွားကာ ဘေးသို့လဲကျ၏။

"ခွပ်.."

"အား.."

အနားမှာရှိသော ကျောက်တုံးများပေါ်သို့ ကိုမြတ်မင်းလဲကျသွားခြင်းဖြစ်၏။ အားခနဲအော်သံနှင့် ကိုမြတ်မင်း လိမ့်သွားပြီး ကျောက်တုံးကြီးများဘေး၌ ငြိမ်သွား၏။

"ဟာ.."

"အို..ကိုမြတ်မင်း"

"အစ်ကို..အစ်ကို.."

❦ ❦ ❦ ❦ ❦

ဟိုတယ်ရှိ သူ၏အခန်းသို့ ပြန်ရောက်ချိန်အထိ သူ့ရင်တွေခုန်နေဆဲ။

ဘုန်းကြီးအမှု ရှာပတ်လေပြီ။ တေးခုတ်ရာ လက်ဝင်လှိုမ်လေပြီ။

သတိမေ့နေသော ကိုမြတ်မင်းကို မသီဂီနှင့် ယမင်းက မွေ့ယူကာ ကားတစ်စီးရှာပြီး ဆေးရုံသို့ခေါ်သွားကြ၏။ ခေါင်းမှ သွေးများကား

မြင်မကောင်း။

ကိုမြတ်မင်း ဘာဖြစ်လေမလဲ. . ။

သေများ သွားလေမလား. . ။

သေသွားလျှင်တော့ ငါပြဿနာတက်ပြီဟု ကိုမိုးကောင်းတွေးသည်။

"သတိပြန်ရပါစေ။ သက်သာပါစေ" ဟုလည်း သူဆုတောင်းမိ၏။

"အစ်ကိုကြီး. . သွားတော့။ မြန်မြန် ပြန်. . ။ ယမင်းတို့ဘာသာလုပ်မယ်"

ဟု ယမင်းက သူ့ကို အတင်းပြန်လွှတ်ခဲ့သည်။ မသိဂိကမူ. .

"ရှင်ဝင်ရှုပ်တာပဲ။ ရှင့်ကြောင့် အစ်ကိုကြီး ဖြစ်ရတာ။ အစ်ကိုကြီးများ တစ်စုံတစ်ခုဖြစ်ရင်တော့ ရှင်မလွယ်ဘူး"

ဟု ကြိမ်းမောင်းသွားခဲ့သည်။

သနားကရုဏာသက်တတ်ပြီး အဆင်မပြေသည်ကိုတွေ့လျှင် ဝင်၍ကူညီချင်သော သူ့စရိုက်က သူ့ကို ဒုက္ခပေးခဲ့လေပြီတကား။

❦ ❦ ❦ ❦ ❦

"ဒေါက်. . ဒေါက်. . ဒေါက်. ."

တံခါးခေါက်သံက ခုတင်ပေါ်တွင်လှဲလျက် အိပ်မပျော်ဖြစ်နေသော ကိုမိုးကောင်းကို လန့်ဖျပ်သွားစေသည်။

'ဘယ်သူများပါလိမ့်' . .

ကိုမိုးကောင်း တံခါးထဖွင့်ပေးလိုက်သည်။

အဝမှာ မသီဂီ။ နောက်မှာ ယမင်း. .။

မသီဂီမျက်နှာက ဝမ်းနည်းခြင်း၊ နာကြည်းခြင်းတို့ဖြင့် ရော ထွေးတင်းမာလျက်ရှိပြီး ယမင်းကတော့ တရှုံ့ရှုံ့ငိုနေလေသည်။

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

"ကိုမြတ်မင်းအခြေအနေ. ."

သူ့စကား မဆုံးလိုက်ရ. .။

"ဆုံးသွားပြီ. .။ အစ်ကို ဆုံးသွားပြီ"

"ဗျာ. ."

သူ့ဦးခေါင်းကို မိုးကြိုးပစ်လိုက်သည့်ပမာ. .။

"အစ်ကို စောစောလေးကတင်ပဲ ဆုံးသွားပြီ။ ခုပဲ ကျွန်မတို့ ဆေးရုံက ပြန်လာတာ။ အဲဒါ ရှင့်ဆီကို တန်းလာတာပဲ"

"စိတ်မကောင်းစရာဗျာ. .။ ကဲ. .အထဲဝင်ပါဦး။ အေးအေး ဆေးဆေး ပြောကြရအောင်"

ကိုမိုးကောင်းက အခြေအနေကို ထိန်းနိုင်ရန်နှင့် အပြင်လူများ ကြားသိသွားမှာစိုး၍ အတွင်းသို့ဝင်ရန် ဖိတ်ခေါ်လိုက်ခြင်းဖြစ်၏။ မသီဂီ ရော၊ ယမင်းပါ ဝင်လာကြသည်။

"ကျွန်မတို့ ခဏနေရင် ရဲစခန်းကို သွားကြမယ်"

ထိုင်ထိုင်ချင်း မသီဂီပြောသောစကား. .။

"ခင်ဗျာ. ."

ကိုမိုးကောင်း တုန်လှုပ်စွာ အော်လိုက်မိ၏။

"ရဲစခန်းကို သွားကြမယ် ပြောတာ. .။ ရှင်ပါ လိုက်ခဲ့ရမယ်။ အစ်ကိုဆုံးတာဟာ ရှင့်ကြောင့်ပဲ။ ရှင်တွန်းပစ်လိုက်လို့ လဲအကျမှာ အစ်ကို့ရဲ့ခေါင်းနဲ့ ကျောက်တုံးနဲ့ ရိုက်မိပြီး အခုလို အသက်ဆုံးရတာ။ ရှင် တရားခံပဲ"

မသီဂီက စွပ်စွဲလိုက်ပေပြီ။

"ဟာ. . အဲဒါ မတော်တဆဖြစ်ရတာပဲလေဗျာ။ ကျွန်တော်က သူ့ကို သေစေချင်လို့ လုပ်တာမှ မဟုတ်ဘဲ"

"ရှင်. . ကျွန်မအစ်ကိုကို သေစေချင်သလား။ မသေစေချင်သလားဆိုတာကတော့ ရှင်ပဲအသိဆုံးဖြစ်မှာပါ။ ရှင် အဲဒီလို မှောင်ရိပ်ကျနေတဲ့နေရာမှာ ယမင်းနဲ့အတူ ရှိနေတာကိုက. ."

"အလိုဗျာ. . ။ မတော်တရော်တွေ မပြောစမ်းပါနဲ့။ ကျွန်တော်က လမ်းလျှောက်ရင်း ယမင်းကို အမှတ်မထင်တွေ့တာပါ"

"အမှတ်မထင်ကလည်း တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား။ လူသူရှင်းတဲ့ မှောင်ရိပ်ထဲမှာ. . ။ ကဲပါလေ. . ရှင်ကတော့ အဲဒါတွေ ငြင်းချင်ငြင်းနေဦးမှာပေါ့။ ထားလိုက်တော့. . ။ ရှင်နဲ့ယမင်းကိစ္စက ကျွန်မနဲ့ မဆိုင်ဘူး။ ကျွန်မနဲ့ဆိုင်တာက ကျွန်မအစ်ကို သေရတဲ့ကိစ္စ. ."

"ခင်ဗျားအစ်ကိုကို ကျွန်တော်သတ်တာမှ မဟုတ်တာ"

"ရှင့်ကြောင့်သေရတာ ရှင်ငြင်းမလား။ မျက်မြင်သက်သေ ကျွန်မရှိတယ်။ ယမင်းရှိတယ်"

ယမင်းကို ကိုမိုးကောင်းလှမ်းကြည့်၏။ ယမင်းက တစ်ခွန်းမျှ ဝင်မပြော။ ငိုရှိုက်နေသည်။

"ကျွန်မကတော့ လုံးဝမကျေနပ်ဘူး. . ။ ရဲကိုတိုင်ပြီး ရှင့်ကို တရားစွဲရမှာပဲ။ ရှင် ကျွန်မအစ်ကိုသေသလို သေစားသေစေရမယ်"

မသီဂီက ထပ်ပြောသည်။ ကိုမိုးကောင်း ခေါင်းတွေထူပူသွား၏။

"စဉ်းစားပါဦး မသီဂီ. . ။ ကိုမြတ်မင်းသေရတာက တကယ့်ကို မတော်တဆပါဗျာ"

"အဲဒါ ရှင် တရားရုံးကျမှ ရှင်းပေါ့။ ရှင့်အပိုင်းပဲ. . ။ ကျွန်မကတော့ လုပ်စရာရှိတာ လုပ်ရမှာပဲ။ ဒါကြောင့် ရှင့်ကို လာခေါ်တာ။ ရှင် စခန်းကိုလိုက်ခဲ့"

ကိုမိုးကောင်း ချောင်ပိတ်မိနေသည်။

ရဲစခန်းကိုတိုင်၍ အမှုဖွင့်လိုက်လျှင် တရားရုံးရောက်မည်။ တရားခံအဖြစ် အချုပ်ထဲမှာ နေရမည်။ ထုချေရမည်။ မတော်တဆဖြစ်ကြောင်း တရားရုံးက လက်ခံလျှင်သော်မှ ကိုမြတ်မင်းသေရခြင်းမှာ သူ့ပယောဂမကင်း။ သူ့မှာ အပြစ်ရှိနေတာက သေချာသည်။ တရားရုံးက သက်ညှာစွာစဉ်းစားပေးလျှင်သော်မှ ထောင်သုံးလေးနှစ်တော့ မလွဲနိုင်။ ဒါမျိုး ကိုမိုးကောင်း အဖြစ်မခံနိုင်။

နောက်တစ်ခုက မြတ်လေးငုံနှင့် သူ ပြန်လည်ပေါင်းစည်းရေးကိစ္စက သည်ပြဿနာကြောင့် ပျက်ပြယ်သွားလိမ့်မည်။ ပြဿနာကို မီးခိုးကြွက်လျှောက်လိုက်ပါက သူနှင့်ယမင်းအကြောင်းက ပါလာမည်။ ထိုအခါ မြတ်လေးငုံက သူ့အပေါ်အထင်မှားမှာ သေချာသည်။ ဒါလည်း အဖြစ်မခံနိုင်။

ကိုမိုးကောင်း၏ဦးနှောက်များက အလားအလာကို ကြိုမြင်နေပေပြီ။ ကိုမိုးကောင်းအဖို့ ဆုံးရှုံးခြင်းများကား တစ်ခုမဟုတ်။ နှစ်ခု. . ။

မထင်မှတ်သောကံကြမ္မာက သူ့အရှိက်ကို အလစ်တွင် ထိုးခဲ့ပြီ။ သူ တစ်ကြိမ်တည်းနှင့် လဲပြိုရတော့မည်။ သည်မှာပင်. .

"မမရယ်. . ယမင်းတောင်းပန်ပါတယ်။ အစ်ကိုမြတ်မင်းသေရတာကို ယမင်းလည်း ခံစားရပါတယ်။ အခုဟာက ဒီက အစ်ကိုကြီးက မဆိုင်ဘဲနဲ့ ပြဿနာထဲ ဝင်ပါလာရတာပါ။ တစ်မှုက နှစ်မှုမဖြစ်စေချင်ပါဘူး မမရယ်။ မမစဉ်းစားပါဦး"

ယမင်းက ဝင်ပြောလာခြင်းဖြစ်၏။

"အံမယ်. . ညည်းက ညည်းလင်ငယ် ထောင်ကျမှာတော့ ကြောက်တယ်. . ဟုတ်လား။ ဒီလိုဆို ညည်းနဲ့အတူ ပေါင်းကြံတာပဲ ဖြစ်ရမယ်"

ရွှေနေပါကာမှ ထောင်လုံးလုံးကျရသည့်ကိန်း. . ။

စိတ်ကူးသစ်စာပေ

သူမနေသာ. .။ တောင်းပန်ခြင်းဖြင့်သာ အပြေလည်ဆုံးဖြစ်အောင် ကြိုးစားရတော့မည်။

"ယမင်းပြောတာ မှန်ပါတယ် မသီဂီ။ ကျွန်တော်က ဒီကိစ္စမှာ မဆိုင်ဘဲ ဝင်ပါခဲ့ရတာပါ။ မဖြစ်သင့်တာ မဖြစ်အောင်တားရင်း ခုလိုဖြစ်ရတာပါ။ ကျွန်တော့်ကိုလည်း နားလည်ပေးပါဗျာ"

"ရှင့်ကိုနားလည်ရမယ်. . ဟုတ်လား။ ကျွန်မအစ်ကိုက သေပြီရှင့်။ ကျွန်မဘက်ကိုလည်း ရှင်စဉ်းစားဦး"

"မမရယ်. . ပြဿနာတွေက တရားရုံးရောက် ဘာရောက်ဆိုရင် ယမင်းတို့လည်း အရှက်တကွဲ အကျိုးနည်း ဖြစ်ရမှာပါ။ မမက အလျှော့ပေးပါ။ ဒီကအစ်ကိုကြီးနဲ့ ပြေလည်သွားအောင် မမဘက်က တစ်ထစ်လျှော့ပေးပါနော်"

"ငါက ဘာကို တစ်ထစ်လျှော့ရမှာလဲ"

"အစ်ကိုကြီးက တောင်းပန်နေပြီပဲဟာ။ ပြီးတော့ မမက အမှုလုပ်လို့ အစ်ကိုကြီးထောင်ကျရင်လည်း အစ်ကိုမြတ်မင်းက သေရာက ပြန်ရှင်လာမှာမှ မဟုတ်တာ"

သည်စကားအရောက်မှာတော့ မသီဂီ တွေသွားသည်။ သည်အခြေအနေကိုနင်း၍ ကိုမိုးကောင်းက ဆက်၍ဝင်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ. .။ ကျွန်တော့်ဘက်ကလည်း တာဝန်ရှိတာသိပါတယ်။ လိုအပ်တာ ကျွန်တော်တာဝန်ယူပါ့မယ်"

မသီဂီက ကိုမိုးကောင်းကို တစ်ချက်စိုက်ကြည့်သည်။

"ဘာလဲ. .။ ရှင်က လျော်ကြေးပေးမယ်ဆိုတဲ့ သဘောလား။ ဒဏ်ရာရတာဆိုရင်တော့ လျော်ကြေး ဟုတ်တာပေါ့။ ခုဟာက အသက်ဆုံးတာရှင့်။ ရှင် ဘယ်လိုလျော်မှာလဲ"

ဆွမ်းခံရင်းငှက်သင့်ခဲ့ရသောအဖြစ်ကြောင့် ကိုမိုးကောင်းစိတ်များ တော်တော်လေသွားသည်။ မြတ်လေးငုံတို့နှင့်သာ ဆုံဖို့မရှိလျှင် ချောင်းသာမှ ချက်ချင်းပင် ပြန်ပြေးသွားချင်လှ၏။

ကိုမြတ်မင်းကိစ္စအတွက် မသီဂီတို့အား သိန်းနှစ်ဆယ်ပေးရန် သူကတိပေးလိုက်သည့်အတိုင်း ယခု ချိန်းဆိုထားရာ ကော်ဖီခန်းသို့ ကိုမြတ်မင်းရောက်ရှိစောင့်ဆိုင်းနေခြင်းဖြစ်၏။ ပေးရန်ရှိသောငွေကို တစ်ကြိမ်တည်းပေးရမည်ဖြစ်သောကြောင့် အချိန်တစ်ရက်တောင်းကာ မိမိ၏ အရောင်းအဝယ်မိတ်ဆွေများထံမှ ငွေများသွားရောက်စုဆောင်းခဲ့ရ၏။

မသီဂီနှင့် ယမင်း ရောက်မလာသေး။

ထိုအချိန်တွင် ကိုမိုးကောင်းနှင့်မလှမ်းမကမ်း စားပွဲတစ်ခုတွင် ကော်ဖီသောက်နေသော မိန်းမငယ်တစ်ယောက်ကို ကိုမိုးကောင်းသတိပြုလိုက်မိ၏။

မိန်းမငယ်မှာ မသီဂီနှင့် ရွယ်တူလောက်ရှိမည်ဖြစ်၏။ ဆံပင်ရှည်ရှည်နှင့် မြန်မာဆန်ဆန်ဖြစ်သည်။ ရုပ်ရည်မှာ အချောကြီးမဟုတ်သော်လည်း တည်ငြိမ်၍ ကြည့်ကောင်းနေသည်။ ဒီရုပ်အပြာနုပေါ်တွင် ဂျင်းဂျာကင်ကလေးကို ထပ်ဝတ်လျက် ကော်ဖီသောက်ရင်း ကိုမိုးကောင်းတို့ဘက်သို့ မျက်နှာမူ၍ ထိုင်နေသည်။

ဘယ်သူပါလိမ့်. . ။

မိန်းကလေးဆို၍ ကိုမိုးကောင်း လန့်နေလေပြီ။ မသီဂီနှင့် ယမင်းတို့နှင့် ဆက်နွယ်ခဲ့ရပြီး သူ ပြဿနာတွေ ကြုံတွေ့ရ၏။ နောက်ထပ် မိန်းကလေးများနှင့် မရင်းနှီးဝံ့ပြီ။

"ဟော. . အစ်ကိုကြီးရောက်နေတာ ကြာပြီလား"

မေးသံနှင့်အတူ မသီဂီနှင့်ယမင်း ရောက်လာပြီး ရှေ့မှခုံတွင် ဝင်ထိုင်ကြ၏။ ရှေ့မှခုံတွင် ဝင်ထိုင်သဖြင့် မသီဂီတို့ စောစောကမိန်းကလေးကို ကျောခိုင်းလျက်ဖြစ်သွားသည်။

---

စိတ်ကူးသစ်စာပေ

"သိပ်မကြာသေးပါဘူး"

"ကျွန်မတို့လည်း အစ်ကိုရှာပနအတွက် သွားပြီးစီစဉ်နေတာ။ ခုမှ ဟိုတယ်ကို ပြန်ရောက်တာ"

မသီဂီက ပြော၏။

"ကျွန်တော် ဘာကူညီရဦးမလဲ"

"ရပါပြီ..။ ကျွန်မတို့မိတ်ဆွေတွေ ပုသိမ်မှာ ရှိပါတယ်။ သူတို့က ဝိုင်းကူကြတယ်။ အစ်ကိုကိုတော့ ယမင်းနဲ့ရန်ဖြစ်ပြီး ချော်လဲကျရာက ကျောက်တုံးနဲ့ထိမိတာလို့ပဲ ရဲတွေက စစ်မေးလို့ ဖြေလိုက်တယ်။ ပြဿနာ ပြီးသွားပါပြီ"

မသီဂီဆက်ပြောသော စကားအဆုံးတွင်..

"ပြဿနာပြီးသွားပြီဆိုလို့ ဝမ်းသာပါတယ်ကွယ်။ ရဲကို မတိုင်ဘဲ ပြီးသွားပြီဆိုမှတော့ အားလုံးပြီးပြီပေါ့။ ကိုမိုးကောင်းက ဘာမှမပေးရင်လည်း အမှုလုပ်လို့ မရတော့ဘူးပေါ့"

ဟူသော စကားသံနှင့်အတူ လွတ်နေသောထိုင်ခုံတစ်လုံးတွင် လူတစ်ယောက် ဝင်ထိုင်လာ၏။ သူကား ကိုမိုးကောင်းရှေ့တည့်တည့်စားပွဲတွင် ကော်ဖီသောက်နေခဲ့သော မိန်းကလေးပင်တည်း။

"ဟင်.."

အာမေဍိတ်သံမှာ 'ဟင်..' တစ်လုံးတည်းဖြစ်သော်လည်း ကိုမိုးကောင်း၊ မသီဂီနှင့် ယမင်းတို့ထံမှ တစ်ပြိုင်တည်းထွက်ပေါ်လာခြင်း ဖြစ်၏။

ကိုမိုးကောင်း၏ 'ဟင်..' က နားမလည်ခြင်းကြောင့်ဖြစ်ပြီး မသီဂီတို့၏ 'ဟင်..' ကား အံ့ဩတုန်လှုပ်သောကြောင့် ဖြစ်၏။

"ကဲ..ပွဲက ပြီးသွားပါပြီ ညီမလေးတို့၊ ညီမလေးတို့က ပွဲမပြီးချင်သေးဘူးဆိုရင်တော့ မမက ဆက်ပြီးကပေးပါ့မယ်။ ပုသိမ်ရဲစခန်းက မမမိတ်ဆွေ ရဲအုပ်ကြီးဆီကို ဖုန်းဆက်ပြီး ခေါ်ပေးပါ့မယ်"

ထိုမိန်းကလေးက ပြုံးပြုံးကလေးပြောရင်း သူမ၏ဂျင်းဂျာကင် အိတ်ထဲမှ လက်ကိုင်ဖုန်းကို ထုတ်ယူလိုက်သည်။ စကားအပြောအဆို နူးညံ့သိမ်မွေ့သလောက် လေယူလေသိမ်း တိကျပြတ်သားပြီး ဩဇာပါလှ သည်ကို ကိုမိုးကောင်းတွေ့ရ၏။ ပြီးတော့ မျက်လုံးတွေက အရာရာကို ထွင်းဖောက်မြင်နိုင်စွမ်းရှိသော အရည်အသွေးရှိသည်ဟု ထင်မိသည်။

မသီဂီ၏ မျက်နှာကြီးကား မှုန်တိုင်းကျတော့မည့် ကောင်းကင် လို မှိုင်းညို့မှုန်မည်းလျက် မျက်လုံးတွေက ရဲရဲနီနေ၏။ နှုတ်ခမ်းတွေပြာ နှမ်းကာ တဆတ်ဆတ်တုန်နေသည်။ နောက်ထပ်ဝင်လာသူ မိန်းကလေး ကို မျက်လုံးချင်းမဆိုင်ရဲသလို အကြည့်လွှဲလိုက်သည်။ ယမင်းကား ခေါင်းကိုငုံ့လျက်. . ။

"ကဲ. . ဘယ်လိုလဲ။ ပွဲပြီးပြီ မဟုတ်လား။ အနိုင်အရှုံး သေချာ သွားပြီ မဟုတ်လား"

တတိယမိန်းကလေးကပင် မသီဂီတို့ကို ထပ်မေးသည်။

မသီဂီ ဝုန်းခနဲထရပ်သည်။

"နောက်တစ်ပွဲမှ တွေ့ကြသေးတာပေါ့"

ပြောပြီးသည်နှင့် လှည့်ထွက်သွား၏။ မသီဂီနောက်သို့ ယမင်း က ထ၍ပြေးလိုက်သွားသည်။

သည်အထိ ငေးကြောင်ပြီး နားမလည်စွာကြည့်နေသော ကို မိုးကောင်းအား ထိုတတိယမိန်းကလေးက. .

"ကဲ. . ကိုမိုးကောင်း။ ရှင် စိတ်အေးအေးထားပေတော့။ ရှင် သူတို့ကို ငွေပေးစရာ မလိုတော့ဘူး"

ဟု ပြောသည်။

"ဗျာ. . အဲဒါက. . ဘယ်. . ဘယ်လို. . "

ကိုမိုးကောင်း ယခုထိ ဇာတ်ရည်မလည်နိုင်သေး။

"ဆေးရုံမှာဆုံးသွားတဲ့ ကိုမြတ်မင်းဆိုတာ ယမင်းရဲ့ယောက်ျား

မဟုတ်ဘူး။ ဆုံးသွားတာလည်း မဟုတ်ဘူး။ ပြီးတော့ ကိုမြတ်မင်းဆို တာ ကိုမြတ်မင်းမဟုတ်သလို မသီဂီရဲ့အစ်ကိုဆိုတာလည်း မဟုတ်ဘူး။ သူတို့က တစ်ဖွဲ့တည်းသားတွေ. .။ ခွင်ဆင်ပြီး ငွေညှစ်နေတဲ့သူတွေ. ."

"ဗျာ. . ဒါ. . တကယ်လား"

"တကယ်မို့ အခု သူတို့ထွက်ပြေးတာပေါ့။ ကြည့်နေ. .။ သူတို့ ဟိုတယ်ကနေ ချက်ချင်းလစ်တော့မယ်။ တကယ်တော့ ကျွန်မနဲ့ လာတွေ့တာ ကိုမိုးကောင်းကံကောင်းသွားသလို သူတို့ကံဆိုးသွားတာပဲ"

"မင်း. . မင်းက အားလုံးကို သိနေတယ်လား"

"ကျွန်မ ချောင်းသာကိုရောက်တော့ သူတို့ကိုတွေ့လိုက်တာနဲ့ သူတို့ ခွင်တစ်ခုခု လာရှာပြီဆိုတာ ရိပ်မိလိုက်တယ်။ ဘာကြောင့်လဲ ဆိုတော့ သူတို့ကို ကျွန်မ သုံးလေးကြိမ်ဆုံခဲ့ဖူးလို့ပဲ။ ဒါနဲ့ အခြေအနေ အကဲခတ်လိုက်တော့ ကိုမိုးကောင်းကို ချဉ်းကပ်နေတာ တွေ့ရတယ်။ ကိုမိုးကောင်းအကြောင်း စုံစမ်းတဲ့အခါ ကျောက်ကုန်သည် သူဌေးဆိုတာ သိလိုက်ရတော့ ကျွန်မအတွေးတွေ ပိုခိုင်မာသွားတယ်။ အဲဒါနဲ့ ကျွန်မ နောက်က ရှုံ့ဦးလိုက်နေခဲ့တာ။ မနေ့ညက ကိုမိုးကောင်းတို့ ဖြစ်ခဲ့တာတွေ အားလုံး ကျွန်မမြင်ပါတယ်။ ဒါနဲ့ ဆေးရုံကို လှမ်းပြီးစုံစမ်းတော့ ကို မိုးကောင်းဆိုတဲ့လူ ဘာမှမဖြစ်ဘူး။ ခေါင်းပေါက်ရုံပဲဆိုတာ သိလိုက်ရ တယ်။ သူတို့ ညက ရှင့်အခန်းကိုလာပြီး ငွေညှစ်ဇာတ် ခင်းခဲ့ကြတယ်။ ဒီနေ့ ငွေပေးဖို့ ကိုမိုးကောင်းက ချိန်းလိုက်တယ်။ ဒါကြောင့် ဒီပွဲကို အဆုံးသတ်ပေးဖို့ ကျွန်မဝင်လာတာပါ"

ထိုအခိုက်တွင် ဟိုတယ်ထဲမှ အိတ်များဆွဲကာ ကသုတ်ကယက် ထွက်သွားကြသော မသီဂီနှင့် ယမင်းကို ကိုမိုးကောင်းတွေ့လိုက်ရသည်။

"ဟာ. . ကျေးဇူးတင်လိုက်တာ။ တကယ်ပါဗျာ. . သိပ်ကိုကျေးဇူး ဇူးတင်ပါတယ်။ ကျွန်တော်က ကျွန်တော့်ကြောင့် လူတစ်ယောက်သေပြီ ဆိုပြီး စိတ်မကောင်းဖြစ်နေတာရယ်၊ ဆွမ်းခံရင်းငှက်သင့်တဲ့အဖြစ်ကြောင့်

စိတ်ရှုပ်ထွေးရတာရယ် သိပ်ကိုထူပူပြီး ဘာကိုမှအမှန်မတွေးနိုင် ဖြစ်ခဲ့တာပါ။ ကျေးဇူးကြီးလှပါပေရဲ့ဗျာ. . ”

“ကျွန်မကို ခွင့်ပြုပါဦး ကိုမိုးကောင်း”

မိန်းကလေးက ထိုင်ရာမှ ခွင့်တောင်းရင်း ထသည်။

“နေ. . နေပါဦး မိန်းကလေးရယ်. . ။ မင်းက ဘယ်သူလဲ။ ရဲလား။ စုံထောက်လား”

သူမက အပြုံးတစ်ပွင့်နှင့်အတူ စကားတစ်ခွန်းကို ထားရစ်ခဲ့ကာ နေရာမှ လှည့်ထွက်သွားလေသည်။

“ကျွန်မက ရွှေနေမလေး မေစံရှားပါ”

. . တဲ့။

❦ ❦ ❦ ❦ ❦

# အပိုင်း (ဃ)

## ဆယ့်နှစ်ကြိုးကဝေရှင်၏ နောက်ဆက်တွဲပြုစားမှု

# ၇

"မကြာခင် သုန္ဒရီ ရှားဆီကို ရောက်လာလိမ့်မယ်။ ကိုကို ကြည့်နေ"

ဟု ရှားပြောခဲ့သောစကားမှာ ကွက်တိမှန်ကန်လေသည်။

ထိုနေ့က ကျွန်တော်က မဂ္ဂဇင်းကိစ္စများနှင့် အလုပ်ရှုပ်နေသောကြောင့် ရှားဆီသို့ မရောက်ဖြစ်ခဲ့ပါ။ ရှားပြန်ပြောပြသဖြင့် သုန္ဒရီ ရောက်လာကြောင်း ကျွန်တော်သိခဲ့ရခြင်းဖြစ်သည်။

သုန္ဒရီရောက်လာခြင်းကို ရှားက မျှော်လင့်ထားပြီးဖြစ်၍ မအံ့ဩသော်လည်း ရှားက သူ၏စိတ်ထဲတွင်ရှိသည်တို့ကို သုန္ဒရီမသိစေရန် မမျှော်လင့်ဘဲ တွေ့လိုက်ရသလို တအံ့တဩဟန်ကို ပေါ်လွင်စေခဲ့သည်ဟု ဆိုပါသည်။

"ဟော. . သုန္ဒရီပါလား။ ဘယ်ကလှည့်လာလဲ။ တစ်ယောက်တည်းလား။ ဦးထွန်းမြတ်မင်း မပါဘူးလား"

သုန္ဒရီ ရှားရုံးခန်းတွင်းသို့ဝင်လာစဉ် ရှားက ဤသို့နှုတ်ဆက်ခဲ့သည်။

သုန္ဒရီက အပြုံးဖြင့် သူမ၏ လှမြဖြစ်သောမျက်နှာကို တန်ဆာဆင်ကာ..

"အစ်ကိုကြီးရဲ့ကုမ္ပဏီကနေတစ်ဆင့် မမရှားဆီကို သုန္ဒရီလာတာပါ။ မမရှားနဲ့ တွေ့ချင်လို့"

ဟု သုန္ဒရီက စကားစသည်။

"အောက်ထပ်မှာ ကိုယုရှိတယ်။ တွေ့ဦးမလား"

"မတွေ့တော့ဘူး မမရှား။ မမရှားနဲ့ပဲ စကားပြောချင်လို့"

"ပြောလေ..ရပါတယ်။ သုန္ဒရီ ဘာပြောစရာရှိလို့လဲ"

"မမရှား အလုပ်တွေများနေလား"

"မများပါဘူး..။ ရပါတယ်..။ ဒီနေ့ ရုံးချိန်းလည်း မရှိပါဘူး"

"ဒါဆို သုန္ဒရီနဲ့ လိုက်ခဲ့ပါလား။ တစ်ခုခုစားရင်း အေးအေးဆေးဆေးပြောကြတာပေါ့"

"ရပါတယ်.."

သုန္ဒရီက ရှားအား သူမ၏အိမ်မှ ကျောက်စိမ်းရောင်ပရာဒိုဖြင့် ပင်နီရာမားဟိုတယ်သို့ ခေါ်သွားသည်။

"ကားက အစ်ကိုကြီး ကုမ္ပဏီကို ယူသွားလေ့ရှိတာ။ သုန္ဒရီက မမရှားဆီသွားမယ်ဆိုလို့ အစ်ကိုကြီးက သူ့ကားကို ထည့်ပေးလိုက်တာ"

ဟု သုန္ဒရီက ပြောသည်။

ဟိုတယ်ရောက်ပြီးသောအခါ သုန္ဒရီက ကားဒရိုင်ဘာအား ကားကိုယူပြီး ကုမ္ပဏီသို့ပြန်ရန် ညွှန်ကြားလိုက်သည်။

သုန္ဒရီက သီးသန့်ခန်းအတွင်း ရှားအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံသည်။

"မမရှားကို သုန္ဒရီ ကျေးဇူးဆပ်တဲ့အနေနဲ့ ခုလိုကျွေးတာပါ။

ပြီးတော့ မမရှားကို ကန်တော့လည်း ကန်တော့ချင်လို့ပါ''

သုန္ဒရီ့စကားကြောင့် ရှားစိတ်ဝင်စားသွားသည်။ 'ကျေးဇူးဆပ်' ဆိုသောစကား။ 'ကန်တော့ချင်လို့' ဟူသောစကား. . ။ အဘယ်အဓိပ္ပာယ် ပါနည်း။။ ရှား သူ့အတွက် ဘာမှမလုပ်ပေးခဲ့ပါပဲလျက် အဘယ့်ကြောင့် ဤသို့ဆိုပါသနည်း။။

ရှား တစ်စုံတစ်ရာ ဘာမျှပြန်မပြောဘဲ သုန္ဒရီကို အကဲခတ်နေလိုက်သည်။

သုန္ဒရီက သူမ၏ နိုင်ငံခြားဖြစ်သားရေအိတ်ကိုဖွင့်ကာ အတွင်းမှ ပါကင်ဘူးကလေးတစ်ခုကို ထုတ်ယူကာ ရှားရှေ့သို့ ချပေးသည်။

''ဒါလေးကိုတော့ မမရှားလက်ခံပေးပါ။ အစ်ကိုကြီးက သုန္ဒရီသုံးဖို့ ပေးထားတဲ့ သုန္ဒရီ့ကိုယ်ပိုင်ဝင်ငွေထဲကနေ မမရှားကို ကန်တော့တာပါ။ နာရီကလေးပါ. . ။ တန်ဖိုးမကြီးမားပေမယ့် သုန္ဒရီရဲ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ လက်ခံပေးပါနော်''

လိမ္မာပါးနပ်၍ စကားလှအောင်ပြောတတ်သည့် မိန်းကလေး။

ရှားက ပြုံးသည်။

ပစ္စည်းကို လက်ခံဟန်မပြ၊ မတို့မထိဘဲ. .

''ညီမလေးက ဘာကြောင့် ဒီလို ကျေးချင်၊ မွေးချင်၊ ကန်တော့ချင်ရတာလဲ''

''သုန္ဒရီ့ဘဝ ပြောင်းလဲလာရတာ မမရှားရဲ့ ဆိုဆုံးမမှုကြောင့်ပါ။ မမရှားနဲ့ သုန္ဒရီ ငါးကြိမ်ဆုံခဲ့ဖူးတယ်။ ဆုံခဲ့ဖူးတိုင်းမှာ မမရှားက အချုပ်ထဲမပို့ဘဲ ကာကွယ်ဟန့်တားရုံလေးပဲ လုပ်ခဲ့တယ်။ ဟိုတယ်မှာ တွေ့ခဲ့ကြတုန်းက မမရှားပြောခဲ့တဲ့စကားတွေဟာ သုန္ဒရီ့နှလုံးသားကို ကိုင်လှုပ်ခဲ့ပါတယ်။ လမ်းကြောင်းပြောင်းလိုက်ရင် သုန္ဒရီရဲ့ရုပ်ရည်၊ သုန္ဒရီရဲ့အရည်အချင်းနဲ့ ဘဝလှသွားမယ် ဆိုတာလေ။ ထိပ်တိုက်မတွေ့ချင်ပါဘူး။ မမရှားမျှော်လင့်သလိုပဲ တွေ့ပါရစေ ဆိုတာလေ။ တကယ်

တော့ ပထမအကြိမ်ဆုံကတည်းက မမရှားကို သုန္ဒရီ အထင်ကြီး လေးစားပြီးသားပါ။ ဒါပေမဲ့ သုန္ဒရီ့မာနက မမရှားကို အရှုံးမပေးနိုင်ခဲ့ ဘူးလေ။ ဒါကြောင့် နောက်တစ်ပွဲ စိန်ခေါ်ခဲ့တာပေါ့။ နောက်ဆုံးကျ တော့ သုန္ဒရီနားလည်လာတယ်။ မမရှားဟာ ထက်မြက်သလောက် လူ့လောကမှာ ဖြူစင်သန့်ရှင်းတဲ့ဘက်မှာ ရဲရဲဝံ့ဝံ့ ရပ်တည်နိုင်တယ်။ သုန္ဒရီက အမှောင်ဘက်မှာ မဝံ့မရဲလှုပ်ရှားနေရတာ။ ဒီမှာပဲ မမရှားရဲ့ စေတနာ၊ မမရှားရဲ့စကားကို သုန္ဒရီ အလေးအနက်စဉ်းစားလာမိပြီး မမရှားမျှော်လင့်သလိုဖြစ်အောင် သုန္ဒရီရဲ့ ဘဝလမ်းကြောင်းကို ပြောင်းဖို့ ဆုံးဖြတ်လိုက်တာပါပဲ။ ဒါကြောင့် မမရှားကိုတွေ့ရင် ကျေးဇူးဆပ်၊ ကန်တော့မယ်လို့ သုန္ဒရီဆုံးဖြတ်ခဲ့ပါတယ်။ အစ်ကိုကြီးနဲ့အတူ ဝါဆို သင်္ကန်းကပ်ပွဲမှာ မမရှားကိုပြန်တွေ့ရတော့ သုန္ဒရီ့ဆန္ဒတွေ ပြည့်သွား တယ် ဆိုရမှာပေါ့"

ရှား ငြိမ်၍နားထောင်နေသည်။ ခေါင်းကလေးမိမသာညိတ်ရုံမှ လွဲ၍ စကားတစ်စုံတစ်ရာ မပြောသေး။

သုန္ဒရီက စကားဆက်သည်။

"ဝန်ခံရရင် အဲဒီဝါဆိုသင်္ကန်းကပ်ပွဲနေ့က သုန္ဒရီ ရင်တွေ ခါယမ်းပြီး မလုံမလဲနဲ့ မှုပျက်နေခဲ့ပါတယ်၊ ဒါကို မမရှားသိပုံရပါတယ်။ ဒါပေမဲ့ မမရှားက မသိသလိုနေပေးလို့ သုန္ဒရီ့အဖို့ အနေရသက်သာ သွားတာပါ။ အစ်ကိုကြီးက သုန္ဒရီ့ရဲ့နောက်ကြောင်းတွေ ဘာမှမသိဘူး။ ဒီတော့ အဲဒီ မြုပ်နှံပစ်ခဲ့တဲ့ သုန္ဒရီ့ရဲ့ နောက်ကြောင်းတွေကို အစ်ကိုကြီး သိသွားမှာ ကြောက်တယ်။ မကောင်းမှုလုပ်ခဲ့သူဟာ နောက်က အရိပ် မည်းကြီး လိုက်နေတာပါ။ သုန္ဒရီ့စိတ်ကို အဲဒီအရိပ်မည်းကြီးက အမြဲ ခြောက်လှန့်နေတယ်"

"တချို့အတိတ်တွေကို မေ့ပစ်ဖို့လိုရင် မေ့ပစ်ရတယ် သုန္ဒရီ၊ အကျိုးမရှိတာတွေကို ပစ္စုပ္ပန်ကို သယ်မလာရဘူး"

ရှားက တစ်ခွန်းဝင်ပြောသည်။

"မမရှားပြောသလို သုန္ဒရီ ကြိုးစားပါမယ်။ ဒါပေမဲ့ မမရှားကို သုန္ဒရီ့ဘဝဇာတ်ကြောင်းလေး ကြုံတုန်း နည်းနည်းလောက်ပြောလိုက်ချင်ပါတယ်။ မမရှားနားထောင်ချင်တယ် ဆိုရင်ပေါ့.."

"မမရှား စိတ်ဝင်စားပါတယ်။ ပြောပါ.."

"သုန္ဒရီ့မိဘဇတ္တက သုန္ဒရီငယ်စဉ်ကပဲ ဆုံးပါးသွားကြတာပါ။ အဲဒီမှာ ဒေါ်မာလာဆိုတဲ့ မုဆိုးမကြီးတစ်ဦးက သုန္ဒရီ့ကို မွေးစားခဲ့တာပါ။ ဒေါ်မာလာဟာ သုန္ဒရီရဲ့ မွေးမိခင်မဟုတ်ပေမယ့် ကျေးမိခင်ဖြစ်ခဲ့တယ်။ သုန္ဒရီ့ကို တကယ်လည်း ချစ်ခဲ့တယ်။ သားသမီးမရှိတဲ့ ဒေါ်မာလာက သုန္ဒရီကို သမီးအရင်းလို ပြုစုပျိုးထောင်ခဲ့တာပါ။ သုန္ဒရီဘွဲ့ရသည်အထိ ပညာသင်ခွင့် ရခဲ့တယ်။ ဘွဲ့ရပြီးတော့ မေမေဒေါ်မာလာရဲ့ ပွဲစားလုပ်ငန်းမှာဝင်ကူရင်း စိန်တို့ ကျောက်တို့ ကားတို့ ရောင်းဝယ်တာတွေ နားလည်ကျွမ်းဝင်လာတယ်။ မေမေဒေါ်မာလာကွယ်လွန်သွားတော့ ဒီလုပ်ငန်းနဲ့ပဲ သုန္ဒရီ ဆက်ပြီးအသက်မွေးခဲ့တယ်။ ဒါပေမဲ့ သုန္ဒရီက ရည်မှန်းချက်ကြီးတယ်။ အရမ်းချမ်းသာချင်တယ်။ ဒါကိုသိတဲ့ လုပ်ဖော်ကိုင်ဖက် ပွဲစားကိုသွင်က သုန္ဒရီ့ကို မသိမသာကြိုးကိုင်ခြယ်လှယ်ပြီး အမှောင်ကမ်းဘက်ကို ဆွယ်ခဲ့တာ ခံရတာပါပဲ။ သုန္ဒရီကိုယ်တိုင်ကလည်း လိုလိုလားလားရှိလို့ ရောက်သွားရတာပါ။ သုန္ဒရီက မင်းသမီးတော့ မင်းသမီး..။ ဒါပေမဲ့ ရုပ်သေးမင်းသမီးပါ မမရှားရယ်"

"ထားပါလေ..။ ခြေလှမ်းတွေမလွန်ခင်၊ မကျွံခင် သုန္ဒရီခုလို ဘဝကိုပြောင်းလဲနိုင်ခဲ့တာ မမရှားချီးကျူးပါတယ်"

"မမရှားနဲ့ စတုတ္ထအကြိမ်တွေ့ပြီးနောက်ပိုင်းမှာ သုန္ဒရီ ဆုံးဖြတ် ပြောင်းလဲလိုက်တာပါ။ ကိုသွင်နဲ့ လမ်းခွဲတယ်။ ကုမ္ပဏီတစ်ခုမှာ ဝန်ထမ်းဝင်လုပ်ဖို့ ကြိုးစားတယ်။ အဲဒီမှာ မမျှော်လင့်ဘဲ အစ်ကိုကြီးနဲ့ ဆုံပြီး သူကလည်း သုန္ဒရီ့ကိုချစ်၊ သုန္ဒရီကလည်း သူ့ကိုချစ်မိသွားတယ်

ဆိုပါတော့ မမရှားရယ်။ အစ်ကိုကြီးက အိမ်ထောင်ပျက်ထားတဲ့သူ။ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိတယ်။ သုန္ဒရီကို မြတ်မြတ်နိုးနိုးနဲ့ တရားဝင်လက်ထပ်ယူပြီး တင့်တောင့်တင့်တယ်ထားပါတယ်။ ဒီတော့ သုန္ဒရီ ဘဝပြောင်းရကျိုးနပ်ပြီး အေးချမ်းတည်ငြိမ်သွားတယ်။ ချုပ်လိုက်ရရင်တော့ မမရှားရဲ့ ဆိုဆုံးမမှုတွေက အရင်းခံခဲ့တာပါပဲ။ ဒါကြောင့် သုန္ဒရီက မမရှားကို ကန်တော့တာပါ"

"သုန္ဒရီ. ."

"ရှင်. ."

"သုန္ဒရီဘဝ အေးချမ်းလှပသွားတာကို မမရှားဝမ်းမြောက်ဝမ်းသာရှိတယ်။ ဒါပေမဲ့ သုန္ဒရီကျွေးတာ မမရှားစားပြီးပါပြီ။ ကျေနပ်ပါပြီ။ ပစ္စည်းတော့ လက်မခံပါရစေနဲ့"

"မမရှားရယ်. .။ ဒီပစ္စည်းက အပူပစ္စည်း မဟုတ်ပါဘူး။ အအေးပစ္စည်းပါ။ သန့်စင်တဲ့ ပစ္စည်းပါ"

"ဒါကြောင့် မဟုတ်ပါဘူး။ သုန္ဒရီကို ခုလိုမြင်ရတာနဲ့တင် မမရှားပြည့်စုံနေပါပြီ။ မမရှားလိုချင်တာက သုန္ဒရီရဲ့ စိတ်စေတနာနဲ့ မေတ္တာပါပဲ။ ပစ္စည်းမဟုတ်ဘူး"

"အဲဒါ သုန္ဒရီသိပါတယ်။ ဒါပေမဲ့ သုန္ဒရီရဲ့ ဒီကန်တော့ပစ္စည်းကိုတော့ မမရှားမငြင်းပါနဲ့။ မမရှားငြင်းရင် သုန္ဒရီစိတ်ကောင်းနိုင်မှာမဟုတ်ဘူး။ သုန္ဒရီကို ခုအချိန်ကစပြီး ညီမအရင်းလို သတ်မှတ်လက်ခံပေးပါ။ ဆုံးမစရာရှိရင်လည်း ဆုံးမပါ။ နော်. . မမရှား"

ရှားသည် သုန္ဒရီ့မျက်နှာ အထူးသဖြင့် သုန္ဒရီ့မျက်လုံးများကို ကြည့်နေမိ၏။ သည့်ကလေးမ၏မျက်နှာက ယခင်နှင့်မတူသည်ကတော့ အမှန်ပဲ ဟု ယူဆမိ၏။ ယခင်လို လျှို့ဝှက်ဖုံးကွယ်မှုများဖြင့် ပူလောင်လှသော အလှမျက်နှာ မဟုတ်တော့။ အေးချမ်းငြိမ်သက်ခြင်းတွေကို တွေ့နေရသည်။ တစ်ခုတော့ရှိ၏။ သူမပြောခဲ့သလို သူမဘာဝ အရိပ်

မည်းကြီး လိုက်လာမလားဟူသော စိုးရိမ်ကြောင့်ကြမှုကတော့ သူမ၏ ရင်မှာ ကပ်ငြိနေဆဲရှိလိမ့်မည်။

"ကောင်းပြီလေ. .။ ညီမတစ်ယောက်က အစ်မတစ်ယောက်ကိုပေးတဲ့ ပစ္စည်းမျိုးဆိုရင်တော့ မမရှားလက်ခံပါမယ်။ ဒါပေမဲ့ သုန္ဒရီ နောက်ကြောင်းတွေ ဦးထွန်းမြတ်မင်းကိုမပြောဖို့ လာဘ်ထိုးတာဆိုရင်တော့ မမရှားလက်မခံနိုင်ဘူး။ မမရှားက သုန္ဒရီ ဘာမှမကျွေး။ မပေးလည်း သုန္ဒရီအကြောင်းကို ဦးထွန်းမြတ်မင်းကို ဘယ်တော့မှမပြောဘူး။ မမရှားကြောင့် သုန္ဒရီရဲ့ဘဝလေး လှပနေတာ ပျက်စီးမသွားစေရဘူး။ ဒါပေမဲ့ တစ်ခုတော့ မမရှား ထပ်ပြီးမေတ္တာရပ်ခံလိုက်ချင်တယ်။ ဘယ်လိုအကြောင်းတရားတွေကပဲဖြစ်ဖြစ် သုန္ဒရီကို လမ်းကြောင်းမှားပြန်ရောက်ဖို့ ဖန်တီးလာခဲ့ရင် ကြံ့ကြံ့ခံပြီး သန့်ရှင်းဖြူစင်နေတာကို ထိန်းသိမ်းပါ ညီမလေး"

"စိတ်ချပါ မမရှားရယ်. .။ မမရှားစကားကို သုန္ဒရီနားထောင်ပါ့မယ်"

သုန္ဒရီနှင့် ရှားတို့တွေ့ဆုံပွဲမှ စကားများကို ရှားက ကျွန်တော့်အား ဤသို့ အစုံအလင်ပြန်ပြောခဲ့ရာ ရှားစကားအဆုံးတွင်. .

"သုန္ဒရီနဲ့တွဲနေခဲ့တဲ့ ကြည်ပြာဆိုတဲ့ ကောင်မလေးအကြောင်းကိုရော မမေးလိုက်ဘူးလား"

ဟု ကျွန်တော်က မေးလိုက်သည်။

"မေးလိုက်ပါတယ်"

"ဘာပြောလဲ. ."

"ကြည်ပြာက သုန္ဒရီနဲ့ ဘာမှမတော်ဘူး။ ပွဲစားလုပ်ရင်း ရင်းနှီးပြီး တွဲမိတာ။ အခုလို သုန္ဒရီဘဝပြောင်းလဲသွားတော့ ကြည်ပြာကိုလည်း အမြင်မှန်ရအောင် ပြောခဲ့တယ်လို့ ဆိုတယ်။ တိုက်ခန်းတစ်ခန်းငှားပေးထားပြီး မင်္ဂလာဈေးမှာ ဆိုင်ခန်းတစ်ခန်းဝယ်ပေးဖို့လည်း

စိစဥ်နေတယ်လို့ ပြောတယ်"

"ရှား ကြည်ပြာ့ကိုမြင်ရင် မှတ်မိမလား"

"မှတ်မိမယ်ထင်တာပဲ ကိုကို"

"ဒါဖြင့် ဒီပုံကို ကြည့်ပါဦး"

ကျွန်တော်က လွယ်အိတ်ထဲရှိ စာအုပ်ကြားတွင် ညှပ်ထားသော ဓာတ်ပုံတစ်ပုံကိုထုတ်၍ ရှားကိုပြလိုက်သည်။ ရှားက ဓာတ်ပုံကို ယူ၍ကြည့်ပြီး ချက်ချင်းပင် ပြန်၍အဖြေပေးသည်။

"ဟုတ်တယ်..။ ဒါ..ကြည်ပြာပဲ"

"ကိုကိုလည်း ထင်တယ်။ ဒါကြောင့် ရှားကို ပြကြည့်ချင်လို့ ခဏယူလာတာ"

"ခဏယူလာတာ..။ ဘယ်သူ့ဆီကလဲ"

"ဖွဲ့ဆီက.."

"ဖွဲ့..ကိုကို့တပည့် ကွန်ပျူတာဒီဇိုင်းနာလုပ်တဲ့ ဖွဲ့လား"

"ဟုတ်တယ် ရှား.."

"သူကရော ဒီဓာတ်ပုံ ဘယ်ကရသတဲ့လဲ"

"ဓာတ်ပုံနောက်ကျောကို လှန်ကြည့်လိုက်လေ"

ရှားက ဓာတ်ပုံနောက်ကျောဘက်ကို လှန်ကြည့်သည်။ မိန်းကလေးလက်ရေးတွေ တွေ့ပါလိမ့်မည်။

*"သိပ်ချစ်တဲ့ မောင့်အတွက်..*

*သိပ်ချစ်တဲ့ ကြည်ပြာ"*

ရှားက ဓာတ်ပုံကိုကြည့်နေရာမှ မျက်လွှာလှန်ကြည့်ပြီး..

"ဖွဲ့နဲ့ ကြည်ပြာ ဘယ်လိုတွေ့သွားကြတာလဲ"

ဟု မေးသည်။

"ဖွဲ့ပြောတော့ ချောင်းသာမှာဆုံတယ်လို့ ပြောတာပဲ။ ဖွဲ့က ကြည်ပြာ့ကို မြင်မြင်ချင်း ချစ်သွားတာတဲ့။ ဘာကြောင့်လဲဆိုတာရော သိချင်သေးလား"

ရှား ခေါင်းညိတ်သည်။ ကြည်စင်သောအပြုံးဖြင့်. .

"ဆိုပါဦး. ."

"ဖွဲ့ရဲ့ အရင်ရည်းစားနဲ့ သိပ်တူလို့တဲ့"

"မိဘပေးစားတဲ့လူကို နှလုံးရောဂါအခံရှိတဲ့ အမေ့ရဲ့ စိတ်ချမ်းသာရေးအတွက် ယူလိုက်ရလို့ ဖွဲ့နဲ့ကွဲသွားတယ်ဆိုတဲ့ ကောင်မလေးလား"

"ဟုတ်တယ် ရှား. ."

"အင်း. . ဆန်းတော့ ဆန်းကြယ်သား။ ဒါပေ့လေ. . ။ မေတ္တာတရားဆိုတာက ဘယ်လိုဖွဲ့စည်းပေါ်ပေါက်ရမယ်ဆိုတဲ့ ပုံသေနည်းမှ မရှိတာ။ အကြောင်းအမျိုးမျိုးနဲ့ ဖြစ်တည်လာတတ်တာပဲလေ။ ဒါနဲ့ အခု သူတို့အခြေအနေက. ."

"ဖွဲ့အပြောအရတော့ ဖွဲ့ကလည်း ပိုက်ဆံစုနေတယ်။ ကြည်ပြာကလည်း မင်္ဂလာဈေးမှာ ဆိုင်ထွက်မယ်ဆိုလား. . ။ အဲဒါ နောက်နှစ်လောက် လက်ထပ်မယ်လို့ ဆိုတယ်"

"ကိုကိုက ကြည်ပြာ့အကြောင်း ဖွဲ့ကို ပြောလိုက်လား"

"ဟင့်အင်း. ."

"မပြောပါနဲ့ဦး ကိုကိုရယ်. . ။ သူတို့ဘဝကို သူတို့ မှန်ကန်စွာတည်ဆောက်ဖို့ ကြိုးစားနေတာကို ရှားတို့က အားပေးရမှာ။ ရှားတို့ကြောင့် ကြည်လင်နေတဲ့ ရေပြင်လေး အနည်ပြန်မထစေချင်ပါဘူး"

"ကိုကိုလည်း အဲဒါကြောင့် ဖွဲ့ကို မပြောလိုက်တာပေ့။ ဒါပေမဲ့ မင်းရည်းစားပုံကို ရှားကိုပြပြီး ကြွားချင်လို့လို့ အကြောင်းပြပြီး ဖွဲ့ဆီက ခဏတောင်းလာတာ။ ခုတော့လည်း သုန္ဒရီရော၊ ကြည်ပြာရော ဘဝ

သစ်တွေ ပြန်စနေကြပြီပေါ့။ ဝမ်းသာစရာပါပဲ. . ”

ရှားက သက်ပြင်းတစ်ချက်ချသည်ကို တွေ့ရ၏။

“ကြည်လင်စ ရေပြင်လေးပေါ် ခဲမကျပါစေနဲ့လို့ပဲ ရှားဆု တောင်းနေမိတယ် ကိုကို။ ခဲကျရင် ဂယက်ထလာဦးမှာ”

# ၈

ရှားစိုးရိမ်နေသည်ဆိုသော ဂယက်ထမှုကလေးက အချိန်အနည်းငယ်အတွင်း ဖြစ်ပေါ်လာလေသည်။

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သည်။

တနင်္ဂနွေနေ့မို့ ကျွန်တော်ရော၊ ရှားပါ အလုပ်နားကြရသည် ဖြစ်ရာ ထုံးစံအတိုင်း ရှား၏အိမ်သို့ ကျွန်တော်ရောက်သွားသည်။

"ဟော. . ဒေါ်လေးရေ၊ အချိန်မှန်ညည်းသည်ကြီး ရောက်လာပြီ။ ထုံးစံအတိုင်း ဆန်တစ်ပြည်လောက် ပိုချက်ပေတော့။ ဒီညည်းသည်က အစားကြီးတယ်။ အားလည်း မနာတတ်ဘူး။ အလုပ်နားတာနဲ့ သူ့အိမ်မှာ ဆန်ကုန်မှာစိုးလို့ ရှားတို့ဆီမှာ လာလာစားနေတာ"

ရှားက ပြုံးနွဲ့နွဲ့မျက်နှာပေးဖြင့် ဆီး၍နောက်သည်။

ကျွန်တော်က အားကျမခံ. .

"ဖေဒါ်လေးရေ. .။ ထမင်းစားပြီးရင် ကျွန်တော်က လက်ဖက်ကလေးစားတတ်တာ သိတယ်နော်။ အဘိုးကြီးသုပ်ကလေး. ."

ဖိုဘက်ဆီသို့ လှမ်းအော်လိုက်သည်။

"အေး. . အေး. . ရမယ်. . ရမယ်. ."

ဟူသော ဒေါ်လေးကြင်ကြင်၏ ရင်းနှီးကျွမ်းဝင်သံကို ကြားရသည်။

"ကိုကိုလာတာ အတော်ပဲ။ ကိုယုတို့လည်း လာကြလိမ့်မယ်"

ကျွန်တော်က ရှားနှင့်မျက်နှာချင်းဆိုင်ဆက်တီတွင် ဝင်ထိုင်လိုက်သောအခါ ရှားက သူမ၏ဖတ်လက်စဉပဒေစာအုပ်ကိုပိတ်၍ ခုံပေါ်တင်ရင်း ပြောသည်။

"ကိုယုတို့ဆိုတော့ ဘယ်သူပါလာဦးမှာလဲ"

"ဦးထွန်းမြတ်မင်း. ."

"ဟင်. . ဘာကိစ္စတဲ့လဲ"

"မပြောတတ်ဘူး. .။ စောစောကပဲ ကိုယုဖုန်းဆက်တာ။ ဦးထွန်းမြတ်မင်းက ရှားနဲ့တွေ့ချင်တယ်ပြောလို့ သူခေါ်လာမယ်တဲ့။ စောင့်နေပါတဲ့. ."

"ကေနွှ သုန္ဒရီနဲ့ပတ်သက်နေတဲ့ကိစ္စ ထင်တယ်။ ကုမ္ပဏီကိစ္စက ကိုယုတာဝန်ယူထားတာပဲဟာ"

"ရှားလည်း အဲဒီလိုထင်တာပဲ။ ဒါပေမဲ့ ရှားနဲ့သုန္ဒရီ သိကြောင်း ဦးထွန်းမြတ်မင်းမှမသိတာ။ အင်းလေ. . သူတို့လာမှပဲ အကျိုးအကြောင်း သိရမှာပဲ။ ဒါနဲ့ ကိုကိုရေးနေတဲ့ သမာဓိမောင်ရှင်အကြောင်း ပြီးသွားပြီလား"

"မပြီးသေးဘူး. .။ ကျန်သေးတယ်. .။ ရှားနဲ့သူ ဆုံတဲ့ ဒဂုံတောင်စခန်းက အမှုအထိပဲ ရောက်သေးတယ်"

"ဆက်ရေးလေ ကိုကိုရဲ့. .။ ရှားဖတ်ချင်နေပြီ"

"ရေးနေပါတယ်. .။ ခုတလော ရုပ်ရှင်ဇာတ်ညွှန်းတွေ ရေးနေတာမို့ သမာဓိမောင်ရှင်အကြောင်း ခဏရပ်ထားရလို့ပါ"

ကျွန်တော်တို့ စကားကောင်းနေခိုက် လူခေါ်ခေါင်းလောင်းသံ

ပေါ်လာသည်။ ရှားက တံခါးဝဆီသို့ လှမ်းကြည့်ပြီး. .

"ကိုယုတို့ ရောက်လာပြီထင်တယ်"

ဟု ပြောကာ ထိုင်ရာမှ ထသွားသည်။ ချောင်းကြည့်ပေါက်ကလေးမှ အပြင်သို့ချောင်းကြည့်ပြီးနောက် ကျွန်းတံခါးဘုလုံးကိုလှည့်၍ သော့ဖွင့်သည်။ တံခါးအပွင့်တွင် ကိုယု၏မျက်နှာကြီးကို တန်းခနဲတွေ့လိုက်ရသည်။ ကိုယု၏နောက်မှာ ဦးထွန်းမြတ်မင်း။ ရှားက အပြင်သံပန်းတံခါးကိုပါ ဆွဲဖွင့်ပေးရင်း. .

"လာ. . ကိုယု။ ဦးထွန်းမြတ်မင်း. . အထဲကို ဝင်ပါရှင့်"

ဖိတ်ခေါ်သည်။

"ညီလေးလည်း ရောက်နေတာကိုး"

ကိုယုက ဝင်လာရင်း ပြောသည်။

"ဒါ. . ဂျူတီလေ ကိုယုရဲ့"

ကျွန်တော့်အပြောနှင့်. .

"မဟုတ်ဘူး အစ်ကိုကြီးရဲ့. . ။ ဆန်ဈေးကြီးလို့ သူက ရှားတို့အိမ်မှာ ထမင်းလာစားတာ။ သိပ်လူလည်ကျတဲ့သူ"

ဟူသော ရှားအပြောကြောင့် ကိုယုက တဟားဟားရယ်ရင်း ထိုင်ခုံမှာ ဝင်ထိုင်သည်။ ဦးထွန်းမြတ်မင်းက သူ၏ဘေးမှာ။ ပြုံးရိပ်ထင်သော ကြည်စင်ခန့်ထည်သော မျက်နှာဖြင့်. . ။

ရှားက အတွင်းသို့ဝင်သွားသည်။

"ဒီက အစ်ကိုကြီးကို ညီလေးတို့ သိပြီးသားနော်။ ဝါခိုသက်န်းကပ်တုန်းက ဆုံလိုက်တယ် မဟုတ်လား"

ကိုယု၏ နိဒါန်းစကား. . ။

"ဟုတ်ကဲ့. . သိပါတယ်"

"အစ်ကိုကြီးက မေစံရှားနဲ့ တွေ့ချင်တယ်ပြောလို့. . "

"ဪ. . ဟုတ်ကဲ့"

ရှားပြန်ထွက်လာတော့ ကော်ဖီပန်းလေးကို ကိုင်လျက်ဖြစ်သည်။ ဦးထွန်းမြတ်မင်း၊ ကိုယုနှင့် ကျွန်တော်တို့ရှေ့သို့ ကော်ဖီခွက်များ ချပေးသည်။

"သုံးဆောင်ပါဦးရှင့်. .။ ကိုယုလည်း သောက်ပါ။ ဒီက လူကြီးမင်းကတော့ ညှိသည်နဲ့ကပ်ပြီး ကော်ဖီပါ သောက်ရပြန်ပြီ"

ရှားက ကျွန်တော့်ဘက်သို့လှည့်၍ ရယ်ရွှန်းဖွဲ့ပြောသည်။ ကျွန်တော့်ဘေးခုံတွင် ရှားဝင်ထိုင်သည်။

"ညီမလေးနဲ့ တိုင်ပင်ချင်လို့တဲ့"

"ဟုတ်ကဲ့. .။ ဘာများပါလိမ့်. .။ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပဲ ပြောပါရှင်။ အားမနာပါနဲ့. .။ ကိုယုနဲ့ ရှားတို့က မောင်နှမဖြစ်နေပါပြီ။ ကိုကို့ကိုလည်း ရှားနဲ့ တစ်ကိုယ်တည်းလို့ပဲ သဘောထားပြီး ပြောလို့ရပါတယ်"

ဦးထွန်းမြတ်မင်းက တည်ကြည်စွာဖြင့်. .

"ညီမလေးမေစံရှားအကြောင်းကို ကိုယုက အမွှမ်းတင်တာနဲ့ အစ်ကိုကြီးက အားကိုးပြီး လာခဲ့တာပါပဲ"

ဟု စကားဖွင့်သည်။

"အစ်ကိုကြီးကိုယုကတော့ အဲဒီလို မြှောက်ပြောနေကျပါပဲ။ သူ့ညီမ ဘာမှအသုံးမကျတာကို သူက လူအထင်ကြီးအောင် ပြောတတ်တယ်"

ရှားက သူမကိုယ်သူမ နှိမ့်ချလိုက်သည်။

"လုပ်ငန်းကိစ္စတော့ မဟုတ်ဘူး ညီမလေးရဲ့။ လူမှုရေးကိစ္စပါ။ အစ်ကိုကြီးက အကူအညီတောင်းချင်တာပါ"

ကိုယုစကားပြောသလိုပင် ဦးထွန်းမြတ်မင်းကလည်း 'အစ်ကိုကြီး'၊ 'ညီမလေး' အသုံးအနှုန်းများဖြင့် တရင်းတနှီး စကားပြောသည်။

"ဟုတ်ကဲ့. .။ ကျွန်မကူညီနိုင်တာဆိုရင် ကူညီပါ့မယ်"

"ဒီလိုပါ ညီမလေးရယ်. .။ အစ်ကိုကြီးရဲ့ဇနီး သုန္ဒရီနဲ့ ညီမလေးတို့လည်း ဝါဆိုသင်္ကန်းကပ်အလှူမှာတုန်းက တွေ့ပြီး၊ ရင်းနှီးပြီးဖြစ်လို့ မိတ်ဆွေသဘောနဲ့ သုန္ဒရီနဲ့ဆက်ဆံပြီး သူ့မှာရှိနေတဲ့ အခက်အခဲကို လျော့လာပေးဖို့ပါ။ အစ်ကိုကြီး ကျေးဇူးဆပ်ပါ့မယ်"

ရှား ကျွန်တော့်ထံသို့ အကြည့်တစ်ချက်ရွေ့လာသည်။ ရှား အကြည့်ကို ကျွန်တော်သဘောပေါက်လိုက်၏။ ရေပြင်ပေါ် ခဲလုံးကျ၍ ဂယက်ကတော့ ဝေ့လာခဲ့ပြီလေ။

ဦးထွန်းမြတ်မင်းက စကားဆက်သည်။ ကိုယ့်ကတော့ ကော်ဖီသောက်ရင်း နားထောင်သူပရိသတ်ဖြစ်၏။

"သုန္ဒရီနဲ့ အစ်ကိုကြီးအကြောင်း အရင်ဆုံး နည်းနည်းပြောမှ ဖြစ်မယ်။ အစ်ကိုကြီးက အိမ်ထောင်ပျက်ခဲ့ပြီး သားတစ်ယောက်၊ သမီးတစ်ယောက်နဲ့ ဘဝကို ရှင်သန်လာခဲ့ရာကနေ သုန္ဒရီကို တွေ့တယ်။ တွေ့တွေ့ချင်းပဲ အစ်ကိုကြီး သုန္ဒရီကို ချစ်သွားခဲ့တယ်။ ဒါကြောင့် သုန္ဒရီကို အစ်ကိုကြီးလက်ထပ်ယူခဲ့တယ်။ သူ့အကြောင်း အစ်ကိုကြီး ဘာမှ ရေရေရာရာ မသိခဲ့ဘူး။ သိအောင်လည်း မစုံစမ်းဘူး။ အစ်ကိုကြီးက သူ့ကို တကယ်ချစ်တာကိုး။ သူဟာ မိဘမရှိတော့တဲ့ တစ်ကောင်ကြွက်ဘဝနဲ့ နေနေရတယ်ဆိုတာပဲ သိခဲ့တယ်လေ"

ဦးထွန်းမြတ်မင်း၏ စကားအပြတ်တွင်. .

"သုန္ဒရီကလည်း အစ်ကိုကြီးအပေါ် ချစ်ရုံမကဘူး။ လေးစားကြည်ညိုပုံပါ ရပါတယ်"

ဟု ရှားက ဝင်ပြောသည်။

"အဲဒါကို အစ်ကိုကြီး သံသယမရှိပါဘူး"

"ဒါဖြင့်. . အခု ဘာဖြစ်လို့လဲ အစ်ကိုကြီး"

ဦးထွန်းမြတ်မင်း သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး. .

"အစ်ကိုကြီးက စိုးရိမ်လွန်နေတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်။

သုန္ဒရီကို ချစ်လွန်းလို့ ပန်းကလေးလို အရိပ်တကြည့်ကြည့်နဲ့နေတာမို့ သူ့မျက်နှာညှိုးတာ၊ မျက်နှာပျက်တာကို အစ်ကိုကြီးသိနေတယ် ဆိုပါတော့. .။ ပြောရရင် နှစ်ပတ်လောက်ရှိနေပြီ။ သုန္ဒရီ မျက်နှာမကောင်းဘူး။ တစ်ခုခု ကြောင့်ကြနေပုံရှိတယ်။ အစ်ကိုကြီးက ဘာဖြစ်လို့လဲလို့မေးတော့လည်း မပြောဘူး။ ခေါင်းကိုက်လို့ပါ၊ အိပ်ရေးပျက်လို့ပါဘာ ညာ ရှောင်လွှဲပြောတယ်''

''ဟုတ်ကဲ့. .''

''တစ်ညကျတော့ သုန္ဒရီ အိပ်မက်မက်ပြီး လန့်နိုးလာတယ်။ ချွေးတွေလည်း ရွှဲလို့. .။ ပြီးတော့ အစ်ကိုကြီးကိုဖက်ပြီး အစ်ကိုကြီးကိုချစ်တယ်၊ သုန္ဒရီကို မခွဲပါနဲ့. . လို့ ပြောတယ်။ အစ်ကိုကြီးလည်းသူ့ကို ရေတိုက်၊ ချော့မော့ပြီး ပြန်သိပ်ရတာပေါ့၊ ဒါတွေဟာ သုန္ဒရီ့စိတ်မှာအနှောင့်အယှက်တစ်ခုခု ရှိနေတာပဲဆိုတာကို ပြတယ်လို့ အစ်ကိုကြီးထင်တယ်''

ရှား ထင်မြင်ချက်မပေး။ နားထောင်ရုံသာ နားထောင်လျက်ရှိနေသည်။ ကိုယုက. .

''ဒါ. . ဆိုက်ကိုသဘော ဖြစ်နိုင်တာပေါ့''

ဟု တစ်ခွန်းဝင်ပြောသည်။

''ပြီးခဲ့တဲ့အပတ်မှာတော့. . အင်း. . အတိအကျဆိုရင် ဗုဒ္ဓဟူးနေ့က အစ်ကိုကြီး အိမ်ကိုပြန်ရောက်လာတော့ သုန္ဒရီ ဖုန်းပြောနေတယ်၊ ဒေါသတွေ ထွက်နေပုံပဲ။ အစ်ကိုကြီးကိုမြင်တော့ ဖုန်းကိုချပစ်လိုက်တယ်။ အစ်ကိုကြီးအနေနဲ့လည်း ရုတ်တရက်ဆိုတော့ ပြောစကားတော့ ဘာမှပီပီသသ မကြားလိုက်မိဘူး။ ဖုန်းချပြီးတော့ အစ်ကိုကြီးကို လာကြို့တာ။ စကားပြောတာတွေဟာ အယောင်ယောင်အမှားမှားဖြစ်နေတယ်။ မူပျက်နေတယ်ဆိုပါတော့ ညီမလေးရယ်။ အစ်ကိုကြီးက အဲဒီဖုန်းဟာ ဘယ်သူ့ဖုန်းလဲ၊ ဘာအကြောင်းလဲဆိုတာ မမေးခဲ့ဘူး။ မမေးရက်ခဲ့ဘူး။ သူ့ကို

မယုံသလိုဖြစ်မှာစိုးလို့။ ဒါပေမဲ့ သူကလည်း စပြီးထုတ်မပြောခဲ့ဘူး။ အစ်ကိုကြီးအထင်တော့ သုန္ဒရီ တစ်ယောက်ယောက်နဲ့ အဆက်အသွယ်ရှိနေတယ်။ အဲဒီတစ်ယောက်ယောက်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေတယ်။ ကြည့်ရတာ အစ်ကိုကြီးကိုလည်း လင်ယောက်ျားရယ်လို့ ထုတ်မပြောဘူး။ မပြောဝံ့တာလည်း ဖြစ်နိုင်တယ်။ ပြောလို့မဖြစ်တာလည်း ဖြစ်နိုင်တယ်။ ဒီတော့ကာ သုန္ဒရီအတွက် အစ်ကိုကြီးစိတ်ပူတယ် ညီမလေးရယ်။ ဖြစ်နိုင်မယ်ဆိုရင် ညီမလေးလည်း သုန္ဒရီနဲ့ သိနေပြီဆိုတော့ သုန္ဒရီကို တွေ့ပေးပါ။ စကားပြောကြည့်ပါ။ သုန္ဒရီက အစ်ကိုကြီးကို မပြောပေမယ့် မိန်းမသားချင်းဆိုရင် ရင်ဖွင့်ချင် ရင်ဖွင့်နိုင်တယ်။ တိုင်ပင်ချင် တိုင်ပင်နိုင်တယ်လေ။ အစ်ကိုကြီးက အကူအညီတောင်းတာကိုတော့ သုန္ဒရီမသိစေနဲ့ပေါ့ကွယ်''

ဦးထွန်းမြတ်မင်းက စကားကိုရပ်လိုက်သည်။ ဦးထွန်းမြတ်မင်းစကားရပ်လိုက်သည်နှင့်ပင် ညှော်ခန်းက တိတ်ဆိတ်သွား၏။ ရှားနှင့်ကျွန်တော်က သုန္ဒရီ၏နောက်ကြောင်းကို သိနေသူ။ သို့သော် သိသည်ကို ထုတ်ပြော၍မရ. . ။ မသင့်. . ။ ဦးထွန်းမြတ်မင်းနှင့် သုန္ဒရီတို့၏ ချစ်ခြင်းမှာ ကျွန်တော်တို့ပြောလိုက်သော နောက်ကြောင်းကြောင့် ပြိုပျက်ကွဲအက်သွားမှာကို ကျွန်တော်တို့ မလိုလား. . ။

ခက်သည်က ဦးထွန်းမြတ်မင်းကလည်း အကူအညီတောင်းလာပြီ။ သုန္ဒရီကလည်း ရှားထံရောက်လာခဲ့ပြီးပြီ။ ကြားတွင် ရပ်တည်နေရသော ရှားမှာ ဆူးကြားကဘူးပမာ မလူးသာ မလွန့်သာ. . ။

''ရှား အစ်ကိုကြီးကို စာနာပါတယ်။ သုန္ဒရီကိုလည်း ညီမလေးတစ်ယောက်လို ချစ်ပါတယ်။ အစ်ကိုကြီးပြောတာကို ရှားခေါင်းထဲထည့်ထားပါ့မယ်။ အလုပ်အားတဲ့တစ်နေ့ ရှား သုန္ဒရီနဲ့ တွေ့ပါမယ်။ အစ်ကိုကြီးသိသင့်သိထိုက်တာတွေ တွေ့ရရင် ရှားပြောပါ့မယ်''

ရှား လိမ္မာပါးနပ်စွာ စကားပြန်လိုက်သည်။

---

စိတ်ကူးသစ်စာပေ

"ကျေးဇူးတင်ပါတယ် ညီမလေးရယ်. .။ ဝမ်းလည်းသာပါတယ်။ ညီမလေးက သုန္ဒရီ့ကို စကားပြောကြည့်ရင် သူ့ရင်ထဲရှိတာကို သိနိုင်တဲ့အရည်အသွေးရှိတာ အစ်ကိုကြီးယုံကြည်ပါတယ်။ ကြိုးစားပေးပါနော်"

"စိတ်ချပါ. ."

ကိုယုက ဝင်၍. .

"ညီမလေးတို့လည်း ချစ်နေတတ်သူဆိုတော့ အစ်ကိုကြီးကို စာနာမိမှာပါ။ နော်. . ညီမလေး"

ဟု ပြောသည်။ အပြုံးအရယ်တွေနှင့်ပါ. .။

"အစ်ကိုကြီးလည်း ချစ်တတ်လို့ အိမ်ထောင်တောင်ကျနေပြီ။ သားသမီးတွေတောင် ရနေပြီ။ အစ်ကိုကြီးရော မစာနာဘူးလား"

ရှားက ဦးထွန်းမြတ်မင်း၏စကားများကို ကိုယုထံလွှဲလိုက်ခြင်းဖြစ်ပုံရသည်။ အသောအနောက်တွေဖြင့် အခြေအနေကို ဖော့ပစ်လိုက်ခြင်းလည်း ဖြစ်၏။ ကိုယုက ရယ်သည်။

"ဒါပေမဲ့ အစ်ကိုကြီးက ညီမလေးလို စုံထောက်မလုပ်တတ်ဘူးကွ။ ရှေ့နေပဲ လုပ်တတ်တာ"

ဦးထွန်းမြတ်မင်းကလည်း ပြုံးသည်။

"ကဲ. . အစ်ကိုကြီးတို့ကလည်း စာနာရလိမ့်မယ် ကိုယုရေ။ ညီမလေးတို့. .၊ ညီလေးတို့. . အားတဲ့ရက်ကလေး တွေ့ကြတာ အစ်ကိုကြီးတို့က နှောင့်ယှက်သလိုဖြစ်နေပြီ။ ပြန်ကြရအောင်"

ဦးထွန်းမြတ်မင်းကို ကျွန်တော်က လေးစားစွာကြည့်မိ၏။

"ရပါတယ် အစ်ကိုကြီးရာ. .။ ကျွန်တော်တို့က အမြဲတွေ့နေတာပါ"

"ကျေးဇူးတင်ပါတယ် ညီလေးနဲ့ ညီမလေးရာ။ ကဲ. . အစ်ကိုကြီးတို့ ပြန်မယ်"

စိတ်ကူးသစ်စာပေ

ကိုယုက အဆုံးသတ်စကားပြောသည်။ ဦးထွန်းမြတ်မင်းက သူ၏အိတ်ထဲမှ ဗစ်ဇစ်တင်းကတ်ကလေးကို ထုတ်၍ပေးသည်။

"အိမ်လိပ်စာရော၊ ရုံးခန်းလိပ်စာရော ပါတယ်။ ဖုန်းနံပါတ်လည်း ပါတယ်။ ညီလေးတို့ လိုအပ်တာရှိရင်လည်း အစ်ကိုကြီးက ကူညီပါရစေ"

"ဟုတ်ကဲ့. . ကျေးဇူးပါပဲ"

ဦးထွန်းမြတ်မင်းနှင့် ကိုယု ပြန်သွားကြသောအခါ ကျွန်တော်တို့နှစ်ယောက် အတွေးကိုယ်စီဖြင့် ကျန်ရစ်ခဲ့ကြသည်။ အတန်ကြာမှ. .

"အမှန်ဘက်ကနေ အမှားဘက်ကို ကူးပြောင်းရတာ လွယ်သလောက် အမှားဘက်ကနေ အမှန်ဘက်ကို ပြန်လည်ကူးပြောင်းရတာ သိပ်ခက်ခဲတယ် ကိုကို။ ကိုယ်ပြုခဲ့ဖူးတဲ့ကံရဲ့ အရိပ်မည်းက နောက်ကလိုက်ပြီး ထိုးကျနေတတ်တယ်။ သုန္ဒရီအဖို့ အကြောင်းတရားတွေရဲ့ အကျိုးဆက်တစ်ခုတော့ ကပ်ပါလာနေပြီထင်တယ်"

ရှားက လေးပင်တိုးသဲ့စွာ မှတ်ချက်ချလေသည်။

❦ ❦ ❦ ❦ ❦

# ၉

ကျွန်တော်တို့က သုန္ဒရီကိုတွေ့ဖို့ စီစဉ်နေစဉ်မှာပင် သုန္ဒရီက ကျွန်တော်တို့ထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြန်ပါလေသည်။

"မမရှားရေ. . ။ သုန္ဒရီတော့ မမရှားကို အပူကပ်စရာတစ်ခု ရှိလို့ ရောက်လာရပြန်ပြီ"

ညနေခင်းဖြစ်သည်။ ငါးနာရီမထိုးမီ ဆယ့်ငါးမိနစ်မှာ ကျွန်တော်က မဂ္ဂဇင်းတိုက်မှအပြန် ရှားထံဝင်သည်။ ကျွန်တော်ရောက်ပြီးနောက် ရှားနှင့်ကျွန်တော် အတူပြန်ကြရန် ရုံးခန်းကိုပိတ်မည်အပြု သုန္ဒရီရောက်လာခြင်းဖြစ်၏။

ကျွန်တော်က သည်ညနေ ရှားနှင့်တွေ့ပြီးလျှင် ရထားဖြင့် အိမ်ပြန်မည်မို့ သုန္ဒရီရောက်လာခြင်းကြောင့် အချိန်တွေနှောင်းကာ ရထား မမီမှာစိုးသောစိတ်ဖြင့် နာရီကို ကြည့်မိ၏။

ငါးနာရီထိုးရန် ငါးမိနစ်အလို. . ။

ရှားက နေရာမှာပြန်ထိုင်ပြီး. .

"ထိုင်ပါဦး သုန္ဒရီရယ်။ ပြောစရာရှိတာ အေးအေးဆေးဆေး

ပြောပါ''

ဟု တစ်ဖက်လူအားမနာစေရန် စကားခင်းလိုက်သည်။ ကျွန်တော်လည်း ပြန်ထိုင်လိုက်ရသည်ပေါ့။

''မမရှားတို့က ပြန်တော့မှာထင်တယ်။ အားနာလိုက်တာ''

သုန္ဒရီကလည်း နာရီကိုပင့်ကြည့်ပြီး ပြောသည်။

''ငါးနာရီတောင် ရှိနေပြီပဲ''

ဟုလည်း ဆက်၍ပြောသည်။

''မပြန်သေးပါဘူး။ မမရှားတို့က အေးအေးဆေးဆေးစကားပြောပြီးမှ ပြန်ကြတာပါ''

''သုန္ဒရီကြောင့် မမရှားတို့ကို အနှောင့်အယှက်ဖြစ်ရတယ်ဆိုရင် ခွင့်လွှတ်ပါနော်''

''ရပါတယ်ကွယ်. . ။ အားနာစရာ မရှိပါဘူး''

''ဒီလို မမရှားရေ. .''

ရှားနှင့် မျက်နှာချင်းဆိုင်ထိုင်၍ပြောနေသော သုန္ဒရီကို ကျွန်တော်က ဘေးတိုက်အနေအထားဖြင့် ကြည့်နေမိ၏။ အသားအရောင်းလဲ့လဲ့ဖြင့် မျက်နှာအကျ သွယ်လျပြီး အပြစ်ကင်းစွာလှနေသော သုန္ဒရီ၏ အမူအရာမှာ သွက်နေသော်လည်း စိတ်လှုပ်ရှားနေဟန် ရှိနေသည်။ 'ဘာအကြောင်းများ ရှိလာပါလိမ့်. . ' ဟု ကျွန်တော်တွေးမိ၏။ ဦးထွန်းမြတ်မင်းလာသွားသော သုန္ဒရီ၏ အနှောင့်အယှက်ဖြစ်ဖွယ်အကြောင်းများနှင့် ပတ်သက်နေလေသလား။

ရှားသည်လည်း ကျွန်တော့်လိုပင် တွေးနေလိမ့်မည်ထင်သည်။ ရှားအကြည့်တွေက သုန္ဒရီ့မျက်နှာပေါ်တွင် ငြိမ်လျက်။

''အရင်တစ်ခါတွေ့တုန်းက မမရှားမေးတယ်မဟုတ်လား. . ။ ကြည်ပြာ့အကြောင်းလေ''

ရှားခေါင်းညိတ်သည်။

---

"အခုလာတာက ကြည်ပြာ့ကိစ္စပါပဲ"

"ကြည်ပြာက ဘာဖြစ်လို့လဲ"

"ကြည်ပြာ့ကို သုန္ဒရီကလည်း ညီမအရင်းလို ချစ်တာဆိုတော့ သူ့ကိုလည်း သုန္ဒရီ့လိုပဲ ဘဝလှစေချင်တယ်လေ။ ဒါကြောင့် မင်္ဂလာဈေးမှာ ဆိုင်ခန်းရှာပေးနေတယ်။ သူ တည်ငြိမ်သွားအောင်ပေါ့။ အခုတော့ သူလည်း တည်ငြိမ်စရာအကြောင်း ပေါ်လာရပြီ။ တစ်နေ့က သူ သုန္ဒရီ့ကို ဖွင့်ပြောတယ်။ သူ့မှာ ချစ်သူရှိနေပြီတဲ့. .."

"ဟုတ်လား. ."

ရှားက ထိုအကြောင်းကို သိနေပြီးဖြစ်သော်လည်း ယခုမှသိလေဟန်၊ အံ့ဩဟန် ပြုသည်။ ကျွန်တော်က ဖွဲ့ကို ပြေး၍မြင်ယောင်သည်။ ဖွဲ့နှင့်ကြည်ပြာ့ကိစ္စသည် ပန်းခင်းထားသလို ဖြူးဖြောင့်ချောမွေ့နေမလား။ ဆူးတွေကြဲထားသလိုမျိုး ခက်ခဲကြမ်းတမ်းနေမလား။

"ကြည်ပြာပြောတာကတော့ သူ့ချစ်သူက သူ့ကိုသိပ်ချစ်တာတဲ့။ ရိုးလည်း ရိုးသားတယ်တဲ့။ သူတို့ မကြာခင် လက်ထပ်ကြတော့မယ်လို့ ဆုံးဖြတ်ထားတယ်တဲ့"

"ဝမ်းသာစရာပဲပေါ့"

"သုန္ဒရီကလည်း ဝမ်းသာတာပါပဲ။ ဒါပေမဲ့ သုန္ဒရီစိုးရိမ်နေမိတာ နှစ်ခုရှိတယ် မမရှား"

"ဘာတွေပါလိမ့်ကွယ်"

"ကြည်ပြာက ငယ်တယ်။ စိတ်လှုပ်ရှားလွယ်တယ်။ ပြောချင်၊ လုပ်ချင်ရင် ဖွတ်ပြော၊ ဖွတ်လုပ်တတ်တယ်။ သူ့ချစ်သူ ကောင်လေးဟာ သူနဲ့ ထာဝရလက်တွဲဖော် ဖြစ်နိုင်ပါ့မလားဆိုတာ သုန္ဒရီက ပူပန်နေမိတယ်။ ကြည်ပြာပြောတာကတော့ သူ့ကောင်လေးနာမည်က ဖွဲ့တဲ့။ ကွန်ပျူတာဒီဇိုင်းနာတဲ့။ အဲဒါနဲ့ သုန္ဒရီက ဆရာကိုနေသော်ကို သွားပြီး သတိရတယ်။ ဆရာကိုနေသော်က စာရေးဆရာ၊ အယ်ဒီတာဆိုတော့

ဖွဲ့ကို သိနိုင်တယ်လေ။ ဖွဲ့ဟာ လိမ္မာရေးခြားရှိလား. .။ အကျင့်စာရိတ္တ ကောင်းလား. .။ အရည်အသွေးထက်မြက်လား. .။ အဲဒါတွေ သုန္ဒရီက ကြည်ပြာ့အတွက် စုံစမ်းကြည့်ချင်တယ်"

ရှားအကြည့်များ ကျွန်တော့်ထံ ရွေ့လျားလာသည်။ ခေါင်းကို လှုပ်ရုံကလေး ညိတ်ပြသည်။ သိကြောင်း ပြောစေချင်သည့်သဘော. .။

ကျွန်တော့်အလှည့် ရောက်သွားသည်။

"ဖွဲ့လား. .။ ဖွဲ့ကို ကျွန်တော်သိပါတယ်။ သိဆို ကျွန်တော့်ရဲ့ တပည့်လေးတစ်ဦး ဖြစ်လို့ပါ။ သုန္ဒရီလိုချင်တဲ့ အချက်တွေအားလုံး ပြည့်စုံပါတယ်။ ရိုးလည်းရိုးသားတယ်။ ကြိုးလည်းကြိုးစားတယ်။ လူကောင်းကလေးပါ"

"ဟုတ်လား. .။ ဒါဆိုရင်တော့ ကြည်ပြာ့အတွက် စိတ်ချရလောက်ပါပြီ။ စိတ်အေးရပါပြီ"

သုန္ဒရီ ကျွန်တော့်ဘက် လှည့်ပြောသည်။

ရှားက တွေတွေကလေး သုန္ဒရီ့ကို ကြည့်နေပြီး. .

"သုန္ဒရီ့စိုးရိမ်တာ တစ်ခုလျော့သွားပြီပေါ့နော်။ နောက်တစ်ခု စိုးရိမ်နေတာက ဘာလဲ"

ဟု မေးခွန်းထုတ်သည်။

သုန္ဒရီ တုံ့ဆိုင်းသွားသည်။ သက်ပြင်းချသည်ကို တွေ့ရသည်။ ပြောသင့်၊ မပြောသင့် ချင့်ချိန်နေဟန် မျက်လုံးကစားနေပြီးမှ. .

"အင်း. . ပြောရမှာကတော့ ကိုယ့်အထုပ် ကိုယ်ဖွင့်ပြသလို ဖြစ်မှာပါပဲ။ ဟိုတစ်ခါက မမရှားကို သုန္ဒရီပြောတဲ့အထဲမှာ ပါပါတယ်။ သုန္ဒရီကို မေမေဒေါ်မာလာကွယ်လွန်ပြီး ပွဲစားလုပ်နေရာကနေ အချောင်နိုက်တဲ့ အမှောင်မိုက်မင်းသမီးဖြစ်လာအောင် ကြိုးဆွဲခဲ့တဲ့ ကိုသွင်ဆိုတာလေ. .။ ကြည်ပြာ့ကို သုန္ဒရီနဲ့တွဲပေးခဲ့တာလည်း သူပါပဲ။ တကယ်တော့ ကိုသွင်ဟာ အရမ်းလည်တယ်။ ကောက်ကျစ်တယ်။ အကျင့်လည်း

မကောင်းဘူး။ သူလည်း အိမ်ထောင်ကစွန့်ခွာခြင်း ခံရတဲ့လူပါ။ အဲဒါကလည်း သူ့ရဲ့ လင့်ဝတ္တရားမကျေပွန်ခဲ့တာတွေ၊ ဖောက်ပြန်ခဲ့တာတွေကြောင့် နေမှာပါ။ သုန္ဒရီတို့နဲ့ အလုပ်တွဲလုပ်ကြတော့ သုန္ဒရီတို့အပေါ်မှာသူ မရိုးမသားစိတ် မွေးခဲ့တာ သိလာရတယ်။ သုန္ဒရီရော၊ ကြည်ပြာပါ ပါးပါးနပ်နပ်၊ လိမ်လိမ်မာမာနဲ့ ရှောင်တိမ်းခဲ့ကြတယ်။ ယခုလို ဘဝတွေပြောင်းပြီး သုန္ဒရီက အခြေကျသွားတော့ သုန္ဒရီ့ကို လက်လျှော့ပြီး ကြည်ပြာ့ကို အတင်းချဉ်းကပ်တယ်။ ကြည်ပြာကလည်း သူ့ကို ရွံတယ်။ ရှောင်တယ်. . ။ ဒီအချိန်မှာ ကြည်ပြာက တကယ်ချစ်တဲ့သူ တွေ့တာပဲ။ ဆရာကိုနေသော်တို့ ပြောသလိုဆိုရင် သုန္ဒရီက ကြည်ပြာ့ကို ဖွဲ့နဲ့ ဘဝလှလှတည်ဆောက်သွားနိုင်ပြီလို့ ယုံကြည်တယ်။ ဒါပေမဲ့ ကိုသွင်နှောင့်ယှက်မှာ စိုးတယ်။ ဒီတော့ ဖွဲ့နဲ့ ကြည်ပြာ့ကို မြန်မြန်ဆန်ဆန်လက်ထပ်ပေးလိုက်ရင် ကောင်းမယ်ထင်တယ်နော် မမရှား''

သုန္ဒရီက ရှား၏သဘောထားကို တောင်းသလို ကြည့်နေ၏။

''ကောင်းတာပေါ့ကွယ်. .''

''ဆရာကိုနေသော်လည်း ပြောပါဦး။ သုန္ဒရီကတော့ ကြည်ပြာ့ကို ကိုယ့်ညီမလို သဘောထားပြီး သူ့ဘက်ကချည်း ပြောနေတာပဲ။ ဆရာကိုနေသော်က ဖွဲ့ရဲ့ဆရာဆိုတော့ ဖွဲ့ကို ကြည်ပြာနဲ့ သဘောတူနိုင်ပါ့မလား''

ကျွန်တော့်ဘက် လှည့်မေးပြန်သည်။

''ဖွဲ့က ကြည်ပြာ့အကြောင်း သိမှာမဟုတ်တာတော့ အမှန်ပဲ။ ကျွန်တော်တို့ကလည်း မပြောပါဘူး။ ဖွဲ့က ကြည်ပြာ့အကြောင်း သိရင်လည်း စိုးရိမ်စရာ မရှိပါဘူး။ ဖွဲ့က ကြည်ပြာ့ကို တကယ်ချစ်တာပဲနေမှာပါ။ ဒီတော့ ကျွန်တော်ကလည်း ပြောစရာမရှိပါဘူး။ ကြည်ပြာ့အနေနဲ့ သုန္ဒရီလိုပဲ ခိုင်မာပြတ်သားတဲ့စိတ်ဓာတ်နဲ့ နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့ကို ဖြူဖြူစင်စင်နေသွားဖို့သာ အရေးကြီးပါကယ်''

စိတ်ကူးသစ်စာပေ

"ဒီစကား ကြားရတာ ဝမ်းသာပါတယ် ဆရာ..။ ဒီလိုဆိုရင် သုန္ဒရီက ကြည်ပြာတို့ကို မြန်မြန်လက်ထပ်ဖို့ တိုက်တွန်းရမှာပဲ။ ဒါမှ ဟိုလူယုတ်မာနဲ့ ကင်းဝေးမှာ"

"အဲဒါကတော့ သုန္ဒရီနဲ့ ကြည်ပြာ စဉ်းစားကြဖို့ပါပဲ"

"ကဲ..သုန္ဒရီလာတာ တော်တော်ကြာသွားပြီ။ မမရှားတို့ကို ဒုက္ခပေးသလိုဖြစ်နေပြီ"

သုန္ဒရီက လက်မှနာရီကို ပင့်ကြည့်ပြီး ဆက်၍..

"ငါးနာရီလေးဆယ်တောင် ရှိသွားပြီ။ သုန္ဒရီပြန်တော့မယ်။ အစ်ကိုကြီးနဲ့ ဒီည ရုပ်ရှင်ကြည့်ဖို့လည်း ချိန်းထားတာရှိတယ်။ သမ္မတမှာ တင်တဲ့ မော်ဒန်အချစ်များကို သုန္ဒရီက ကြည့်ချင်တယ်လို့ အစ်ကိုကြီးကို ပူဆာထားလို့ အစ်ကိုကြီး ဒီညနေ လက်မှတ်ဝယ်ထားမယ် ပြောတာပဲ"

"မော်ဒန်အချစ်များက ဆရာကိုနေသော်ရဲ့ ဇာတ်ညွှန်းလေ"

အရေးထဲမှာ ရှားက အရယ်အပြုံးဖြင့် ကြော်ငြာဝင်လိုက်ပြန်ပါသေးသည်။

သုန္ဒရီက မျက်ခုံးကလေးပင့်လျက်..

"ဟုတ်လား..။ ဆရာက ဇာတ်ညွှန်းလည်း ရေးတာလား။ ဒီလိုမှန်းသိရင် အစ်ကိုကြီးကို လက်မှတ်မဝယ်ခိုင်းဘဲ ဆရာ့ဆီမှာ မေတ္တာလက်မှတ် တောင်းပါတယ်"

ဟု ရယ်၍ပြောသည်။ အရွှန်းအပြက်စကား ဖြစ်ပါသည်။

"ကဲ..သုန္ဒရီပြန်ပြီနော်။ ကျေးဇူးပဲနော် မမရှားနဲ့ ဆရာကိုနေသော်"

သုန္ဒရီက ထိုင်ရာမှထရင်း ပြောသည်။

"အဆင်ပြေပါစေ.."

ရှားက ဆုတောင်းစကား ဆိုလိုက်သည်။

သုန္ဒရီ ရုံးခန်းထဲမှ သွက်လက်စွာထွက်ခွာသွားသည်နှင့် ကျွန်တော်ကလည်း ထိုင်ရာမှ ထလိုက်သည်။ ကျွန်တော့်လိုပင် ရှားကလည်း ထိုင်ရာမှ ထသည်။ သို့သော် ရှားက ပြတင်းမှာသွားရပ်ကာ အောက်သို့ ငုံ့ကြည့်သည်။

ခဏကြည့်နေပြီးနောက်. .

"သုန္ဒရီက ဒီတစ်ခါတော့ သူ့အဘိုးကြီးရဲ့ ပရာဒိုနဲ့ လာတာ မဟုတ်ဘူး။ တခြားကားနဲ့ လာတာ။ ကိုယ်တိုင်မောင်းလာတာထင်တယ်"

ဟု ပြောရင်း ပြတင်းမှ ပြန်ခွာလာသည်။

"ပရာဒိုက ဦးထွန်းမြတ်မင်း ကုမ္ပဏီကိုယူသွားလို့ နေမှာပေါ့။ သူဌေးဆိုတော့ သုန္ဒရီကို ကားတစ်စီးသပ်သပ်ပေးထားတာ ဖြစ်မှာပေါ့"

ကျွန်တော်က ထင်မြင်ချက်ပေးလိုက်သည်။

"ရှားတို့လည်း သွားစို့ ကိုကို. ."

ရုံးခန်းတံခါးများကိုပိတ်ပြီး ရှားနှင့်အတူ ကျွန်တော် လှေကားမှ ဆင်းလာသည်။ ရှားထံမှ အတွေးပါသော စကားတစ်ခွန်း ထွက်လာသည်။

"ဒီနေ့ သုန္ဒရီ့မျက်လုံးတွေ တစ်ခုခုထူးခြားနေတယ်လို့ ရှား သတိထားမိတယ် ကိုကို"

. . တဲ့။

ကျွန်တော် မဝေဖန်တတ်ပါ။ ရှားကလည်း စကားမဆက်တော့ပါ။

❦ ❦ ❦ ❦ ❦

# ၁၀

မနက်အစောကြီး ဖွဲ ကျွန်တော့်ထံပေါက်ချလာပြီး သူနှင့်လိုက်ခဲ့ရန် အတင်းခေါ်သည်။ ရှားကိုပါ ခေါ်ခဲ့ပေးပါဟုလည်း တောင်းဆိုသည်။

"ဘာတွေ ဒီလောက် ဖုတ်ပူမီးတိုက်ဖြစ်လာတာလဲကွာ"

ကျွန်တော်က ဖွဲကို ညည်းပြောပြောလိုက်တော့ ဖွဲက ရယ်သည်။

"ကိုယ်ချင်းစာပါ ဆရာရယ်. .။ ကျွန်တော် ကြည်ပြာ့ဆီကို ဒီမနက် မောင့်အစ်ကိုနဲ့အစ်မ ခေါ်လာမယ်လို့ ပြောထားတယ်။ ဆရာနဲ့ မမရှား လိုက်ပြီး ကျွန်တော့်အတွက် ကြည်ပြာ့ကို ပြောပေးပါ။ ကျွန်တော့် မိဘတွေက နယ်မှာဆိုတော့ ဆရာတို့ပဲ မိဘအစားနေနဲ့ပေါ့ ဆရာရယ်. ."

"ငါတို့လိုက်ရတာက အရေးမကြီးဘူး။ တော်ကြာ မင်းမိဘတွေက သဘောမတူရင် ကြားက ငါတို့ဘယ်ကောင်းမလဲ"

"ဆရာတို့အပြစ် မဖြစ်စေရပါဘူး။ ဆရာတို့နဲ့ ကြည်ပြာတွေ့ပြီး ကြည်ပြာက ကျွန်တော်ပြောထားသလို အမြန်ဆုံးလက်ထပ်ဖို့ သဘောတူရင် နယ်ပြန်ပြီး ကျွန်တော့်မိဘတွေကို ခွင့်တောင်းမှာပါ"

"မင်းကွာ. . တော်တော်ဇာတ်လမ်းရှုပ်တဲ့ကောင်"

"ဇာတ်လမ်းရှုပ်တာ မဟုတ်ပါဘူး ဆရာရယ်။ သိပ်ချစ်တာပါ။ ဆရာနဲ့ မမရှားလိုပေါ့"

"ဟေ့ကောင်. . မင်းတို့ကိစ္စထဲမှာ ငါတို့ကို မဆီမဆိုင် ဘာလို့ဆွဲထည့်တာလဲ"

ဖွဲ့က တဟဲဟဲရယ်နေသည်။

ကျွန်တော် မနေသာ။ သည်စနေမှာ ဝတ္ထုရှည်တစ်ပုဒ် စရေးမည်ဟု တွေးထားသမျှ ကျွန်တော့်အစီအစဉ်တွေကို ဖျက်လိုက်ရလေပြီ။

ဖွဲ့နှင့်အတူထွက်လာပြီး ရှားထံ ဖုန်းဆက်သည်။

"ရှားရေ. .။ ဒီမှာ အပူကောင်တစ်ယောက် ရောက်လာပြန်ပြီ"

"ဘယ်သူလဲ ကိုကို"

"ဖွဲ့ပေါ့ကွာ. ."

"ဖွဲ့ ဘာဖြစ်လို့လဲ"

"သူ့ကောင်မလေး ကြည်ပြာနဲ့ တွေ့ပေးချင်လို့တဲ့"

"ဖြစ်ပါ့မလား. .။ ကြည်ပြာက ရှားတို့ကိုတွေ့ရင်. ."

"ပြဿနာမရှိနိုင်ပါဘူး။ ခုဟာက ဒီကောင် နားပူနားဆာလုပ်လွန်းလို့. .။ ဆရာနဲ့မမရှား လိုက်ပြီး ကြည်ပြာနဲ့လက်ထပ်ဖို့ကိစ္စ ပြောပေးပါတဲ့လေ။ သူ့ဘက်က ခိုင်မာကြောင်း ပြချင်တဲ့သဘောနေမှာပေါ့"

"ရှားပါ လိုက်ရမှာလား"

"ဟုတ်တယ်. ."

"ကိုကိုတို့ ရှားကိုဝင်ခေါ်မှာလား"

"ခေါ်မယ်. .။ ရှား တခြားထွက်သွားမှာစိုးလို့ ကိုကို ဖုန်းကြိုဆက်တာ"

"ကောင်းပြီ ကိုကို. .။ ရှားစောင့်နေမယ်"

ကျွန်တော်နှင့်ဖွဲ့ ရှားကိုဝင်ခေါ်ကြပြီး ကြည်ပြာ၏နေအိမ်သို့ ထွက်လာတော့ နံနက် (၉) နာရီခန့်ပင် ရှိသေးသည်။

"ဆရာနဲ့ မမရှား. . ဘာစားဦးမလဲ"

ဖွဲ့က မေးသည်။

"ဖားမနေနဲ့ ဟော့ကောင်. .။ မင်းကိစ္စ မြန်မြန်ပြီးအောင် အရင်လုပ်။ ပြီးမှ ကျွေးချင်ရင် အေးအေးဆေးဆေးကျွေး"

"ဟဲ. . ဟဲ. . ဆရာကလည်း ဒေါချည်းပဲ"

ဖွဲ့ကတော့ အူမြူး၍နေသည်။

သည်ကောင်လေးက သည်လိုပဲဖြစ်၏။ အမြဲတစေ ပြုံးပြုံးလေး နှင့် ပျော်ပျော်နေတတ်သူ။ နယ်မှ ရန်ကုန်ကိုတက်လာပြီး ကိုယ့်ခြေပေါ် ကိုယ်ရပ်ကာ ဘဝရပ်တည်ရာတစ်နေရာစာရဖို့ ကြိုးစားနေသူ။ သဘော ရိုးသဖြင့် သူ့ကို ကျွန်တော်ခင်မင်ခြင်းဖြစ်၏။ စင်စစ် သူသည် ကျွန်တော် စာသင်ရသော တပည့်မဟုတ်ပါ။ သူအခက်အခဲဖြစ်နေစဉ် ကူညီပေးပြီး ဒီဇိုင်းဆရာတစ်ဦးထံတွင် အပ်နှံပေးခဲ့ရာမှ ဆရာတပည့်လို သံယောဇဉ် တွယ်လာကြခြင်း ဖြစ်ပါသည်။

အိမ်ရာတစ်ခုတွင်နေသော ကြည်ပြာရှိရာသို့ ဖွဲ့က ဦးဆောင် ခေါ်ငင်သွားသည်။

ကြည်ပြာတို့နေသော တိုက်ဝန်းကျင်တွင် ရဲကားတစ်စီးရပ် ထားသည်ကို မြင်လိုက်ရသောအခါ. .

"ကိုကိုရေ. .။ ဒီနားမှာ Case တစ်ခုတော့ ပေါ်နေပြီထင် တယ်။ ရှားတို့တော့ စားခုတ်ရာ လက်လျှိုရဦးမလား မသိဘူး"

ဟု ရှားက ကျွန်တော့်နားကပ်၍ ပြောသည်။ လူအချို့ တီးတိုး ပြောနေကြသည်ကို ကြည့်ရင်း ကျွန်တော်က ခေါင်းညိတ်သည်။

ရှားနိမိတ်ဖတ်ခြင်းသည် သွေးထွက်အောင် မှန်ကန်နေပြန်ပါ လေ၏။

လေးထပ်ရှိ ကြည်ပြာ၏အခန်းသို့ ကျွန်တော်တို့ လှေကားမှ တက်သွားသောအခါ တာဝန်ကျရဲသားလေးက 'မသွားရ' ဟု တားသည်။ 'ဘာကိစ္စလဲ' ဟု မေးသည်။ 'လူသေမှုဖြစ်လို့ စစ်ဆေးနေတယ်' ဟု လည်း ပြောသည်။

"ဘယ်အခန်းမှာလဲ"

ဖွဲ့က စိတ်လှုပ်ရှားစွာ ဝင်မေးသည်။

"၄၀၂.."

ရဲသားလေး၏ အဖြေ..။

"ဟင်.."

ဖွဲ့မျက်နှာ သွေးဆုတ်သွားသလို ဖြူလျော်သွားသည်။ မျက်လုံးတွေ လင်ကွင်းလောက် ပြူးကျယ်သွားသည်။ ပါးစပ်တွေ လိုဏ်ဂူကြီးလို ဟသွားသည်။ လှုပ်ရှားတုန်ယင်စွာဖြင့် ရဲသားလေးကို တိုးဝှေ့ကာ အခန်း ၄၀၂ ရှိရာသို့ လှေကားအတိုင်း ပြေးတက်သွားသည်။

"ဟာ..ဟေ့လူ..မတက်ရဘူး ပြောနေတယ်လေ"

ရဲသားလေးအော်ဟစ်တားသော်လည်း မရတော့...။

"ဒီမှာကွယ်..မမဟာ ရှေ့နေ မေစံရှားပါ။ မမတို့လာတာက လည်း ဒီအခန်း ၄၀၂ ကို လာတာပါ။ စောစောကပြေးတက်သွားတာက အဲဒီအခန်းမှာနေတဲ့ ကြည်ပြာရဲ့ချစ်သူပါ။ သူ စိတ်ပူသွားလို့ပါ။ ခွင့်ပြုလိုက်ပါ"

ရှားက ရဲသားလေးကို ရှင်းပြလိုက်သည်။

"မမတို့ရော အဲဒီအခန်းကို တက်မှာလား"

"ဟုတ်တယ်ကွယ့်..။ အဲဒီမှာ စစ်ဆေးနေတာ ဘယ်သူပါလဲကွယ်"

"ရဲအုပ် သိန်းဇော်ပါ။ စခန်းမှူးဦးနီညိုလည်း ပါတယ်"

"ဦးနီညိုရော၊ ကိုသိန်းဇော်ပါ မမရဲ့ မိတ်ဆွေတွေပါ။ မမတို့ကို

ခွင့်ပြုပါ''

ရဲသားလေးက သွားခွင့်ပြု၍ ရှားနှင့်ကျွန်တော် လှေကားမှ ခပ်သွက်သွက်တက်လာခဲ့ကြသည်။

''ကျွန်တော်ဝင်မယ်ဗျာ. . ဝင်မယ်. . ''

''ဟာ. . မဝင်ရဘူးလို့ ပြောနေတယ်လေ။ ဒီမှာ စစ်ဆေးနေ တယ်။ မင်းဝင်ရင် အားလုံးရှုပ်ကုန်မယ်''

''အဲဒါ. . ကျွန်တော့်ချစ်သူဗျ''

''ဪအေးပါ. . ။ ငါတို့ နားလည်ပါတယ်။ ခဏလေးစောင့်ပါ။ ပြီးရင် ဝင်ရပါ့မယ်''

အခန်းဝ၌ ဖွဲ့နှင့် ရဲအုပ်သိန်းဇော်တို့ အချေအတင်ဖြစ်နေကြ သည်။ ဖွဲ့က အထဲသို့ အတင်းတိုးဝင်၊ ရဲအုပ်သိန်းဇော်က ရှင်းပြရင်း တား။ တွန်းဟယ်ဆွဲဟယ် ဖြစ်နေကြသည်။ ဖွဲ့၏စကားသံကြောင့် ကျွန် တော်တို့ တုန်လှုပ်သွားကြသည့် အမှန်။

''ဖွဲ့. . မောင်လေး. . စိတ်ငြိမ်ငြိမ်ထားလေကွယ်''

ရှားက ဝင်၍ပြောလိုက်သည်။

''မမရှား. . ဆရာ. . ကြည်ပြာသေပြီဗျ. . သေပြီ. . ။ ဟီး. . ဟီး. . ''

ဖွဲ့က ကလေးတစ်ယောက်လို ကျွန်တော့်ကိုဖက်၍ ငိုချလိုက်၏။

''ဒေါ်မေစံရှားတို့ပါလား. . ။ ဘယ်က ဘယ်လို ရောက်လာ တာလဲ''

ရဲအုပ်သိန်းဇော်က ရှားကိုတွေ့သွားပြီး တအံ့တဩမေးသည်။

''ဒီကိုပဲလာတာ ကိုသိန်းဇော်။ ဒီက မောင်လေးက ကြည်ပြာနဲ့ လက်ထပ်ဖို့ကိစ္စအတွက် ခေါ်လာတာနဲ့ ကျွန်မတို့လိုက်လာတာ''

''အေးဗျာ. . ။ ဒါဆိုရင်တော့ စိတ်မကောင်းစရာပဲ။ ကြည်ပြာ ဆိုတာ ဒီအခန်းက ကလေးမလေးထင်တယ်။ အဖြစ်ဆိုးတယ်ဗျာ. . ။

ဆုံးရှာပြီ. . ''

''ဘယ်လိုဖြစ်တာလဲ ကိုသိန်းဇော်''

''လောလောဆယ် စခန်းမှူးနဲ့ ကျွန်တော်တို့ ကောက်ချက်ချတာကတော့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ဓားနဲ့ထိုးပြီး သေဆုံးသွားတာပဲ''

''အပြန်အလှန်. . ဟုတ်လား. . ဒါဖြင့်. . ''

''ဟုတ်ကဲ့. .။ သေဆုံးနေတာက တစ်ယောက်တည်းမဟုတ်ဘူး။ နှစ်ယောက် ဒေါ်မေစံရှားရဲ့။ ကြည်ပြာနဲ့ တခြားယောက်ျားတစ်ယောက်. . ''

''ရှင်. . ''

''ကဲ. . အထဲမှာ ဦးနီညိုလည်းရှိတယ်။ စစ်ဆေးပြီးသလောက်ရှိပါပြီ။ ဒေါ်မေစံရှားတို့ ဝင်ရင်လည်း ဝင်ပါဗျာ။ ဒေါ်မေစံရှား တွေ့တာ၊ မြင်တာလည်း ကျွန်တော်တို့ကို ပြောပေါ့''

ရဲအုပ်သိန်းဇော်က ခွင့်ပြုလိုက်သဖြင့် ကျွန်တော်တို့ အခန်းတွင်းဝင်မည်ပြုကြရာ ဖွဲမှာ ကျွန်တော်တို့ရှေ့မှ ပြေးဝင်သွားလေသည်။

''ဟော့. . မင်း ဘယ်သူလဲ။ ဘာလို့ဝင်လာတာလဲ''

အထဲမှ ဦးနီညို၏အသံကို ကြားလိုက်ရ၏။

''ဆရာ. . သူက သေဆုံးသူကောင်မလေးရဲ့ ချစ်သူပါ။ ဟောဒီမှာ ဒေါ်မေစံရှားတို့လည်း ပါပါတယ်''

ရဲအုပ်သိန်းဇော်က ကျွန်တော်တို့အား ရှေ့မှဦးဆောင်ခေါ်သွားရင်း ရှင်းပြလိုက်သည်။ စခန်းမှူးဦးနီညိုက ကျွန်တော်တို့ကို မြင်သွားပြီး ဖွဲကိုတားထားရာမှ လွှတ်ပေးလိုက်သည်။ ဖွဲက ဦးနီညိုလက်မှလွတ်သည်နှင့် 'ကြည်ပြာ. . ' ဟူ၍ အော်ကာ အတွင်းသို့ ဆက်၍ပြေးဝင်သွားသည်။

''ကဲ. . ဒေါ်မေစံရှားတို့လည်း ကြည့်ချင်ရင် လိုက်ကြည့်ဗျာ။ ကျွန်တော်တို့စစ်ဆေးတာတော့ ပြီးပါပြီ။ ရှာစရာရှိတာလည်း ရှာပြီးပါပြီ။

တတ်ပုံတွေဘာတွေလည်း ရိုက်ပြီးပါပြီ”

ဦးနီညိုက ပြောသည်။

အခန်းတွင်း၌ စခန်းမှူးဦးနီညို၊ ရဲအုပ်သိန်းဇော်၊ ဒုရဲအုပ်တစ်ဦးနှင့် ရဲကြပ်ကြီးတစ်ဦးတို့အပြင် ရပ်ကွက်လူကြီးနှစ်ဦးတို့လည်း ရှိနေ၏။ ရပ်ကွက်လူကြီးများက အခန်းထောင့်တွင် ထိုင်နေကြသည်။

အခန်းမှာ ပေနှစ်ဆယ်၊ ပေသုံးဆယ် တိုက်ခန်းမျိုးဖြစ်သည်။ အိပ်ခန်း။ ညှော်ခန်း။ ထမင်းစားခန်း။ မီးဖို စသည်ဖြင့် ဖွဲ့စည်းထားသည်။ အခန်းတွင်း၌ ပရိဘောဂများများစားစားမရှိ။ ကြည်ပြာ ဤအခန်းတွင် နေသည်မှာ ကြာမြင့်ပုံမရသေး။

ဖွဲ့က ကြည်ပြာ၏အလောင်းဘေးတွင် ဒူးထောက်လျက်ရှိနေ၏။ ကြည်ပြာ့ကို မွေ့ယူမည်ပြုသည်ကို ဒုရဲအုပ်က တားထားသဖြင့် မွေ့ယူ၍ မရဘဲ ကြည်ပြာ့ကိုစိုက်ကြည့်ကာ ယူကျုံးမရ မျက်ရည်တွေတွေကျလျက်. . ။

“ဘယ်လိုဖြစ်ရတာလဲ ကြည်ပြာရယ်. . ။ အဖြစ်ဆိုးလိုက်တာ”

ကျွန်တော်နှင့် ရှား ဖွဲ့၏အနားသို့ ရောက်သွားကြသည်။

ကြည်ပြာ၏အလောင်းမှာ သွေးတွေမြင်မကောင်း. . ။ ရင်ဘတ်နှင့် ဗိုက်တွင် သွေးတို့စွန်းပေနေသည်။ သွေးများခြောက်ကပ်နေပုံကို မြင်ရ၍ သေဆုံးသည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း ခန့်မှန်းမိသည်။ ကြည်ပြာ လဲကျနေပုံမှာ အခန်းနံရံကိုမှီလျက် ခြေထောက်တွေလိမ်ပြီး အနေအထား ကိုးရိုးကားရားဖြစ်၏။ သူမ၏ညာလက်တွင် ဆုပ်ထားဟန်ရှိသော ဓား တစ်ချောင်း. . ။ ဓားဦးမှာလည်း သွေးများနှင့်. . ။ ဆံပင်ဖရိုဖရဲ မျက်လုံး က ပွင့်ပြီး ပြူးကြည့်နေဟန်မို့ ကြည့်ရသည်မှာ ကြက်သီးထဖွယ်ရာ. . ။

ကြည်ပြာ့ရှေ့ လက်တစ်ကမ်းအကွာတွင် ယောကျ်ားအလောင်း တစ်လောင်း ရှိနေ၏။ တစောင်းလဲကျနေပြီး သူ့အင်္ကျီအဖြူရောင်မှာ လည်း သွေးတွေနှစ်လျက်. . ။ သူ၏ညာလက်မှာလည်း သွေးစွန်းနေသော

တဲ့တစ်ချောင်း. ။ ထိုသူမှာ အသားညိုညိုနှင့်၊ ဆံပင်တိုတိုနှင့်. ။ အသက်သုံးဆယ့်ငါးဝန်းကျင်ရှိမည်ဟု ခန့်မှန်းရသည်။

ရှားက ဖွဲ့၏ဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ကြည်ပြာ ကိုရော၊ အခြားသေဆုံးသူကိုပါ သေချာစေ့စပ်စွာကြည့်နေသည်။ ပြီး. . မော့လျက်. .

"ဆရာဦးနီညို. . ကျွန်မ အလောင်းကိုကိုင်ကြည့်လို့ ရမလား"

ဟု မေးလိုက်သည်။ ရှားမျက်နှာမှာ စိတ်မကောင်းခြင်းများဖြင့် မှိုင်းမှုန်နေသည်။ မျက်လုံးထဲမှာ မျက်ရည်တွေပင် ဝဲနေသည်။

"ရပါတယ်. . ။ ဒါပေမဲ့ ခဏနေဦး ဒေါ်မေစံရှား။ ကျွန်တော်တို့ ဓားတွေသိမ်းလိုက်ဦးမယ်"

"ဟုတ်ကဲ့. . "

ဒုရဲအုပ်က ရဲတို့လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဓားများကို ထုပ်ပိုးသိမ်းဆည်းသည်။

"ဓားတွေကို စီအိုင်ဒီကိုပို့ပြီး လက်ဗွေရာတွေ စစ်ဆေးခိုင်းရမှာ မို့ပါ"

ဟု နောက်မှ ဦးနီညိုက ပြောသည်။

ရှားက ဦးနီညိုအား. .

"ဦးနီညို. . ဒီကလေးမလေးကို မှတ်မိလား"

"မှတ်မိတာပေါ့။ ကျုပ်ကို ဒုက္ခလာပေးတဲ့ နန်းတစ်လိမ်ပန်း တစ်လိမ်နှစ်ယောက်ထဲက အငယ်မလေးပေါ့"

ဟု ဦးနီညိုက တိကျစွာဖြေသည်။

"ဦးနီညို မှတ်မိသားပဲ"

"သူနဲ့အတူ သေတဲ့လူကလည်း သူတို့လိုလူစားမျိုး တစ်ဦးနေမှာပဲ။ ခုနေတော့ ဘယ်သူမှန်းမသိသေးဘူး။ သူတို့အချင်းချင်း မကျေမလည်ဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် ဓားနဲ့ထိုးကြပုံပဲ"

ဟု ဦးနီညိုက ထပ်ဆင့်ပြောသည်။

ဒုရဲအုပ်၏ ဆောင်ရွက်စရာကိစ္စများ ပြီးသွားသဖြင့် ရှားက ကြည်ပြာ၏အလောင်းကို စမ်းသပ်ကိုင်တွယ်ကြည့်နေသည်။ ကျွန်တော်က ဖွဲ၏ပခုံးကိုဖက်၍ နှစ်သိမ့်ရင်း ရှားလုပ်သမျှကို လှမ်းကြည့်နေမိ၏။

ရှားသည် ကြည်ပြာ့ကို စစ်ဆေးကြည့်ပြီးနောက် ကြည်ပြာ့ ရှေ့မှလူ၏အလောင်းကို ကြည့်ကာ. .

"ဒီမှာ သူ့နာရီက ကွဲပြီး ရပ်နေပါလား။ တစ်ခုခုနဲ့ ရိုက်မိပြီး နာရီမှန်ကွဲကြေသွားပုံရတယ်"

ဟု ပြောပြီး နာရီကို အသေအချာငုံ့ကြည့်ကာ. .

"နာရီက ငါးနာရီဆယ့်ငါးမှာ ရပ်နေတယ်။ နေ့စွဲကတော့ မနေ့ကနေ့စွဲပဲ"

ဟု ထပ်ပြောသည်။

ဦးနီညိုက. .

"ကျွန်တော်တို့လည်း တွေ့တယ်။ ဒါကြောင့် မနေ့ညနေ ငါးနာရီဆယ့်ငါးဝန်းကျင်မှာ ဓားနဲ့ထိုးပြီး သေဆုံးကြတာ ဖြစ်နိုင်တယ်လို့ ကျွန်တော်တို့ ကောက်ချက်ချထားတယ်။ ဟော့. . နာရီပါ သိမ်းလေကွာ"

ဟု ရှားကိုပြန်ပြောရင်း ဒုရဲအုပ်ကို လှမ်း၍အမိန့်ပေးသည်။

ရှားက အလောင်းနားမှ ထလာကာ. .

"သူတို့နှစ်ယောက်က သေဆုံးချိန်တော့ တူပါတယ်။ ကျွန်မ အထင်ကတော့ သေဆုံးချိန် ၁၃ နာရီလောက်ရှိပြီထင်တယ်။ ခြေဖျားကနေ မေးစေ့ထိ အေးစက်ပြီး တောင့်တင်းနေတယ်"

ဟု ပြောသည်။

ဦးနီညိုက ရှားစကားကို ဘာမျှပြန်မပြောဘဲ. .

"ဟော့. . သူငယ်။ ဒီကိုလာပါဦး"

ဟု ဖွဲကို ခေါ်သည်။

"ဟုတ်ကဲ့. ."

ဟူသော စကားနှင့် ဦးနီညိုနားသို့ ဖွဲ့ရောက်လာသည်။

"အခု သေဆုံးတဲ့ သူငယ်မလေးက မင်းချစ်သူဆိုတာ အမှန်ပဲလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ မကြာခင် လက်ထပ်ကြမှာပါ"

"သူ့နာမည်က. ."

"ကြည်ပြာပါ"

"သူ ဒီအခန်းမှာနေတာ ကြာပြီလား"

"ခြောက်လလောက်ပဲ ရှိပါဦးမယ်"

"မင်းနဲ့ သူနဲ့ အဆင်ပြေရဲ့လား"

"ပြေပါတယ်. ."

"သူ့အကြောင်းတွေ မင်းဘာသိလဲ"

"သူ့မှာ အစ်မတစ်ယောက်ရှိတယ်။ မင်္ဂလာဈေးထဲမှာ ဆိုင်ခန်းဝယ်ပြီး အထည်ရောင်းဖို့ စီစဉ်နေတာ သိရပါတယ်"

"အရင်က ဘာလုပ်တယ်လို့ မင်းသိလဲ"

"ကုမ္ပဏီတစ်ခုမှာ လုပ်တယ်လို့ ပြောပါတယ်"

ဦးနီညိုက မြုံးလိုက်လေသည်။

"မင်းက သူပြောတာ ယုံတာပဲလား"

"ဟုတ်ကဲ့. ."

"အခု သူ့ရှေ့မှာ လဲကျပြီး သေနေတဲ့လူကို သိလား"

"ကြည်ပြာနဲ့အတူ တစ်ခါတွေ့ဖူးပါတယ်။ ကိုသွင်လို့ခေါ်သံကြားဖူးပါတယ်။ ကြည်ပြာနဲ့ အလုပ်အတူတူလုပ်ခဲ့ဖူးတဲ့ကုမ္ပဏီက လက်ထောက်မန်နေဂျာလို့ ပြောပါတယ်"

"ဘယ်ကုမ္ပဏီကလို့ ပြောလဲ"

"အဲဒါတော့ မပြောပါဘူး။ ကျွန်တော်ကလည်း မမေးဖူးပါဘူး"

"သူတို့နှစ်ယောက် ဘာပြဿနာရှိလဲ"

"ကျွန်တော်မသိပါဘူး"

ထိုအချိန်တွင် ရှားက ထမင်းစားခန်းထဲတွင် လျှောက်၍ကြည့်နေသည်။ ထမင်းစားခန်းမှ ထွက်လာသောအခါတွင်လည်း တံခါးဝရှိ ဝိနုပ်စင်နှင့် ချိတ်ထားသောဖိနပ်တို့ကို ကြည့်နေပြန်သည်။

"မင်းနေရပ်လိပ်စာ ပေးခဲ့။ လိုအပ်ရင် မင်းကိုလည်း ငါတို့ မေးစရာရှိ မေးရမယ်"

"ဟုတ်ကဲ့. . ပေးပါ့မယ်"

ဦးနီညိုက ရဲအုပ်သိန်းဇော်ဘက်သို့လှည့်ကာ. .

"ဆေးရုံကား မရောက်လာသေးဘူးလား"

ဟု မေးသည်။

"ခုလေးတင်ပဲ အောက်မှာ ရောက်လာပြီ"

"ဒါဆို အလောင်းတွေကို ဆေးရုံပို့ဖို့ လုပ်ပါ။ ဓားတွေကို စီအိုင်ဒီကို ပို့ပါ။ ဒီအမှုကို ကိုသိန်းဇော်တာဝန်ယူပါ"

"ဟုတ်ကဲ့. ."

"ကျွန်တော် မြို့နယ်မှူးရုံးကို ဝင်ပြီးသတင်းပို့နှင့်မယ်။ သွားပြီ"

"ဟုတ်ကဲ့. ."

ရဲအုပ်သိန်းဇော်က ဦးနီညိုကို အလေးပြုလိုက်သည်။

"လေးစားပါတယ်"

ဦးနီညိုထွက်သွားသောအခါ ရဲအုပ်သိန်းဇော်က ဒုရဲအုပ်အား ခေါ်ယူ၍ အလောင်းများဆေးရုံပို့ရန် ညွှန်ကြားလိုက်သည်။ ဒုရဲအုပ်နှင့် ရဲကြပ်ကြီးတို့က ဆေးရုံဝန်ထမ်းများကို ခေါ်ယူ၍ အလောင်းများကို ဆေးရုံပို့ရန် စီစဉ်နေစဉ် ရဲအုပ်သိန်းဇော်နှင့် ကျွန်တော်တို့ စကားပြောဖြစ်ကြသည်။

ဖွဲ့ကမှ ကြည်ပြာ့အလောင်းကို သယ်ယူသွားချိန်၌ ပေါက်ကွဲ

လျက် အောက်သို့ပါသွားသည်။

"ကိုသိန်းဇော်တို့. . ကြည်ပြာတို့ ခုလိုဖြစ်နေတာကို ဘယ်လို သိတာလဲ"

ရှားက မေးလိုက်သည်။

"မနက်က ဟောဒီ ရ. ယ. ကဥက္ကဋ္ဌကြီးက ဖုန်းဆက်အကြောင်း ကြားလို့ပါ။ ဥက္ကဋ္ဌကြီးက ရပ်ကွက်ကိစ္စတစ်ခုအတွက် ရာအိမ်မှူးနဲ့အတူ ဒီတိုက်ကိုရောက်လာတော့ ဒီအခန်းက အပြင်က သံပန်းတံခါးကို သော့ ခတ်မထားဘဲ အတွင်းက ကျွန်းတံခါးကတော့ ပိတ်ထားတာ တွေ့တယ်။ ခေါ်တော့လည်း အတွင်းက ဘာမှမထူးဘူး။ အသံမကြားရဘူး။ အဲဒါနဲ့ မသင်္ကာဘူးဆိုပြီး ကျွန်တော်တို့ဆီ ဖုန်းဆက်အကြောင်းကြားတာ"

"ကိုသိန်းဇော်တို့က တံခါးဖွင့်ဝင်ရတာပေါ့. . ဟုတ်လား"

"ဟုတ်ပါတယ်"

"ကိုသိန်းဇော်တို့ အခု ဘာသဲလွန်စတွေ ရထားလဲ"

"ဘာမှမထူးခြားပါဘူး။ ဒီလူနဲ့ ဒီကလေးမလေးတို့ ဒီအခန်းမှာ ဆုံကြရင်း ပြဿနာတစ်ခုခုတက်ပြီး အပြန်အလှန် ဓားနဲ့ထိုးကြပုံပဲ။ ဓားဒဏ်ရာတွေ နှစ်ဦးစလုံးရဲ့ ရင်ဘတ်နဲ့ဗိုက်မှာ တွေ့ရတယ်။ မှူခင်း ဆရာဝန်ကြီးဆီက ဆေးစစ်ချက်ရရင် သေဆုံးရခြင်းအကြောင်းရင်းကို အတိအကျပြောနိုင်မှာပဲ။ အင်းစိန်စီအိုင်ဒီက လက်ဗွေပါရဂူဆီက ဓားပေါ် ကလက်ဗွေရာနဲ့ သေသူရဲ့လက်ဗွေရာ တူ မတူ၊ တခြားလက်ဗွေရာ တွေ့ မတွေ့ အဖြေသိရရင် အမှုက ပိုရှင်းသွားမှာပါ"

ရှားက ရဲအုပ်သိန်းဇော်ကို တစ်ချက်စူးစိုက်ကြည့်သည်။

"ကိုသိန်းဇော်တို့က ဒီနှစ်ယောက် အပြန်အလှန် ဓားနဲ့ထိုးပြီး သေဆုံးကြတယ်လို့ ယူဆထားတယ်ပေါ့"

"ဟုတ်ပါတယ်"

# ၁၁

ရှားက သူ၏လက်ကိုင်ဖုန်းကိုဖွင့်၍ နံပါတ်များကိုနှိပ်သည်။ ဖုန်းကို နားမှာကပ်၍ နားထောင်သည်။ ကျွန်တော်က ရှားကို စောင့်ကြည့်နေလိုက်သည်။

"ဟဲလို. . ဦးထွန်းမြတ်မင်းအိမ်ကပါလားရှင်"

". . . . . ."

"ကျွန်မ သုနန္ဒရီနဲ့ စကားပြောချင်လို့ပါ။ မေစံရှားပါ"

". . . . . ."

"ဟုတ်ပါတယ်. .။ သုနန္ဒရီ မရှိဘူးလား"

". . . . . ."

"အော်. . ဟုတ်ကဲ့။ ဒါဆိုလည်း ကောင်းပါပြီ။ နောက်ပြီးမှပဲ ကျွန်မတို့ အိမ်လာခဲ့ပါမယ်။ ကိစ္စထူးတော့ မရှိပါဘူး"

ရှားက ဖုန်းကို နားမှခွာ၍ ပြန်ပိတ်သည်။

"ဘာတဲ့လဲ ရှား"

"သုနန္ဒရီ အိပ်နေတယ်တဲ့။ ညက ဦးထွန်းမြတ်မင်း အိမ်ကိုပြန်

လာတာ နောက်ကျတယ်။ ရုံးမှာ အလုပ်များနေလို့တဲ့။ ဒါကြောင့် ရုပ်ရှင်လည်း မကြည့်ဖြစ်ဘူးတဲ့။ ညက ဦးထွန်းမြတ်မင်းက ဆယ်နာရီလောက်မှ အိမ်ပြန်ရောက်တာ။ အိမ်ရောက်တော့ သုန္ဒရီ ခေါင်းတွေမူးပြီး ရင်တွေတုန်နေလို့ ဆရာဝန်ခေါ်ရတယ်တဲ့။ ဆရာဝန်က နှလုံးရောဂါ သဘောပဲလို့ဆိုပြီး စိတ်ငြိမ်ဆေးရော၊ နှလုံးဆေးရော ပေးတယ်တဲ့။ ညက ဆေးတွေသောက်ပြီး အိပ်သွားတာ အခုထိ မနိုးသေးဘူးတဲ့။ မနိုးသေးဘူးဆိုတော့ ရှားလည်း နှိုးခိုင်းရမှာ အားနာသွားတယ်''

''အိမ်ကိုလာမယ်လို့ ရှားပြောလိုက်တယ် မဟုတ်လား''

''ဟုတ်တယ် ကိုကို. .။ ဦးထွန်းမြတ်မင်းက အလုပ်သွားတော့မှာ။ ရှားတို့က သုန္ဒရီနဲ့တွေ့မှ ဖြစ်မှာ။ ဒါပေမဲ့ ကြည်ပြာ့အကြောင်းကို ဦးထွန်းမြတ်မင်းကို မပြောချင်သေးလို့ ကိစ္စထူးမရှိပါဘူးလို့ ပြောလိုက်တာ။ သုန္ဒရီကတော့ ကြည်ပြာ့အကြောင်း သိသင့်တယ်လေ။ ဒီတော့ သုန္ဒရီကို သွားတွေ့တာ ကောင်းမယ်''

''ဘယ်တော့ သွားမလဲ''

''ခုပဲ သွားကြတာပေါ့။ ရှားတို့သွားမှာနဲ့ဆို သုန္ဒရီ အိပ်ရာက နိုးလောက်ပါပြီ။ အင်း. သူဌေးကတော်ဖြစ်ပြီဆိုတော့လည်း ဖိမ်နဲ့ အိပ်နိုင်၊ နားနိုင်တာပေါ့လေ။ ရှားတို့ကတော့ ဘဝသမားတွေဆိုတော့ သူ့လို ငြိမ်ငြိမ်လေးနေလို့ မရဘူး''

အငှားကားတစ်စီးဖြင့် ကျွန်တော်နှင့်ရှား ထွက်လာခဲ့ကြသည်။ ရဲအုပ်သိန်းဇော်တို့က စခန်းသို့ပြန်သွားကြပြီဖြစ်၏။ ဖွဲကမူ ဆေးရုံသို့ လိုက်သွားသည်။ မလိုက်ပါနှင့်တားသော်လည်း မရခဲ့။

''ရှားတို့ တက္ကသိုလ်တက်စဉ်က ဆရာတွေပြောတဲ့အထဲမှာ ဗိဇနဲ့ပတ်ဝန်းကျင်ဆိုတဲ့အကြောင်းကို ရှားစိတ်ဝင်စားခဲ့ဖူးတယ်။ လူတစ်ယောက်မှာ ဗိဇက အရေးကြီးသလား၊ ပတ်ဝန်းကျင်က အရေးကြီးသလား ဆိုတဲ့ အချက်လေ။ အငြင်းပွားကြတာပေါ့ ကိုကိုရယ်။ တချို့က

ဗီဇက အရေးကြီးတယ်။ တချို့က ပတ်ဝန်းကျင်က အရေးကြီးတယ်ပေါ့။ ကိုကိုက အဲဒီအပေါ်မှာ ဘယ်လိုမြင်လဲ"

ဟု 'ရှား'က အငှားကားပေါ်တွင် မေးသည်။

"ကိုကို့အမြင်တော့ ပုံသေပြောလို့ မရနိုင်ဘူး။ လူတစ်ယောက်အဖို့ ဗီဇက အရေးကြီးပြီး ပတ်ဝန်းကျင်ကိုလွှမ်းမိုးနိုင်ပေမယ့် တခြားတစ်ယောက်အဖို့ ပတ်ဝန်းကျင်က ဗီဇကို ပြုပြင်သွားတာလည်း ခံရနိုင်တယ်။ ဒါပေမဲ့ ကိုကိုကတော့ ဗီဇကို ပိုပြီးအရေးပါတယ်လို့ ထင်မိတယ်"

ရှား ခေါင်းညိတ်သည်။ ကျွန်တော့်အတွေးနှင့် ရှားအတွေး တူညီသည့်သဘော. . ။

"ရှားလည်း ဒီလိုပဲ ယူဆပါတယ်။ လူတစ်ယောက်ဟာ ပတ်ဝန်းကျင်ကြောင့် လူဆိုးဖြစ်လာနိုင်ပေမယ့် ပတ်ဝန်းကျင်ဆိုးတိုင်း လူဆိုးဖြစ်မလာသူတွေ အပုံပါ။ ထို့အတူပဲ မူလကရှိနေတဲ့ဗီဇကြောင့် ပတ်ဝန်းကျင်က ပြုပြင်ယူပေမယ့် ဗီဇက မပြောင်းလဲနိုင်တာတွေလည်း ရှိနေတယ် ကိုကို"

"ရှား ဒါတွေပြောနေတာ ကြည်ပြာတို့နဲ့ ဆက်စပ်ပြီး တွေးကြည့်နေတာလား"

နှုတ်ခမ်းကလေးပြုံးလျက် ရှား ကျွန်တော့်ကို ငဲ့ကြည့်သည်။

"ဟုတ်တယ် ကိုကို"

"ကြည်ပြာတို့ကို ဗီဇကြောင့်လို့ ရှားမြင်သလား"

"သူတို့က ဗီဇကလည်း တစ်ဝက်၊ ပတ်ဝန်းကျင်ကလည်း တစ်ဝက်ပါပဲပါပဲ။ သုန္ဓရီပြောသလို ဘဝကို အမှောင်ဘက်ကနေ အလင်းဘက်ကို ပြောင်းချင်တဲ့စိတ်ဆိုတာ တကယ်စစ်မှန်တဲ့ ဗီဇပြောင်းလဲမှု ဖြစ်ရင် ကောင်းတာပေါ့။ အခြေအနေက ပြောင်းသွားပေမယ့် ဗီဇက မပြောင်းသေးရင် တစ်ချိန်ချိန်မှာ ပြဿနာရှိလာနိုင်တယ်။ ကြည်ပြာတို့ အဖြစ်က အဲဒီလိုပဲလို့ ရှားထင်တယ်"

ကျွန်တော်တို့ဆွေးနွေးပွဲကလေးက ထင်မြင်ယူဆချက်များဖြင့်သာ လုံးထွေးနေပြီး ရေရာတိကျသောအဖြေ မထုတ်နိုင်သေးမီ ကားကလေးက သုန္ဒရီတို့အိမ်သို့ ရောက်သွားသည်။

ဦးထွန်းမြတ်မင်းပေးခဲ့သော ဗစ်ဇင်းကတ်ပါ လိပ်စာအရ ကျွန်တော်တို့ သုန္ဒရီ့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားခြင်းဖြစ်၏။

ဦးထွန်းမြတ်မင်း၏တိုက်မှာ ပေရှစ်ဆယ်ပတ်လည်ခန့်ရှိ လှပသောခြံဝင်းအတွင်း ခေတ်မီစွာဆောက်ထားသည့် နှစ်ထပ်တိုက်သစ်ကြီးဖြစ်၏။ တိုက်၏အချိုးအစားနှင့် ဗိသုကာလက်ရာမှာ ဆွဲဆောင်မှုကောင်းလှပြီး မြင်သူ ငေးကြည့်ရလောက်သည်။ ခြံထဲတွင် အမျိုးအမည်၊ အရောင်အသွေးစုံလှစွာသော ပန်းခြံလေးတစ်ခုကို လှပစွာတည်ဆောက်ထားပြန်ရာ ပန်းဥယျာဉ်နှင့် ခေတ်မီတိုက်အိမ်ကြီးမှာ တွဲဖက်၍ ပန်ရလှသည်။

ကျွန်တော်တို့ ခြံတံခါးဝ၌ ရပ်လိုက်လျှင် ခြံစောင့်ဖြစ်ဟန်တူသူ အဘိုးကြီးတစ်ဦးက တံခါးဝသို့ ရောက်လာပြီး. .

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲခင်ဗျာ"

ဟု မေးသည်။

"ဦးထွန်းမြတ်မင်းနဲ့ ဒေါ်သုန္ဒရီတို့ရဲ့ မိတ်ဆွေတွေပါ။ သူတို့လင်မယားနဲ့ တွေ့ဖို့လာတာပါ"

ကျွန်တော်က ဖြေလိုက်သည်။

"တူ၊ တူမတို့ရဲ့ အမည်လေး သိပါရစေ"

"နေသော်နဲ့ မေစံရှားပါ"

"ခဏစောင့်ပါနော်"

ခြံစောင့်အဘိုးကြီးက သူ၏အစောင့်ရုံကလေးအတွင်း ဝင်သွားပြီး ခြံတွင်းဆက်သွယ်မှုဖုန်းဖြင့် လှမ်း၍အစီရင်ခံနေသည်ကို ကြားရ၏။ ရှားနှင့် ကျွန်တော် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးမိကြသည်။

ကြီးကျယ်ခမ်းနားလှပါတကား. . ။

"ကိုကို. . တွေ့လား။ ခြံဝမှာရောက်လာတဲ့ညှိသည်ကို အိမ်ထဲက မြင်နိုင်အောင် တပ်ထားတဲ့ ကင်မရာ"

"အင်း. . တွေ့တယ်"

"ဦးထွန်းမြတ်မင်းဟာ သိပ်ကိုချမ်းသာတဲ့သူပဲ။ ရှားမျှော်လင့်တာထက် အများကြီးမြင့်တယ်။ အင်း. . ဒါကြောင့်လည်း သုနန္ဒရီက. ."

ရှားစကားမဆုံးမီ. .

"ဝင်ပါခင်ဗျာ. ."

အဘိုးကြီးက ချိုမြယဉ်ကျေးစွာဖြင့် ခြံဝင်းသံပန်းတံခါးကြီးကို ဖွင့်ပေးသည်။ ကျွန်တော်တို့နှစ်ဦး ခြံတွင်းသို့ဝင်သည်နှင့် အဘိုးကြီးက ခြံတံခါးကြီးကို ပြန်ပိတ်လိုက်သည်။

တိုက်အိမ်ကြီးဆီသို့ လျှောက်လာစဉ် ကျွန်တော်နှင့်ရှား စကားမပြောမိကြ။

တိုက်တံခါးဝတွင် သုနန္ဒရီက ထွက်၍ကြိုနေသည်။ အိပ်ရာမှ လန်းလန်းဆန်းဆန်းနိုးလာခဲ့ဟန်ဖြင့် မျက်နှာမှာ ပြည့်ပြည့်ကလေးရှိနေပြီး အနည်းငယ်ပင် မှုန်းခြယ်ထားသည်ကို တွေ့ရ၏။ နုတ်ခမ်းနီရဲရဲကလေးဖုံးထားသည့် နှုတ်ခမ်းနှစ်လွှာမှာ အပြုံးဖူးဖူးကလေးဖြင့်. .

"လာ. . ဆရာနဲ့ မမရှား။ ဘယ်ကဘယ်လို မျက်စိလည်ပြီး ရောက်လာကြလဲ"

သုနန္ဒရီက ရှားလက်ကိုပါ လာ၍တွဲသည်။

"မျက်စိလည်လာတာတော့ မဟုတ်ဘူး။ သုနန္ဒရီဆီကိုပဲ တည့်တည့်လာခဲ့ရတယ်"

ညှိခန်းထဲလှမ်းဝင်ရင်း ရှားက ပြောသည်။ ကျွန်တော်က အံ့မခန်း ခမ်းနားလှသော ညှိခန်းကြီးအတွင်းမှ မီးဆိုင်းများ၊ ပန်းချီကားကြီးများ၊ အသုံးအဆောင်များ၊ ဆိုဖာဆက်တီများ၊ ခန်းလုံးပြည့်ခင်းထား

သော ကော်ဇောကြီးများကို မျက်လုံးဝေ့ အကဲခတ်လိုက်မိ၏။ သုန္ဒရီ၏ သုခဘုံကလေးက သာမန်မျှ မဟုတ်ပါတကား။

"အကြောင်းရှိတယ် ထင်တယ်"

သုန္ဒရီက ဧည့်ခန်းတွင်းရှိ အိမ်ဖော်မိန်းကလေးကို 'ဧည့်သည် ဖို့ တစ်ခုခုစီစဉ်ခဲ့ပါ' ဟု မှာပြီးနောက် ကျွန်တော်တို့ကို နေရာချပေးရင်း ပြောသည်။

သုန္ဒရီနှင့် ကျွန်တော်တို့နှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်မိကြ၏။

"မနက်က မမရှားဖုန်းဆက်သေးတယ်။ ဦးထွန်းမြတ်မင်းနဲ့ တွေ့တယ်။ သုန္ဒရီအိပ်နေတယ်ပြောလို့ မနိူးပါနဲ့လို့ မမရှားက ပြောလိုက် တယ်"

"ဟုတ်တယ် မမရှား။ ညက သုန္ဒရီ နည်းနည်းနေမကောင်း သလိုဖြစ်တာနဲ့ ဆရာဝန်ခေါ်ရသေးတယ်။ အဲဒါ ဆရာဝန်ပေးတဲ့ဆေး သောက်ပြီး အိပ်လိုက်တာ ခုမနက် နေမြင့်မှ နိုးတယ်"

"ခုရော သက်သာသွားပြီလား"

"သက်သာသွားပါပြီ"

"ဦးထွန်းမြတ်မင်းရော. ."

"သုန္ဒရီနိုးလာတော့ အစ်ကိုကြီးမရှိတော့ဘူး။ ကုမ္ပဏီ သွားပြီ"

"ဦးထွန်းမြတ်မင်းကတော့ အလုပ်ကို တကယ်ကြိုးစားတာပဲ နော်"

"ဟုတ်ကဲ့. .။ ဒါကြောင့်လည်း အစ်ကိုကြီး ဒီလိုနေနိုင်တာ ပေါ့။ သူ့မိဘလက်ထက်က ချမ်းသာတာလည်း ပါတာပေါ့လေ"

"ဦးထွန်းမြတ်မင်းရဲ့ သားသမီးတွေက ဒီမှာအတူတူနေတာ လား"

ရှားက လေသံနိမ့်၍ မေးသည်။

"ဟင့်အင်း. . သူတို့က အစ်ကိုကြီးရဲ့အမေနဲ့ ရှစ်မိုင်ဘက်မှာ နေတယ်။ ဒါက အစ်ကိုကြီးက သုန္ဒရီနဲ့နေဖို့ ဝယ်လိုက်တာ"

အိမ်ဖော်မလေးက မာတိုဗာခွက်များနှင့် သစ်သီးကိတ်ချပ်များ ပါသော ပန်းကန်များကို ဇန်းဖြင့်ထည့်ယူလာကာ ကျွန်တော်တို့ရှေ့သို့ ယဉ်ကျေးစွာချပေးသည်။ ပြီးလျှင် ပြန်ထွက်သွားသည်။

"သုံးဆောင်ကြပါဦး"

"သုန္ဒရီရော"

"သုန္ဒရီ ခုပဲစားပြီးတယ် မမရှား"

ကျွန်တော်တို့ကား မုန့်လည်းမစားချင်. .၊ မာတိုဗာလည်း မသောက်ချင်. .။

"စောစောစီးစီး မမရှားတို့လာရတာကတော့ မင်္ဂလာရှိတဲ့ သတင်းကောင်းပေးဖို့ မဟုတ်တဲ့ သုန္ဒရီကို စိတ်အနှောင့်အယှက်ပေးမယ့် သတင်းဆိုးကို ပြောပြဖို့ဖြစ်နေတယ် သုန္ဒရီရယ်"

ရှားက အချောမွေ့ဆုံး နိဒါန်းပျိုးသည်။ ရှားစကားကြောင့် သုန္ဒရီ့မျက်နှာတွင် စိုးရိမ်ရေမှတ်များ မြင့်တက်လာ၏။

"ဘာ. . ဘာများလဲ မမရှား"

"သုန္ဒရီက နေမကောင်းတော့ ပြောရမှာ အားတောင်နာတယ်။ ဒါပေမဲ့ မပြောလို့လည်း မဖြစ်လို့"

"ပြောပါ မမရှား"

"သုန္ဒရီ စိတ်ခိုင်ခိုင်ထား နားထောင်ပေတော့။ သုန္ဒရီသိပ်ချစ်တဲ့ ညီမလေးကြည်ပြာ ညက ဆုံးသွားပြီ"

"အို. . ဘယ်. . ဘယ်လိုဖြစ်. ."

သုန္ဒရီ့မျက်ဝန်းများ ဝိုင်းစက်ပြူးကျယ်သွားသည်။ စကားတွေ ပင် ဆက်ထွက်မလာနိုင်ဘဲ ထစ်အ ရပ်ဆိုင်းသွားသည်။

"ကြည်ပြာ့အခန်းမှာ ကြည်ပြာနဲ့ ကိုသွင်တို့ တစ်ယောက်နဲ့တစ်

ယောက် ဓားနဲ့ထိုးပြီး နှစ်ယောက်စလုံးသေနေကြတာပဲ သုန္ဒရီ"

"အို . . ဘုရား . . ဘုရား . ."

သုန္ဒရီ ရင်ကိုဖိလိုက်သည်။ ရင်ထဲတွင် တစ်ခုခုပြင်းပြင်းထန်ထန်ခံစားလိုက်ရသလို သုန္ဒရီ့မျက်နှာတွင် မဲ့သွားသည်။ မယုံကြည်နိုင်သလို မော့ကြည့်လာသော သုန္ဒရီ၏မျက်ဝန်းများတွင် မျက်ရည်ကြည်များချက်ချင်းပင် စိမ့်အိုင်လာသည်။

"တကယ်လားဟင် မမရှား . .။ မမရှား တကယ်ပြောတာလား"

လက်မခံနိုင်သေးသလို သုန္ဒရီထပ်မေးသည်။

"တကယ်ပေါ့ သုန္ဒရီ။ ဒါ . . နောက်ပြောင်ရမယ့်ကိစ္စမှ မဟုတ်တာ။ အဲဒါ မနက်က သုန္ဒရီ့ကိုပြောဖို့ လှမ်းဖုန်းဆက်တာပဲ။ သုန္ဒရီမနိုးသေးလို့ ဦးထွန်းမြတ်မင်းကို မပြောသေးဘဲ လူကိုယ်တိုင်ပြောပြရအောင်လာတာ"

"ဟင် . . ဖြစ်မှဖြစ်ရလေ။ ဘယ်လိုများ ဖြစ်ကုန်ကြတာပါလိမ့်။ အဖြစ်ဆိုးလိုက်တာ ညီမလေးရယ်"

သုန္ဒရီ ဖြေမဆည်နိုင်သလို ရှိုက်လိုက်ရင်း မျက်ရည်များပါးပြင်ပေါ် စီးကျလာကာ ခန္ဓာကိုယ်ပင်လျှင် ရင်ကိုဖိလျက်သားနှင့် ယိုင်သွားသည်။

"သတိထား သုန္ဒရီ။ စိတ်ကို လျှော့လိုက်။ တချို့အရာတွေက ကိုယ်ဖြစ်စေချင်သလို မဖြစ်ဘဲ မဖြစ်စေချင်သလို ဖြစ်လာတတ်တာလောကရဲ့ ဓမ္မတာပဲ"

"သုန္ဒရီ ဘယ်လိုမှ လက်ခံလို့မရနိုင်ဘူး မမရှားရယ်။ ညီမလေးအတွက် ဆိုင်ခန်းတောင် ပွဲစားကို မှာထားပြီ။ ဒီနေ့ သွားကြည့်မလို့။ ဒီတစ်ရက်နှစ်ရက် ကြည်ပြာနဲ့မတွေ့လိုက်တာ မှားတာပဲ။ သုန္ဒရီ သူနဲ့တွေ့ရင် ဒီလိုဖြစ်ချင်မှဖြစ်မှာ"

"မမရှားတို့လည်း ဘယ်လိုမှမထင်ခဲ့ဘူး။ ကြည်ပြာ့ချစ်သူ ဖွဲ့က ဒီမနက်မှ မမရှားတို့ကိုလာခေါ်ပြီး ကြည်ပြာနဲ့တွေ့ရအောင် သွားကြတာ။ ဖွဲ့က ကြည်ပြာ့ကို မြန်မြန်ဆန်ဆန်လက်ထပ်ချင်နေပြီလေ။ ဟိုကျတော့ ဒီအဖြစ်ဆိုးကို တွေ့ရတာပဲ"

"အဲဒါ ဟိုလူယုတ်မာကြောင့် နေမှာပဲ။ သူက ကြည်ပြာလက်ထပ်မယ့်ကိစ္စကို ဖျက်ချင်တာ နေမှာပေါ့။ ကြည်ပြာကလည်း စိတ်မြန် လက်မြန်သမားဆိုတော့ ထိန်းမနိုင်သိမ်းမရဖြစ်ကုန်တာ နေမှာပေါ့"

"ရဲတွေကတော့ အားလုံး စစ်ဆေး၊ မှတ်တမ်းရယူပြီး ကြည် ပြာတို့အလောင်းတွေကို ဆေးရုံယူသွားကြပြီ"

"သုန္ဒရီတို့ ဆေးရုံလိုက်သွားကြည့်ရင် ကောင်းမလားမသိဘူး"

"ဆေးရုံလိုက်လို့တော့ အကျိုးမထူးနိုင်ဘူး။ ခုလောက်ဆို မှင်း ဆရာဝန်ကြီးက ခွဲစိတ်စစ်ဆေးနေလောက်ပြီ။ ရဲစခန်းလိုက်ပြီး ကိုသွင်နဲ့ ကြည်ပြာ့အကြောင်း သုန္ဒရီသိတာ ပြောပြတာကမှ အကျိုးရှိဦးမယ်"

"ဒါဆို သုန္ဒရီ မမရှားတို့နဲ့ ရဲစခန်းလိုက်ခဲ့မယ်လေ။ သုန္ဒရီကို ခဏစောင့်ပါ"

"ကောင်းပါပြီကွယ်"

သုန္ဒရီ ထိုင်ရာမှထကာ မျက်ရည်သုတ်ရင်း အပေါ်ထပ်သို့ ပြေးတက်သွားသည်။

"သုန္ဒရီ အတော်ခံစားသွားရပုံပဲနော် ရှား"

"အင်း. . "

"ဒါပေါ့လေ. . ။ နှစ်ပေါင်းများစွာ အတူနေ၊ အတူစား၊ အတူ သွား၊ လုပ်လာပြီး ညီအစ်မလိုချစ်ခင်နေရတဲ့သူဆိုတော့လည်း ထိခိုက်ကြေ ကွဲပေမပေါ့။ အဖြစ်ကလည်း ဆိုးတယ်နော်။ ဘဝဟောင်းကို နောင်တ တရားနဲ့ ပြုပြင်ပြောင်းလဲပြီး ဘဝသစ်မှာ ချစ်သူနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်တော့မယ်ဆိုပါမှ အကုသိုလ်က ဝင်ရတယ်လို့"

စိတ်ကူးသစ်စာပေ

"မှန်တာပေါ့ ကိုကိုရယ်။ ကြည်ပြာဟာ သိပ်ကိုသနားစရာကောင်းပါတယ်"

"ကိုကိုတို့ ဖွဲ့လည်း သနားစရာပါပဲ"

"ရှားကတော့ သုန္ဒရီကို သနားတယ်"

သေဆုံးသွားသူ ကြည်ပြာထက်၊ သေဆုံးသူကြည်ပြာ၏ ချစ်သူဖွဲ့ထက်ပို၍ သုန္ဒရီကိုသနားသည် ဟူသောစကားကြောင့် ရှားကို ကျွန်တော် နားမလည်စွာ ကြည့်လိုက်မိစဉ်မှာပင်. .

သုန္ဒရီ အပေါ်ထပ်လှေကားမှ အသော့ပြန်ပြေးဆင်းလာသည်။

"သွားကြစို့ မမရှား"

ကျွန်တော်တို့ ထိုင်ရာမှ ထလိုက်ကြသည်။

သုန္ဒရီက ကျွန်တော်တို့ရှေ့မှထွက်ကာ တံခါးဝတွင် ဖိနပ်စီးသည်။ နိုင်ငံခြားဖြစ် ဒေါက်မြင့်ဖိနပ်ဖြစ်သည်။ ရှားက သုန္ဒရီ့နောက်ပါးသို့ ကပ်သွားရင်း. .

"သုန္ဒရီ့ဖိနပ်က နည်းနည်းသေးသလိုပဲနော်။ ဖိနပ်ကို သိပ်ကျပ်ကျပ်မစီးနဲ့ ညီမလေးရဲ့။ ခြေထောက်အလှပျက်တယ်"

ဟု ပြောလိုက်သည်။

"ခြော်. . အင်း. . အင်း. . ဟုတ်. . ဟုတ်ကဲ့ မမရှား"

"မမရှားတို့ အငှားကားနဲ့ပဲ သွားကြတာပေါ့"

"မဟုတ်ဘူး. . ။ သုန္ဒရီ့အတွက် အစ်ကိုကြီးကားဝယ်ပေးထားတယ်။ အဲဒီကားနဲ့ သွားကြမယ်"

❦ ❦ ❦ ❦ ❦

## ၁၂

"ကိုသိန်းဇော်. . ဒါ. . သုနန္ဒရီတဲ့။ သေဆုံးသူ ကြည်ပြာဆိုတဲ့ မိန်းကလေးရဲ့ အစ်မဆိုပါတော့"

ရှားက သုနန္ဒရီကို ရဲအုပ်သိန်းဇော်နှင့် မိတ်ဆက်ပေးသည်။ ရဲအုပ်သိန်းဇော်က သုနန္ဒရီကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီးနောက် ရှားကို မျက်နှာချင်းဆိုင်ကာ. .

"သေဆုံးသူလို့မပြောနဲ့ ဒေါ်မေစံရှားရေ။ ဖြစ်တောင့်ဖြစ်ခဲပါပဲ။ ဆေးရုံရောက်တဲ့အခါ ကြည်ပြာရဲ့ကိုယ်တွေ ပြန်နွေးလာပြီး သွေးတွေလည်း ပြန်တိုးတယ်။ နှလုံးလည်း ပြန်ခုန်လာလို့ အရေးပေါ်ကယ်ဆယ်ရေး လုပ်လိုက်ကြတယ်တဲ့။ ကြည်ပြာ မသေတော့ဘူး"

"ရှင်. ."

"ဗျာ. ."

ရဲအုပ်သိန်းဇော်၏စကားကြောင့် ကျွန်တော်တို့ အလွန်အမင်း အံ့အားသင့်ကာ အာမေဍိတ်များ ခုန်ထွက်သွားကြသည်။ ကြားရသည့် သတင်းက မယုံနိုင်စရာ။ သုနန္ဒရီ့မျက်လုံးကလေးတွေ ဝိုင်းလျက်. .။

"ကိုသိန်းဇော်. . အဲဒါ တကယ်လား"

ရှားက မယုံရဲရဲဖြင့် ထပ်မေးသည်။ ရဲအုပ်သိန်းဇော်က အလေးအနက်မျက်နှာဖြင့်. .

"တကယ်ပါ ဒေါ်မေစံရှား။ ဆရာဝန်ကြီးဖုန်းဆက်လို့ စခန်းမှူး ဦးနီညိုတောင် ဆေးရုံကို လိုက်သွားပါတယ်။ ခုအခြေအနေမှာတော့ ငါးဆယ်၊ ငါးဆယ်ပဲ ရှိသေးတယ်။ လုံးဝပြန်ရှင်လာပြီလို့ မပြောနိုင်သေးဘူး။ နှလုံးခုန် သိပ်မမှန်ချင်သေးဘူး။ အသက်ရှူလည်း မမှန်လို့ အောက်စီဂျင်ပေးထားတယ်လို့ ဆိုတယ်"

"ဒဏ်ရာကရော. . "

"ဒဏ်ရာက နှစ်ချက်တွေ့တယ်။ ကံကောင်းတာက ဓားဒဏ်ရာနှစ်ချက်စလုံးဟာ အထဲက နှလုံးတို့၊ သရက်ရွက်တို့၊ အစာအိမ်တို့နဲ့ တစ်ခုမှ မထိဘူး။ ဒါကြောင့် သွေးထွက်လွန်တာရယ်၊ ရှော့ခ်ဖြစ်သွားတာရယ်ကြောင့် မေ့နေတာ ဖြစ်မှာပဲ။ အဲ. . မျောနေတာလည်း ဖြစ်နိုင်တယ်ပေါ့ဗျာ"

"ဟိုတစ်ယောက်ကရော. . "

"ဟိုလူကတော့ မရဘူး။ ခွဲစိတ်ကြည့်တော့ သူ့ဒဏ်ရာက နှလုံးကိုထိတယ်။ ကိုယ်တွင်းမှာ သွေးတွေ နှစ်ပုလင်းခွဲလောက် တွေ့ရတယ်။ ဆုံးပြီပေါ့"

"သုန္ဒရီရေ. . ။ ကြည်ပြာကတော့ မမရှားတို့ဘက် ပြန်ပါလာနိုင်ပြီ။ ကံကောင်းတယ်"

ရှားက သုန္ဒရီဘက်သို့လှည့်ကာ ဝမ်းသာလွန်းသောကြောင့် တုန်နေသောအသံကလေးဖြင့် ပြောလိုက်သည်။

"ဟုတ်တယ် မမရှား. . ။ သုန္ဒရီ ဝမ်းသာလိုက်တာ"

"ကြည်ပြာ သတိပြန်လည်ပြီး စကားပြောနိုင်လာရင်တော့ ကျွန်တော်တို့ကို အဖြစ်မှန်တွေအားလုံး ပြောပြနိုင်မှာပေါ့ ဒေါ်မေစံရှားရယ်"

စိတ်ကူးသစ်စာပေ

ရဲအုပ်သိန်းဇော်ကတော့ သူ၏အမူနှင့် ပတ်သက်သည်ကိုပဲ စိတ်ဝင်စားစွာ ထပ်ပြောသည်။

"ကိုသိန်းဇော်. . ကျွန်မတို့ ဆေးရုံကိုသွားကြည့်လို့ ရမလား"

ရှားက ဖြတ်မေးလိုက်သည်။

"ရပါတယ်. . ။ အထူးကြပ်မတ်ကုသခန်းထဲမှာ ထည့်ထားတာဆိုတော့ အပြင်ကတော့ ကြည့်လို့ရမှာပါ။ အထဲကိုတော့ ဆရာဝန်ကြီးတွေက ဝင်ခွင့်ပေးမှာ မဟုတ်သေးဘူး"

"အဲဒီမှာ ဦးနီညိုရှိမှာလား"

"ဆရာကတော့ ဆရာဝန်ကြီးနဲ့ တွေ့ပြီးရင် ပြန်လာမှာပါ။ အစောင့်အဖြစ် ဒီက ရဲတပ်ကြပ်လေးတစ်ယောက် လွှတ်ထားတယ်"

"ဒါဆို ကျွန်မတို့ကို ခွင့်ပြုပါဦး။ ကျွန်မတို့ ဆေးရုံလိုက်သွားချင်တယ်။ ဒီက ကြည်ပြာအစ်မကလည်း သိပ်စိတ်ပူနေရှာတယ်"

"ကောင်းပါပြီ"

"သွားစို့ သုန္ဒရီ"

ကျွန်တော်တို့ ရဲအုပ်သိန်းဇော်ကိုနှုတ်ဆက်ပြီး စခန်းမှ ထွက်လာကြသည်။ ကားပေါ်ရောက်မှ. .

"ဟော. . ကိုသိန်းဇော်ရဲ့ စားပွဲပေါ်မှာ ရှားရဲ့ဟန်းဖုန်း ကျန်နေခဲ့ပြီ။ သတိများကလည်း မေ့တတ်လိုက်တာ"

ဟူ၍ ရှားပြန်ပြေးဆင်းသွားသည်။ စခန်းတွင်းသို့ ရှားဝင်သွားသည်ကို ကျွန်တော်နှင့် သုန္ဒရီ ကားပေါ်မှ စောင့်ကြရသည်။

အတန်ငယ်ကြာသည်။

ရှားသည် ရဲစခန်းထဲမှ ခပ်လောလောပြန်ထွက်လာကာ ကားထဲသို့ဝင်ရင်း. .

"အဲ့ရေးထဲမှာ ကိုသိန်းဇော်က စီအိုင်ဒီက အဖြေပြန်မရသေးကြောင်းတွေ ပြောပြနေလို့ နားထောင်နေရသေးတယ်"

ဟု ပြောသည်။

"အားနာတယ် သုန္ဒရီရယ်။ သုန္ဒရီ သိပ်စိတ်စောနေမှာကို မမရှားက နှောင့်နှေးစေတယ်"

ဟု တောင်းပန်စကား ဆိုသည်။

"ရပါတယ် မမရှားရယ်"

ဟု သုန္ဒရီကလည်း တုန်တုန်ခတ်ခတ်ဆိုရှာသည်။ ပြီးလျှင် သုန္ဒရီက ကားစက်ကို နှိုးလိုက်သည်။

သုန္ဒရီ၏ ကားကလေးသည် ရဲစခန်းဝင်းအတွင်းမှ အရှိန်ပြင်းစွာ ပြေးထွက်လာ၏။

"ရဲအုပ်သိန်းဇော်ပြောသလိုပဲ ကြည်ပြာသတိလည်လာပြီး စကားပြောနိုင်လာရင်တော့ သူနဲ့ ကိုသွင်နဲ့ ဖြစ်တဲ့ပြဿနာကို သေသေချာချာ သိရမှာပဲနော် သုန္ဒရီ"

"ဟုတ်တယ် မမရှား"

"လူနှစ်ယောက်မှာ တစ်ယောက်ရဲ့အသက်ကို ကယ်နိုင်ရင်လည်း ကံကောင်းတာပါပဲ။ မျှော်လင့်သလို ကြည်ပြာပြန်ကောင်းလာပါစေလို့ ဆုတောင်းပါတယ်"

သုန္ဒရီမှာ ကားမောင်းကျွမ်းကျင်လှသည်ဟု မဆိုသာပေ။ လမ်းတွင် မကွေ့ရမည့်နေရာတွင်ကွေ့၊ ကျော်မတက်သင့်ဘဲ ကျော်တက်၊ မီးပွိုင့်အနီတွင် ရပ်ပြီး စိမ်းသွားသော်လည်း မောင်းမထွက်၊ စသည်ဖြင့် ကျွန်တော် ဘုရားတပြီး လိုက်လာခဲ့ရသည်။

ဆေးရုံရောက်ပြီးနောက် ရှားက ဖရေးပေါ်လူနာခန်းမှာ စုံစမ်းသည်။ ထိုမှတစ်ဆင့် အထူးကြပ်မတ်ကုသဆောင်သို့ လိုက်သွားကြသည်။ ဦးနီညိုကိုကား မတွေ့ရ။ တာဝန်ကျရဲတပ်ကြပ်ကလေးကို တွေ့သည်။

" Case ဖြစ်ပြီး အသက်မသေဘဲ ပြန်ရှင်လာတဲ့ မိန်းကလေးကို မင်းစောင့်နေတာထင်တယ်"

"ဟုတ်တယ်"

"ဒီမိန်းကလေးက ဘယ်အခန်းမှာလဲ"

"အဲဒီအခန်းပဲ"

"မမတို့ ဝင်ကြည့်လို့ ရမလား"

"မရဘူး. .။ ဆရာဝန်ကြီးတွေက ဘယ်သူ့မှ ဝင်ခွင့်မပေးရဘူးလို့ မှာထားပါတယ်။ ဆရာဦးနီညိုကလည်း ဒီအတိုင်းပဲ ထပ်မှာသွားတယ်"

"ကောင်းပါပြီကွယ်. .။ ဒါဆို မမတို့ အပြင်ကပဲ ကြည့်ပါမယ်။ အခြေအနေရော ဘာထူးခြားလာသေးလဲ"

"ခုတော့ ဘာမှ ထပ်ပြီး ထူးမလာသေးဘူး။ နှလုံးခုန်နှုန်းတော့ နည်းနည်းပိုမှန်လာတယ်လို့ ပြောသံကြားတာပဲ"

"ကျေးဇူးပါပဲကွယ်"

ကျွန်တော်တို့သည် ရဲတပ်ကြပ်ကလေးစောင့်နေရာအခန်း၏ တံခါးပေါက်မှန်ချပ်များကိုဖြတ်၍ အတွင်းသို့ ကြည့်ခွင့်ရကြသည်။ ခုတင်ပေါ်တွင် ကြည်ပြာသည် ပက်လက်အနေအထားဖြင့်ရှိနေပြီး ပိုက်များက ရှုပ်ယှက်ခတ်နေသည်။ ဆေးသွင်းထားသောပိုက်. .။ အသက်ရှူမှန်စေရန် ပေးထားသော အောက်စီဂျင်ပိုက်. .။ နှလုံးခုန်နှုန်းကို တိုင်းတာသော စက်နှင့် တပ်ဆင်ထားသောကြိုးများ. .။ မျက်နှာပေါ် အုပ်ထားသော အောက်စီဂျင်မျက်နှာဖုံး။

"ကြည်ပြာပြန်ရှင်လာနိုင်တယ်နော် မမရှား"

မှန်တံခါးမှ ခွာလိုက်ရင်း သုန္ဒရီက ရှားကို အတည်ပြုချက်တောင်းခံသည်။ ရှား ခေါင်းညိတ်သည်။

"ပြန်ရှင်လာမှာပါ. .။ မမရှားတို့ ဝိုင်းပြီးဆုတောင်းပေးရမှာပေါ့။ သိပ်လည်းစိတ်မပူပါနဲ့ သုန္ဒရီရယ်"

"သုန္ဒရီတို့ ဒီမှာစောင့်နေခွင့် ရမလား"

"အဲဒါတော့ ရမယ်မထင်ဘူး သုန္ဒရီ။ ဒါပေမဲ့ ထူးခြားရင် သုန္ဒရီ့ဆီကို ဖုန်းဆက်ပေးဖို့ မမရှား ရဲအုပ်သိန်းဇော်ကို ပြောပေးပါ့မယ်"

"သုန္ဒရီ ဘာလုပ်ပေးဖို့ လိုမလဲ။ ဘာလိုသေးလဲ သိချင်တယ်။ ဆေးဝါးတွေ. . ဘာတွေ. ."

"အဲဒါလည်း ရဲအုပ်သိန်းဇော်ဆီကတစ်ဆင့် ဆရာဝန်ကြီးဆီကို မေးခိုင်းပေးပါ့မယ်။ မမ ဒီကအပြန် ကိုသိန်းဇော်ဆီကို ဖုန်းဆက်ပြီး မေးပေးပါ့မယ်။ ပြောပေးပါ့မယ်။ သုန္ဒရီ စိတ်ချပါ. .။ ခုတော့ သုန္ဒရီ အိမ်ပြန်ပြီး နားလိုက်ပါဦး။ သုန္ဒရီက ညကလည်း နေလို့သိပ်မကောင်း ဖြစ်ထားတာဆိုတော့ နားဖို့လိုလိမ့်မယ်"

"သုန္ဒရီ စိတ်ပူတယ်။ ကြည်ပြာ ပြန်မှကောင်းနိုင်ပါ့မလား ဆိုတာလေ. .။ သုန္ဒရီ ဘယ်လောက်ကုန်ကုန် ကုပေးချင်တယ်။ အဲဒါကို ရဲအုပ်ကြီးကို ပြောပေးပါ"

"မမရှား ပြောပေးပါ့မယ်"

"ဒါဆိုလည်း သုန္ဒရီပြန်မယ်။ မမရှားကို ဘယ်ကိုပို့ပေးရမလဲ"

"နေပါစေ. .။ မမရှားတို့ဘာသာ ပြန်ပါမယ်။ မမရှားတို့ ဖွဲ့ဆီကို သွားချင်သေးလို့"

"မမရှားနဲ့ သုန္ဒရီ ဘယ်လိုပြန်ဆက်သွယ်ကြမလဲ"

"မမရှား ဖုန်းဆက်ပါ့မယ်။ ဒီကြားမှာ မထူးခြားရင်တော့ မနက်ဖြန်မနက်မှာ တွေ့ကြသေးတာပေါ့"

"သုန္ဒရီတော့ စိတ်တွေချောက်ချားလို့လား မသိဘူး။ ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ဘူး။ အစ်ကိုကြီးကို ကြည်ပြာ့အကြောင်း ပြောသင့်လားဟင် မမရှား"

"နဂိုက ကြည်ပြာ့ကို ဦးထွန်းမြတ်မင်းက သုန္ဒရီနဲ့ပတ်သက်ပြီး သိထားရင်တော့ ပြောပြလိုက်ပေါ့ကွယ်"

"သုန္ဒရီ့ညီမဝမ်းကွဲလို့တော့ အစ်ကိုကြီးက သိထားတယ်။

ဒါဆို ပြောပြလိုက်တာ ကောင်းပါတယ်နော်''

''အကောင်းဆုံးအကြံပေးချင်တာကတော့ အခုအချိန်မှာ သုန္ဒရီ အိမ်ပြန်နားလိုက်ဖို့ပဲ။ ကြည်ပြာ့အတွက် ခေါင်းထဲမှာ ဘာမှကြိုမတွေး ထားနဲ့။ ကံကြမ္မာက မမရှားတို့ဘက် ပါလာပါပြီ''

သုန္ဒရီနှင့် ကျွန်တော်တို့ ဆေးရုံပေါ်မှ ပြန်ဆင်းလာခဲ့ကြပြီး နောက် လမ်းခွဲကာ သုန္ဒရီက သူမ၏ကားဖြင့် ပြန်သွားသည်။

''ကိုကိုတို့ ဖွဲကို ရှာမှာလား''

ကျွန်တော်က သုန္ဒရီ၏ကား ထွက်သွားရာကို ငေးကျန်နေခဲ့ သည့် ရှားကို မေးလိုက်သည်။

ရှား ခေါင်းခါသည်။ .

''ခုအချိန်မှာ ရှားတို့အတွက် အကောင်းဆုံးကလည်း အိမ်ပြန် နားလိုက်ဖို့ပဲ ကိုကို။ ဒါပေမဲ့ ကိုကို ရှားအိမ်ကို လိုက်ခဲ့ပါ။ နေ့လယ်စာ သာ မကာဘူး။ ညနေစာပါ ကျွေးဖို့ အစီအစဉ်ရှိတယ်''

# ၁၃

ညဥ့်က အတန်နက်လာခဲ့ပြီဖြစ်သည်။

အပြင်မှာ မိုးက ခပ်ဖွဲဖွဲရွာနေ၏။ အေးစိမ့်နေသောမိုးနှင့် ရာသီဥတုအခြေအနေကြောင့် လောကကြီးက တိတ်ဆိတ်ငြိမ်သက်စ ပြုနေပေပြီ။

ဆေးရုံကြီးရှေ့မှ တစ်ခါတစ်ရံဖြတ်မောင်းသွားသော ကားသံ ခပ်ကျဲကျဲမှတစ်ပါး အသံဗလံတွေ ပါးလျားသွားလေပြီ။

ဆေးရုံကြီးမှာလည်း အမှောင်ထဲမှာ ထီးတည်းငိုက်မျဉ်းနေ၏။

ညတာဝန်ကျ ဆံရာဝန်များ၊ သူနာပြုများကိုသာ ဟိုတစ် ယောက်သည်တစ်ယောက် တွေ့နေရသည်။ နေ့လယ်တုန်းကလို ဥဒဟို ပျားပန်းခတ် လှုပ်ရှားမှု မမြင်ရ၊ အရေးပေါ်ဌာနသည်ပင်လျှင် မာ်လာ ရှိစွာ ငြိမ်သက်တည်ကြည်နေသည်။

အထူးကြပ်မတ်ကုသဆောင်စင်္ကြံမှ သူနာပြုဆရာမနှစ်ယောက် လှည့်လည်စစ်ဆေးပြီး ပြန်သွားသံကို ကြားရပြီးနောက် ဆေးရုံကြီးတစ်ခု လုံး ၊ကာတိ သက်မဲ့တစ်ခုပမာ..။

နာရီ၏ စက္ကန့်သံများကို ကြားလာရသည်သို့ ရှိ၏။ မိမိရင်ခုန်သံကို မိမိပြန်ကြားနေရသည်သို့ ရှိ၏။

ညဉ့်ဆယ့်တစ်နာရီကျော်ပြီး ဆယ်မိနစ်ပင် စွန်းခဲ့ပြီ။

ထိုစဉ် . .

လေးလေးမှန်မှန်လှမ်းလာသော ခြေသံတစ်စုံကို ကြားရ၏။ ကွန်ကရစ်ကြမ်းပြင်နှင့် ဒေါက်မြင့်ဖိနပ်တို့ ထိတွေ့သံက ညရင်ခွင်မှာ ပီပီသသ။

မီးရောင်ဖျော့ဖျော့တွေ ကျဲပက်ထားသလိုရှိနေပြီး ဟိုဘက် သည်ဘက်ပိတ်ထားသော အခန်းများကြောင့် ရှင်းလှသော စင်္ကြံလမ်း ပေါ်တွင် ဂျူတီကုတ်အဖြူကို ဝတ်ဆင်ထားသည့် ဆရာဝန်မတစ်ဦး သည် ခပ်ဖြည်းဖြည်း၊ ခပ်မှန်မှန် လျှောက်လာနေသည်ကို တွေ့နိုင်၏။

ဆရာဝန်မသည် အထူးကြပ်မတ်ကုသဆောင်အခန်းများကို တစ်ခန်းပြီးတစ်ခန်း ဖြတ်ကျော်လာခဲ့ပြီးနောက် အခန်းတစ်ခန်းရှေ့တွင် ရပ်လိုက်သည်။ စင်္ကြံဟိုဘက်သည်ဘက်ကို သူမ စောင်းငဲ့ကြည့်သည်။

ပြီးလျှင် အခန်း၏တံခါးကို အသာအယာတွန်းဖွင့်ပြီး အထဲသို့ ဝင်သွားသည်။ အထဲကိုဝင်ပြီးသည်နှင့် တံခါးက ပြန်ပိတ်သွားသည်။ တံခါးဖွင့်သံ၊ ပိတ်သံတို့မှာ ဆရာဝန်မ၏ ညင်သာသောလှုပ်ရှားမှုကြောင့် ကျယ်လောင်စွာပေါ်ထွက်လာခြင်း မရှိ။

ဆရာဝန်မသည် တံခါးမှနေ၍ အတွင်းရှိ လူနာရှိရာသို့ ခပ် ဖြည်းဖြည်းကပ်သွားသည်။

လူနာမိန်းကလေးမှာ ခုတင်ပေါ်တွင် ပက်လက်။

နှလုံးခုန်နှုန်းတိုင်းတာသောစက်နှင့် ဆက်ထားသောကြိုးများ။ ဆေးသွင်းထားသောပိုက်များ။ အောက်စီဂျင်ပိုက်များဖြင့် လူနာ၏ဝန်းကျင် မှာ ရှုပ်နေသည်။

အောက်စီဂျင်ပေးထားသည့်ပိုက်နှင့် မျက်နှာဖုံးအောက်မှ လူနာ

မိန်းကလေးမှာ အသက်ကင်းမဲ့နေသကဲ့သို့. . ။

ဆရာဝန်မက ပြုံးလိုက်သည်။

ဆရာဝန်မသည် လူနာမိန်းကလေးကို ပေးထားသည့် အောက်စီဂျင်ပိုက်ကို ဆွဲဖြုတ်လိုက်သည်။ မျက်နှာဖုံးကိုမူ အသာအယာပြန်အုပ်ထားလိုက်၏။

လူနာမိန်းကလေးကို သွင်းပေးထားသည့် ဆေးသွင်းပိုက်မှ ဆေးတစ်စက်ချင်းကျနေမှုကိုလည်း ပိုက်မှခလုတ်ကလေးကိုကိုင်ကာ ရပ်တန့်ပစ်လိုက်သည်။

ပက်လက်အနေအထားရှိနေသော လူနာမိန်းကလေးကို ဖရိုဖရဲ လူးလိမ့်ထားသောအနေအထားဖြစ်အောင် ပြုပြင်လိုက်သည်။

ထို့နောက်တွင် ကျေနပ်ဟန် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြုံးလိုက်ပြန်သည်။ တစ်ချိန်လုံး တည်ငြိမ်အေးဆေးစွာလှုပ်ရှားခဲ့သော ဆရာဝန်မ၏ဟန်ပန်မှာ အတွေ့အကြုံရင့်ကျက်နေကြောင်းကို ဖော်ပြနေ၏။

ထို့နောက်တွင်ကား ဆရာဝန်မသည် လူနာမိန်းကလေး၏ခုတင်အနီးမှ ပြန်လှည့်လာကာ အခန်းတံခါးကို ဆွဲဖွင့်ပြီး အပြင်သို့ထွက်လိုက်သည်။

ဆရာဝန်မ၏မျက်လုံးများ ပြူးကျယ်သွားသည်။

"ဟင်. ."

နှုတ်မှလည်း အာမေဋိတ်သံ ခုန်ထွက်သွားသည်။

အခန်းအပြင် စင်္ကြံမှာ လူအချို့ရှိနေသည်လေ။

ရဲအုပ်သိန်းဇော်၊ ဒုရဲအုပ်တစ်ဦး။ ရဲတပ်ကြပ်ကလေး။ ဆရာဝန်ကြီးတစ်ဦး. . ။

ပြီးတော့ ကျွန်တော်နှင့် ရှား. . ။

❦ ❦ ❦ ❦ ❦

# အပိုင်း (၄)

## ဆယ့်နှစ်ကြိုးကဝေရှင်၏အလွမ်း

# ၁၄

သံတိုင်ကိုဆုပ်ကိုင်လျက် သုန္ဒရီသည် ခေါင်းကိုငုံ့ထား၏။ မျက်နှာမဖော်ရဲ၍ပဲဖြစ်မည်။ အထူးသဖြင့် ရှားနှင့် ကျွန်တော့်ကို မျက်နှာမပြရဲလောက်အောင် ရှက်နေ၍ဖြစ်မည်။

ဆံပင်တွေက နဖူးပေါ်မှတစ်ဆင့် မျက်နှာပေါ်ထိ ဖရိုဖရဲ ဝဲကျဖုံးအုပ်နေသည်။ ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းများ. . ။ တအင့်အင့်ငိုရှိုက်သံများနှင့်အတူ ရင်အုံမှာ နိမ့်လိုက်၊ မြင့်လိုက်နှင့်. . ။

ကျွန်တော်တို့ကို တွေ့ချင်သည်ဆိုသောကြောင့် အချုပ်ခန်းထဲရှိ သုန္ဒရီကို ကျွန်တော်နှင့်ရှား ဝင်တွေ့ခြင်းဖြစ်သည်။

ကျွန်တော်တို့စောင့်နေသော်လည်း သုန္ဒရီထံမှ စကားသံ ချက်ချင်းထွက်မလာ။ ပြောရန်အားယူနေခြင်း ဖြစ်နိုင်၏။

"ဖြစ်ပြီးခဲ့တာဟာ ပြန်ပြင်လို့မရတော့ဘူး သုန္ဒရီ၊ တကယ်က မလုပ်ခင်မှာ စဉ်းစားရမှာ"

ရှားက သုန္ဒရီ၏ သံတိုင်ပေါ်ကလက်များကို အုပ်မိုးဆုပ်ကိုင်ကာ အားပေးနှစ်သိမ့်ရင်း ပြောလိုက်သည်။

သည်တော့မှ သုန္ဒရီထံမှ စကားများ ရုန်းထွက်လာ၏။

"သုန္ဒရီ မှားပါတယ်။ မမရှား သုန္ဒရီကို ခွင့်လွှတ်ပါ။ ဒီတစ်ကြိမ်က မမရှားကို သုန္ဒရီစိန်ခေါ်ခဲ့တာမဟုတ်ပါဘူး မမရှားရယ်။ ဒါတော့ ယုံပါနော်"

"မမရှား ယုံပါတယ်"

"အစ်ကိုကြီးကိုလည်း သုန္ဒရီ ဘယ်လိုရင်ဆိုင်ရမှန်းတောင် မသိတော့ပါဘူး။ အစ်ကိုကြီးက သုန္ဒရီကို တကယ်ချစ်တာပါ။ အစ်ကိုကြီးရဲ့ စေတနာ၊ မေတ္တာကိုလည်း သုန္ဒရီစော်ကားသလိုဖြစ်သွားပြီ။ သုန္ဒရီကြောင့် အစ်ကိုကြီးရဲ့ဂုဏ်သိက္ခာကိုပါ ထိခိုက်ခဲ့ရပြီ မမရှားရယ်"

"မှန်တာပေါ့"

"သုန္ဒရီကလည်း အစ်ကိုကြီးကို တကယ်ချစ်တာပါပဲ။ ဒါက အပြတ်မီးလိမ်နေတတ်တဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲက မုသားမပါတဲ့ သစ္စာစကားပါ။ အစ်ကိုကြီးကိုတွေ့တော့ သုန္ဒရီချစ်သွားတယ်။ အစ်ကိုကြီးနဲ့လက်ထပ်ပြီးတော့ သုန္ဒရီပျော်ရတယ်။ အစ်ကိုကြီးရဲ့အရိပ်မှာ သုန္ဒရီဘဝ အေးချမ်းသွားပြီလို့ သုန္ဒရီယုံကြည်ခဲ့တယ်။ ဒီယုံကြည်ချက်နဲ့ သုန္ဒရီရဲ့ ဘဝလမ်းကြောင်းအဟောင်းထဲကို ဘယ်တော့မှ ပြန်မသွားတော့ဘူးလို့ သုန္ဒရီဆုံးဖြတ်ထားခဲ့တာပါ။ ဒါပေမဲ့. . "

သုန္ဒရီ စကားမဆက်နိုင်ဘဲ ရှိုက်နေပြန်သည်။

အတန်ကြာမှ ငုံ့ထားသောခေါင်းကို မော့လာကာ ကြေကွဲမျက်လုံး။ နောင်တမျက်လုံးများဖြင့် ရှားနှင့်ကျွန်တော့်ကို ကြည့်သည်။ သည်လိုခံစားမှုမျိုးနှင့် သုန္ဒရီကို မြင်ရတော့လည်း ကျွန်တော်တို့ စိတ်မကောင်း. . ။

"သုန္ဒရီရဲ့ဘဝကို အသစ်ကပြန်စသလို ကြည်ပြာကိုလည်း ဘဝသစ်ပြန်စဖို့ သုန္ဒရီတိုက်တွန်းခဲ့တယ်။ ကြည်ပြာကလည်း လက်ခံခဲ့တာပါပဲ။ ဒါပေမဲ့ သူက ငယ်တယ်လေ။ ပြီးတော့ နားယောင်လွယ်တယ်။

အဲဒီမှာ ကိုသွင်က ကြည်ပြာ့ကို မှိုင်းတိုက်ပြီး ဆွယ်တော့တာပဲ။ ခု တလောမှာ ကိုသွင်က စီးပွားရေးအဆင်မပြေတဲ့အပြင် လောင်းကစား တွေကြောင့် ကြွေးလည်ပင်းနစ်နေတယ်။ အဲဒီကြွေးတွေ မပေးနိုင်ရင် ထောင်ထဲဝင်ချင်ဝင်၊ ဒါမှမဟုတ် အသက်ပေးချင်ပေးရမယ့် အနေအထား ထိ ဆိုးရွားနေတယ်။ ဒီတော့ သုန္ဒရီဟာ သူ့ရဲ့ပစ်မှတ် ဖြစ်လာတော့တာ ပါပဲ''

''ဒါပေါ့. . ။ အမှားတစ်ခုက နောက်အမှားတစ်ခုကို တွန်းပို့လာ တာပေါ့။ အဲဒါဟာ ဦးနောက်နဲ့လည်းဆိုင်တယ်။ စဉ်းစားဆင်ခြင်ဉာဏ် နည်းသူဟာ အမှားတစ်ခုကို နည်းမှန်လမ်းမှန်မဖြေရှင်းတတ်ဘူး။ ဒီတော့ သူ့ရဲ့ထွက်ပေါက်ရှာတဲ့နည်းဟာ နောက်အမှားတစ်ခုရဲ့ ဝင်ပေါက်ဖြစ် နေတတ်ပြန်တာပေါ့''

''အဲဒီအတိုင်းပါပဲ မမရှား. . ။ သူက သုန္ဒရီကို ခြိမ်းခြောက် တယ်။ အစ်ကိုကြီးကို သုန္ဒရီရဲ့နောက်ကြောင်းတွေ ဖွင့်ပြောလိုက်ရ မလားတဲ့။ ရဲတွေကိုရော သတင်းပေးလိုက်ရမလားတဲ့။ အဲဒီလိုမဖြစ်စေချင် ရင် သူတောင်းတာ ပေးရမယ်တဲ့။ အဲဒီအရင်ကလည်း သုန္ဒရီ သူတောင်း လာရင် ပေးခဲ့တာပါပဲ။ ခုတစ်ခါ သူတောင်းတာက သုန္ဒရီမပေးနိုင်တဲ့ ပမာဏ ဖြစ်နေတယ်။ ပြီးတော့ သူက ကြည်ပြာ့ကိုပါ စည်းရုံးတော့ ကြည်ပြာကပါ သူ့လိုပဲ တောင်းလာပြန်တယ်။ မူလက ကြည်ပြာ့ကို ဆိုင်ခန်းဝယ်ပေးဖို့ စဉ်းစားထားပေမယ့် သုန္ဒရီက ဝယ်မပေးနိုင်သေးဘူး။ အစ်ကိုကြီးကို သုန္ဒရီက ပြောနေရုံပဲ ရှိသေးတယ်။ ဒါကို ကြည်ပြာက လည်း သုန္ဒရီက သူ့ကို အချိုသတ်ထားတာ၊ တကယ်ပေးမှာမဟုတ်ဘူး လို့ ထင်ပုံရတယ်။ အဲဒီမှာ ကြည်ပြာနဲ့ကိုသွင် ပူးပေါင်းမိသွားတာပဲ''

''အဲဒါက သဘာဝပဲပေါ့''

''သုန္ဒရီအကျပ်ရိုက်သွားတယ် မမရှာ။ အမှန်ပြောရရင် သုန္ဒရီ အနေနဲ့ လက်ရှိအခြေအနေကို အပျက်မခံနိုင်ဘူး။ တစ်သက်လုံး

သုန္ဒရီတောင့်တခဲ့တဲ့ ချမ်းသာသုခနဲ့ အေးငြိမ်းတဲ့ဘဝ၊ ပြီးတော့ သုန္ဒရီရဲ့ အချစ်၊ ဒါတွေကို သူတို့ဖျက်ဆီးပစ်မှာ မခံနိုင်ဘူး။ အေးအေးဆေးဆေး ဖြေရှင်းဖို့ဆိုတာကလည်း သူတို့တောင်းသလို သုန္ဒရီမပေးနိုင်ဘူး။ သုန္ဒ က အစ်ကိုကြီးကို မှီနေရတာ။ လတ်တလော ချက်ချင်း ဘယ်မှာ ငွေပမာဏကို ရနိုင်မှာလဲ။ သူတို့ကို အမှန်အတိုင်းပြောပြတော့လည်း သူတို့က မယုံကြည်ဘူး. . ။ လက်မခံဘူး. .''

''အဲဒါနဲ့ အခုလိုလုပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်ဆိုပါတော့''

''ဟုတ်ပါတယ် မမရှား. . ။ သုန္ဒရီတွေ့နေတဲ့ နည်းလမ်းက နှစ်ခုပဲရှိတယ်လေ။ အစ်ကိုကြီးနဲ့ အေးချမ်းတဲ့ဘဝကိုတော့ အထိခိုက်မခံနိုင်ဘူး။ ဒါကြောင့် ပြေလည်ရေးက နံပါတ်တစ်နည်းလမ်း. . ။ အဲဒီနည်းလမ်းနဲ့ ကြိုးစားတယ်။ မရဘူး. . ။ ဒီတော့ နောက်နည်းလမ်းကို သုံးရတော့တာပဲ။ အဲဒါက အဟန့်အတား ခလုတ်ကန်သင်းကို ရှင်းပစ်တဲ့ နည်းပါပဲ။ ဒီနည်းအတွက် သုန္ဒရီ အချိန်များစွာယူပြီး အကွက်ချစီစဉ်ခဲ့ရတာပါ။ မမရှားဆီကို လာမယ်။ ကြည်ပြာနဲ့ကိုသွင့်အကြောင်း ပြောမယ်။ ခုလိုဖြစ်ခဲ့တဲ့အခါ ကြည်ပြာနဲ့ကိုသွင် သူတို့ဘာသာ မကျေလည်လို့ ဖြစ်ရတဲ့ပုံမျိုးပေါ့။ ပြီးတော့ မမရှားဆီကိုလာပြီး အလီဘိုင် သက်သေပြနိုင်ဖို့လည်း ပါတယ်။ ကိုသွင့်နာရီကို ရိုက်ခွဲပြီး မမရှားဆီကို ရောက်နေတဲ့ အချိန်မှာ ရပ်အောင်လုပ်ခဲ့တာ၊ နာရီကို ပြန်လှည့်ထားခဲ့တာတွေပေါ့''

''အဲဒီညက ဖြစ်တာကို ပြောပါဦး''

သုန္ဒရီ တစ်ချက်ရှိုက်လိုက်ပြန်သည်။ မျက်လုံးတွေက ကျွန်တော်တို့ကိုကျော်၍ ဟိုး. . အပြင်ကို ငေးနေသည်။ အောက်နှုတ်ခမ်းကို ဖွဖွ ကိုက်ထားသည်။

သက်ပြင်းရှည်ကြီးနှင့်အတူ. .

''မမရှားဆီကို ငါးနာရီမှာ သုန္ဒရီရောက်တယ်။ ငါးနာရီလေး ဆယ်မှာ သုန္ဒရီပြန်တယ်။ အဲဒါဟာ သုန္ဒရီပြောသလို အလီဘိုင်ပဲ။

မမရှားဆီက သုန္ဒရီပြန်တော့ အိမ်ကိုမပြန်ဘူး။ ကြည်ပြာ့ဆီ သွားတာ။ အဲဒီညက ကြည်ပြာ့အခန်းမှာ ကြည်ပြာ့ကိုရော၊ ကိုသွင့်ကိုပါ ချိန်းထားတယ်။ ချိန်းတာကတော့ သူတို့တွေဆောင်းတာ ပေးမယ်ပေါ့။ တကယ်ဆုံးဖြတ်ထားတာက သူတို့ကို ရှင်းဖို့ပဲ။ သုန္ဒရီ့ကားထဲမှာ ပစ္စည်းအစုံ ပါလာခဲ့ပြီ။ ဓားနှစ်ချောင်းရယ်. .၊ လက်အိတ်ရယ်. .''

ရှားက ဝင်ထောက်သည်။

''ကြည်ပြာ့ကို အချိုသတ်ထားပြီး ကိုသွင်ရောက်လာတော့ အရင်ဆုံး ကိုသွင့်ကို အလျှော့ပေးပုံနဲ့ ဆက်ဆံပြီး အနီးကပ် ဓားနဲ့ထိုးတယ်ပေါ့''

''ဟုတ်ပါတယ်. .။ ကိုသွင့်ကို ဓားနဲ့ နှစ်ချက်ထိုးတယ်။ ချက်ကောင်းတွေလည်းဖြစ်၊ အငိုက်လည်းမိတာမို့ ကိုသွင်လဲကျပြီး မကြာခင်မှာပဲ အသက်ပါသွားတယ် ဆိုပါတော့။ ဒါကိုမြင်တော့ ကြည်ပြာလန့်သွားတယ်။ သူ့ဘက်လှည့်လာမှာ သူကြောက်သွားပြီလေ။ သူ သုန္ဒရီ့ကို တောင်းပန်တယ်။ သုန္ဒရီ မဖျော့တော့ဘူး။ အခုတောင် သူက သုန္ဒရီကို အကျပ်ကိုင်ပြီး တောင်းဆိုနေတာ။ ခုလို ကိုသွင့်ကိုသတ်လိုက်တဲ့ လူသတ်မှုမျိုးဆိုရင် သုန္ဒရီဟာ တစ်သက်လုံး ကြည်ပြာပြောသမျှ ခေါင်းငုံ့နေရတော့မှာလေ။ ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်ထားပြီး ကြိုးစကို သူ့ကိုပေးကိုင်ခိုင်းထားသလို ဖြစ်နေမှာပေါ့။ ဒါကြောင့် နောက်ဓားတစ်ချောင်းနဲ့ ကြည်ပြာ့ကို ထိုးသတ်တယ်။ ပြီးမှ ကြည်ပြာ့ကိုထိုးတဲ့ဓားကို ကိုသွင့်လက်ထဲထည့်၊ ကိုသွင့်ကိုထိုးတဲ့ဓားကို ကြည်ပြာ့လက်ထဲထည့်။ နှစ်ယောက်စလုံးကို လက်တစ်ကမ်းစာလောက် ရွှေ့ပြီး ချထား။ ကိုသွင့်ရဲ့ နာရီကို ထုခွဲပြီး လက်တံတွေကို ငါးနာရီဆယ့်ငါး ပြန်လှည့်ထားလိုက်တယ်။ မမရှားဆီမှာ သုန္ဒရီရှိနေတဲ့ အချိန်လေ။ ပြီးတော့မှ မီးတွေဘာတွေပိတ်ပြီး သုန္ဒရီအေးအေးဆေးဆေးပြန်လာခဲ့တာပဲ။ ဘယ်လောက်ပဲ စိတ်ကိုတည်ငြိမ်အောင်ထားထား ရင်တွေက အရမ်းတုန်ပြီး နေမထိထိုင်

မထိပြစ်နေလို့ အစ်ကိုကြီးအိမ်ပြန်ရောက်လာတော့ သုန္ဒရီက နေမကောင်းဟန် ဆောင်နေလိုက်တယ်။ အစ်ကိုကြီးနဲ့ အဲဒီနေ့က ရုပ်ရှင်ကြည့်မယ် ချိန်းထားပေမယ့် သူကလည်း အလုပ်များနေလို့ နောက်ကျမှ ပြန်ရောက်တယ်။ အဲဒီမှာ အစ်ကိုကြီးက ဆရာဝန်ခေါ်ပြီး ဆေးတွေဘာတွေတိုက်တော့ ဆေးသောက်ပြီး သုန္ဒရီလည်း အိပ်ပစ်လိုက်တယ်။ ဆေးရှိန်ကြောင့် အိပ်ပျော်ပြီး မနက် နေမြင့်မှ နိုးတယ်လေ။ သုန္ဒရီနိုးတော့ အစ်ကိုကြီးတောင် ကုမ္ပဏီသွားပြီ။ မရှိတော့ဘူး။ နောက်တော့ မမရှားတို့ ရောက်လာတာပဲ''

ရှားက သက်ပြင်းချ၍. .

''ဦးထွန်းမြတ်မင်းကို မမရှား ဘာပြောပေးရမလဲ''

ဟု မေးလိုက်သည်။ သုန္ဒရီ ခေါင်းယမ်းသည်။

''နေပါစေတော့. .။ သုန္ဒရီဘက်က အစ်ကိုကြီးအပေါ် နားလည်ခွင့်လွှတ်ပေးဖို့ ဘာမှ အယူခံဝင်စရာ မရှိတော့ပါဘူး။ အစ်ကိုကြီး ဆုံးဖြတ်သမျှကိုပဲ သုန္ဒရီက ကျေကျေနပ်နပ်ခံယူမှာပါ''

''မမရှားကတော့ ဦးထွန်းမြတ်မင်းနားလည်ပေးလိမ့်မယ် ထင်ပါတယ်။ သူက သုန္ဒရီကို တကယ်ချစ်တာပဲဟာ''

''မျှော်လင့်ချင်ပေမယ့် သုန္ဒရီမမျှော်လင့်ရဲပါဘူး၊ မမရှားရယ်။ အဲဒါ ထားပါ. .။ တစ်ခုပဲ မမရှားကို သုန္ဒရီ အကူအညီတောင်းချင်တယ်''

''ပြောလေ. .။ မမရှား ဘာကူညီရမလဲ''

''တရားရုံးကျရင်တော့ သုန္ဒရီဘက်က အကျိုးဆောင်အဖြစ်နဲ့ လိုက်ပေးပါ။ အပြစ်က ကြီးလေးလို့ ထိုက်တန်တဲ့ပြစ်ဒဏ်ကို ခံရမယ်ဆိုတာ သုန္ဒရီသိပါတယ်။ ပြစ်ဒဏ်လျှော့ပေါ့စေချင်လို့လည်း မဟုတ်ပါဘူး။ မမရှားလျှောက်လဲပေးရင် လောကကြီးက သုန္ဒရီရဲ့ဘဝနဲ့ ခံစားမှုတွေကို နားလည်သွားနိုင်မှာမို့ပါ''

ရှားက ခေါင်းညိတ်သည်။

"ကောင်းပါပြီ. .။ မမ ကတိပေးပါတယ်။ မမရှား တတ်နိုင်သလောက်လည်း ကြိုးစားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် မမရှားရယ်. .။ မမရှားဖြစ်စေချင်သလို မဖြစ်ခဲ့တဲ့အတွက်တော့ သုန္ဒရီရဲ့မိုက်မဲမှုကို တောင်းပန်ပါတယ်။ စိန်မခေါ်ခဲ့ပေမယ့် ကြိုးဝိုင်းထဲမှာ မမရှားကပြိုင်ဘက်ဖြစ်လာတော့ သုန္ဒရီ အရှုံးပေးခဲ့ရတာတော့လည်း ထိုက်တန်တယ် ဆိုရမှာပေါ့နော်။ နောက်ကျရင်တော့ သုန္ဒရီလို အမိုက်မကလေးတွေကို မမရှား အပီအပြင်ကယ်တင်နိုင်ပါစေလို့ သုန္ဒရီဆုတောင်းပါတယ်"

ရှားက သုန္ဒရီ့လက်ကို ဖျစ်ညှစ်လိုက်ကာ. .

"အပြစ်တွေ ဆေးကြောပြီးလို့ ဘဝသစ်ပြန်စလို့ ရတဲ့အခါမှာ စိတ်သစ်လူသစ်နဲ့ ကြိုးစားတဲ့ သုန္ဒရီကို မမရှားမြင်ပါရစေ။ တကယ်တော့ မမရှား သုန္ဒရီရဲ့ပြိုင်ဘက် မဟုတ်ပါဘူးကွယ်။ တရားဥပဒေကသာ သုန္ဒရီရဲ့ ပြိုင်ဘက်ပါ။ အမှန်တရားကသာ သုန္ဒရီရဲ့ ပြိုင်ဘက်ပါကွယ်။ ကဲ. . မမရှားတို့ သွားမယ်။ သုန္ဒရီ့အတွက် မမရှားက တရားခံအကျိုးဆောင်ခုံကနေ ရပ်တည်ပေးဖို့ ပြင်ဆင်လိုက်ဦးမယ်"

"ကျေး. . ကျေးဇူးတင်ပါတယ် မမရှားရယ်"

သုန္ဒရီ၏ ဒုတိယအကြိမ်မြောက် ကျေးဇူးစကားသံနှင့်အတူ ကျလာသောမျက်ရည်ပေါက်များနှင့် ထိန်းမရ၊ သိမ်းမနိုင် ရှိုက်ငိုလိုက်သံများကို ကျွန်တော်နှင့်ရှား ကျောခိုင်းခဲ့ရပါတော့သည်။ ကျွန်တော်တို့ ရင်မှာလည်း ကြေကွဲမှုန်တိုင်းတွေ ထန်နေလျက်ပါ။

အချုပ်ခန်းရှိရာမှ ထွက်လာရာ ရဲအုပ်သိန်းဇော်၏အခန်းသို့ ရောက်လျှင် စားပွဲရှေ့၌ထိုင်နေသော ဖွဲ့နှင့်ခွဲခွာခဲ့ရသော ချစ်သူဟောင်း တိုးတိုးကို တွေ့ရသည်။

တိုးတိုးသည် ကြည်ပြာနှင့် ရုပ်ချင်းဆင်လျက် ကျွန်တော်တို့၊

ရှားတို့အား အကူအညီပေးခဲ့သူ။

ဖွဲ့က နေရာမှ ထ၍ရပ်သည်။

"အဖြစ်အပျက်တွေကို ပြန်ပြင်လို့ မရလို့ ဝမ်းနည်းရပေမယ့် အမှုမှန်ပေါ်အောင် ကြိုးစားပေးခဲ့တဲ့ မမရှားကို ကျေးဇူးတင်ပါတယ်"

ဖွဲ့က ပြောသည်။

"အဖြစ်မှန်တွေပေါ်လာအောင် ကူညီပေးတဲ့ တိုးတိုးကိုလည်း မမရှားတို့က ကျေးဇူးတင်ပါတယ်"

ရှားက ပြန်ပြောသည်။

"ဖွဲ့အပေါ် တင်နေတဲ့ အကြွေးရဲ့ တစ်စိတ်တစ်ပိုင်းကို ခုလို ကူညီခွင့် ဆပ်ခွင့်ရခဲ့တဲ့အတွက် တိုးတိုးကလည်း မမရှားတို့ကို ကျေးဇူး တင်တယ်"

တိုးတိုးကလည်း ပြန်ပြောသည်။

ရဲအုပ်သိန်းဇော်က ရယ်လျက်. .

"အားလုံးကို ကျွန်တော်က ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ဒီအမှုပေါ်အောင် အဓိကကူညီပေးတဲ့ ဒေါ်မေစံရှားနဲ့ ကိုနေသော်ကို ပေါ့"

ဟု ဝင်ပြောလေသည်။

❦ ❦ ❦ ❦ ❦

## ၁၅

ဆံတော်ရှင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးကို ရှားနှင့်ကျွန်တော် ရှိခိုးဝတ်ပြုပြီးနောက် စေတီတော်ကြီးအား လက်ျာရစ်ပတ်လာခဲ့ကြသည်။ ရွှေတောင်ကြီးလို ဝင်းဝင်းပြိုးပြက်၊ မြင့်မြင့်မားမားတည်နေသော စေတီတော်ကြီးကို မော်၍ဖူးလာရင်း လေအဝှေ့တွင် လှုပ်ခတ်လိုက်သည့် ဆည်းလည်းသံများကို ကြည်နူးစွာခံယူနေမိသည်။ ရင်ပြင်ထောင့်တစ်နေရာမှ လွင့်ပျံလာသော ခေါင်းလောင်းသံကလည်း ဝမ့်၏ အသိပေးသံ. . ။

ရွှေယက်နှီးအလှူခံမဏ္ဍပ်၌ ရှားနှင့်ကျွန်တော် ရွှေသင်္ကန်းအလှူတော်ငွေများ ဝင်လှူကြသည်။

ဘုရား၏တောင်ဘက်မုခ်မှ ပြန်ဆင်းလာခဲ့ကြပြီးနောက် ကားလမ်းကို ဖြတ်ကူးရန် စောင့်နေဆဲတွင် တောင်ဘက်မုခ်တတ်လှေကားရှေ့ ရင်ပြင်ဘက်ဆီသို့ ဝင်လာသော ကျောက်စိမ်းရောင်ပရာဒိုကို ကျွန်တော်တို့ လှမ်းမြင်လိုက်ကြ၏။

"ဦးထွန်းမြတ်မင်းများလား မသိဘူး"

ရှားက ပြောသည်။

မှန်ပါသည်. . ။ ကားရပ်ပြီး ကားပေါ်မှဆင်းလာသည်မှာ ဦးထွန်းမြတ်မင်းဖြစ်၏။ သူ၏လက်ထဲတွင် ပန်းများနှင့် အခြားသော လှူဖွယ်ပစ္စည်းများ. . ။

"သုန္ဒရီအတွက် ဘုရားမှာ လာဆုတောင်းထာထင်တယ်။ သုန္ဒရီကို သူတကယ်ချစ်တာပဲနော်"

ကျွန်တော်က ထင်မြင်ချက်ပေးလိုက်သည်။

"ဟုတ်တယ် ကိုကို. . ။ မနက်ဖြန်ဆို သုန္ဒရီ့အမှုကို စပြီးစစ်တော့မယ်လေ။ အစွမ်းကုန်ကြိုးစားပေးပါလို့ သူ မနေ့ကပဲ ရှားတို့ဆီလာပြီး တောင်းပန်သွားသေးတာ မဟုတ်လား"

ဦးထွန်းမြတ်မင်းက ဘုရားပေါ်သို့တက်ရန် စောင်းတန်းထဲသို့ ဝင်သွားပြီဖြစ်သည်။

"သုန္ဒရီ အရမ်းပိုက်တာပဲ။ ဘဝကောင်း၊ ဘဝသစ် ရောက်နေပြီးမှ ပြန်ပြီးမှားရတယ်လို့. ."

"မှန်တာပေါ့ ကိုကိုရယ်. . ။ သုန္ဒရီက ကိုသွင်တို့၊ ကြည်ပြာတို့ ဆင်လာတဲ့ထောင်ချောက်ကို ဖြေရှင်းဖို့ လမ်းနှစ်သွယ်ပဲရှိတယ်လို့ ပြောခဲ့တယ်။ အလျှော့ပေး၊ ညှိနှိုင်း၊ လိုက်လျောဖို့။ အဲဒါမှမရရင် အပြတ်ရှင်းဖို့. . တဲ့။ တကယ်က အဲဒီနှစ်နည်းစလုံးဟာ မမှန်ဘူး။ ဖြောင့်မတ်လိမ္မာစွာ စဉ်းစားဆုံးဖြတ်နိုင်သူသာဆိုရင် ဦးထွန်းမြတ်မင်းကို ဖြစ်ခဲ့သမျှ ဘဝအတိတ်ပဟောင်းကို ရင်ဖွင့် ဝန်ခံ တောင်းပန်လိုက်မှာပဲ။ ဦးထွန်းမြတ်မင်းကသာ ချစ်စိတ်နဲ့ နားလည်ခွင့်လွှတ်ပေးလိုက်ရင် ပြီးပြီ။ ဟိုလူတွေကို ဘာမှ အမှုထားစရာ မလိုတော့ဘူး။ အဲဒါကို မကျေနပ်သေးလို့ ဟိုလူတွေက တစ်မျိုးတစ်မည်ကြံလာမယ်ဆိုရင်လည်း သုန္ဒရီ ခိုကိုးစရာ ဥပဒေရင်ခွင် ရှိသေးတယ်လေ။ ခုတော့ အရှုပ်ဆိုး အကြည်းတန်လိုက်တဲ့ ကြေကွဲစရာကောင်းလိုက်တဲ့ နိဂုံးပဲ ကိုကိုရယ်"

စိတ်ကူးသစ်စာပေ

"ကဲ..မေရှား။ ကိုကိုတို့ ဝိဇယစေတီတော်ဘက် ကူးကြစို့"

ဝိဇယစေတီတော်ကို ဖူးမြော်ပြီး လိုဏ်ဂူတွင်း၌ ထိုင်ကြသော အခါတွင်မှ ကျွန်တော်က ရှားကို တောင်းဆိုမိပြန်ပါ၏။

"ကိုကိုမရှင်းတာလေး ရှိသေးတယ်။ ရှားနဲ့အတူ လိုက်နေရပေမယ့် တချို့ကွင်းဆက်တွေ ကိုကိုသိပ်မချိတ်မိဘူး။ အစအဆုံး ပြန်ရှင်းစမ်းပါဦး"

"ကိုကိုကတော့ လုပ်ပြီ။ စုံထောက်စာရေးဆရာ..တဲ့။ ခေါင်းနဲ့တော့ အပင်ပန်းခံ တွေးမကြည့်ဘူး။ အဆင်သင့်ပဲ အဖြေကို လိုချင်တယ်"

"ရွှေနေမလေးလောက် ထုတ်ယူဆင်ခြင်နည်းကို မပိုင်နိုင်လို့ပေါ့ဗျာ..။ ဝန်ခံပါတယ်"

"ဒီလို ကိုကိုရဲ့..။ အားလုံးက ရိုးရိုးစင်းစင်းလေးပါ။ လူသတ်သမားဟာ ဘယ်လောက်ပဲပိရိပါစေ၊ တစ်ခုခု သဲလွန်စအော့ ကျန်စမြဲပါပဲ။ ပြီးတော့ သေသူရဲ့မျက်လုံးတွေကလည်း စကားပြောတယ် ကိုကို"

"ဟုတ်ပါပြီ..။ တစ်ချက်ချင်း ပြော့ပြပါ။ ကိုကို ဝတ္ထုပြန်ရေးရင် စာဖတ်သူနားလည်အောင် ရေးပြမှ ဖြစ်မှာမို့.."

သေသူ၏မျက်လုံးများက စကားပြောသည်ဆိုသည်မှာ ကြည်ပြာ မျက်လုံးများကို ရှားရည်ညွှန်းခြင်းဖြစ်သည်။ အလောင်းကို ကျွန်တော်တို့ ကြည့်ကြသောအခါ ကြည်ပြာ၏မျက်လုံးများမှာ ပွင့်လျက် ပြူးကျယ်နေ သည်။ ဒါသည်ပင် မသေမီက ကြည်ပြာ၏ခံစားချက်ကို ပြဆိုခြင်းဖြစ်၏။

မထင်မှတ်ခြင်း၊ အံ့သြခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်း စသော အဓိပ္ပာယ်များကို ထင်ဟပ်ပြဆိုခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး ရိုက်နှက် ထိုးသတ်ခြင်းမဟုတ်ဘဲ မထင်မှတ်သူက ရက်စက်စွာထိုးသတ်ခြင်းခံရ ဖွယ်ရှိကြောင်း ရှားက ကောက်ချက်ချခဲ့သည်။

ရှား၏ ဒုတိယကောက်ချက်ဖြစ်သော အလောင်း၏အနေ အထားကိုကြည့်၍ ညရှစ်နာရီနှင့်ကိုးနာရီကြား သေဆုံးခြင်းဖြစ်ဖွယ်ရှိသည် ဟု ခန့်မှန်းခြင်းနှင့် ရဲအုပ်သိန်းဇော်တို့၏ ညနေငါးနာရီဆယ့်ငါးဝန်းကျင်မှာ အချင်းဖြစ်၊ သေဆုံးသည်ဟူသော ယူဆချက် ကွဲလွဲခဲ့သည်။ ရဲအုပ်သိန်း ဇော်တို့က ကိုသွင့်လက်မှနာရီမှာ ကွဲလျက် ရပ်နေသည်ဖြစ်ရာ အချင်းဖြစ် ချိန်ကို ပြသည်ဟု ယူဆသည်။

ရှားက. .

''ရှားက ဒီလိုမယူဆဘူး ကိုသိန်းဇော်။ ဒါဟာ လူသတ်သမား ရဲ့ လှည့်စားချက် ဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ နာရီကွဲကြေနေပုံ က လဲကျရင်း တစ်ခုခုနဲ့ ခိုက်မိ၊ တိုက်မိတာကြောင့် မဟုတ်ဘဲ မာ ကျောတဲ့ အရာတစ်ခုခုနဲ့ တမင်ထုခြေထားပုံ ပေါ်နေတယ်''

ဟု တင်ပြရာ ရဲအုပ်သိန်းဇော်က. .

''ဘာကြောင့် လူသတ်သမားက လှည့်စားတာလဲ''

ဟု မေးခွန်းပြန်ထုတ်သည်။

''အချင်းဖြစ်တဲ့အချိန်မှာ သူ တခြားတစ်နေရာရာမှာ ရှိနေ တယ်ဆိုတာကို သက်သေပြပြီး အလွတ်ရုန်းနိုင်အောင်ပေါ့''

ရှားတင်ပြချက်အား ရဲအုပ်သိန်းဇော်က လက်ခံသည်။

''ဖြစ်နိုင်ပါတယ်''

(မှခင်းဆရာဝန်ကြီး၏ ခန့်မှန်းချက် ထွက်လာသောအခါတွင်လည်း ညရှစ်နာရီနှင့်ကိုးနာရီကြားဟုဆိုသဖြင့် ရှားယူဆချက်နှင့် ကိုက်ညီနေခဲ့သည်ကို တွေ့ရ၏။)

''အဲဒီအချိန်ကတည်းက ရှားခေါင်းထဲမှာ သုန္ဒရီကို ပြေးမြင်လိုက်တယ် ကိုကို။ သုန္ဒရီ ရှားတို့ဆီရောက်လာတာ ငါးနာရီလေ။ ဒါဟာ ရိုးရိုးတိုက်ဆိုင်မှုမဟုတ်ဘဲ တမင်ဆင်ထားတဲ့အကွက်လို့ ရှားတွေးမိလိုက်တယ်။ စကားပြောရင်းနဲ့ သုန္ဒရီဟာ ခဏခဏ အချိန်အကြောင်းပြောတယ်လေ''

ဟု ကျွန်တော့်ကို ရှင်းပြသည်။ မှန်သည်. .။ သုန္ဒရီသည် ထိုနေ့က ရောက်ချိန်ကိုလည်း ပြောခဲ့၍ ပြန်ချိန်ကိုလည်း ပြောခဲ့သည်။

နောက်တစ်ချက်မှာ မီးခလုတ်ဖြစ်သည်။ ရဲအုပ်သိန်းဇော်တို့ စစ်ဆေးစဉ် မီးဖိုခန်းမီးမှာ ပွင့်လျက်ရှိနေသောကြောင့် ညအချိန်ထိ ကြည်ပြာတို့အသက်ရှင်လျက်ရှိသည်ဟု ရှားက တွေးဆသည်။ သို့သော် ညှော်ခန်းမီးမှာမူ ပိတ်လျက်ရှိပြီး ခလုတ်မှာလည်း ပိတ်လျက်သားဖြစ်၏။ ညမှောင်မှောင်ထဲတွင် ကိုသွင်နှင့် ကြည်ပြာတို့ တွေ့ဆုံပြီး တစ်ယောက်ကိုတစ်ယောက် ဓားနှင့်ထိုးခြင်းမှာ မဖြစ်နိုင်။ ညအချိန်မို့ မီးဖွင့်လျက်ရှိရမည်။ သို့ဖြစ်လျှင် တစ်ဦးနှင့်တစ်ဦး ဓားဖြင့်ထိုးကြပြီး လဲကျသေဆုံးသွားကြသူနှစ်ဦးသည် အဘယ်ကြောင့် မီးခလုတ်ကို ထ၍ပိတ်နိုင်ပါမည်နည်း။

''အဲဒါ ဒီနှစ်ယောက် တစ်ဦးကိုတစ်ဦး ဓားနဲ့ အပြန်အလှန်ထိုးရင်း သေဆုံးကြတာ မဟုတ်ဘူး။ တစ်စုံတစ်ဦးက နှစ်ယောက်စလုံးကို ဓားနဲ့ထိုးသတ်ပြီးမှ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ထိုးသတ်ကန် ဖန်တီးချက်ပဲဆိုတာ သေချာသွားစေတဲ့ အချက်ပဲ''

ရှားယူဆချက်ကို တင်ပြချိန်က ရဲအုပ်သိန်းဇော်သည် ရုတ်

တရက် လက်ခံလိုဟန် မရှိသေး။

ရှားက ရဲအုပ်သိန်းဇော်အား နောက်တစ်ချက်ကို တင်ပြခဲ့သည်။ ယင်းမှာ ဖိနပ်ဖြစ်သည်။

"ကြည်ပြာရဲ့ဖိနပ်စင်မှာရှိတဲ့ ဖိနပ်တွေဟာ နံပါတ် ၃၇ တွေချည်း ဖြစ်ပါလျက်နဲ့ တံခါးဝမှာချွတ်ထားတဲ့ ဖိနပ်က နံပါတ် ၃၈ ဖြစ်နေတယ်။ ဒီတော့ လူသတ်သမားဟာ အခန်းကပြန်အထွက်မှာ ဖိနပ်မှားစီးသွားတယ်လို့ ယူဆနိုင်တယ်။ တစ်ခါ ဒီအချက်ကို လက်ခံရင် လူသတ်သမားဟာ မိန်းမဆိုတာကိုလည်း လက်ခံရလိမ့်မယ်။ ဒါတင်မကဘူး။ ဖိနပ်ချင်း ဆင်တူဝယ်စီးတတ်တဲ့ ရင်းနှီးသူဆိုတာကိုလည်း လက်ခံရလိမ့်မယ်"

ရှားက သူမ၏တင်ပြချက်ကို သက်သေပြနိုင်ရန် ကြိုးစားခဲ့သည်။ ရှား၏အကြံပြုချက်အရ အခန်းတွင်တွေ့ရသော ဒေါက်မြင့်ဖိနပ်၏ အောက်၌ ဆေးဖြင့် အမှတ်အသားပြုကာ ခြေရာလက်ရာမပျက် ပြန်ထားလိုက်သည်။ ထို့နောက် ကျွန်တော်တို့ သုန္ဒရီကို သွားတွေ့စဉ်က ရှားသည် သုန္ဒရီ၏ဖိနပ်ကို သေးသည်ဟု ပြောခဲ့၏။ သုန္ဒရီသည် ရှားစကားကြောင့် စကားတွေ ထစ်ထစ်အအ ဖြစ်ခဲ့၏။

ထိုနေ့က ဆေးရုံမှ သုန္ဒရီပြန်သွားပြီးနောက် ညနေပိုင်းတွင် ရဲအုပ်သိန်းဇော်က ရှားထံ ဖုန်းဆက်သည်။

ကြည်ပြာ့အခန်းမှ ဒေါက်မြင့်ဖိနပ်မှာ နံပါတ် ၃၇ ပြန်ဖြစ်နေကြောင်း. . ။

သည်မှာပင် သုန္ဒရီက ကြည်ပြာတို့ကို သတ်သွားခြင်းဖြစ်ကြောင်း သေချာသွားသည်။ သုန္ဒရီသည် သူမဖိနပ်မှားစီးခဲ့ပြီဖြစ်ကြောင်း သိသွား၍ ဖိနပ်ကိုပြန်လဲခြင်းဖြစ်လေသည်။ (အခန်းသော့မှာ သုန္ဒရီ့ထံတွင်လည်း ရှိပုံရ၏။ အခန်းမှာ သုန္ဒရီက ကြည်ပြာ့ကိုငှားပေးထားသော အခန်း ဖြစ်သည်။)

သို့သော် ဖိနပ်မှလွဲ၍ ခိုင်မာတိကျသောသက်သေ မရသေး။

စိတ်ကူးသစ်စာပေ

ညပိုင်းမှာမူ သုန္ဒရီအား လူသတ်တရားခံဖြစ်ကြောင်း လက်ဆုပ်လက်ကိုင်ဖြင့် ဆေးရုံတွင် ဖမ်းလိုက်နိုင်ကြ၏။

ယင်းမှာ ရှား၏အကြံပင် ဖြစ်လေသည်။

လူသတ်သမားသည် ကိုသွင့်ကိုရော၊ ကြည်ပြာ့ကိုပါ အပြီးနှုတ်ပိတ်ခဲ့ခြင်းဖြစ်၏။ ခြေရာလက်ရာ သဲလွန်စမကျန်အောင် ကြိုးစားသွားခဲ့၏။ (ရဲကတွေ့ရှိခဲ့သော သို့မဟုတ် ရှားက ရဲကိုတင်ပြခဲ့သော အလောင်းတွင် တွေ့ရသော နာရီကိုစ္စ၊ ကြည်ပြာတို့သေဆုံးချိန်၊ ပိတ်ထားသော ညွှန်ခန်းမီးနှင့် ဖိနပ်တို့အား သက်သေခံအဖြစ် ရရှိသွားပြီဆိုသည်ကို တရားခံက မသိသေး။) သို့ဖြစ်ရာ တရားခံမည်သူဖြစ်သည်ကို ရဲက ဖော်ထုတ်နိုင်ဖွယ်မရှိဟု လူသတ်သမား ယူဆထားနိုင်သည်။

သို့သော်. .

ကြည်ပြာမသေသေးဟု ဆိုသောအခါ လူသတ်သမားတုန်လှုပ်သွားမည်မှာ သေချာသည်။ ကြည်ပြာက စကားပြောနိုင်လျှင် လူသတ်သမားကို ဖော်ထုတ်နိုင်မည် မဟုတ်ပါလား။

"ဒီအချက်ကို ကျွန်မတို့အသုံးချရမယ် ကိုသိန်းဇော်"

"ဒေါ်မေစံရှား ဘယ်လိုစီစဉ်ချင်လဲ"

"ကြည်ပြာမသေဘူးလို့ လုပ်ရမှာပေါ့"

"ကြည်ပြာက သေသွားပြီပဲ"

"ကြည်ပြာအတု လုပ်ရမယ်"

"ဘယ်သူလုပ်မလဲ. .။ ကြည်ပြာနဲ့တူမှ ရမယ်လေ"

"ဖွဲ့ကို အကူအညီတောင်းရမယ်"

"သေသူ ကြည်ပြာရဲ့ ချစ်သူလား"

"ဟုတ်တယ် ကိုသိန်းဇော်. .။ သူ့ရဲ့ပထမချစ်သူက ကြည်ပြာနဲ့ တူတယ်တဲ့။ ကြည်ပြာ့ကို သူကွဲကွာသွားတဲ့ချစ်သူနဲ့ တူလို့ သူက ချစ်မိတာလို့ ပြောဖူးတယ်"

"အဲဒီမိန်းကလေးက ကူညီပါ့မလား"

"ရှားတို့ နားလည်အောင်ပြောပြပြီး အကူအညီတောင်းရမှာပေါ့"

ဖွဲ့..။ ဖွဲ့မှတစ်ဆင့် တိုးတိုးနှင့် ကျွန်တော်တို့တွေ့ဆုံကာ မေတ္တာရပ်ခံခဲ့ကြသည်။ တိုးတိုးကလည်း ကူညီပါမည်ဟု သဘောတူသည်။

သို့ဖြင့်..

ဆေးရုံအထူးကြပ်မတ်ကုသခန်းမှ သေရွာပြန်ကြည်ပြာ ပေါ်ပေါက်လာရတော့သည်။ ကျွန်တော်တို့ သုန္ဒရီကို ရဲစခန်းသို့ခေါ်လာ..။ ရဲအုပ်သိန်းဇော်က ကြည်ပြာမသေဟု သတင်းပေး..။ ကျွန်တော်တို့နှင့်အတူ သုန္ဒရီဆေးရုံလိုက်သွား..။ ကြည်ပြာ့ကို အခန်းအပြင်မှ ကြည့်ခွင့်ရ..။

အောက်စီဂျင်ပေးထားရသော သတိလည်မလာသေးသည့် ကြည်ပြာကို အောက်စီဂျင်ပိုက်ဖြုတ်ပစ်လိုက်လျှင် ကြည်ပြာသည် သေရွာက ပြန်မလာနိုင်တော့ဘဲ သေရွာသို့ အပြီးပြန်းရမည်ဟု သုန္ဒရီ့ခေါင်းထဲမှာ အတွေးဝင်..။

ညကျတော့ သုန္ဒရီက ဆရာဝန်ဟန်ဆောင်၍ ဆေးရုံရောက်လာကာ ကြည်ပြာ့အခန်းဝင်ပြီး အောက်စီဂျင်ပိုက်ဖြုတ်..။ အခန်းမှပြန်အထွက်တွင် ရဲအုပ်သိန်းဇော်က ဖမ်း..။ သုန္ဒရီ့ထံမှ အမှတ်အသားပြုထားသော ဒေါက်မြင့်ဖိနပ် နံပါတ် ၃၈ ကို သိမ်းဆည်းရမိ။ သုန္ဒရီက ငိုရှိုက်လျက် အဖြစ်မှန်ကို ဖြောင့်ချက်ပေး..။

"ကျွန်တော့်အနေနဲ့ ဝန်ခံဖြောင့်ချက်ပေးရရင်လည်း ကြည်ပြာနဲ့ကိုသွင် သေဆုံးရမှုမှာ ဒေါ်မေစံရှားကူညီခဲ့လို့ တရားခံသုန္ဒရီကို ဖမ်းဆီးရမိတာပါ"

ဟု ရဲအုပ်သိန်းဇော်က အရယ်အပြုံးနှင့် ဆိုသည်။

စခန်းမှူး ဦးနိုညိုကလည်း..

"အင်မတန်ဉာဏ်သွားတဲ့ နန်းတစ်လိမ်ပန်းတစ်လိမ်၊ စိန်မျက်ခုံး သုန္ဒရီဟာ ရှေ့နေမလေးမေစံရှားရှေ့မှောက်မှာတော့ ကျားရှေ့မှောက်လျက် လဲတဲ့ သမင် ဖြစ်သွားပြီပေါ့ဗျာ"

ဟု ချီးကျူးစကားကို ဆိုခဲ့သည်။

ရှားကလည်း သူမ၏ မိမိကိုယ်ကိုနှိမ့်ချတတ်သော အမူအကျင့်အတိုင်း မာန်မာန၊ ကြွားဝါမှုကင်းသော အပြုံးချိုချိုဖြင့် ပြန်ပြောသည်။

"စခန်းမှူးကြီးနဲ့ ရဲအုပ်ကြီးတို့ ကြိုးပမ်းချက်ကြောင့်ပါရှင်။ ရှားက ဝင်ပြီး နှမ်းဖြူးရုံပါ။ တကယ်တော့ သုန္ဒရီဟာ ကျားရှေ့မှောက်လျက်လဲတာ မဟုတ်ပါဘူး။ အမှန်တရားရဲ့ရှေ့မှောက်၊ ဥပဒေရှေ့မှောက် ဒူးထောက်လာရတာပါ"

❦ ❦ ❦ ❦ ❦

---

ဝိဇယစေတီတော်၏ အနောက်မုခ်မှ ကျွန်တော်နှင့်ရှား ပြန်ဆင်းလာကာ ရန်ကုန်ထဲသို့သွားရန် ကားမှတ်တိုင်သို့ ဦးတည်လိုက်ချိန်တွင်. .

"ဟော. . ဟိုမှာ ဖွဲ့မဟုတ်လား ကိုကို"

ဟု ရှားက ကျွန်တော့်လက်မောင်းကိုလှမ်းဆွဲကာ တစ်နေရာသို့ ပြသည်။

မှတ်တိုင်မှနေ၍ ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဦးဆီသို့သွားရန် လမ်းကိုဖြတ်ကူးနေသော ဖွဲ့. . ။

"ဟုတ်တယ် ရှား. . ။ ဖွဲ့ပဲ. . ။ သူ ဘုရားလာတာ ဖြစ်မယ်"

"ကြည်ပြာ့အတွက် ကုသိုလ်ကောင်းမှုလုပ်ဖို့ သူလာတာ နေမှာပဲ။ ဒွဲဟာ ကြည်ပြာ့ကို တော်တော်ချစ်ပုံရတယ် ကိုကို"

"မှန်တယ် ရှား"

"အင်း. . ဦးထွန်းမြတ်မင်းရော၊ ဒွဲပါ ချစ်တတ်ကြပါလျက်နဲ့ ကံမကောင်းကြဘူး။ တစ်ဦးက ချစ်သူကို ရှင်လျက်နဲ့ ခွဲရတယ်။ နောက်တစ်ဦးက ချစ်သူကို သေခွဲခွဲလိုက်ရတယ်"

"ကိုကို့အမြင် ပြောရရင်တော့ မောဟတရားက အရင်းခံပဲ။ မောဟတွေပိတ်ဖုံးနေလို့ အမှန်မမြင်. . ။ အမှန်မမြင်တော့ လောဘ၊ ဒေါသတွေဖြစ်. . ။ လောဘ၊ ဒေါသဖြစ်လို့ တရားလက်လွတ်ပြုမူ. . ။ တရားလက်လွတ်ပြုမူလို့ နိဂုံးတွေမလှ ဖြစ်ကုန်ကြရတာ မဟုတ်လား"

ရှားက ကျွန်တော့်လက်မောင်းကို တင်းတင်းဆုပ်ကာ မျက်နှာကို မော့ကြည့်သည်။

"ကိုကို့စကားက တရားသံတွေ အပြည့်ပါလား။ သံဝေဂရပြီး တောထွက်ချင်နေပုံပဲ"

အရွှန်းအပြက်စကား. . ။

ရယ်ပြုံးနေသော မျက်လုံး. . ။

"အဲဒါလည်း အမှန်ပဲ။ တောထွက်ချင်နေတာ ကြာပြီ။ ရေပူရေချမ်းကမ်းလှမ်းမယ့် ရှားက မလိုက်နိုင်သေးလို့"

ကျွန်တော်က ရယ်စရာပြန်ဖွဲ့သည်။

"ဘာလဲ. . ။ ကိုကိုက ဝေသန္တရာမင်းကြီးနောက်ကို မဒ္ဒီဒေဝီလိုက်သလို ရှားကို လိုက်စေချင်တယ်ပေါ့. . ဟုတ်လား"

"ဒါပေါ့. ."

"ဒါဆို နည်းနည်းပဲစောင့်"

"ဘယ်လောက်စောင့်ရမှာလဲ"

"ရှေးကလိုပေါ့ ကိုကိုရယ်. . ။ သုံးနှစ်သုံးမိုးပေါ့. ."

"ဟာကွာ..။ ရှားရဲ့သုံးနှစ်သုံးမိုးက ပြည့်ပဲ မပြည့်နိုင်ဘူး။ ခုပဲ ကိုကိုတို့ ချစ်သူဖြစ်တာ သုံးနှစ်သုံးမိုးမကတော့ဘူး"

"အခုကနေ စပြီးမှတ်ပေါ့ ကိုကိုရယ်။ ရွှေတိဂုံဘုရားကြီးရယ်၊ ဝိဇယဘုရားကြီးရယ်ကို တိုင်တည်ပြီး ရှားပြောတာပါ။ လာမယ့်သုံးနှစ်သုံးမိုးအတွင်းမှာ လူသားတွေအတွက်..၊ အမှန်တရားအတွက်.. ရှားစွမ်းအားရှိသမျှ လုပ်ခွင့်ပေးပါဦး။ သုံးနှစ်သုံးမိုးပြည့်ရင် ကိုကို့အတွက် ရေပူရေချမ်းကမ်းလှမ်းတဲ့သူ ဖြစ်ရပါစေ့မယ်"

"ကိုကို့ထက် အများကို၊ ကိုကို့ထက် အမှန်တရားကို ပိုချစ်တဲ့ သူကိုမှ ကိုကိုက ချစ်မိတာဆိုတော့လည်း ပြောတဲ့အတိုင်း စောင့်ရတော့မှာပေါ့"

"ကိုကိုက မကျေနပ်ဘူးလား"

ကျွန်တော်က ဘာမျှပြန်မပြောဘဲ မျက်နှာကို တမင်တည် တည်ထားကာ မျက်နှာလွှဲနေလိုက်သည်။

"မကျေနပ်ဘူးပေါ့.. ဟုတ်လား။ ကဲ.. မကျေနပ်ဘူးဆိုရင် ရန်ကင်းကြေးအိုးလိုက်ကျွေး"

"ဟောဗျာ.."

ကျွန်တော်သည် ရယ်မောရင်း ရှားဆွဲခေါ်ရာနောက်သို့ ကျေကျေနပ်နပ်ကြီး လိုက်ပါခဲ့ရပါတော့သည်။ တစ်ဦးအပေါ်တစ်ဦး နားလည်မှုပေးလျက် တစ်ဦး၏အလိုဆန္ဒကို တစ်ဦးက အစွမ်းကုန် အားဖြည့်ထောက်ကူပေးရမည်မှာ ချစ်သူတို့၏တာဝန် မဟုတ်ပါလား။

နေခြည်လက်လက်နှင့်အတူ မိုး၏နံနက်ခင်းသည် ပြိုင်ဘက်ကင်း သာယာနေချေ၏။ ။

နေစိုးသော်

အမြို့မြို့စာအုပ်ဆိုင်တိုင်းမှာမေးဝယ်ပါ။

NEW IDEA

စိတ်ကူးသစ်စာပေ






စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၉၉၁၂၀၇